# နိဗ္ဗာနဝဏ္ဏ။

၆၄

ဝဲခုံးမြို့

# ကြေးနီကန်ဆရာတော်ဘုရားကြီး၏

သဒ္ဒိဝိဟာရိကတပည့်

ရွှေတောင်မြို့ - အမ္ဗာရာမတိုက်

**ဦးတိက္ခိန္ဒြိယအရှင်မြတ်၏**

မွေ့န္တေဝါသိကတပည့်

**ဦးဝါသဝ**

သည်

ရေးသားစီရင်အပ်သော

**သင်္ဂါမဝိဇယ**

# နိဗ္ဗာနစက္ကူ

ဝတ္ထုရ၀

ဥ-မည်ရကျမ်း


ဒေါ်ကြူမြိုင်ဗြူ၊ ဝမ္ဘူ [illegible] ပုံနှိပ်တိုက်
[illegible]
[illegible]

# မာတိကာ။

ဦးရေ။ အကြောင်းအရာ။ မျက်နှာနံပါတ်။

## (၁) အသင်္ခတကဏ္ဍ မာတိကာ။


၁ ရတနတ္တယ ပဏာမ စသည်ကိုပြရာ ၁
၂ ပဋိညာဉ်ကိုပြရာ ၅
၃ အသင်္ခတခေါ် အခင်သောတရားကိုပြရာ ၆
၄ ကုန်ရာ, ကုန်ကြောင်း, ကုန်ခြင်းသုံးမျိုးကိုဝေဘန်ပြရာ ၉
၅ နိဗ္ဗာန်ကိုကုန်ကြောင်းတရားဟုပြရာ ၁၀
၆ ၎င်းကို ကင်းကြောင်းတရားဟုပြရာ ၁၅
၇ ၎င်းကို ငြိမ်းကြောင်းတရားဟုပြရာ ၁၅
၈ နိဗ္ဗာန်၏ အကြောင်းခံတရား ဖြစ်ကြောင်းကို ပြရာ ၁၆
၉ နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန်ကို ရှင်းပြရာ ၂၀
၁၀ ရာဂ, ဒေါသ မောဟတို့၏ ကုန်ကြောင်းတရားသည် နိဗ္ဗာန်မည်ကြောင်းကို အဋ္ဌကထာဆရာပါဠိတော်ကို ထုတ်ပြရာ ၂၆
၁၁ ကေဝဋ္ဋသုတ် ပါဠိတော်ကို ထုတ်ပြရာ ၂၈
၁၂ သစ္စာလေးပါးကို ပြသော နေရာတိုင်း၌ နိဗ္ဗာန်ကို အကျိုးတရားဟု ယူရသည်ကို ပြရာ ၃၇
၁၃ အချို့သော ပုဂ္ဂိုလ်တို့၏ ယုံမှားခြင်းကို ပယ်ဖျောက်ခြင်းအကျိုးငှါ။ နိဗ္ဗာန်၌ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်(ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်) ရှိ,မရှိကို ရှင်းပြရာ ၄၅
၁၄ သသသတ, ဥစ္ဆေဒကို ရှင်းပြရာ ၄၈
၁၅ သင်္ခတ မည်ကြောင်းကိုပြရာ ၆၂
၁၆ သင်္ခတပုဒ် ဝိဂ္ဂဟ်ကိုပြရာ ၆၃
၁၇ အသင်္ခတမည်ကြောင်းကိုပြရာ ၆၄
၁၈ အသင်္ခတပုဒ် ဝိဂ္ဂဟ်ကိုပြရာ ၆၄
၁၉ သင်္ခတ လက္ခဏာ သုံးပါးကိုပြရာ ၆၆
၂၀ သင်္ခတ လက္ခဏာနှင့် သင်္ခတတရားတို့၏ အထူးကို ပြရာ ၆၈

# မာတိကာ။


| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၂၁ | အသင်္ခတ လက္ခဏာသုံးပါးကိုပြရာ .... .... | ၆၈ |
| ၂၂ | မဖြစ်သော သဘောလက္ခဏာရှိသော တရားသည် နိဗ္ဗာန်မည်ကြောင်းကိုပြရာ .... .... .... | ၇၀ |
| ၂၂ | အခါခပ်သိမ်း နိဗ္ဗာန်ရှိသည်ကိုပြရာ .... .... | ၇၅ |
| ၂၃ | နိဗ္ဗာန်သည် မည်သည့်ဘုရား လက်ထက်က စ၍ ဖြစ်သည်ဟု အစွန်းအစမရှိသည်ကို ပြရာ .... | ၇၆ |
| ၂၄ | နိဗ္ဗာန်၏ အမြဲရှိကြောင်းကို။ ကထာဝတ္ထုပါဠိတော်ဖြင့်ပြရာ .... .... .... .... .... | ၇၈ |
| ၂၅ | နိဗ္ဗာန်ဟော "အနုပ္ပါဒ" သဒ္ဒါ စသည်တို့၏ ဝိဂြိုဟ်ကို ပြရာ .... .... .... .... .... .... | ၈၀ |
| ၂၆ | ရာဂက္ခယ-စသည်အမျိုးမျိုးကိုရှင်းပြရာ .... | ၈၃ |
| ၂၇ | ပရမတ္ထ တရားတို့အား ဘာဝသာဓနေ ကုသော မုချ ရသည်ကို ရှင်းပြရာ .... .... .... | ၁၀၀ |
| ၂၈ | သစ္စာလေးပါးနှင့် မဂ်.ဉာဏ်-၁၆-ချက်ကိုဝေဘန်ပြရာ | ၁၀၆ |
| ၂၉ | မဂ္ဂဝီထိ ဖြစ်ပုံကိုပြရာ ... .... .... .... | ၁၀၇ |
| ၃၀ | မဂ်ဉာဏ်တရတည်း-လေးချက်သိပုံကိုပြရာ .... | ၁၀၈ |
| ၃၁ | မဂ်ဉာဏ်သည် တပြိုင်နက်သစ္စာလေးပါးသိပုံ .... | ၁၀၉ |
| ၃၂ | မဂ်ဉာဏ်သည် သစ္စာသုံးပါး၌ ကိစ္စအားဖြင့် သိပုံ, တပါး၌ အာရုံပြု သိပုံ .... .... .... .... | ၁၁၁ |
| ၃၃ | အရဟတ္တဖိုလ်နှင့် သက်ဆိုင်သော 'ရာဂက္ခယ" စသည်ကိုပြရာ.... .... .... .... .... | ၁၁၂ |
| ၃၄ | အသင်္ခတပညတ်နှင့် သက်ဆိုင်သော "ရာဂက္ခယ" စသည်ကိုပြရာ .... .... .... .... .... | ၁၁၅ |
| ၃၅ | ရာဂ ဒေါသ, မောဟတို့၏ ကုန်မှုကို "အသင်္ခတ, အနုပ္ပါဒ" ဟု အဋ္ဌကထာဖွင့်ပြသည်ကိုပြရာ .... | ၁၁၆ |


(၁) အသင်္ခတကဏ္ဍ မာတိကာပြီးပြီ။

ဦးရေ။ အကြောင်းအရာ။ မျက်နှာနံပါတ်။

## (၂) နိဗ္ဗာနကဏ္ဍ မာတိကာ။

၃၅ နိဗ္ဗာန်ငါးပါးကိုပြရာ .... .... .... .... ၁၁၇
၃၇ နိဗ္ဗာန သဒ္ဒါ၏ အဆုံးအဖြတ် .... .... .... ၁၂၅
၃၈ ပရိနိဗ္ဗာန သဒ္ဒါ၏ အဆုံး အဖြတ် .... .... ၁၂၇
၃၈ သီးသန့်- ပရိနိဗ္ဗာန သဒ္ဒါမှ တပါး၊ ရောနှောသော "ပရိနိဗ္ဗာန"သဒ္ဒါကို ပြရာ .... .... .... ၁၂၉
၃၉ အနုပ္ပာဒိသေသ ပရိနိဗ္ဗာန်ကို အကျယ်ပြရာ .... .... ၁၃၂
၄၀ အနုပ္ပာဒိသေသပုဒ် ဝိဂြိုဟ်လုပ်ပုံ .... .... .... ၁၃၂
၄၁ တနည်း။အနုပါဒါ ပရိနိဗ္ဗာန်ကိုပြရာ .... .... ၁၃၆
၄၂ အနုပါဒါပုဒ် ဝိဂြိုဟ် လုပ်ပုံ .... .... .... ၁၄၁
၄၃ ပရိနိဗ္ဗာနပုဒ် ဝိဂြိုဟ်လုပ်ပုံ .... .... .... ၁၄၂
၄၄ အနုပ္ပာဒိသေသပုဒ် ဝိဂြိုဟ်လုပ်ပုံ .... .... .... ၁၄၂
၄၅ နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန်ကို မဝေဘန် ခြင်းကြောင့် ဖြစ်ရပုံ .... .... .... .... .... .... ၁၄၆

(၂) နိဗ္ဗာနကဏ္ဍ မာတိကာပြီးပြီ၊

---

## (၃) အဓိပ္ပါယ်ကဏ္ဍ မာတိကာ။

၄၆ အဓိပ္ပါယ်,ဗဟိဒ္ဓတို့ကို ခွဲဝေပြရာ .... .... .... ၁၅၇
၄၇ နိဗ္ဗာန်တရား၏ အဓိပ္ပါယ်မဟုတ်။ ဗဟိဒ္ဓ ဖြင်ပတရား ဖြင်ကြောင်းကို အဘိဓမ္မာပိဋကတ်ဖြင့်ဆုံးဖြတ်ပြရာ ၁၄၉
၄၈ ၎င်းကို သုတ္တန် ပိဋကတ်ဖြင့် ဆုံးဖြတ် ပြရာ .... ၁၆၅
၄၉ ၎င်းကို ဝိနည်းပိဋကတ်ဖြင့် ဆုံးဖြတ် ပြရာ .... ၁၆၈
၅၀ ဘင်္ဂနိရောဓကို ပြရာ .... .... .... .... ၁၇၈
၅၁ အနုပ္ပါဒ နိရောဓကို ပြရာ .... .... .... ၁၈၇
၅၂ အနုပ္ပါဒ နိရောဓ ပစ္စယကိုပြရာ.... .... .... ၁၉၁

## မာတိကာ။


| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၅၃ | အင်္ဂုတ္တရ လေးပါးနှင့်သချပ်ခွဲကိုပြရာ .... .... | ၂၀၀ |
| ၅၄ | ဂေါစရင်္ဂုတ္တ အသုံးအဖြတ်ကိုပြရာ ... .... | ၂၀၁ |
| ၅၅ | နိဂုံးကိုပြရာ .... .... .... .... .... | ၂၁၁ |


(၃) အင်္ဂုတ္တရကဏ္ဍ မာတိကာ ပြီးပြီ။

မာတိကာပေါင်း ၅၇ ဂဏန်းများ၌ ၅၅-ရှိသည်။

# သင်္ဂါမဝိဇယ-နိဗ္ဗာနစက္ခု-ဝဇိရာဝုဓ

## ၃-မည်ရကျမ်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### (၁) ပဏာမစသည်ကိုပြရာ။

(၁) ဝေနေယျ ဒမနေ ဆေကံ၊ဝေသာရဇ္ဇ ဝိသာရဒံ။
ကေဝလာဘိရတံ ဝီရံ၊ဝန္ဒိတွာ ကမ်နာသကံ။ ။

(၂) သဒ္ဓမ္မဉ္စတိဘိကာမာ၊မာနုဇ စ ရတနတ္တယံ။
ဘာသိမ်း,ကောင်းစန္တိ နာမာစ၊ယာဝိ သုမံ ဥပါသကာ။ ။

(၃) နိရောဓသေတ္တုံ နိဗ္ဗာနံ၊တထာဂတ ပ္ပဝေဒိတံ။
အဇ္ဈတ္တော ဝါ,ဗဟိဒ္ဓါ ဝါ၊ဓမ္မော ဟောဘိ,နှဟောတိဘိ။ ။

(၄) နိရောဓသေတ္တုံ နိဗ္ဗာနံ၊တထာဂတ ပ္ပဝေဒိတံ။
အဇ္ဈတ္တံဝါ,ဗဟိဒ္ဓါဝါ၊အဇ္ဈတ္တ,နဇ္ဈတ္တ နိဿယံ။ ။
ပါဠိယာ ဋီကာထာဒိဟိ၊သံ ကတွာန ဒေသ နေသ။ ။

(၅) လောက,သာသန ဟိတတ္ထာယ၊သင်္ဂါမဝိဇယံ သုဘံ။
နိဗ္ဗာနစက္ခုံ,အပရံ၊ကရိဿံ ဝဇိရာဝုဓန္တိ။ ။

(၁) အနက်သိရန် မြန်မာပြန်ကား။ ။ ဝေနေယျ ဒမနေ၊ ဆုံးမ ထိုက်ကုန်သော သတ္တဝါတို့ကို ဆုံးမတော်မူရာ တရားတော်၌။ ဆေကံ၊ အတုမရှိ ကျွမ်းကျင်လိမ္မာတော်မူပေထသော။ (တနည်း) ဝေနေယျ ဒမနေ၊ ဆုံးမထိုက်ကုန်သော သတ္တဝါတို့ကို ဆုံးမတော် မူကြောင်းတရားတော်၌။ ဆေကံ၊ အတုမရှိ ကျွမ်းကျင်လိမ္မာတော် မူပေထသော။ (တနည်း) ဝေနေယျ ဒမနေ၊ ဆုံးမထိုက်ကုန်သော သတ္တဝါတို့ကို ဆုံးမတော်မူခြင်း၌။ ဆေကံ၊ အတုမရှိ ကျွမ်းကျင်

လိမ္မာတော်မူပေထသော။ ဝေသာရဇ္ဇဝိသာရဒံ၊ ဝေသာရဇ္ဇဉာဏ် တော်လေးပါးတို့ဖြင့် ရဲရင့်တော်မူပေထသော (တနည်း) ဝေသာ ရဇ္ဇဝိသာရဒံ၊ ဝေသာရဇ္ဇဉာဏ်တော်လေးပါးတို့ကြောင့် ရဲရင့်တော် မူပေထသော။ (တနည်း) ဝေသာရဇ္ဇဝိသာရဒံ၊ ရဲရင့်ခြင်း၏ အ ကြောင်းဖြစ်၍ ဖြစ်သော ဝေသာရဇ္ဇဉာဏ်တော်လေးပါး၌တော် မူ ပေထသော။ (တနည်း) ဝေသာရဇ္ဇဝိသာရဒံ၊ ရဲရင့်ခြင်း၏အကြောင်း ဖြစ်၍ ဖြစ်သော ဝေသာရဇ္ဇဉာဏ်တော်လေးပါးတို့နှင့်ပြည့်စုံတော် မူပေထသော။ ကေဝလာဘိရတံ၊ သင်္ခတ တရားတို့နှင့် မရော မ ယှက် သက်သက်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန် တ ရားတော်၌ အဟောရတ္တမိုဟ်ဖြင့် လွန်စွာမွေ့လျော် ပျော်ပိုက်တော် မူပေထသော၊ ဝီရံ၊ သဒ္ဓါဝါယာမဟု ဆိုအပ်သော ဝီရိယတော်နှင့် ပြည့်စုံတော်မူပေထသော။ (တနည်း ဝီရံ၊ လောကဓံတရား ရှစ်ပါး တို့ဖြင့် တွေ့ကြုံငြားသော်လည်း ကင်းသော တုန်လှုပ်ခြင်း ရှိတော် မူ ပေထသော။ ကင်္ခါနုသယံ၊ ကိလေသာကင်္ခါ မြွေကင်္ခါဟု ဆိုအပ် ကုန်သော ယုံမှားခြင်းတို့ကို မဂ်ဉာဏ်တော်ဖြင့် အကြွင်းမဲ့ ဖျက် ဆီးတော်မူပြီးထသော၊ (တနည်း) ကင်္ခါနုသယံ၊ သတ္တဝါတို့၏ ခန္ဓာအစဉ်၌ဖြစ်ကုန်သော ရှစ်ပါးကုန်သော ယုံမှားခြင်း, တဆဲ့ ခြောက်ပါးကုန်သော ယုံမှားခြင်းတို့ကို ဒေသနာ ဉာဏ်ခေါ်— သဗ္ဗညုတဉာဏ်တော်ဖြင့် ဖျက်ဆီးတော်မူပေထသော။ ဗုဒ္ဓံ၊ မြတ် စွာဘုရားကို၊ အဟံ၊ ငါ နာမ်နှစ်ဝ၊ သမ္မုဟာကို၊ အဋ္ဌသမှာ၊ အဘိနန္ဒိသည်။ ဝန္ဒိတွာ – ဝန္ဒာမိ၊ ရိုသေမြတ်နိုး၊ တုပ်ဝပ်ကျိုး၍၊ ရှိခိုးပါ၏၊ ဝန္ဒိတွာ၊ ရိုသေမြတ်နိုး၊ တုပ်ဝပ်ကျိုး၍၊ ရှိခိုးပြီးလျှင်၊ (ကရိယံ–ပုဒ်မှာ သွား၍ဆိုက်ရမည်။)

(၂) သဒ္ဓမ္မဋ္ဌိတိကာမော၊ သူတော်ကောင်းတို့၏ တရား ကြာ မြင့်စွာ တည်ခြင်းကို အလွန်အလိုရှိကုန်ထသော၊ ရတနတ္တယံ၊ ရတနာသုံးပါးတို့၏ အပေါင်းကို။ မာနဝ၊ မြတ်နိုးသည်လည်း ဖြစ် ကုန်ထသော (တနည်း) ရတနတ္တယ၊ ရတနာသုံးပါးတို့၏ အပေါင်း

၌။ မာနာခ၊ မြတ်နိုးသည်လည်းဖြစ်ကုန်ထသော။ (ဘုမ္မဋ္ဌ၌ ပထမာ ဝိဘတ်သက်) ဘာသိမ်း ကောင်းစန္ဒာနာမာစ၊ ပွဲစားကြီး ဦးဘာသိမ်း၊ ကုန်သည်ကြီး ဦးကောင်းစံ ဟူသော အမည်လည်းရှိကုန်ထသော။ ဥပါသကာ၊ ရတနာသုံးရင်၊ မြတ်ထက်မြတ်ကို၊ ဆည်းကပ်ဘတ် ကုန်သော ဥပါသကာတို့သည်။ ၎၊အာကွန့်ငကို။ ယာဗိသု၊တောင်း ပန်ကုန်ပြီ။

(၃) ကထံ ယာစိံသု၊ အဘယ်သို့ တောင်းပန်ကြကုန်သနည်း ဟူမူကား။ တထာဂတပ္ပဝေဒိတံ၊ မြတ်စွာဘုရားသည် အပြား အား ဖြင့် သိတော်မူအပ်ထသော၊ (တနည်း) တထာဂတပ္ပဝေဒိတံ၊ မြတ်စွာဘုရားသည် အပြားအားဖြင့် ဟောတော်မူအပ်ထသော။ နိရောသေစွံ၊ နိရောသေစွာဖြစ်တော်မူထသော နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အဇ္ဈတ္တဝါ၊ အဇ္ဈတ္တ သန္တာန်၌မူလည်းဖြစ်သော။ မွေ့ာ၊ တရား သည် ဘောဘိ၊ ဖြစ်၏။ နဟောတိ၊ မဖြစ်။ ဗဟိဒ္ဓါဝါ၊ အဇ္ဈတ္တသန္တာန် မှ ပြင်ပ၌မူလည်းဖြစ်သော။ မွေ့ာ၊ တရားသည်၊ ဟောတိ၊ ဖြစ်၏။ နဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ နိဒ္ဒေယံ၊ အဆုံးအဖြတ်ကိုရင်း။

(၄) တထာဂတပ္ပဝေဒိတံ၊ မြတ်စွာဘုရားသည် အပြားအား ဖြင့် သိတော်မူအပ်ထသော၊ (တနည်း) တထာဂတပ္ပဝေဒိတံ၊ မြတ် စွာဘုရားသည် အပြားအားဖြင့် ဟောတော်မူအပ်ထသော၊ နိရောသစ္စံ၊ နိရောသစ္စာဖြစ်တော်မူထသော နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အဇ္ဈတ္တံ ဝါ၊ အဇ္ဈတ္တသန္တာန်၌မူလည်း။ အတ္ထိ၊ ရှိ၏။ နတ္ထိ၊ မရှိ။ ဗဟိဒ္ဓါဝါ၊ ဗဟိဒ္ဓ၌မူလည်း။ အတ္ထိ၊ ရှိ၏။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့၊ နိဒ္ဒေယံ၊ အဆုံး အဖြတ်ကိုရင်း။ ။ပါဠိယ၌ ကထာဒိဟိ၊ ပါဠိတော်၊ အဋ္ဌကထာ အစရှိသည်တို့နှင့်။ သမံ၊ မသွင်းမချွတ် ညီညွတ်စွာ၊ ကတွာန၊ ရေး သားခြင်းကိုပြု၍။ နော၊ အကျွန်ုပ်တို့အား၊ ဒေထ၊ ပေးသနားတော် မူပါ ဂုန်တော့၊ ဣတိ၊ ဤသို့၊ ယည္စာ၊ အကြင်ကြောင့်၊ ယာစိံသု၊ တောင်းပန်ကုန်ပြီ။ (ပါဠိသ၌ "ယ" အကျအနာ ၇။)

(၅) တတ္ထ၊ ထိုသို့တောင်းပန်သည်၏ အဖြစ်ကြောင့်။ လောက

သာသနပဋိတဏ္ဍာယ၊ သတ္တလောက၏ အစီးအပွါး၊ ဘုရားဖြတ်ရွာ သာသနာ၏ အစီးအပွါးအလို့ငှါ။ ပါဠိယ ဌကထာဒိဟိ၊ ပါဠိတော်, အဋ္ဌကထာ အစရှိသည်တို့နှင့်။ သံ၊ မယွင်းမချွတ်၊ ညီညွတ်စွာ ထသော..သုဘာ၊ အပြစ်မဆွယ်၊ တင့်တယ်စွာထသော။ သင်္ဂါမဂိဇ ယဥ္စ၊ ကာမာတော ပဌမာ သေနာ၊ အစဖြာ၍၊ လာသည့်သဲမဲ။ စစ်ဆယ်ပွဲကို။ ဖြိုခွဲအောင်ကြောင်း နိမိတ်ကောင်းအင် "သင်္ဂါမဝိဇယ"လည်းမည်ထသော။ (တနည်း) သင်္ဂါမဝိဇယဥ္စ၊ ဒေဝပုတ္တ၊ စသည့်သဲမဲ၊ မာရ်စစ်ပွဲကို ဖြိုခွဲအောင်ကြောင်း။ နိမိတ်ကောင်းအင် 'သင်္ဂါမဝိဇယ"လည်းမည်ထသော။ နိမ္မာနစကျွုံစ၊ ကြောင်း,ကျိုး နိမ္မာန်။ ထိုနှစ်တန်ကို၊ ဟုတ်မှန်တိုင်းပ။ ထင်စွာ့ထင်စွာ။ ပြရာ,ပြကြောင်း။ ဂုဏ်ပဋိတ်ကောင်းကြောင့်၊ နိမ္မာန စကျွလည်း မည်ထသော၊ ဝါ၊ နိမ္မာန်ဝါဒ၊ မတူမျှ၍ ငြင်းကြသည်ကို။ ဖြေဆိုရှင်းခါ၊ ထင်စွာပြကြောင်း ဂုဏ်ပဋိတ်ကောင်းကြောင့်။ နိမ္မာန စကျွလည်း မည်ထသော၊ ဝါ၊ နိမ္မာန်ယူဆ၊ ထွေချော်ကြ၍ မရ မဂ်,ဖိုလ်။ များလှဖိုလ်အား တရားမဂ်,ဖိုလ်။ ရစေလို၍ ဖြေဆိုထင်စွာ၊ ပြရာ ပြကြောင်း၊ ဂုဏ်ပဋိတ်ကောင်းကြောင့်။ နိမ္မာန စကျွလည်းမည်ထသော။ အပရံ၊ ထိုမှတပါး၊ ဝဇိရာရုဥ္စ၊ ရှစ်သောင်း,လေးထောင်။ နှစ်ပြန်ဆောင်သည်။ တောင်ကျော်မြင်းမိုရ်၊ ဗဟိုရ်ထက်,အောက်၊ ထုတ်ချင်းဖေါက်၍၊ သွားရောက်နိုင်ငြား။ သိကြားပိုင်ထ။ ဝဇိရလက်နက်၊ မိုးစိုးကြိုးစက်နှင့် တူသောကြောင့် "ဝဇိရာရုဓ"လည်း မည်သောကျမ်းကို။ အပယ်၊ အကျွန်ုပ်သည်။ ကရိုသေ၊ ရေးသားပြုလုပ်ပေအံ့၊ ဤတွင် ပဌာမ စသည်စကားရပ်အပြီးသတ် သတည်း။

> သင်္ဂါမံ ဝိဇိနာတိ ဧတေနာတိ သင်္ဂါမဝိဇယော။ သင်္ဂါမော
> စေတ္ထ ပဥ္စဟိ မာရေဟိ သမာဂမနံ ဒုဘိယုဇ္ဈနဋ္ဌာနံ အာဟ
> ဒေဝပုတ္တမာရနိဗ္ဗတ္တိအာဒိ။ ။

(သုတ်သီလက္ခန်ဋီကာသစ်၊ ပဌမအုပ် ၄၅၃-ဒ မျှ၊ မိတ်ဆွေ။)

သင်္ဂါမသဒ္ဒါသည်–

၁။ အဟံ နာဂေါ၀ သင်္ဂါမေ....ဟူသော မြွေပဒပ်ငွေတော်၊ နာဂဝဂ်၌ 'စစ်မြေပြင်'ဟူသောအနက်၌ထင်၏။

၂။ အနုပ္ပုရော သင်္ဂါမဝိဇယောတိပိ နံ ခါရေဟိ ဟူသော သုဘဒ္ဒသိလက္ခန်ပါဠိတော် ဖြဗ္ဗဇာလသုတ်၌ "စစ်ထိုးခြင်း စစ်ပွဲဟူသော အနက်၌ ထင်၏။ ဤကျမ်း၌ကား စစ်ထိုးခြင်း စစ်ပွဲ"ကို လိုအပ်၏။

---

## ၂–ပဋိညာဉ်ကိုပြုရာ။

ဤသို့ ဝန်ခံအပ်သည်နှင့်အညီ အဿသိတခေတ် နိုရောဘေဂွာ နိဗ္ဗာန်တရားတော်သည်၊အဇ္ဈတ္တတရားဟုတ်,မဟုတ်၊ အဇ္ဈတ္တ၌ရှိ, မရှိကိုင်း။ ၊ဗဟိဒ္ဓတရားဟုတ်,မဟုတ်။ ဗဟိဒ္ဓ၌ရှိ မရှိကိုင်း။ ပါဠိတော်, အဋ္ဌကထာ,ဋီကာကျမ်းဂန်တို့နှင့်အညီ၊ အဆုံးအဖြတ် ရေးသားပေးသနားတော်မူပါဘုရားဟု ပွဲစားကြီး ဦးဘသိမ်း, ကုန်သည်ကြီး ဦးကောင်းစံတို့လျှောက်ထားတောင်းပန်အပ်သည်ဖြစ်၍ ပါဠိတော်,အဋ္ဌကထာ,ဋီကာကျမ်းဂန်တို့နှင့်အညီ၊ အဆုံးအဖြတ်ကို ရေးသားပေးအံ့။ ၁ ၊သင်္ဂါမဝိဇယ နိဗ္ဗာနစက္ကု,ဝဇိရာဝုဓ ၃-မည်ရကျမ်းကို ရေးသားပေးအံ့၊

အဿသိတခေတ် နိုရောဘေဂွာနိဗ္ဗာန်တရားတော်သည်၊အဇ္ဈတ္တတရားဟုတ်,မဟုတ်၊ အဇ္ဈတ္တ၌ ရှိ,မရှိကိုင်း။ ဗဟိဒ္ဓတရားဟုတ်, မဟုတ်၊ဗဟိဒ္ဓ၌ရှိ,မရှိကိုင်း,ပါဠိတော်,အဋ္ဌကထာ, ဋီကာကျမ်းတို့နှင့်အညီ၊ အဆုံးအဖြတ်ရေးသားပေးသနားတော်မူပါဟု ဤမျှသာလျှောက်ထားရာတွင် ပါရှိသော်လည်း၊ အဿသိတခေတ် နိုရောဘေဂွာ နိဗ္ဗာန် အဆုံးအဖြတ်ကို အကျဉ်းအားဖြင့် ရှေးဦးစွာ ပြဆိုပေအံ့။

ဤသို့ပြဆိုရာတွင်–

၁။ အသင်္ခတ ကဏ္ဍ=အသင်္ခတအပိုင်းအခြား၊

၂။ နိဗ္ဗာန ကဏ္ဍ=နိဗ္ဗာန်အပိုင်းအခြား၊

၃။ အဇ္ဈတ္တ ကဏ္ဍ=အဇ္ဈတ္တအပိုင်းအခြား၊

အားဖြင့် ၃-ပိုင်း ပိုင်း၍ပြဆိုပေအံ့။

---

## ၃ – အသင်္ခတခေါ်အပ်သောတရားကိုပြရာ။

### ၁ – အသင်္ခတ ကဏ္ဍ=အသင်္ခတအပိုင်းအခြား။

အဘယ်တရားကို "အသင်္ခတ"ဟူ၍ ခေါ်ဝေါ်ပြောဆိုအပ်ပါသနည်း၊

၁၊ လောဘဟူသော"ရာဂတရား" ၂။ ပဋိဃ ဟူသော"ဒေါသတရား" ၃။ အဝိဇ္ဇာဟူသော"မောဟတရား"တို့၏ နောင်တဖန်မဖြစ်ပေါ်လာမှုဟုဆိုအပ်သော ကုန်ခြင်း၏ အကြောင်းခံ ဖြစ်သောတရားကို 'အသင်္ခတ'ဟူ၍ ခေါ်ဝေါ် ပြောဆိုအပ်ပါသည်၊ ထိုဆိုအပ်ပြီးသောစကားသည်မှန်၏။ "အသင်္ခတ"အမည်ရသော နိဗ္ဗာန်ကိုသိတော်မူသော"အသင်္ခတညူ"မြတ်စွာဘုရားသည်–

> ၁။ ကတမဉ္စ ဘိက္ခဝေ အသင်္ခတံ။ ယော ဘိက္ခဝေ ရာဂက္ခယော, ဒေါသက္ခယော, မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတံ ။

ဟူ၍ ၄၅ ကြိမ်တိုင်တိုင် ဟောတော်မူသည်။

(သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် ၅၃၅-ဆဋ္ဌသံဂါယနာမူ)

၁။ အနက်သဒ္ဒ မြန်မာပြန်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ကတမဉ္စ၊ အဘယ်တရားကိုလျှင်။ အသင်္ခတံ၊ အသင်္ခတ တရားဟူ၍။ ဝုစ္စတိ၊ ခေါ်ဝေါ်ပြောဆိုအပ်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော ရာဂက္ခယော၊ အကြင်ရာဂ၏ကုန်ကြောင်းတရားသည် ယော ဒေါသက္ခယော၊ အကြင်ဒေါသ၏ကုန်ကြောင်းတရားသည်၊ ယော မောဟက္ခယော အကြင်မောဟ၏ ကုန်ကြောင်း တရားသည်။

အတ္ထိ၊ ပရမတ္ထအားဖြင့် အခါခပ်သိမ်း ထင်ရှားရှိနေ၏။ ဝါ၊ အမြဲ တမ်းရှိနေ၏။ ဣဒံ၊ ဤပရမတ္ထအားဖြင့် အခါခပ်သိမ်း ထင်ရှားရှိနေ သော။ ဝါ၊ အမြဲတမ်းရှိနေသော ရာဂကုန်ကြောင်း, ဒေါသ ကုန် ကြောင်း, မောဟကုန်ကြောင်း တရားကို။ အသင်္ခတံ၊ အသင်္ခတ တရားဟူ၍။ ဝုစ္စတိ၊ ခေါ်ဝေါ်ပြောဆိုအပ်၏။

အဓိပ္ပါယ်ကား။ ချစ်သား ရဟန်းတို့။ အဘယ် တရားကို "အသင်္ခတ" တရားဟု ခေါ်ဝေါ် ပြောဆိုအပ်သနည်းဟူမူ၊ ရာဂ တရားကုန်ဘို့, ဒေါသတရား ကုန်ဘို့, မောဟတရား ကုန်ဘို့အ ကြောင်းခံဖြစ်သော အကြောင်းတရားသဘောသည် ပရမတ္ထအစွမ်း သဘာဝ်အားဖြင့် အခါခပ်သိမ်း ထင်ရှားရှိနေ၏၊ ဝါ၊ အမြဲတမ်းရှိနေ၏။ ဤအခါခပ်သိမ်းထင်ရှားရှိနေသော၊ ဝါ၊ အမြဲတမ်း ရှိနေသော သ ဘောတရားကို "အသင်္ခတ" တရားဟု ခေါ်ဝေါ်ပြောဆိုအပ်သည်၊ ခေါ်ဝေါ်ပြောဆိုကြဟူလို။

---

ဤသင်္ခတသံယုတ်ပါဠိတော်၌ပင်လျှင် "အသင်္ခတ" နည်းတူ၊ အန-နတ-အစ,ပ,ဉာယနှ အဆုံး ၃၂-ပါး အမည်ရှိသော နိဗ္ဗာန်ကိုလည်း...ရာဂက္ခယော,ဒေါသက္ခယော,မောဟက္ခယော ဟူ၍ပင်။ အကြိမ်ပေါင်း ၁၄၄၀-တိုင်တိုင် ဟောတော်မူသေး သည်၊ အသင်္ခတ ၄၅-ကြိမ်နှင့်ပေါင်းသော်ကား ၁၄၈၅-ကြိမ် တိုင်တိုင် ဟောတော်မူသည်ဟု သိကြရာသည်၊

ဤမျှသာမကသေး၊ နိဗ္ဗာန်၏ အမည်တို့သည်၊ သင်္ခတ တရား၏ ပြောင်းပြန် ဆန့်ကျင်ဘက်အားဖြင့် အလွန် များပြားလှကုန်၏။ ထို အလွန် များပြားလှ ကုန်သော အမည်ရှိ "နိဗ္ဗာန်" ကိုလည်း... ရာဂက္ခယော,ဒေါသက္ခယော,မောဟက္ခယော ဟူ၍ပင် အကြိမ် ပေါင်းများစွာ ဟောတော် မူနိုင်သေးကြောင်း။ ဟောတော်မူနိုင် ကြောင်းကို၊ အသင်္ခတနှ ဝိဘင်းပါဠိတော် ၆၁၊ သေဘုဝ်ဘင်း ပါဠိ တော် ၃၈။ ဖမ္ဘူ။ မိတ်ဆွေ၌-

တတ္ထ ကတမာ အသင်္ခတာ ဓာတု။ရာဂက္ခယော,ဒေါ
သက္ခယော, မောဟက္ခယော။ အယံ ဝုစ္စတိ အသင်္ခတာ
ဓာတု။ ။

ဟူ၍ "အသင်္ခတဓာတု"အမည်တင်ပြီး ဟောတော်မူသည်။
အနက်သိရန် မြန်မာပြန်ကား။ ။တတ္ထ၊ ထိုဓမ္မာယတန,ဓမ္မ
ဓာတ်တို့၌ အကျုံးဝင်သော(ပါဝင်သော)တရားတို့တွင်။ကတမာ၊
အဘယ်တရားကို။ အသင်္ခတာဓာတု၊အသင်္ခတ သဘောတရား
ဟူ၍။ ဝုစ္စတိ၊ခေါ်ဝေါ်ပြောဆိုအပ်သနည်း။ ယောရာဂက္ခယော၊
အကြင်ရာဂ၏ ကုန်ကြောင်းတရားသည်။ ယောဒေါသက္ခယော၊
အကြင်ဒေါသ၏ ကုန်ကြောင်းတရားသည်။ ယောမောဟက္ခယော၊
အကြင်မောဟ၏ ကုန်ကြောင်းတရားသည်။ အတ္ထိ၊ပရမတ္ထ အား
ဖြင့် အခါခပ်သိမ်း ထင်ရှားရှိနေ၏။ ဝါ၊အမြဲတမ်းရှိနေ၏။ အယံ၊
ဤပရမတ္ထအားဖြင့် အခါခပ်သိမ်းထင်ရှားရှိနေသော။ ဝါ၊အမြဲတမ်း
ရှိနေသော ရာဂကုန်ကြောင်း, ဒေါသကုန်ကြောင်း, မောဟ ကုန်
ကြောင်းတရားကို။အသင်္ခတာဓာတု၊ အသင်္ခတသဘောတရားဟူ
၍။ဝါ၊အကြောင်းတရားတို့သည် အညီအညွတ် ပေါင်းဆုံ၍မပြုပြင်
အပ်သောကြောင့်"အသင်္ခတ"သဘောဝါ, အသက်မရှိသောကြောင့်
"ဓာတု"ဝါ၊မိမိ၏ ငြိမ်းကြောင်းသဘောကို ဆောင်တတ်သော
ကြောင့်"ဓာတု"မည်၏ ဟူ၍။ ဝုစ္စတိ၊ခေါ်ဝေါ်ပြောဆိုအပ်၏။
အဓိပ္ပါယ်ကို အသင်္ခတ၌ ဆိုခဲ့သော နည်းကိုမှီ၍ သိအပ်၏။
"အသင်္ခတဓာတု"ဟူ၍ အမည်မျှသာ ကွဲလွဲသည်ကိုလည်း။ ဝါ၊
"အသင်္ခတဓာတု"ဟူ၍ အမည်တပ်ပြီး ဟောတော် မူသည်ကို
လည်း သိအပ်၏။ သိရမည်။

---

ဤသို့ပြဆိုအပ်ကုန်ပြီးသောသံယုတ်ပါဠိတော်,ဝိဘင်းပါဠိတော်
တို့၌ ရာဂတရားကုန်ဘို့,ဒေါသတရားကုန်ဘို့,မောဟတရားကုန်ဘို့
အကြောင်းခံတရားကိုသာ "အသင်္ခတဓာတ် နိဗ္ဗာန်တရား"ဟူ၍
ဟောတော်မူသည်။

ရာဂတရားကုန်ခြင်း,ဒေါသတရားကုန်ခြင်း,မောဟတရား ကုန်ခြင်းဟူသော အကျိုးတရားကိုမူကား "အသင်္ခတဓာတ် နိဗ္ဗာန်တရား"ဟူ၍ ဟောတော်မမူချေ၊

## ၄ – ကုန်ရာ,ကုန်ကြောင်း,ကုန်ခြင်းသုံးမျိုးကိုဝေဘန်ပြရာ။

ကုန်ရာ,ကုန်ကြောင်း,ကုန်ခြင်း ဟူ၍ သုံးမျိုး သုံးပါး ပြားသေးသည်ကိုသည်း သိထားရမည်။

၁။ အရပ်ဒေသကို"ကုန်ရာ"ဟူ၍ သိထားရမည်၊ နိဗ္ဗာန်သည် ကေန်မူချအားဖြင့် အရပ်ဒေသမရှိသော်လည်း၊အရပ်ဒေသမဟုတ်သော်လည်း၊ တင်စား၍ ခေါ်ဝေါ်သော ဥပစာရ နည်းအားဖြင့် "ဒေသ"ဟု ခေါ်ဝေါ် အပ်လေသည်၊ အရပဟတ္တမိလ် ကိုလည်း "ကုန်ရာ"ဟူ၍ ခေါ်ဝေါ်အပ်လေသေးသည်။

၂။ ကုန်ခြင်း၏ အကြောင်းခံတရားကို "ကုန်ကြောင်း"ဟု သိထားရမည်၊ သို့မဟုတ် ကုန်ဘို့ရန် အကြောင်းခံတရားကို"ကုန်ကြောင်း"ဟု သိထားရမည်၊

၃။ ကုန်သွားတာကို ကုန်မှုကို"ကုန်ခြင်း"ဟု သိထားရမည်။

ကုန်ကြောင်းကား"အကြောင်းတရား"၊ကုန်ခြင်းကား"အကျိုးတရား" ဤသို့လည်းခွဲခြမ်းဝေဘန်၍ သိရမည်။ ထိုနည်းတူ–

| | |
|---|---|
| ချုပ်ရာ,ချုပ်ကြောင်း,ချုပ်ခြင်း | ၃-မျိုး |
| ငြိမ်းရာ,ငြိမ်းကြောင်း,ငြိမ်းခြင်း | ။ |
| ကင်းရာ,ကင်းကြောင်း,ကင်းခြင်း | ။ |
| ပျောက်ရာ,ပျောက်ကြောင်း,ပျောက်ခြင်း | ။ |
| ပြတ်ရာ,ပြတ်ကြောင်း,ပြတ်ခြင်း | ။ |
| သုံးရာ,သုံးကြောင်း,သုံးခြင်း | ။ |
| မဖြစ်ရာ,မဖြစ်ကြောင်း,မဖြစ်ခြင်း | ။ |

ဖြစ်ပေါ်မှုမရှိရာ,ဖြစ်ပေါ်မှုမရှိကြောင်း ဖြစ်ပေါ်မှုမရှိခြင်း ဤသို့အစရှိသည်တို့ကိုလည်း သိရမည်။

ဒီ့ကာယ်၍ နိဗ္ဗာန်၏ အမည်ပေါင်း သိန်း,သန်း,ကုဋေ,အသင်္ချေ ရှိငြားအံ့ အသင်္ချေအမည်ရှိသော နိဗ္ဗာန်ကို ဗည်းရာဂက္ခယော,ဒေါ သက္ခယော,မောဟက္ခယော ဟူ၍ပင်လျှင်၊ ဘုရားရှင်သည် ဟော တော်မူမည်ဖြစ်သောကြောင့်၊ အသင်္ခတခေတ် နိဗ္ဗာန်၏ ကုန် မှုချ ရာဂ,ဒေါသ, မောဟတရားတို့ ကုန်ဘို့ရန် "အကြောင်းခံ တရား"ဟုတ်ကြောင်းကို၊ သုတ်ပေါင်း ဒ.သင်္ချေ အကြိမ်ပေါင်း အသင်္ချေကိုထောက်၍ သိအပ်၏၊ သိရမည်။

---

## ၅–နိဗ္ဗာန်ကို ကုန်ကြောင်းတရားဟုမြဲခြင်း။

ဤကျမ်းဆရာသည် ဤနိ ရာဂက္ခယော, ဒေါသက္ခယော မော ဟက္ခယော ဟူသော ပါဠိတော်ကို မိမိ၏လိုရှိအင်သော အနက် အဓိပ္ပါယ်ကိုဆွဲယူ၍ ရာဂတရား၏ကုန် ကြောင်း ဒေါသတရား၏ ကုန်ကြောင်း,မောဟတရား၏ ကုန်ကြောင်း ဟူ၍ မြန်မာ ပြန်ဆို ပြီးလျှင်၊ အသင်္ခတခေတ် နိဗ္ဗာန်ကိုကောက်ယူထား သည်ဟု ထင် မှတ် ပြောဆိုကောင်း ပြောဆိုကြပေလိမ့်မည်၊ မထင်မှတ်သိုက် မပြောဆိုသိုက်ပါ၊ အဘယ်ကြောင့်ဆိုသော် ပုင်းပဲ ငွှဲတော်တို့ကို ဖွင့်ပြကြကုန်သော အဋ္ဌကထာဆရာမြတ်တို့၏ စကားတော်တို့ကို ထောက်ထား ကိုးကား၍ ပြန်ဆို ကောက်ယူထား သည် ဖြစ်သော ကြောင့်တည်း။

ထောက်ထား ကိုးကားစရာ အဋ္ဌကထာ
ဆရာမြတ်တို့၏စကားတော်များ–

၁။ အသင်္ခတာ ခေတ္တုတိ အသင်္ခတ သဘာဝံ နိဗ္ဗာနံ။ ယသ္မာ ပနေတံ အာဂမ္မ ရာဂါဒယော ခီယန္တိ။ တသ္မာ ရာဂက္ခယော,ဒေါသက္ခယော,မောဟက္ခယောတိ ဝုတ္တံ။ ။
(သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ ၄၄ ဇမ္ဗုမိတ်ဆွေ။)

၁။ မြန်မာပြန်ကား။ ။အသင်္ခတာ ဝေတ္တတိ၊အသင်္ခတာ ခေ တု-ဟူသည်ကား အသင်္ခတ သဘာဝံ၊အသင်္ခတသဘောဖြစ်သော။ နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ ယသ္မာ၊အကြင်ကြောင့်။ တေံနိဗ္ဗာနံ၊ထိုအသင်္ခတ သဘောဖြစ်သော နိဗ္ဗာန်ကို။ အာဂမ္မ၊အစွဲပြု၍။ ဝါ၊မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍သိသောကြောင့်။ ရာဂါဒယော၊ ရာဂ-အစရှိကုန်သော ကိလေသာတို့သည်။ခိယန္တိ၊ကုန်-ကုန်၏။ တသ္မာ၊ထိုသို့ နိဗ္ဗာန်ကို အစွဲပြု၍ ရာဂ-အစရှိကုန်သော ကိလေသာတို့ ကုန်ကြောင်းဖြစ် သောသဘောကြောင့်။ တံနိဗ္ဗာနံ၊ ထိုအသင်္ခတ သဘောဖြစ်သော နိဗ္ဗာန်ကို။ ရာဂက္ခယော,ဒေါသက္ခယော,မောဟက္ခယောဘိ၊ ရာ ဂက္ခယော, ဒေါသက္ခယော, မောဟက္ခယော ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်၊ ဝုတ္တံ၊ ဟောတော်မူအပ်၏၊ ရာဂက္ခယော၊ ရာဂ၏ ကုန်ကြောင်း၊ဒေါသက္ခယော၊ဒေါသ၏ ကုန်ကြောင်း။ မော ဟက္ခယော၊မောဟ၏ ကုန်ကြောင်း နိဗ္ဗာန်။

အဓိပ္ပါယ်ကား။ ။အသင်္ခတ ခေ ။-ဆိုသည်ကား အသင်္ခတ သဘောဖြစ်သော နိဗ္ဗာန်ကိုဆိုသည်၊ ထိုအသင်္ခတ သဘောဖြစ် သောနိဗ္ဗာန်ကို၊မဂ်ဉာဏ်ဖြင့် အစွဲပြု၍။ဝါ၊မဂ်ဉာဏ်ဖြင့် ထိုးထွင်း ၍ သိသောကြောင့်၊ ရာဂ ဒေါသ မောဟ-ကိလေသာတို့ ကုန်ကြ ရလေသည်။ ထိုသို့ ရာဂ,ဒေါသ,မောဟ ကိလေသာတို့ ကုန်ကြရ ခြင်းသည် "အကျိုးတရား" ဖြစ်၏၊ နိဗ္ဗာန်ကား ထိုရာဂ စသော ကိလေသာတို့-ကုန်ဘို့ရန် အကြောင်းခံသောကြောင့် "အကြောင်း တရား" ဖြစ်၏။ ထိုကြောင့် နိဗ္ဗာန်ကို၊ ရာဂကုန်ကြောင်း ဒေါသ ကုန်ကြောင်း မောဟကုန်ကြောင်း-ဟူ၍ သဗ္ဗညု မြတ်စွာဘုရား သည် ဟောတော်မူအပ်၏-ဟူလို။

ဤသို့ ဖွင့်ပြအပ်သော သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ ဆရာ မြတ်၏ စကားကိုထောက်၍ နိဗ္ဗာန်ကို "ကုန်ကြောင်း" တရားဟူ၍ ဆိုအပ်သတည်း။ ကောက်ယူအပ်သတည်း။

(၂-က) ယော ခေါ အာဝုသော ရာဂက္ခယောတိ နိဗ္ဗာနံ အာဂမ္မ ရာဂေါ ခီယတိ၊ တသ္မာ နိဗ္ဗာနံ ရာဂက္ခယော တိ ဝုစ္စတိ။ ဒေါသ,မောဟက္ခယေသုပိ ဧသေဝ နယော။ ပ၊

(၂-ခ) ယံ အာဂမ္မ ရာဂါဒယော ခီယန္တိ၊ တံ နိဗ္ဗာနံ တံ ပနေတံ ရူပိနော မဂ္ဂါ, အရူပိနော မဂ္ဂါတိ အာဒိသု ဒုကေသု အရူပိနော မဂ္ဂါတိ သင်္ခတတ္တာ န ကိလေ သက္ခယ မတ္တမေဝါတိ။ ။

(သံယုတ်အဋ္ဌကထာ။တတိယအုပ် ၁၂၉ ဇမ္ဗု။ မိတ်ဆွေ။)

(၂-က) မြန်မာပြန်ကား။ ။ယော ခေါ အာဝုသော ရာဂက္ခယောတိ၊ယော ခေါ အာဝုသော ရာဂက္ခယော-ဟူသည်ကား။ ဝါ၊ ရာဂကုန်ကြောင်း ဟူသည်ကား၊ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာဂမ္မ၊မဂ် ဉာဏ်ဖြင့် အာရုံပြု၍(သိ၍)ရာဂေါ၊တပ်စွန်းတတ်သော ရာဂသည်။ ခီယတိ၊ကုန်၏။ တသ္မာ၊ ထိုသို့တပ်စွန်း တတ်သော ရာဂ၏ ကုန်ကြောင်းဖြစ်သော သဘောကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ရာဂက္ခယောတိ၊ ရာဂက္ခယ ဟူ၍။ ဝါ၊ရာဂ၏ ကုန် ကြောင်းတရားဟူ၍၊ ဝုစ္စတိ၊ခေါ်ဝေါ်ပြောဆိုအပ်၏။ ဒေါသ,မော ဟက္ခယေသုပိ ဒေါသက္ခယ,မောဟက္ခယ-တို့၌လည်း။ ဝါ၊ဒေါသ ကုန်ကြောင်း,မောဟကုန်ကြောင်းတို့၌လည်း။ ဧသေဝနယော၊ ဤ ရာဂက္ခယနည်းလျှင် နည်းရှိ၏။ပ။

(၂-ခ) ယံ၊အကြင်တရားကို။အာဂမ္မ၊မဂ်ဉာဏ်ဖြင့် အာရုံ ပြု၍(သိ၍)ရာဂါဒယော၊တပ်စွန်းခြင်း အစရှိကုန်သော ကိလေသာ တို့သည်၊ ခီယန္တိ၊ကုန်ကုန်၏။ တံ ဓမ္မံ၊ထိုတပ်စွန်းခြင်း အစရှိကုန် သော ကိလေသာတို့ ကုန်ကြောင်းဖြစ်သော တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏၊ ပန၊အထူးကိုဆိုဦးအံ့၊တံ ဧတံ နိဗ္ဗာနံ၊ထိုကုန်ကြောင်း နိဗ္ဗာန်သည်၊ ရူပိနော မဂ္ဂါ,အရူပိနော မဂ္ဂါတိ အာဒိသု၊ ရူပိနော မဂ္ဂါ,အရူပိနော မဂ္ဂါ ဤသို့အစရှိကုန်သော။ ဒုကေသု၊ ဒုက်တို့၌။

ဝါ၊ပရမတ္ထ တရားတို့ကို နှစ်ရ-နှစ်ဘို့ပြု၍ဟောတော်မူရာဖြစ်ကုန်သော ဒုက်တို့၌။ တဿ နိဗ္ဗာနဿ၊ ထိုနိဗ္ဗာန် ၏။ ဝါ၊ ထိုနိဗ္ဗာန်ကို။ အရူပိနောမ္ဘောတိ၊ အရူပိနောမ္ဘော-ဟူ၍။ ဝါ၊ ရုပ်မဟုတ်သော တရားတို့ဟူ၍။သင်္ဂဟိတတ္တာ၊သင်္ဂြိုဟ်ရေတွက်အပ်သည်၏အဖြစ်ကြောင့်။ (သင်္ဂြိုဟ်ရေတွက်အပ်သောကြောင့်။) ကိလေသက္ခယမတ္တမေဝ၊ ရာဂစသော ကိလေသာတို့၏ ကုန်ခြင်းမျှသည်သာလျှင်။ နဟောတိ၊ မဟုတ်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

(၂-က) ရှေ့ဝါကျ၏ အဓိပ္ပါယ်ကား။ ။ရာဂက္ခယော-ဆိုသည်ကား၊ နိဗ္ဗာန်ကိုဆိုသည်။အဘယ်ကြောင့် နိဗ္ဗာန်ကို "ရာဂက္ခယော"ဟု ဆိုအပ်ပါသနည်းဟူမူ၊ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍(သိ၍)တပ်ငြွန်းတတ်သော ရာဂတရားသည် ကုန်ရလေသည်။ ထိုသို့တပ်စွန်းတတ်သော ရာဂ၏ ကုန်ဘို့ရန် အကြောင်းခံတရားဖြစ်သောကြောင့်၊ နိဗ္ဗာန်ကို "ရာဂကုန်ကြောင်း"ဟု ခေါ်ဝေါ်ပြောဆိုအပ်လေသည်၊

ထိုနည်းတူ-ပြစ်မှားတတ်သော ဒေါသ၏ကုန်ဘို့ရန် အကြောင်းခံတရားဖြစ်သောကြောင့်။ နိဗ္ဗာန်ကို "ဒေါသကုန်ကြောင်း" ဟူ၍လည်း၊ခေါ်ဝေါ်ပြောဆိုအပ်လေသော သည်။

မိုက်မဲတွေဝေတတ်သော မောဟ၏ ကုန်ဘို့ရန် အကြောင်းခံတရားဖြစ်သောကြောင့်။ နိဗ္ဗာန်ကို "မောဟကုန်ကြောင်း" ဟူ၍လည်း ခေါ်ဝေါ်ပြောဆိုအပ်လေသေးသည်ဟူလို။

(၂-ခ) နောက်ဝါကျ၏အဓိပ္ပါယ်ကား။ ။အကြင်တရားကို မဂ်ဉာဏ် ဖြင့် အာရုံပြု၍ ရာဂအစရှိကုန်သော ကိလေသာတို့ ကုန်လေသည်။ရာဂအစရှိသော ကိလေသာတို့ ကုန်ကြောင်းဖြစ်သော ထိုအာရုံတရားသည် 'နိဗ္ဗာန်'မည်သည်။'နိဗ္ဗာန်'ဟုတ်လည်းဟူလို။

အထူးမှတ်ရန်မှာ။ ။အဘိဓမ္မာသင်္ဂဟ ပါဠိတော်၊ မူကမာတိကာ၊ ရုပ်ရက် စသည်တို့၌ 'နိဗ္ဗာန်'ကို ရုပ်တရားမဟုတ်သော ပရမတ္ထ

တရားထဲမှာ။ထည့်သွင်းရေတွက်၍ ဘုရားရှင် ဟောတော်မူသော ကြောင့်။ ပရမတ္ထတရားအစစ်ဖြစ်သော နိဗ္ဗာန်သည်။ ကိလေသာ တို့၏ ကုန်ခြင်းမျှ-ကုန်ကာမျှသည်သာလျှင် မဟုတ်နိုင် မဖြစ်နိုင်ဟူ၍ သိအပ်၏၊

ဤသို့ဖွင့်ပြအပ်သော သံယုတ်အဋ္ဌကထာ ဆရာမြတ်၏ စကား ကိုလည်းထောက်၍ နိဗ္ဗာန်ကို ကုန်ကြောင်းတရား 'ဟူ၍ဆိုအပ် သတည်း။

(၃) တဏှာက္ခယသာ ပစ္စယတ္တာ တဏှာက္ခယံ။ ။

(သံယုတ်အဋ္ဌကထာ တတိယအုပ် ၁၅၀-ဇမ္ဗူ့ မိတ်ဆွေ။)

၃။ မြန်မာပြန်ကား။ ။နိဗ္ဗာန်၊နိဗ္ဗာန်သည်။ တဏှာက္ခယာသ၊ တရား၄ရှစ်ဖြာ ယုတ်တဏှာကုန်ခြင်း၏။ ပစ္စယတ္တာ၊ အကြောင်း၏ အဖြစ်ကြောင့်။ (အကြောင်းဖြစ်သောကြောင့်) တဏှာက္ခယံ၊ တ ဏှာက္ခယ မည်၏။ ။တဏှာက္ခယံ၊ တရာ၄ရှစ်ဖြာ၊ ယုတ်တဏှာ ကုန်ကြောင်းဖြစ်သောနိဗ္ဗာန်။

အဓိပ္ပါယ်ကား။ ။တဏှာသုံးတန်၊ အရင်းခံ၊ အာ,ကာ,သန် နှင့်မြှောက်-ဟူသည်နှင့် အညီ။ ကာမ, ဘဝ, ဝိဘဝ-ဟူသော တဏှာသုံးတန်ကိုတည်း။ အာရုံ ခြောက်ပါးနှင့်မြှောက် ၁၈ ပါး ဖြစ်၏။ ၎င်း ၁၈-ပါးကိုတည်း။အတိတ်,အနာဂတ်,ပစ္စုပ္ပန် ကာလ သုံးပါးနှင့်မြှောက် ၅၄-ပါးဖြစ်၏၊၎င်း ၅၄-ပါးကိုတည်း။ အဇ္ဈတ္တ, ဗဟိဒ္ဓ သန္တာန်နှစ်ပါးနှင့်မြှောက် ၁၀၈ ပါးဖြစ်၏။

ထိုတရာ၄ရှစ်ဖြာ ယုတ်မာသော တဏှာကုန်တို့ခြန်အကြောင်းခံ တရားဖြစ်သောကြောင့် နိဗ္ဗာန်သည် တဏှာက္ခယ မည်၏ဟူလို။

ဤသို့ ဖွင့်ဆိုအပ်သော သံယုတ် အဋ္ဌကထာ ဆရာမြတ်၏ စကားတော်ကိုလည်းထောက်၍ နိဗ္ဗာန်ကို ကုန်ကြောင်းတရား-ဟူ၍ ဆိုအပ်သတည်း။

## ၆–ရင်းကို ကင်းကြောင်းတရားဟုပြရာ။

(၄) နိဗ္ဗာနံ ဝိရာဂပေါတဗ္ဗာ ဝိရာဂေါ။ ။

(ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၊ဒုတိယအုပ် ၂၃၄-ဟံသာဝတီ။)

၄။ နိဗ္ဗာနံ၊နိဗ္ဗာန်သည် ဝိရာဂပေါတဗ္ဗာ၊ ကိလေသာကင်းခြင်း၏အကြောင်း၏အဖြစ်ကြောင့်။(ကိလေသာကင်းခြင်း၏ အကြောင်းဖြစ်သောကြောင့်) ဝိရာဂေါ၊ ဝိရာဂ-မည်၏။ ။ဝိရာဂေါ၊ကိလေသာကင်းကြောင်း နိဗ္ဗာန်။ ။အဓိပ္ပါယ်လွယ်၏။

ဤသို့ ဖွင့်ပြအပ်သော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဆရာမြတ်၏ စကားတော်ကိုလည်းထောက်၍ နိဗ္ဗာန်ကို ကင်းကြောင်း တရားဟူ၍ ဆိုအပ်သတည်း။

ကင်းကြောင်း,ကုန်ကြောင်း,ငြိမ်းကြောင်း,ချုပ်ကြောင်း,ကွယ်ကြောင်း ပြတ်ကြောင်း, ဖြစ်ပေါ်မှု မနှံ့ကြောင်းတို့သည်။ အနက်သဘော အဓိပ္ပါယ်တူကြကုန်၏။

---

## ၇–ရင်းကို ငြိမ်းကြောင်းတရားဟု ပြရာ။

(၅) ကိလေသာ,ဘိသင်္ခါရာနံ ဝူပသမ ပေါတဗ္ဗာယ သန္တံ ။

(နေတ္တိအဋ္ဌကထာ ၂၄၇-ပြည်ကြီးမဏ္ဍိုင်)

၅။ နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ ကိလေသာ,ဘိသင်္ခါရာနံ၊ တထောင့်ငါးရာ ကိလေသာ အဘိသင်္ခါရ ၃-ပါး ၂၉ ပါးတို့၏၊ ဝူပသမ ပေါတဗ္ဗာယ၊အထူးသဖြင့် ငြိမ်းခြင်းအကြောင်း၏အဖြစ်ကြောင့် အထူးသဖြင့် ငြိမ်းခြင်းအကြောင်းဖြစ်သောကြောင့်။ သန္တံ၊သန္တ-မည်၏။ ။သန္တံ၊ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်။

အဓိပ္ပါယ်ကား။ ကိုသိုဘို ဘဝ,ယာနိ ငသည်တို့၌ နှစ်, ရှင်တရားတို့ကိုဖြစ်စေဘတ်ကုန်သော ၁၅၀၀-ကိလေသာ ကာမ, ရူပကုသိုလ်စေတနာကို ၁၂-ခု ဟုဆိုအပ်သော ပုညာဘိသင်္ခါရ။

အာကာသောဝိလ် စေတနာကာံ ၁၂-ခုဟု ဆိုအပ်သော အာပုညာဘိသင်္ခါ။ရ၊အရူပကုသိုလ် စေတနာကာံ ၄-ခုဟု ဆိုအပ်သော အာနေဉ္ဇာဘိ သင်္ခါရအားဖြင့် ၃-ပါး။ .ပေါင်း စေတနာကာံ ၂၉-ပါးတို့၏၊ (တနည်းဆိုသော်) ကိလေသာမာရ်,အဘိသင်္ခါရမာရ်တို့၏ အထူးသဖြင့် ငြိမ်းဘို့ရန် အကြောင်းခံတရား ဖြစ်သောကြောင့်။ နိဗ္ဗာန်သည် သန္တ-မည်၏ ဟူလို။

ဤသို့ ဖွင့်ပြအပ်သော နေတ္တိအဋ္ဌကထာ ဆရာမြတ်၏စကားကိုလည်း ထောက်၍ နိဗ္ဗာန်ကို ငြိမ်းကြောင်းတရား-ဟူ၍ ဆိုအပ်သတည်း။

---

## ဂ—နိဗ္ဗာန်၏အကြောင်းခံတရားဖြစ်ကြောင်းကိုပြရေး

ဤပြဆိုအပ်ပြီးသည်မှတပါး၊ ထိုထို အဋ္ဌကထာ, ဋီကာတို့၌ နိဗ္ဗာန်၏ အကြောင်းခံတရား ဖြစ်ကြောင်းကို—

ဌာနံ ပတ္တာ အာဂမ္မ အာရဗ္ဘ ပဋိစ္စ ကာရဏဘူတာ ကာရဏတာယ ပစ္စယာဘူတာ ပစ္စယတာယ ဟေတုဘူတာ ဟေတုတာယ အပ္ပဝတ္တိနိမိတ္တံ အပ္ပဝတ္တိဟေတု ယသ္မာ နိဗ္ဗာန သန္တိကိရိယာယ တမ္ဗိ သန္တိကဋေ တသ္မိံ သမဂ္ဂိတေ။ ။

သဒ္ဒါဒေသည်တို့နှင့် ယှဉ်တွဲလျက် ဖွင့်ပြထားကြကုန်သည်။ အနည်းငယ်မျှ ထုတ်ပြဦးမည်။

၁၊ တဒုဘယမ္ပိ ယံ* ဌာနံ ပတ္တာ နိရုဇ္ဈတိ။ တံ တေသံ အပ္ပဝတ္တိ နိဗ္ဗာနံ၊ အယံ ဒုက္ခနိရောဓော၊ ။
(ပါရာဇိကကဏ်အဋ္ဌကထာ ပဌမအုပ် ၁၂ဂ-သုမ္မေဝတီ)

၁၊ မြန်မာပြန်ကား။ ။ဘဒုဘယမ္ပိ၊သိုဒုက္ခ, သမုဒယ သစ္စာနှစ်ပါးသည်လည်း၊ဌာနံ၊မဂ်၏ အာရမ္မဏပစ္စည်းသဘောဖြစ်သောကြောင့် အကြောင်းဖြစ်၍ဖြစ်သော။ ယံနိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်သို့။

ပတ္တွာ၊မဂ်ဉာဏ်ဖြင့်ရောက်ခြင်းကြောင့် နိရုဇ္ဈတိ-နုပ္ပဝတ္တတိ၊ယခု နောင်အခါဖြစ်ပေါ်မှုမရှိ၊တသေးသုံး၊ထိုဒုက္ခသမုဒယသစ္စာနှစ်ပါးတို့၏။ အပ္ပဝတ္တိ၊ဖြစ်ပေါ်မှုမရှိကြောင်းဖြစ်သော။ တံနိဗ္ဗာနံ၊ထိုနိဗ္ဗာန်ကို။ အယံဒုက္ခနိရောဓောတိ၊အယံဒုက္ခနိရောဓော ဟူ၍၊ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ၊ အပဟံ၊ငါဘုရားသည်။ အဗ္ဘညာသိ၊ထိုးထွင်း၍ သိပြီ။ အယံ၊ ဤဒုက္ခ သမုဒယသစ္စာနှစ်ပါးတို့၏ ဖြစ်ပေါ်မှု မရှိ ကြောင်းဖြစ်သော သဘောတရားသည်၊ ဒုက္ခနိရောဓော၊ ဒုက္ခ နိရောဓ မည်၏။ ဝါ၊ဒုက္ခ၏ဖြစ်ပေါ်မှုမရှိကြောင်းတရားမည်၏။

အဓိပ္ပါယ်ကား။ ။ဒုက္ခ,သမုဒယသစ္စာနှစ်ပါးသည်,မဂ်ဉာဏ် ၏အာရုံဖြစ်သော နိဗ္ဗာန်သို့ မဂ်ဉာဏ်ဖြင့်ရောက်ခြင်းကြောင့် ယခု နောင်အခါ ဖြစ်ပေါ်လာမှုမရှိတော့ပြီ။ ထိုသစ္စာနှစ်ပါးတို့၏ ယခု နောင်အခါဖြစ်ပေါ်လာမှုမရှိကြောင်းဖြစ်သောနိဗ္ဗာန်ကို၊ ငါဘုရား သည် ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိပြီးပြီဟု ဝေရဉ္ဇာ ပုဏ္ဏား အား။မြတ်စွာဘုရား ဟောကြားတော်မူသည်ဟူလို။

ဤပါရာဇိကကဏ်အဋ္ဌကထာကိုထောက်၍ ဒုက္ခ,သမုဒယ သစ္စာ နှစ်ပါးတို့၏ ယခု နောင်အခါ ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်းခံ တရားဖြစ်သောကြောင့်။ နိဗ္ဗာန်ကိုအကြောင်းတရားဟူ၍ ဆိုအပ် သတည်း။

ထင်မှားလင်းပြဦးမည် ပရိနိဗ္ဗာန် စံလွန်တော် မူကုန်သော ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာတို့၏ ဒုက္ခသစ္စာဘုရားတို့-နောင်အခါ ဖြစ်ပေါ်မှုမရှိခြင်းသည် ဘာမှုမရှိသော အဘာဝ ပညတ်အကျိုး တရား-ဖြစ်၏။ ခန္ဓ ပရိနိဗ္ဗာန်လည်းမည်၏။ ပညတ်အနုပါဒိသေသ နိဗ္ဗာန်လည်းမည်၏၊ နိရောဓသစ္စာ နိဗ္ဗာန်ကား မဟုတ်ချေ ။ (နိဗ္ဗာနကထာ၌ ပေါ်လွင် ထင်ရှားလိမ့်မည်။)

အရဟတ္တမဂ်ဉာဏ်ဖြင့် အကြောင်းဖြစ်၍ဖြစ်သော နိဗ္ဗာန်ကို မှ-ခံပြု၍(သိ၍)ယာ-ထိုမဂ်ခဏ၌ပင်လျှင်။သမုဒယသစ္စာ တဏှာ

လောဘ၏ဖြစ်ပေါ်လာမှုနှင့်တော့ဘဲ ကွယ်ပျောက်ခြင်းသည်လည်း ဘာမျှမဖွဲ့သော အသင်္ခတ ပညတ်အနက်ျ တရား သာလျှင်ဖြစ်၏။ ကိုင္ေ သ ပ ႏွိဗ္ဗာန်လည်းမည်၏ ပညတ်''သဥပါဒိသေသ နိဗ္ဗာန်'' လည်း ညည်၏၊ နိရောဓသစ္စာ နိဗ္ဗာန်ကား မ ၂၃တ်ချေ။ ။ နိဗ္ဗာန ကလျှင်ဖြ ပေါ်လွင်ထင်ရှား လတံ့။)

ထိုကြွ သမုဒယ သစ္စာနှစ်ပါးတို့၏ ယင်း နောင်တဖန်မဖြစ်ပေါ် လာနိုင်အောင် အကြောင်းခံ တရားကိုသာလျှင် ''နိရောဓသစ္စာ နိဗ္ဗာန်''ဟုတ်၏ဟု မချွေကေန်၊လျှော့နံထားထစ်၊တဆစ်မလင်၊မှတ်ယူ အပ်၏။

ချုပ်,ငြိမ်း,ကင်း,ပျောက်,ပြတ်တောက်,ကုန်,ဆုံးမှု ဟူသမျှကို နိရောဓသစ္စာနိဗ္ဗာန်-ဟူ၍ မမှတ်ယူအပ်။

---

၂။ နိဗ္ဗာနဉ္စ ယသ္မာ တံ*အာဂမ္မ*အာရဗ္ဘ*ပဋိစ္စရာဂေါ ဝိရဇ္ဇတိ၊နပဟောဘာ။ တသ္မာ ရာဂဝိရာဂေါတိ ဝုစ္စတိ။ပ။ ယသ္မာ ပန တံ အာဂမ္မ သဗ္ဗေဘော တဏှာ ခယံ ဂစ္ဆတိ,ဝိရဇ္ဇတိ,နိရုဇ္ဈတိစ၊ တသ္မာ တဏှာက္ခယော, ဝိရာဂေါနိရောဓောတိ ဝုစ္စာတိ။ ။

(ဇင်းအဋ္ဌကထာ၊ပထမအုပ် ၁၇၁-သုမ္မေဝတ်)

၂။ မြန်မာပြန်ကား။ ။ဟိ ဝိတ္ထာရေမိ၊ချဲ့ဦး အံ့၊ နိဗ္ဗာ၊ နိဗ္ဗာန် ကို၊ (ဝုစ္စတိမှာစပ်ရမည်)ယသ္မာ၊အကြောင်းကြောင့်။ တံ၊ထိုနိဗ္ဗာန်ကို။ အာဂမ္မအာရဗ္ဘပဋိစ္စ၊စွဲ၍ ရာဂေါ၊တပ်စွန်းတတ်သောရာဂသည်၊ ဝိရဇ္ဇတိ၊ကင်း၏။ နပဟောတိ၊ နောင်တဖန်မဖြစ်၊ တသ္မာ၊ ထိုသို့ တပ်စွန်းတတ်သော ရာဂ၏ ကင်းကြောင်းဖြစ်သော သတ္တိကြောင့်။ တံ၊ထိုနိဗ္ဗာန်ကို၊ ရာဂဝိရာဂေါတိ၊ရာဂဝိရာဂ-ဟူ၍၊ ဝုစ္စတိ၊ ခေါ် ဝေါ်ပြောဆိုအပ်၏၊ ရာဂဝိရာဂေါ၊ရာဂကင်းကြောင်းနိဗ္ဗာန်။ပ၊

ပန၊ထိုမှတပါး၊ယသ္မာ၊အကြောင်းကြောင့်။ တံ၊ထိုနိဗ္ဗာန်ကို။ အာဂမ္မ၊စွဲ၍။ သဗ္ဗာသော၊ခပ်သိမ်းသောအခြင်းအရာအားဖြင့်။ တဏှာ၊

တရားရှစ်ဖြာ၊ယုတ်တဏှာသည်။ ခယံ၊ ကုန်ခြင်းသို့။ ဂစ္ဆတိစ၊ ရောက်လည်းရောက်၏။ ဝိရဇ္ဇတိစ၊ကင်းလည်းကင်း၏။ နိရုဇ္ဈတိစ၊ ဖြစ်ပေါ်မှုလည်းမရှိ။ ဝါ၊နောင်တဖန်ဖြစ်ပေါ်လာမှုမရှိခြင်းဟူသော ချုပ်ခြင်းဖြင့် ချုပ်လည်းချုပ်၏။ တသ္မာ၊ထိုသို့တဏှာကုန်ခြင်းသို့ ရောက်ကြောင်း, တဏှာ ကင်းကြောင်း, တဏှာဖြစ်ပေါ်မှု မရှိကြောင်း ဖြစ်သောကြောင့်။ တံ၊ထိုနိဗ္ဗာန်ကို။ တဏှာက္ခယော, ဝိရာဂေါ,နိရောဓောဘိ၊တဏှာက္ခယ,ဝိရာဂ,နိရောဓ-ဟူ၍။ ဝုစ္စတိ၊ ခေါ်ဝေါ်ပြောဆိုအပ်၏။

တဏှာက္ခယော၊ တဏှာကုန်ခြင်းသို့ ရောက်ကြောင်း နိဗ္ဗာန်။

ဝိရာဂေါ၊တဏှာကင်းကြောင်း နိဗ္ဗာန်။

နိရောဓော၊တဏှာ နောင်တဖန် ဖြစ်ပေါ်မှု မရှိကြောင်း နိဗ္ဗာန်။

အဓိပ္ပါယ်ကား။ ။နိဗ္ဗာန်ကိုအာရုံပြု၍(မဂ်ဉာဏ်ဖြင့်သိ၍) ရာဂ တရားကင်းသည့်ဖြစ်သောကြောင့် နိဗ္ဗာန်ကို "ရာဂဝိရာဂ" ဟူ၍ ခေါ်ဝေါ်ပြောဆိုအပ်သည်။ တဏှာကုန်ခြင်းသို့ ရောက်ကြောင်း ဖြစ်သောကြောင့် "တဏှာက္ခယ"ဟူ၍၎င်း တဏှာကင်းကြောင်း ဖြစ်သောကြောင့် "ဝိရာဂ"ဟူ၍၎င်း၊ တဏှာနောင်တဖန်ဖြစ်ပေါ်မှု မရှိကြောင်းဖြစ်သောကြောင့်"နိရောဓ"ဟူ၍၎င်း ခေါ်ဝေါ်ပြောဆို အပ်သည်ဟူလို။

ဤ ပါရာဇိကာဏ် အဋ္ဌကထာကိုလည်း ထောက်၍ နိဗ္ဗာန်ကို အကြောင်းတရားဟူ၍ ဆိုအပ်သတည်း။

## ၃—နိဗ္ဗာန်နှင့်ပရိနိဗ္ဗာန်ကိုရှင်းပြခြင်း။

၃။ ပဋိစ္စ ပရိနိဗ္ဗုတော ကာဝ်တိ ကာလင်္ကာ နိဗ္ဗာနံ*ပဋိစ္စ
ကိလေသ ပရိနိဗ္ဗာနေန ပရိနိဗ္ဗုတော ပရိနိဗ္ဗာနကာလံ၊
အာဂမေတိ။ ။

(သံယုတ်အဋ္ဌကထာ၊ ပထမအုပ် ၂၁၂ မန္တလေး ဘောဂဝတီ)

မြန်မာပြန်ကား။ ပဋိစ္စ ပရိနိဗ္ဗုတော ကာဝ်တိ ကာလင်္ကာ၊ပဋိစ္စ ပရိနိဗ္ဗုတော ကာဝ်တိ ကာလံ-ဟူသည်ကား။နိဗ္ဗာနံ၊ နိရောဓသစ္စာ နိဗ္ဗာန်ကို၊ ပဋိစ္စ၊စွဲ၍။ ဝါ၊အာရုံပြု၍။ ကိလေသပရိနိဗ္ဗာနေန၊ကိလေသ ပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗုတော၊ကိလေသာငြိမ်းပြီးသည်ဖြစ်၍။ ပရိနိဗ္ဗာနကာလံ၊ခန္ဓပရိနိဗ္ဗာန်ပြုအံ့သောအခါကို။ အာဂမေတိ၊ ငံ့လင့်၏။ ဝါ၊စောင့်ဆိုင်းနေ၏။

အဓိပ္ပါယ်ကား ။နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြု၍ ကိလေသ ပရိနိဗ္ဗာန် ပြုရသဖြင့် ကိလေသာငြိမ်းပြီးဖြစ်ပါသည်၊ ခန္ဓာငါးပါးတို့ ထက်ဝန်းကျင် (ပတ်ဝန်းကျင်)ငြိမ်းရန် အချိန်ကာလကိုကား။ စောင့်ဆိုင်းနေပါသည်-ဟူလို။

ဤဝါကျသ သံယုတ် အဋ္ဌကထာပါဌ်၌တွင် နိဗ္ဗာနံ-ဟူသော ပါဌ်ဖြင့်၊သင်္ခတမှုဖြစ်သော ပရမတ္ထ“အသင်္ခတဓာတ်နိရောဓ သစ္စာနိဗ္ဗာန်”ကို ပြတော်မူသည်။

ပဋိစ္စ... ဟူသော ပါဌ်ဖြင့်၊ ဘာဝေတဗ္ဗဖြစ်သော မဂ္ဂသစ္စာ-ကို ပြတော်မူသည်။

ကိလေသပရိနိဗ္ဗာနေန ပရိနိဗ္ဗုတော ဟူသောပါဌ်ဖြင့်။ ပဟာတဗ္ဗဖြစ်သော သမုဒယသစ္စာ ကို ပြတော်မူသည်။ ကိလေသ ပရိနိဗ္ဗာန် ကိုလည်း ပြတော်မူသည်။

ပရိနိဗ္ဗာနကာလံ-ဟူသောပါဌ်ဖြင့်။ခန္ဓပရိနိဗ္ဗာန်ပြုအံ့သော အခါကိုပြတော်မူသည်။ ပရိနိဗ္ဗာန ဟူသော ပါဌ်ဖြင့်။ ခန္ဓပရိနိဗ္ဗာန်ကို ပြတော်မူသည်။

ထိုသို့ပြခြင်းကြောင့်၊ နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန် တို့သည် တခြားစီ ဖြစ်ကုန်သည်ကိုလည်း သေချာစွာ မှတ်ယူအပ်၏၊ မှတ်ယူဖြစ်အောင် မှတ်ယူကြပါ။

တပါးတည်းသာရှိသော နိရောသစ္စာနိဗ္ဗာန်သည်။ ကိလေသာတို့ငြိမ်းဘို့ရန်ရင်း၊ ခန္ဓာတို့ငြိမ်းဘို့ရန်ရင်း အကြောင်းခံသောကြောင့် ပရိယာယ်အားဖြင့် အကြောင်းတရားနှစ်ပါးဖြစ်လေသည်။

ထိုကြောင့်—

ဒုဝိဓံ ဟောတိ ကာရဏပရိယာယေန။ ။

ဟူ၍ သင်္ဂြိုဟ်ကျမ်း၌ ပြတော်မူသည်။

ကိလေသပရိနိဗ္ဗာန်, ခန္ဓပရိနိဗ္ဗာန်တို့ကိုကား။ ငြိမ်းတတ်ကုန်သောကြောင့်၊ အကျိုးတရားတို့ ဖြစ်ကြကုန်၏ဟု မှတ်အပ်၏။ မှတ်ရမည်၊

ဤသို့ ဝေဘန်၍မမှတ်ဘဲ၊ ကိလေသာငြိမ်းတာ နိဗ္ဗာန်ဘဲ၊ ခန္ဓာငြိမ်းတာ နိဗ္ဗာန်ဘဲဟူ၍ မှတ်နေလျှင်။ နိဗ္ဗာန်အစစ် ကွယ်ပျောက်နေ၍ ပဋိဝေဓ သာသနာတော်ကြီး ပျောက်ပြီဟု မှတ်ကြပါတော့။

ဆက်ဦးမည်၊ ။(၁) နိဗ္ဗာန်ဆိုသည်ကား။ မဖြစ်,မပျက်ဘဲ အမြဲတမ်းရှိနေသော သဘောတရားကို ဆိုသည်၊ (နောက်၌ အကျယ်ပြဆိုမည်။)

၂။ ကိလေသပရိနိဗ္ဗာန်-ဆိုသည်ကား။အရဟတ္တမဂ်သည် ပယ်အပ်သည်ဖြစ်၍ ထိုအရဟတ္တမဂ်ခဏမှစ၍ ကိလေသာတို့၏ နောင်တဖန် ဖြစ်ပေါ်လာမှုမရှိတော့ဘဲ၊အပြီးသတ် ငြိမ်းမှုကိုဆိုသည်၊

၃။ ခန္ဓပရိနိဗ္ဗာန်-ဆိုသည်ကား။ ခန္ဓာ ငါးပါးတို့၏ အကြွင်းအကျန်မရှိတော့ဘဲ အပြီးသတ် ငြိမ်းမှုကို ဆိုသည်။

နောင်တဖန် ဘဝ,ယောနိ, ဂတိ,ဝိညာဏဋ္ဌိတိ, သတ္တာဝါသ, သတ္တနိကာယတို့၌ လူခန္ဓာ,နတ်ခန္ဓာ,ဗြဟ္မာ ခန္ဓာ,ဟူ၍ရင်း။ လူ, နတ်,ဗြဟ္မာ သတ္တဝါဟူ၍ရင်း၊ ဒေါ်ဝေ ရေစွမ်းခြင်းသို့ မရောက်တော့,ပြ (သချ နာယေ ဝေဒ ) ဝေ

ဝေ ၁ မြည် ထိ
၁၇၆၄

ဤသံယုတ်အဋ္ဌကထာကိုလည်းထောက်၍ ကိလေသာ,ခန္ဓာတို့ ငြိမ်းကြောင်းဖြစ်သောကြောင့်။ နိဗ္ဗာန်ကို အကြောင်းခံတရားဟူ၍ ဆိုအပ်သတည်း။

---

၄။ အပ္ပဝတ္တိတံ*အပ္ပဝတ္တိနိမိတ္တံနှ အဘာဝမတ္တံ။ ။

(ဝိမတိ ဝိနောဒနီဋီကာ ပဌမအုပ် ၄၈-ဇမ္ဗူ့မိတ်ဆွေ။)

၄။ မြန်မာပြန်ကား။ ။အပ္ပဝတ္တိတံ၊အပ္ပဝတ္တိ ဟူသည်ကား။အပ္ပဝတ္တိနိမိတ္တံ၊ဒုက္ခ,သမုဒယသစ္စာနှစ်ပါးတို့၏ ဖြစ်ပေါ်မှု မရှိကြောင်း တရားသည်။ နိရောသစ္စံ၊ နိရောသစ္စာနိဗ္ဗာန်-မည်၏၊ အဘာဝမတ္တံ၊ ဒုက္ခ,သမုဒယသစ္စာနှစ်ပါးတို့၏ ချုပ်,ငြိမ်း,ကင်း,ပျောက်, ပြတ်တောက်,ကုန်,ဆုံးမှုဟူသော မရှိခြင်း အဘာဝ ပညတ်သည်ကား။နိရောသစ္စံ၊နိရောသစ္စာ နိဗ္ဗာန်မည်သည်။နဟောတိ၊မဖြစ်။ ဝါ၊မဟုတ်။

အဓိပ္ပါယ်ကား။ ။တဏှာကြဉ်သော ဘုံသုံးပါး၌ ဖြစ်သော တရားအပေါင်းသည် ဒုက္ခ,သစ္စာ-မည်၏၊ တဏှာသည် သမုဒယ သစ္စာမည်၏။ ထိုဒုက္ခ,သမု ယ သစ္စာ နှစ်ပါးတို့၏ နောင်တဖန် ဆက်လက်၍ ဖြစ်ပေါ်လာမှုမရှိရအောင် အကြောင်းခံ တရားသည် နိရောဓသစ္စာ နိဗ္ဗာန်-မည်၏၊ ထိုဒုက္ခ,သမုဒယ သစ္စာနှစ်ပါးတို့၏ ချုပ်,ငြိမ်း,ကင်း,ပျောက်,ပြတ်တောက်,ကုန်,ဆုံးမှုသည် ဘာမျှမရှိသော အဘာဝ ပညတ်တရားတည်း၊ ထိုအဘာဝ ပညတ်သည်ကား။ နိရောဓသစ္စာ နိဗ္ဗာန်တရားမဟုတ်ဟူလို။

ဤဝိမတိ ဝိနောဒနီ ဋီကာကိုလည်းထောက်၍ ဒုက္ခ သမုဒယ သစ္စာနှစ်ပါးတို့၏ နောင်တဖန် ဆက်လက်၍ ဖြစ်ပေါ်လာမှု မရှိရအောင် အကြောင်းခံတရားဖြစ်သောကြောင့် နိဗ္ဗာန်ကို အကြောင်းတရား ဟူ၍ ဆိုအပ်သတည်း။

၅။ အပ္ပဝတ္တိတိ * အပ္ပဝတ္တံ နိဗ္ဗာနမာဟ ယထာ ·ရာဂက္ခယော, ဒေါသက္ခယော, မောဟက္ခယောတိ။ ။

(မူလပဏ္ဏာသဋီကာ၊ ပထမအုပ် ၃၂. ဝ·ဟံသာဝတီ)

မြန်မာပြန်ကား။ ။အပ္ပဝတ္တိတိ၊ အပ္ပဝတ္တိ ဟူသည်ကား၊ အပ္ပဝတ္တံ နိဗ္ဗာနံ၊ ဒုက္ခ သမုဒယသစ္စာနှစ်ပါးတို့၏ နောင်တဖန် ဖြစ်ပေါ်မှုမရှိခြင်းအကြောင်းကို။ အာဟ၊ အဋ္ဌကထာဆရာသည်။ အာဟ၊ မိန့်တော်မူပြီ။ ယထာ၊ အဘယ်ပါဠိတော်ကဲ့သို့ နည်းဟူမူကား။ ရာဂက္ခယော, ဒေါသက္ခယော မောဟက္ခယောတိ ယထာ၊ ရာဂက္ခယော, ဒေါသက္ခယော, မောဟက္ခယော .. ဟူသော သံယုတ်ပါဠိတော် ဝိဘင်းပါဠိတော်ကဲ့သို့တည်း။ ရာဂက္ခယော၊ ရာဂကုန်ကြောင်း။ ဒေါသက္ခယော၊ ဒေါသကုန်ကြောင်း။ မောဟက္ခယော၊ မောဟကုန်ကြောင်း။

အဓိပ္ပါယ်ကား။ ။အပ္ပဝတ္တိ-ဆိုသည်ကား။ ဒုက္ခ, သမုဒယ သစ္စာနှစ်ပါးတို့၏နောင်တဖန် ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းကို အဋ္ဌကထာဆရာ မိန့်တော်မူသည်၊ အဘယ်ပါဠိတော်ကဲ့သို့နည်း ဟူမူ—

ရာဂက္ခယော, ဒေါသက္ခယော, မောဟက္ခယော။ ။

ဟူသော အသင်္ခတ သံယုတ်ပါဠိတော်, အဘိဓာန်ဝိဘင်း, ဓာတုဝိဘင်းပါဠိတော်ကဲ့သို့ဟူလို။

ရာဂက္ခယော, ဒေါသက္ခယော မောဟက္ခယော-ဘို့ကို ရှေး၌ ပြဆိုခဲ့ပြီ ပြီ နောက်၌လည်း ပြဆိုပါဦးမည်၊

ဤမူလပဏ္ဏာသဋီကာကိုလည်းထောက်၍ ဒုက္ခ, သမုဒယသစ္စာ နှစ်ပါးတို့၏ နောင်တဖန် ဖြစ်ပေါ်မှုမရှိရအောင် အကြောင်းခံသော ကြောင့် နိဗ္ဗာန်ကို အကြောင်းတရား-ဟူ၍ ဆိုအပ်သတည်း။

၆။ သဗ္ဗဒုက္ခာနံ *ခယကာရဏတ္တာ ဒုက္ခက္ခယော။ ။
(အဘိဓာန်ဋီကာ ၁၁-ကဝိမျက်မှန်)

၆။ နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ သဗ္ဗဒုက္ခာနံ၊အလုံးစုံကုန်သော ဆင်းရဲတို့၏။ ခယကာရဏတ္တာ၊ ကုန်ခြင်းအကြောင်း၏ အဖြစ်ကြောင့်။ (ကုန်ခြင်းအကြောင်းဖြစ်သောကြောင့်) ဒုက္ခက္ခယော၊ ဒုက္ခက္ခယ-မည်၏။ ။ဒုက္ခက္ခယော ဒုက္ခမျိုးစုံကုန်ကြောင်းနိဗ္ဗာန်။

---

၇။ တဏှာနံ *ခယ ဟေတုတ္တာ တဏှာက္ခယော။ ။
(ငှင်းဋီကာ ၁၀-ကဝိမျက်မှန်)

၇။ နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ တဏှာနံ၊ တရော့ရှစ်ဖြာ၊ ယုတ်တဏှာတို့၏၊ ခယ ဟေတုတ္တာ၊ ကုန်ခြင်းအကြောင်း၏ အဖြစ်ကြောင့်။ တဏှာက္ခယော၊ တဏှာက္ခယ-မည်၏။ တဏှာက္ခယော၊ တရော့ရှစ်ဖြာ၊ယုတ်တဏှာ၏ ကုန်ကြောင်းနိဗ္ဗာန်။

---

၈၊ ဇာတိ အာဒိ ဒုက္ခမ္မောနံ *နိရောဓ ဟေတုတာယ နိရောဓော။ ။
(ဆုတ်ဝိဂုဏ်အဋ္ဌကထာ ၁၇၁-ဇမ္ဗူ့မိတ်ဆွေ။)

၈။ ဇာတိအာဒိဒုက္ခဓမ္မာနံ၊ ပဋိသန္ဓေနေခြင်း အစရှိကုန်သော ဆင်းရဲခြင်းတရားတို့၏၊နိရောဓဟေတုတာယ၊ချုပ်ခြင်းအကြောင်း၏၊ အဖြစ်ကြောင့်။ ဝါ၊နောင်တဖန်ဖြစ်ပေါ်မှုမရှိခြင်း အကြောင်း၏ အဖြစ်ကြောင့်။ နိရောဓော၊နိရောဓ မည်၏။ နိရောဓော ပဋိသန္ဓေနေခြင်းအစရှိကုန်သော ဆင်းရဲခြင်းတရားတို့၏ချုပ်ကြောင်း နိဗ္ဗာန်၊ ဝါ၊ဖြစ်ပေါ်မှုမရှိကြောင်းနိဗ္ဗာန်။

---

၉။ အပ္ပဝတ္တိတိ *အပ္ပဝတ္တိဟေတု။ ။
(ဝိမတိဝိနောဒနီဋီကာ ပထမအုပ် ၈၂-ဇမ္ဗူ့မိတ်ဆွေ။)
၄ နံပါတ်နှင့်တူပြီ။

၁၀။ အပ္ပဝတ္တိတို *အပ္ပဝတ္တိနိမိတ္တံ။ ။
(သာရတ္ထဒီပနီဋီကာ။ပဌာမအုပ် ၂၁၉-ရင်း)
(မူလပဏ္ဏာသဋီကာ။ပထမအုပ် ၃၆၄ ဟံသာဝတီ။)
၄-နံပါတ်နှင့်တူပြီ။

---

၁၁။ ဒုက္ခဿ ဝါ အနုပ္ပါဒ နိရောဓ *ပစ္စယတ္တာ ဒုက္ခ
နိရောဓန္တိ" ။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၄၂၆-ဟံသာဝတီ။)

၁၁။ ဝါ၊တနည်းကား။ ဒုက္ခဿ၊ ဆင်းရဲ၏။ အနုပ္ပါဒနိရောဓ ပစ္စယတ္တာ၊ နောင်အခါဖြစ်ပေါ်မှုမရှိခြင်းသာလျှင် ဖြစ်သော ချုပ်ခြင်းအကြောင်း၏ အဖြစ်ကြောင့်။ ဒုက္ခနိရောဓန္တိ၊ ဒုက္ခနိရောဓဟူ၍၊ ဝုစ္စ ိ၊ခေါ်ဝေါ်ပြောဆိုအပ်၏။ ။ဒုက္ခနိရောဓံ၊ ဆင်းရဲ၏ နောင်အခါ ဖြစ်ပေါ်မှု မရှိခြင်းသာလျှင် ဖြစ်သော ချုပ်ကြောင်း နိဗ္ဗာန်၊ (။အဓိပ္ပါယ်ကို ရှေးနည်းတို့ကိုမှီ၍သိအပ်၏။)

ဤသို့လျှင် ပါဠိတော် အဋ္ဌကထာ ဋီကာ ကျမ်းတို့ဖြင့် ကိလေသာ, ခန္ဓာ,ဝဋ်ဆင်းရဲစသည်တို့၏ နောင်အခါ နောင်တဖန် ဖြစ်ပေါ်လာမှုမရှိခြင်းဟုဆိုအပ်သော ချုပ်,ငြိမ်း,ကင်း,ပျောက်, ပြတ်တောက်, ကုန် ဆုံးမှုတို့၏ အကြောင်းခံတရာ ဖြစ်သောကြောင့်။ နိဗ္ဗာန်ကို "အကြောင်းတရား" ဟူ၍အကျဉ်းမျှပြဆိုခဲ့ခြင်းသည် ဤတွင်ပြီး၏။

ဤပြဆိုခြင်းမျှဖြင့် မတင်းတိမ် မရောင့်ရဲနိုင်ကြကုန်သေးသော ပုဂ္ဂိုလ်တို့သည် ဗျာန် ပစ္စ္စာ အာဂမ္မ,အာဂမ္မ ပဋိစ္စ,ကာရဏဘူတ္တာ-စသည်ဖြင့် ရှေ့၌ ညွှန်ကြားခဲ့သည့် အတိုင်း၊ ပိဋကတ်သုံးပုံ ပါဠိတော်,အဋ္ဌကထာ,ဋီကာ,အနု,ဝဏ္ဏနာ,ဂဏ္ဌိ ပါဌ်တို့၌ ကိုယ်တိုင်ဉာဏ်ဖြင့် သိမြင်ကြပါစေကုန်သတည်း၊

---

## ၁၀—ရာဂ,ဒေါသ,မောဟတို့၏ ကုန်ကြောင်း တရားသော နိဗ္ဗာန်မည်ကြောင်းကို အဋ္ဌကထာဆရာ ပါဠိတော်ကိုဆောင်၍ပြခြင်း။

အဋ္ဌကထာ ဆရာမြတ်တို့သည်ကား။ နိဗ္ဗာန်ကို 'အကြောင်းခံ တရား'ဟူ၍ အထောက်အပံ့ ခိုင်ခိုင်ခံ့ခံ့ အဘယ် ပါဠိတော်ကို ကိုးကား၍ ဖွင့်ဆိုတော်မူပါကုန်သနည်းဟူမူ၊ ပြဆိုလတ္တံ့သော ပါဠိတော်ကို ကိုးကား၍ ဖွင့်ဆိုတော်မူကြကုန်သည်။

ဧဝံ အဝိဇ္ဇာ စ,တဏှာ စ တံ အာဂမ္မ တမှိ ခီယတိ,တမှိ ဘဂ္ဂံ၊
န စ ကိဉ္စိ,ကဒါစိ၊ ။

ဟူသောပါဠိတော်ကို ကိုးကား၍ ဖွင့်ဆိုတော်မူကြကုန်သည်။

(သမ္မောဟ ဝိနောဒနီ အဋ္ဌကထာဆရာ ကိုးကားသောပါဠိတော်၊)

မြန်မာပြန်ကား။ ။ဧဝံ၊ဤသို့၊ အဝိဇ္ဇာစ၊ အဝိဇ္ဇာသည်၎င်း။ တဏှာ စ၊တဏှာသည်၎င်း။ (တံ ဥဘယံ၊ထိုတရားနှစ်ခုအပေါင်းသည်) တံ၊ထိုနိဗ္ဗာန်ကို၊ အာဂမ္မ၊အစွဲပြု၍၊ ဝါ၊မဂ်ဉာဏ်ဖြင့် အာရုံပြု၍။ တမှိ၊ထိုနိဗ္ဗာန်ကြောင့်၊ ခီယတိ၊ ကုန်ပြီ။ တမှိ၊ထိုနိဗ္ဗာန်ကြောင့်။ဘဂ္ဂံ၊ ပျက်စီးလေပြီ၊ တံ ထိုနိဗ္ဗာန်ကို၊ အာဂမ္မ၊အစွဲပြု၍။ ဝါ၊မဂ်ဉာဏ် ဖြင့် အာရုံပြု၍။ အဝိဇ္ဇာ တဏှာ၊အဝိဇ္ဇာ,တဏှာတို့တွင်။ ကိဉ္စိ၊ တစုံတခုသော တရားသည်၊ ဧကဒေသမတ္တမ္ပိ၊ တစိတ်မျှသည် လည်း။ နုပ္ပဇ္ဇတိ၊ မဖြစ်နိုင်သည်သာလျှင်တည်း။ တံ၊ ထိုနိဗ္ဗာန် ကို၊ အာဂမ္မ၊ အစွဲပြု၍၊ ဝါ၊မဂ်ဉာဏ်ဖြင့် အာရုံပြု၍။ အဝိဇ္ဇာ, တဏှာ၊ အဝိဇ္ဇာ,တဏှာတို့တွင်။ ကိဉ္စိ၊တစုံတခုသော တရား သည်၊ ဧကဒေသမတ္တမ္ပိ၊တစိတ်မျှသည်လည်း။ကဒါစိ၊တစုံ တခါ၌။ နုပ္ပဇ္ဇတိ၊ မဖြစ်နိုင်သည်သာလျှင်တည်း။ (သမ္မောဟဝိနောဒနီ, သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ပြဆိုသည်။)

အဓိပ္ပါယ်ကား။ ။အဝိဇ္ဇာ, တဏှာ နှစ်ပါးသည် နိဗ္ဗာန်ကို အရိယာမဂ်ဖြင့် အာရုံပြု၍ နိဗ္ဗာန်ကြောင့် ကုန်သွားပြီ, ပျက်စီးသွား

ပြီ။ ထိုအဝိဇ္ဇာ၊ တဏှာနှစ်ပါးတို့အနက် တစုံတခုသောတရားသည် နိဗ္ဗာန်ကြောင့် တဒင်္ဂချုပ်သော်လည်း ဖြစ်ပေါ်သာမှုမရှိပြီ၊ ထိုအဝိဇ္ဇာ တဏှာနှစ်ပါးတို့အနက်။ တစုံတခုသော တရားသည်၊ တဒင်္ဂချုပ်သော်လည်း၊ တနံတခါမျှ ဖြစ်ပေါ်သာမှုမရှိပြီဟူလို၊

ထင်မြင်ရှင်းပြဦးမည်၊ အရိယမဂ်ဉာဏ်သည် နိဗ္ဗာန်ကိုအာရုံပြု၍(သင်၍) အဝိဇ္ဇာ၊ တဏှာတို့ကို ကုန်စေသည်၊ ပျက်စီးစေသည်၊ ထိုကြောင့် အရိယမဂ်သည် အဝိဇ္ဇာ၊ တဏှာတို့ကို "ကုန်စေတတ်သော တရား ဖြစ်သည်ဟု သေသေချာချာ မြဲမြဲမှတ်ပါ၊

အရိယမဂ်ဉာဏ်၏ အာရုံ ဖြစ်သောနိဗ္ဗာန်သည်ကား၊ ထိုအဝိဇ္ဇာ တဏှာတို့၏ ကုန်ခန်းရန် ပျက်စီးဘို့ရန် အကြောင်းခံသောကြောင့်၊ 'အကြောင်းတရား ဖြစ်လေသည်ဟု သေသေချာချာ မြဲမြဲမှတ်ပါ။

အဝိဇ္ဇာ တဏှာတို့၏ ကုန်သွားမှု ပျက်စီးသွားမှု သည်ကား တာမျှမရှိသော အဘာဝပညတ်' "အကျိုးတရား သာလျှင် ဖြစ်လေသည်၊ သဘာဝ ဖြစ်သော ပရမတ္ထနိဗ္ဗာန်တရားမဟုတ်ချေဟု သေသေ ချာချာ မြဲမြဲမှတ်ပါ။

ထိုအရိယမဂ်ဉာဏ်၏ အာရုံဖြစ်သော နိဗ္ဗာန်ကြောင့်၊ အဝိဇ္ဇာ တဏှာတို့အနက်၊ တစုံတခုသော တရားသည်၊ တဒင်္ဂချုပ်သော်လည်း၊ ဖြစ်ပေါ်လာမှုမရှိသည်သာဖြစ်တော့၏ဟု သေသေချာချာ မြဲမြဲမှတ်ပါ၊

ထိုအရိယမဂ်ဉာဏ်၏အာရုံ ဖြစ်သော နိဗ္ဗာန်ကြောင့်၊ အဝိဇ္ဇာ၊ တဏှာတို့အနက်။ တစုံတခုသော တရားသည်၊ တဒင်္ဂချုပ်သော်လည်း။ တခါတခါမျှ ဖြစ်ပေါ်သာမှုမရှိသည်သာဖြစ်တော့၏ဟု သေသေ ချာချာ မြဲမြဲမှတ်ပါဟူလို၊

ဗုဒ္ဓမြတ်စွာ ဖြစ်တော်မူသော အဋ္ဌကထာဆရာသည်၊ ရာဂ၊ ဒေါသ၊ မောဟတို့၏ကုန်ကြောင်း နိဗ္ဗာန်ကို ပြဆိုသော အရာဖြစ်၍ အရာအားသဖြင့်စွာ—

ဇေ၀ံ အဝိဇ္ဇာခ,တဏှာစ တံ အာဂမ္မ တမ္ဗ ဒီဏံ တမ္ဗ ဘင်္ဂံ၊
နစ ကိဉ္စိ,ကဒါပိ။ ။

ဟူသော ပါဠိတော်ကို ထုတ်ပြလေသည်။

ထိုပါဠိတော်ပါဌ်တို့တွင်''အဝိဇ္ဇာ''ဟူသောပါဌ်ဖြင့် ''မောဟ''ကိုပြ''တဏှာ''ဟူသော ပါဌ်ဖြင့် ''ရာဂ''ကိုပြ ''စ''သဒ္ဒါ ဖြင့် ''ဒေါသ''ကိုပြ တံ,တမ္ဗ-ဟူသော ပါဌ်တို့ဖြင့် ''နိဗ္ဗာန်''ကိုပြ၊ ''အာဂမ္မ''ဟူသော ပါဌ်ဖြင့် မဂ်ဉာဏ်ကိုပြ၊ ဒီဏံ,ဘင်္ဂံ-ဟူသော ပါဌ်တို့ဖြင့် ကုန်ခြင်း,ပျက်ခြင်းကိုပြတော်မူ၏။

ဤပါဠိတော်ကို ထောက်၍ နိဗ္ဗာန်၏'အကြောင်းခံတရား' ဖြစ်ကြောင်းကို။ အဌကထာဆရာတို့ သိတော်မူကြကုန်သည်၊ ထိုကြောင့်ဤပါဠိတော်ကို ကိုးကား၍ ဖွင့်ဆိုတော်မူကြကုန်သတည်း။

အကယ်၍ကား။ နာမ်,ရုပ် တရားတို့၏ မတည်နိုင်ကြောင်း, ချုပ်ကြောင်း,ဖြစ်ပေါ်မှုမင့်ကြောင်း နိဗ္ဗာန်ကိုပြသောအရာဖြစ်ခဲ့မူ။ အရာအားလျော်စွာ၊ ကေဝဋ္ဋသုတ်ပါဠိတော်ကို ထုတ်ပြရမည်ပင်ဖြစ်သည်။အရာမဟုတ်သောကြောင့် ထုတ်မပြခဲ့ပေ၊ မပြခဲ့သော်လည်း။ နိဗ္ဗာန်တရားတော်၏ အကြောင်းခံ တရားဖြစ်ကြောင်းကို ပါဠိတော်တိုက်ရိုက်ရှိသည်ဟူ၍အများပုဂ္ဂိုလ်တို့သိကြရန်''ကေဝဋ္ဋ''သုတ်ပါဠိတော်ကို ထုတ်ပြဦးအံ့။

---

## ၁၁—ကေဝဋ္ဋသုတ်ကို ထုတ်ပြရာ။

၁။ ဝိညာဏံ,အနိဒဿနံ,၊
အနန္တံ,သဗ္ဗတော ပဘံ။ (အနိယတဝါကျ)
ဇေတ္ထ အာဥပေါစ,ပထဝီ၊
တေဇော,ဝါယော နဂါဓတိ။ (နိယတဝါကျ)

၂။ ဇဋ္ဌ ဒိဿဋ္ဌ,ရသဋ္ဌ,အကျော်,ထုလ်,သုဘာ,သုဘံ။
ဇဋ္ဌ နာမဋ္ဌ,ရူပဋ္ဌ၊ အသောသံ ဥပရူဇ္ဈတိ။
ဝိညာဘာသ နိရောဓေန၊ဇဋ္ဌေတံ ဥပရုဇ္ဈတိ။ ။

(သီလက္ခန်ပါဠိတော်၊ကောဝဋ္ဋသုတ် ၂၁၃ -ဆဋ္ဌသံဂါယနာမူ)

၁။ အနက်သိရန် မြန်မာပြန်ကား။ ၊ဝိညာဏံ၊ ခပ်သိမ်းကုန်သော လောကီဉာဏ်တို့ထက်မြတ်သော အရိယမဂ်ဉာဏ်ဖြင့် မျက်မှောက် အခါဖြင့်။ ဂါ၊ မျက်မှောက်ပြု၍ သိအပ် ထသော။ (တနည်း) ဝိညာဏံ၊ ခပ်သိမ်းကုန်သော သင်္ခတ တရားတို့ထက် ထူးသည်၏ အဖြစ်ကြောင့် အထူးသဖြင့်·မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် သိအပ်ထသော၊ အနိဒဿနံ၊ စက္ခုဝိညာဉ်ဖြင့် (ပကတိ မျက်စိဖြင့်) မမြင်အပ်ထသော၊ (တနည်း) အနိဒဿနံ၊ညွှန်ပြစရာ တူသော ဥပမာမရှိထသော အနန္တံ၊ဥပါဒ်, ဌီ,ဘင်ဟုဆိုအပ်သော အဆိုက်အတန့်မရှိထသော၊ (တနည်း) အနန္တံ၊ဖြစ်ပေါ်မှုအပိုင်းအခြား,ပျက်စီး မှုအပိုင်းအခြား,တပါးသော အခြင်းအရာ၏အဖြစ်ဟူသော ဖေါက်ပြန်မှု အပိုင်းအခြား မရှိထသော။သဗ္ဗတောပဘံ၊တရုံတရသော် လေသာ အညစ်အကြေးဓာတ်,ဖျံ, မရောစသော အဖြစ်အမြေးတို့ဖြင့် တရုံဟုဆင်မှုညစ်နွမ်းခြင်းမရှိသည်၏အဖြစ်ကြောင့်အလုံးစုံသော သင်္ခတ တရားတို့ထက် အထူးသဖြင့် သန့်ရှင်း စင်ကြယ်သော ဂုဏ်အားဖြင့် ထက်ဝန်းကျင်(ပတ်ဝန်းကျင်) ထွန်းတောက်ခြင်းနှင့် ပြည့်စုံတော်မူထသော၊ ဝါ၊အလုံးစုံကုန်သော သမထကမ္မဋ္ဌာန်း ၃၈-ပါးတို့တွင် တပါးပါးကို အမှုပြုသဖြင့် သမုဒ္ဒရာတည်းဟူသော နိဗ္ဗာန်သို့ သက်ဝင် လိုကုန်သော ယောဂီ ပုဂ္ဂိုလ်တို့၏ သက်ဝင်ရာ ကမ္မဋ္ဌာန်းတည်းဟူသော ဆိပ်ကမ်းလည်းရှိတော်မူထသော။ ယ နိဗ္ဗာန်၊အကြင် အသင်္ခတဓာတ်နိဗ္ဗာန်သည်၊အဓိပ္ပါယ်ပရမတ္ထအားဖြင့် အစါခါသိမ်းရှိ၏။ ဝါ၊အမြဲတမ်းရှိနေ၏။ (အနိယတာ ကျ။)

(ဤမှသဒ္ဒါ ပါဠိတော်၌မလာသော အာလောက ကသိုဏ်း, အာကာသကသိုဏ်း ၂-ပါးကိုကြဉ်၍ ၃၈ ပါး ဖြစ်သောဟူ၏)

ဖြေ။ နိဗ္ဗာန်ရေး၏အသဒ္ဒါတတော်နိဒ္ဒေသကို ထိုးထွင်း၍ သိသော ကြောင့်။ အာပေါ၊ ယိုစီး, ဖွဲ့စည်းတတ်သော သဘော "အာပေါ ဓာတ်"သည်ရင်း။ ပထဝီ၊ ကြမ်းထမ်းခက်မာ, တည်ရာဟူသော သဘော "ပထဝီ"ဓာတ်သည်ရင်း။ တေဇော၊ ပူနွေး, ရင့်ကျက်စေ တတ်သော သဘော "တေဇောဓာတ်"သည်ရင်း။ ဝါယော၊ တွန်းကန်, လှုပ်ရှားတတ်သော သဘော"ဝါယောဓာတ်"သည်ရင်း။ နဂါဝေါ၊ မတည်နိုင်။

ဖြေ။ နိဗ္ဗာန်ရေး၏အသဒ္ဒါတတော်နိဒ္ဒေသကို ထိုးထွင်း၍ သိသော ကြောင့်၊ ဒီဃ၊ အရှည်သဏ္ဌာန်ဟု သမုတ်အပ်သော ဥပါဒါရုပ် တို့၏ အစုအပေါင်းမှသာဖြစ်သော ရုပ်သည်ရင်း၊ ရဿ၊ အတို သဏ္ဌာန်ဟု သမုတ်အပ်သော ဥပါဒါရုပ်တို့၏ အစုအပေါင်းမှသာ ဖြစ်သော ရုပ်သည်ရင်း။ အဏု၊ အကျဉ်းမျှသောက် အငယ်ဟု သမုတ်အပ်သော ဥပါဒါရုပ်တို့၏ အစုအပေါင်း မှသာဖြစ်သော ရုပ် သည်ရင်း။ ထူလ၊ ကြီးသည်ဟု သမုတ်အပ်သော ဥပါဒါရုပ်တို့၏ အစုအပေါင်းမှသာဖြစ်သော ရုပ်သည်ရင်း၊ သုဘ၊ အလွန်တောက် ထွန်းသော၊ ဝါကောင်းစွာတောက်ထွန်းသော။ ဝါတင့်တယ်သော ရုပ်သည်ရင်း။ အသုဘ၊ မတောက်ထွန်းသော။ ဝါမတင့်တယ် သော ရုပ်သည်ရင်း။ နဂါဝေါ၊ မတည်နိုင်။

ဖြေ။ နိဗ္ဗာန်ရေး၏အသဒ္ဒါဘာဝတ်နိဗ္ဗာန်ကို ထိုးထွင်း၍ သိသော ကြောင့်။ နာမရူပ၊ အာရုံသို့ညွတ်တတ်သောသဘော, အာရုံကိုညွတ် စေတတ်သောသဘော နာမ်တရားသည်ရင်း။ ရူပ၊ အနှိပ်စက်ခံ ဖြစ်တတ်သော အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်သော သ ဘောရုပ်တရားသည်ရင်း။ အသေသံ၊ အကြွင်းအကျန်မရှိ။ ဥပရုဏ္ဏတိ [illegible] အပ္ပဝတ္တိ ဟောဘိ၊ နေ့ခင်းအခါ ဖြစ်ပေါ်မှုမင်းသည်ဖြစ်၏။

ဧတ္တ ဧတဒတ္ထံ နိဗ္ဗာနေ၊ ဤအနက်သဘောတော်နှင့် ခန်ကို ထိုးထွင်း၍ သိသောကြောင့်။ ဧတံနာမမင်္ဂလံ၊ ထိုနာမည်ရှိ တရား နှစ်ပါးသည်။ ဝိညာဏသား၊ ပေါကျ ခြင်းစိတ်၏၊ နိရောဓေနော၊ ချုပ်ပျက်ခြင်း ကြောင့်။ ဥပစ္ဆေဒ်ခြင်းအခါဖြစ်ပေါ်လာမှုမရှိသည်ဖြစ်၏။

ဧတံနာမမင်္ဂလံ၊ ထိုနာမည်ရှိ တရား နှစ်ပါးသည်။ ဝိညာဏသား၊ ပုညအဆင့်သော အဘိသင်္ခါရစေတနာနှင့်ယှဉ်သော ဝိညာဉ် ၏။ ဂါ၊ပုည အပုည၊အာနေဉ္ဇ အဘိသင်္ခါရ စေတနာနှင့်ယှဉ်ဖြစ် သော ဝိညာဉ်၏။ နိရောဓေန၊ဖြစ်ပေါ်မှုမရှိခြင်းကြောင့် ဥပစ္ဆေဒ- နိရုဒ္ဓတိ အမှု တွင် ပဟာယ်၊နောင်အခါ ဖြစ်ပေါ်မှုမရှိသည် ဖြစ်၏။

(ဤကား သိလက္ခဏ်ပါဠိတော်၏ မြန်မာပြန်တည်း။)

ဝိညာဏံ၊အနိဒဿနံ၊အနန္တံ၊သဗ္ဗတော ပဘံ။
ဧတ္ထ အာပေါစ၊ ပထဝီ၊တေဇော ဝါယော န ဂါဓတိ။
ဧတ္ထ ဒီဃဉ္စ၊ရဿဉ္စ၊အဏုံ ထူလံ၊သုဘာ၊သုဘံ။ ။

အဓိပ္ပါယ်ကား။ ။ဝိညာဏံ၊အနိဒဿနံ၊အနန္တံ၊သဗ္ဗတော ပဘံ-ဟူသော ဂါထာ၌ ရှုအပ်သော ပြည့်စုံတော် မူသော ပရမတ် အသေင်္ခတ နိဗ္ဗာန်သည် အခါခပ်သိမ်း ထင်ရှားရှိနေ၏၊ ဂါ၊ အမြဲ တည်နေ၏ ထိုသိုအင်ပြီးသော ဂုဏ်အထူးတို့နှင့်ပြည့်စုံတော် မူ သော နိဗ္ဗာန်ကို။ အရိယာပုဂ္ဂိုလ်သည် အရဟတ္တမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍သိသောကြောင့်။ ကလေသာ၊ ကံဝဋ်သည် အကြွင်း အကျန်မရှိ ကုန်ငြိမ်းကြလေသည်၊ ထိုငြိမ်းပြီသော ကိလေသာ ကံရှိသောပုဂ္ဂိုလ်၏ ခန္ဓာအစဉ်၌ အကျုံးဝင်ကုန်သော ပါဝင် ကုန်သော အာပေါ၊ပထဝီ တေဇော၊ဝါယော ဟူ ဆိုအပ်ကုန်သော မဟာဘူတ်လေးပါးတို့သည်၎င်း၊ အရှည်၊အတို၊ အငယ် အကြီး၊ တင့်တယ်၊ မတင့်တယ် ဟူ သမုတ်အပ်သော ဥပါဒါရုပ် တရား သည်၎င်း။ ခန္ဓာပရိနိဗ္ဗာန် စံတော်မူပြီးသည်နောက်၌ ဖြစ်ပေါ် လာမှုမရှိသည်ကို၎င်း။ ဤနိဗ္ဗာန်ကြောင့် အာပေါ၊ပထဝီ၊တေဇော၊

ဝါယော,အရှည်,အတို,အဝေယ်,အကြီး,တင့်တယ်,မတင့်တယ်ဟု ဘေခတ်အခေါ်သော ဘူတရုပ်,ဥပါဒါရုပ်တရားသည်မတည်နိုင်”ဟူ၍ ဟောတော်မူသည်။

ဧတ္ထ နာမဉ္စ,ရူပဉ္စ၊အသေသံ ဥပရုဇ္ဈတိ-ဟူသော ဂါထာဝင်၏ အဓိပ္ပါယ်ကား။ ။ထိုဆိုအပ်ပြီးသော ဂုဏ်ထူးနှင့် ပြည့်စုံတော် မူသော နိဗ္ဗာန်ကို၊ အရိယာပုဂ္ဂိုလ်သည် အရဟတ္တမဂ်ဖြင့် ထိုး ထွင်း၍သိသောကြောင့်။ ကိလေသာ,ကံတို့သည် အကြွင်းအကျန် မရှိ ကုန်ငြိမ်းကြရသေးသည်။ ထိုငြိမ်းပြီးသော ကိလေသာ, ကံရှိ သော ရဟန္တာ၏ ခန္ဓာအစဉ်၌ အကျုံးဝင်သော နာမ် ခန္ဓာ ၄-ပါး ရုပ်ခန္ဓာ ၁-ပါးဟူသော ဥပါဒိန္နက တရားအပေါင်း သည်လည်း။ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည်နောက်၌ အကြွင်းအကျန်မရှိ ဖြစ် ပေါ်လာမှုမရှိဘဲ ချုပ်ခြင်းကိုပင်“ဤနိဗ္ဗာန်ကြောင့် နာမ် ရုပ်နှစ်ပါး ဥပါဒိန္နက တရားအပေါင်းသည်လည်း။ နောင်အခါ ဖြစ်ပေါ်လာမှု မရှိသည် ဖြစ်၏ဟု ဟောတော်မူသည်။

ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ။ ။ဟူသော ဂါထာဝင်၏ အဓိပ္ပါယ်ကား။ ထိုဆိုခဲ့ပြီးသော ဂုဏ်ထူးနှင့်ပြည့်စုံ တော်မူသော နိဗ္ဗာန်ကို။၁။ ရဟန္တာ၏ ခန္ဓာအစဉ်၌ အကျုံးဝင် သော နာမ် ရုပ်တရားတည်း၊ (၁) ရဟန္တာ၏ ရုပ်စိတ်ချုပ်ပျက် ခြင်းကြောင့်။ တဖန်ဖြစ်ပေါ်လာမှုမရှိသည် ဖြစ်၏။

(၂) ပုညာဘိသင်္ခါရ,အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ စေတနာနှင့်တကွဖြစ်သော ဝိညာဉ်၏ အရဟတ္တမဂ် ခဏမှ စ၍ အနုပ္ပါဒ နိရောဓ၏ အစွမ်း ဖြင့် ဖြစ်ပေါ်လာမှုမရှိသည်ဖြစ် ၏၊ ထိုသို့ အဘိသင်္ခါရ စေတနာနှင့်တကွဖြစ်သော ဝိညာဏ ၏ ဖြစ်ပေါ်မှုမရှိ ခြင်းကြောင့်၊ ထိုနာမ်,ရုပ်တရားနှစ်ပါးတို့၏ ဖြစ်ပေါ်လာမှုမရှိသည် ဖြစ်၏။ထိုသို့ဖြစ်ပေါ်လာမှုမရှိသည်ကိုပင်။ “ဤနိဗ္ဗာန်ကြောင့် ဖြစ် ပေါ်လာမှုမရှိသည်ဖြစ်၏ဟု ဟောတော်မူသည်၊

အဓိပ္ပါယ်ကား။ ။ဝိညာဏ စသော ဂုဏ်ထူးတို့နှင့် ပြည့်စုံသော နိဗ္ဗာန်ကြောင့်။ရဟန္တာခန္ဓာအစဉ်၌ အကျုံးဝင်သော နာမ်,ရုပ်နှစ်ပါး ဥပါဒိန္နကတရားအပေါင်းသည်၊ ပရိနိဗ္ဗာန်ပြုပြီးသည်နောက်။တဖန် အသစ်ဖြစ်ပေါ်မှုမရှိပြီ ဟူလို၊

(ဤကား နှစ်ဂါထာခွဲ၏ အဓိပ္ပါယ်အကျဉ်းတည်း။)

ဤကေဝဋ္ဋသုတ်ပါဠိတော်ပါဌ်တို့တွင် "ဧတ္ထ"ဟူသော ပုဒ်ကို အခိုင်အခံ့ ကိုးကား အားထားပြု၍ အဋ္ဌကထာဆရာမြတ်တို့ ဆိုကြကုန်သည်။ ဤပါဠိတော်၌ "ဧတ္ထ"ပုဒ်ကို တကြိမ်မျှသာ ဟောတော်မမူဘဲ၊ လေးကြိမ်တိုင်တိုင် ဟောတော်မူသည်၊ ထို"ဧတ္ထ" ဟူသောပုဒ်ကို"နိဗ္ဗာနေ"ဟူ၍ အဋ္ဌကထာ ဆရာသည်။ သတ္တမီဝိဘတ်ဖြင့် ဖွင့်ပြလေသည်။ ထိုသတ္တမီ ဝိဘတ်သည်လည်း၊ အာဓာရ သတ္တမီ,လက္ခဏာ သတ္တမီ, နိမိတ္တ သတ္တမီ-စသည်ဖြင့် များသောအပြားရှိရကား၊ ဤ"ဧတ္ထ နိဗ္ဗာနေ"ဟူသောပုဒ်မှာ၊ နိမိတ် အနက်၌ သက်သော သတ္တမီဝိဘတ်ဟု သိစေလို၍ "ဉာဒံ နိဗ္ဗာနံ အာဂမ္မ"ဟု ဆက်လက်၍ဖွင့်ပြတော်မူသည်။ထိုကြောင့်။ ။ဧတ္ထ၊ ဤနိဗ္ဗာန်ကို ထိုးထွင်း၍သိသောကြောင့် (တနည်း)ဧတ္ထ နိဗ္ဗာနေ၊ဤ နိဗ္ဗာန်ကို ထိုးထွင်း၍ သိသောကြောင့်။ ။ဟု ပြန်ဆိုရပေမည်။ ထိုသို့ ပြန်ဆိုရမည်ကိုပြတော်မူလိုသော အဋ္ဌကထာရှင်သည်–

ဧတ္ထ အာပေါစာတိ ဧတ္ထ နိဗ္ဗာနေ ဉာဒံ နိဗ္ဗာနံ အာဂမ္မ သဗ္ဗမေတံ အာပေါတိ အာဒိနာ နယေန ဝုတ္တံ ဥပါဒိန္နက ဓမ္မဇာတံ နိရုဇ္ဈတိ အပ္ပဝတ္တံ ဟောတိ၊ ။

ဟူ၍ မိန့်တော်မူအပ်ပြီ၊

(သီလက္ခန်အဋ္ဌကထာ ကေဝဋ္ဋသုတ် ၂၀၆-ဗမာ့ ,မိတ်ဆွေ။)

မြန်မာပြန်ကား။ ။ဧတ္ထ အာပေါစာတိ၊ ဧတ္ထ အာပေါစ ဟူသည်ကား။ဧတ္ထနိဗ္ဗာနေ ဉာဒံနိဗ္ဗာနံ အာဂမ္မ၊ဤနိဗ္ဗာန်ကို အရဟတ္တ

မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍သိခြင်းကြောင့်။အာသေပါတိ အာဒိနာ၊ အာပေါ-ဤသို့အစရှိသော။ နယေန၊နည်းဖြင့်။ ဝါ၊သိရာ,သိကြောင်းဖြင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ဟောတော်မူအပ်သော။ သဗ္ဗံ၊အားလုံးရှိသော၊ဇော် ဥပါဒိန္နက ဓမ္မဇာတ်၊နိဗ္ဗာန်ကိုအရဟတ္တ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိပြီးသော အရိယာပုဂ္ဂိုလ်၏ ခန္ဓာ အစဉ်၌အကျုံးဝင်(ပါဝင်)သောထိုဥပါဒိန္နကတရားအပေါင်းသည်။ *နိရုဇ္ဈတိ အပ္ပဝတ္တံ ဟောတိ၊ နောင်အခါ ဖြစ်ပေါ်မှု မရှိသည် ဖြစ်၏။

အဓိပ္ပါယ်ကား။ ။ဤနိဗ္ဗာန်ကို အရဟတ္တ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိသောကြောင့်။ အာပေါ,ပထဝီ,တေဇော,ဝါယော စသည်ဖြင့်မြတ်စွာဘုရားသည် ဟောတော်မူအပ်သောရဟန္တာ၏ ခန္ဓာငါးပါး ဥပါဒိန္နကတရားအပေါင်းသည်။ခန္ဓပရိနိဗ္ဗာန် စံပြီးသည် နောက်၌ တဖန် ဖြစ်ပေါ်လာမှုမရှိတော့ပြီ ဟူလို။

*ခပ်သိမ်း ခတ်ယင်။နက် မထင်က။သကတ္တကို။ ရှေ့က သွင်းကာ။ဘူ,ကရာနှင့်။ ဖွင့်ကာ ပြလေစမြဲ။

ဟူသော ဘုရားကြီး နိယံသည်"ဥပလက္ခဏာနည်း"မျှသာ ဖြစ်သည်။အဘယ်ကြောင့်နည်းဟူမူကား။ ဤ"နိရုဇ္ဈတိ"ဟူသော ပုဒ်ကို။ဘူ-ခေတ်,ကရ.ခေတ်တို့နှင့် မဖွင့်ပြဘဲ။ "အပ္ပဝတ္တံ ဟောတိ" ဟူ၍"ဟူ"ခေတ်နှင့် ဖွင့်ပြသောကြောင့်တည်း။(တနည်း)ဘူ ခေတ် နှင့် ဟူ-ခေတ်သည် တူ၏ဟု မှတ်ရာ၏။

ဤ ကေဝဋ္ဋသုတ်၌ရင်း ဤ ကေဝဋ္ဋသုတ်နှင့် အလားတူ သုတ်တို့၌ရင်း။ ဥပရုဇ္ဈတိ၊ချုပ်၏။ နိရုဇ္ဈတိ၊ချုပ်၏ ဟူသော မြန်မာပြန်သည်။"အနုပ္ပါဒ နိရောဓ"ကို ရည်ရွယ်သော် သင့်မြတ်ပေ၏။

ဤသိလက္ခန် အဋ္ဌကထာ၌သာ မိန့်ဆိုအပ်သည် မဟုတ်သေး။ သိလက္ခန် ဋီကာသစ်။ ဒုတိယအုပ် ၃၉၀-ဗမ္ဗ။ မိတ်ဆွေ၌လည်း။

> ဧတ္ထ နိဗ္ဗာနေတိ နိမိတ္တေ ဘုမ္မံ ဒသေသတိ ရူဒံ နိဗ္ဗာနံ အာဂမ္မာတိ ရူမိနာ။ ယေန နိဗ္ဗာနံ အဓိဂတံ။တံ သန္တတိ ပရိယာပန္နာနံယေဝ ရူဝ အနုပ္ပါဒ နိရောဓော အဓိပ္ပေ တောတိ ဝုတ္တံ ...ဥပါဒိန္နက မေ္ဓ ၁တံ နိရုဇ္ဈတိ အပ္ပဝတ္တံ ဟောတီတိ။ ။

ဟူ၍ မိန့်ဆိုအပ်ပြီ။

မြန်မာပြန်ကား။ ။ဧတ္ထနိဗ္ဗာနေတိဝစနေ၊ ဧတ္ထနိဗ္ဗာနေ....ဟူသော ဤအဋ္ဌကထာစကား၌။ နိမိတ္တေ၊ နိမိတ်အနက်၌။ ဝါ၊ အကြောင်းအနက်၌။ ဝါ၊ကြောင့်-ဟူ၍ ပေးအပ်သော အနက်၌၊ဘုမ္မံ၊ သတ္တမီဝိဘတ်ကို။ ရူဒံနိဗ္ဗာနံ အာဂမ္မာတိ ရူမိနာ၊ ရူဒံ နိဗ္ဗာနံ အာဂမ္မ-ဟူသော ဤပါဠိဖြင့်။ အာစရိယော၊ အဋ္ဌကထာဆရာသည်၊ ဒသေသတိ၊ပြတော်မူ၏။ ယေန၊အကြင်အရိယာပုဂ္ဂိုလ်သည်၊ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။အဓိဂတံ၊ထိုးထွင်း၍ သိအပ်၏။တံသန္တတိ ပရိယာပန္နာနံယေဝ၊ ထိုနိဗ္ဗာန်ကို ထိုးထွင်း၍သိပြီးသော ရဟန္တာဟုသမုတ် အပ်သောပုဂ္ဂိုလ်၏ ခန္ဓာအစဉ်၌ အကျုံးဝင်ကုန်(ပါဝင်ကုန်)သော ဥပါဒိန္နက တရားအပေါင်းတို့၏သာလျှင်။ ရူဝ၊ ဤကောဝဋ္ဋသုတ် ပါဠိတော်၌၊ ဝါ၊ဤဘူတနိရောဓဂဝေသီ ရဟန်းအား ဟောတော်မူရာ၌။အနုပ္ပါဒ နိရောဓော၊နောင်အခါ ဘဝစသည်တို့၌ ဖြစ်ပေါ်မှု မရှိသည်သာဖြစ်သော နိရောဓကို။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ ဥပါဒိန္နက မေ္ဓဇာတံ နိရုဇ္ဈတိ အပ္ပဝတ္တံ ဟောတီတိ၊ဥပါဒိန္နက မေ္ဓဇာတံ နိရုဇ္ဈတိ အပ္ပဝတ္တံ ဟောတိ.... ဟူ၍။ဝုတ္တံ၊အဋ္ဌကထာဆရာ မိန့်တော်မူအပ်၏။

အဓိပ္ပါယ်ကား။ ။ဧတ္ထနိဗ္ဗာနေ....ဟူသော အဋ္ဌကထာ စကား၌။ သတ္တမီဝိဘတ်ကို "နိမိတ်အနက်"၌ သက်သည်ကို။ရူဒံ နိဗ္ဗာနံ အာဂမ္မ ..ဟူသောပါဠိဖြင့် ပြတော်မူ သည်၊

အကြောင်းအရိယာပုဂ္ဂိုလ်သည်။နိဗ္ဗာန်ကို ထိုးထွင်း၍သိပြီ၊ထိုသို့ သိပြီးသော ရဟန္တာဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ပါဝင်ကုန်သော ဉပါဒိန္နက ခေါ် နာမ်,ရုပ်တရားတို့၏သာ နောင်အခါ ဘဝ စသည်တို့၌ ဖြစ်ပေါ်မှုမရှိသည်သာဖြစ်သော နိရောဓကို။ဤကေဝဋ္ဋ သုတ်၌။ဝါ၊ဤဘူတနိရောဓဂဝေသီ ရဟန်းအား ဟောတော်မူရာ၌ အလိုရှိအပ်သောကြောင့်။ ဉပါဒိန္နက မေ့ဓာတံ နိရုဇ္ဈတိ အပ္ပဝတ္တိံ ဟောတိ... ဟူ၍ အဋ္ဌကထာဆရာ မိန့်တော်မူအပ်သည် ဟူလို။

ဉပါဒိန္နက မေ့ဓာတံ၊ ရဟန္တာ ခန္ဓာအစဉ်၌ အကျုံးဝင်သော နာမ်,ရုပ်နှစ်ပါး ဉပါဒိန္နကတရားအပေါင်းသည်။ နိရုဇ္ဈတိ အပ္ပဝတ္တိံ ဟောတိ၊ခန္ဓပရိနိဗ္ဗာန်ပြုပြီးသည်နောက်၌ ဖြစ်ပေါ်မှု မရှိသည် ဖြစ်တော့၏။

---

ဤသီလက္ခန်ဋီကာသစ်၌သာ မိန့်ဆိုအပ်သည် မဟုတ်သေး။ ၎င်းသီလက္ခန်ဋီကာဟောင်း ၃၆၁-ဇမ္ဘူ့ မိတ်ဆွေ၌လည်း။

ယောန နိဗ္ဗာနံ အဓိဂတံ။တံ သန္တတိ ပရိယာပန္နာနံယေဝ ရူပအနုပ္ပါဒနိရောဓော အဓိပ္ပေတောတိ ဝုတ္တံ .. ဉပါဒိန္နက မေ့ဓာတံ နိရုဇ္ဈတိ အပ္ပဝတ္တိံ ဟောတီတိ။ ။

ဟူ၍ မိန့်ဆိုတော်မူအပ်သေး၏။

မြန်မာပြန်,အနက်အဓိပ္ပါယ်တို့ကား။ ဋီကာသစ်၌ ဆိုခဲ့သည် အတိုင်းပင် တည်း ဤကေဝဋ္ဋသုတ် ပါဠိတော်ကိုလည်း ထောက်၍ နိဗ္ဗာန်၏အကြောင်းခံတရားဖြစ်ကြောင်းကို။ကောင်းကင်ဝယ် လ, နေ တို့ ထင်ရှားသကဲ့သို့ ထင်ရှားလှသည်ကို အဋ္ဌကထာဆရာတို့ သိတော်မူကြကုန်သည်သာတည်း။ဋီကာဆရာတို့ထည်း သိတော်မူကြကုန်သည် သာတည်း။

ဤတွင် ကေဝဋ္ဋသုတ်ကို ပြဆိုခြင်းပြီးပြီ။

## ၁၂–သစ္စာလေးပါးကို ပြသောနေရာတိုင်း၌ နိဗ္ဗာန်ကို အကျိုးတရားဟု ယူရသည်ကို ပြရာ။

**သစ္စာသည်–**

(၁) ဒုက္ခသစ္စာ၊ ဆင်းရဲကြည်သော တေဘူမကတရား။
(၂) သမုဒယသစ္စာ၊ လောဘတဏှာ။
(၃) နိရောဓသစ္စာ အမြဲတမ်းရှိနေသော နိဗ္ဗာန်။
(၄) မဂ္ဂသစ္စာ၊ သမ္မာဒိဋ္ဌိ။ပ။သမ္မာသမာဓိ-မဂ္ဂင်ရှစ်ပါး။

အားဖြင့် ၄-ပါးရှိသည်။

ထိုလေးပါးတို့အနက်၊ ဒုက္ခသစ္စာ, နိရောဓသစ္စာ နှစ်ပါးသည် "အကျိုးသစ္စာ"မည်၏။ သမုဒယသစ္စာ, မဂ္ဂသစ္စာ နှစ်ပါးသည် "အကြောင်းသစ္စာ"မည်၏။

အဘယ်ကြောင့် မည်သနည်းဟူမူကား။

၁။ သမုဒယသစ္စာဖြစ်သော လောဘတဏှာသည်။ လောဘတဏှာ ကြည်သော တေဘူမက တရားတည်းဟူသော ဒုက္ခသစ္စာအား။ ပကတူပနိဿယ ပစ္စည်းဖြစ်၍။ ဝါ၊ပကတူပ နိဿယ ပစ္စည်း၏ အဖြစ်ဖြင့် အကြောင်း ခံသောကြောင့် "အကြောင်းသစ္စာ"မည်၏။

၂။ တေဘူမကတရားတည်းဟူသော ဒုက္ခသစ္စာသည်။ သမုဒယ သစ္စာဖြစ်သော လောဘတဏှာ၏ ပကတူပ နိဿယ ပစ္စယုပ္ပန် အကျိုးတရားဖြစ်၍။ဝါ၊အကျိုးတရား ဖြစ်သောကြောင့် "အကျိုးသစ္စာ"မည်၏။

၃။ မဂ္ဂသစ္စာဖြစ်သော မဂ္ဂင်ရှစ်ပါး တရားသည်။ နိဗ္ဗာန်သို့ ရောက်ကြောင်းတရားဖြစ်၍။ ဝါ၊နိဗ္ဗာန်သို့ ရောက်စေတတ်သော အကြောင်းတရားဖြစ်၍။ ဂါ၊အကြောင်းတရား ဖြစ်သောကြောင့် "အကြောင်းသစ္စာ"မည်၏။

၄။ အဇ-ဇာတ, အဘူတ, အကတ, အသင်္ခတ, အသင်္ခတဓာတု, အဇ-ဇာတိ, အမတ, နိဗ္ဗ, ရုဝ, သသသတ, အပဝိပရိဏာမ, သုခ, အနုတ္တ စသော အမည်ပေါင်း များစွာတို့ကို ရတော်မူသော နိဗ္ဗာန်တရားတော်သည် သိအပ်-သိစရာ, ရောက်အပ်-ရောက်စရာ ပဋ္ဌပွပ္ပလ အကျိုးတရားဖြစ်သောကြောင့် "အကျိုးသစ္စာ" မည်၏။ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာ ဖြစ်သည်။ မဂ္ဂသစ္စာကြောင့် နိရောဓသစ္စာကား မဖြစ်။ မှန်၏၊ မဂ္ဂသစ္စာသည် နိဗ္ဗာန်သို့ ရောက်ကြောင်း, နိဗ္ဗာန်ကို ရကြောင်းတရားသာဖြစ်သည်။ နိဗ္ဗာန်ကိုမဖြစ်စေတတ်။ ဝါ၊ နိဗ္ဗာန်ကို ဖြစ်စေတတ်သော တရားမဟုတ်။

ထိုမှတပါး၊ *လောကီကုသိုလ်တဆဲ့ခုနစ်ပါး, စေတသိက် သုံးဆဲ့ရှစ်ပါးတရားတို့သည်လည်း၊ နိဗ္ဗာန်သို့ ရောက်ကြောင်း, နိဗ္ဗာန်ကို ရကြောင်းတရားများသာ ဖြစ်ကြသည်၊ နိဗ္ဗာန်ကို မဖြစ်စေတတ်ကုန်၊ ဝါ၊ နိဗ္ဗာန်ကို ဖြစ်စေတတ်သော တရားများမဟုတ်ကုန်။

နိဗ္ဗာန်သည် ဖြစ်တတ်သော တရားပင် မဟုတ်သောကြောင့် နိဗ္ဗာန်တရားအား ဖြစ်ပေါ်လာဘို့-တည်နေဘို့ရန် အကြောင်းတရား မရှိပေ၊ ထိုကြောင့် ဘုရားမြတ်စွာသည်။ "အပ္ပစ္စယာ ဓမ္မာ-ဟူ၍ ဟောတော်မူခဲ့ပြီ။ ဓမ္မသင်္ဂဏီပါဠိတော် ဒုကမာတိကာ။

အဋ္ဌသာလိနီအဋ္ဌကထာ ၁၀၂-ဟံသာဝတီ၌လည်း အပ္ပစ္စယာ-ဟူသောပုဒ်ကို နတ္ထိ ဧတေသံ ဥပ္ပါဒေဝါ ဌိတိယံ ဝါ ပစ္စယောတိ အပ္ပစ္စယာ။ ။ဟူ၍ ဖွင့်ပြလေသည်။

ဧတေသံ ဓမ္မာနံ၊ ထိုနိဗ္ဗာန်တရားတို့အား။ ဥပ္ပါဒေဝါ၊ ဖြစ်ရန်၌-ဖြစ်ရန်ဘို့, ဖြစ်လာဘို့)ရင်း။ ဌိတိယံ ဝါ၊ တည်ရန်၌ တည်ရန်ဘို့ (တည်နေဘို့)ရင်း။ ပစ္စယော၊ ဖြစ်စေတတ်သော ဇနကအကြောင်း,

ထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းသည်။ နတ္ထိ၊မရှိ။ ဇာတိတညာ၊ထိုသို့ဖြစ်ရန်ဒိုရင်း, တည်ရန်ဒိုရင်း, အကြောင်းတရား နှစ်ပါးမရှိသောသဘောကြောင့်။ ဧတေမွှာ၊ထိုနိဗ္ဗာန်တရားတို့သည်။ အပ္ပစ္စယာ၊အပ္ပစ္စယတို့မည်ကုန်၏။

စတုတ္ထီ ဗဟုဗ္ဗီဟိ သမာသ်ဝိဂြိုဟ်။ ။ဧတော်သံ-ဟူသော သမ္မဒါနိပုဒ်ကို နတ္ထိ-ဒွစပ်၊ဥပ္ပါဒေဝါ,ဋ္ဌိတိယံဝါ ဟူသော အာခါရ ကို ပစ္စယော၌ စပ်လေ။

[*ဝိဝဋ္ဋနိဿိတဖြစ်သော ဒါနကုသိုလ်,သီလကုသိုလ်သည်ရင်း။ အဓိဝိပဿိကာဖြစ်သော သမထကုသိုလ်သည်ရင်း။ (ဥပစာရ သမာဓိ မဟာကုသိုလ်, ရူပါဝစရသမာပတ်လေးပါး, အရူပါဝစရ သမာပတ်လေးပါးကိုဆိုသည်) ဝိပဿနာဘာဝနာ၏ အခြေခံဖြစ် သောကြောင့် နိဗ္ဗာန်ရောက်ကြောင်းတရားပင်မည်၏။ ဝါ၊ဖြစ်၏။]

နိဗ္ဗာန်သည် ဆိုအပ်ခဲ့ပြီးသော အကြောင်း တရားလည်း မရှိ။ အကြောင်းတရားတို့ကြောင့်လည်း မဖြစ်ရကား။ ဖြစ်တတ်သော "နိဗ္ဗတ္တဖလ"အကျိုးတရားမဟုတ်၊ ။နိဗ္ဗတ္တ၊ဖြစ်တတ်သော။ဖလ၊ အကျိုးတရား။

လောကီ, လောကုတ္တရာ ကုသိုလ် အကြောင်း တရားတို့ဖြင့် ရောက်အပ်သော"ပတ္တဗ္ဗဖလ" အကျိုးတရားသာ ဖြစ်သည်။ ။ ပတ္တဗ္ဗ၊ရောက်အပ်သော။ဖလ၊အကျိုးတရား။

နိဗ္ဗာန်သို့ ရောက်၏ ဆိုသည်မှာလည်း။ နိဗ္ဗာန်ကို လောကီ ကုသိုလ်ကံ အခြေခံသော အရိယာမဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့် အာရုံ ပြုခြင်းမျှသာ (မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် သိခြင်းမျှသာတည်း။) ထိုကြောင့် ဥဒါန်းအဋ္ဌကထာ ၃၈၁ ဇမ္ဗူ။ မိတ်ဆွေ၌-

န ဟိ တဿ သင်္ခတဿ ဝိယ ဥပ္ပါဒေါ အာဝိဘာဝေါ (ပ...ပ) အာဂတိ ဂတိ ဝါ သမ္ဘဝတိ။

ဟုမိန့်အပ်ပြီ

ပဒိ-**သစ္စံ**၊ထိုစကားမှန်၏။ **တတ္ထ**၊ **ထို**နိဗ္ဗာန်၌။ ဝါ၊ထိုနိဗ္ဗာန်သို့။ ဝါ၊ထိုနိဗ္ဗာန်ကို၊ **သတ္တာနံ**၊အရိယာပုဂ္ဂိုလ်ဟူ**ခေါ်**ဆိုအပ်ကုန်**သော** **သ**တ္တဝါတို့၏။ ဉာဏေန၊**ဂေါ**တြဘူဉာဏ်, ဝေါဒါန်ဉာဏ်,မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့်။အာရမ္မဏကရဏံ၊အာရုံပြုခြင်းကို။ ဝါ၊ဒိဋ္ဌသိခြင်းကို။ ထပေတွာ၊ထား၍။အာဂတိ,ဂတိယော၊လာခြင်း,သွားခြင်းတို့ **သည်**။နသန္တိ၊မဖြစ်ကုန်။

ဤသို့ပြဆိုအပ်**သော** ဥဒါန်း အဋ္ဌကထာကို**ထော**က်၍ အရိယာ ပုဂ္ဂိုလ်တို့၏ ဉာဏ်ဖြင့် အာရုံပြု**သ**ည်ကိုထား၍ လာခြင်းသွားခြင်း မဖြစ်**သ**ည်ကို သိအပ်၏။

ထိုမှတပါး။ **သဂါထာဝဂ္ဂသံယုတ်**အဋ္ဌကထာ ၆၉-ဘောဂ ဝတီ၊မန္တလေး၌လည်း—

ကာမ မာနန္တိ ဘဂဝါ မဟာဗောဓိမဏ္ဍေယေဝ အရိယ
မဂ္ဂေန ဂတော။န ဣဒါနိ ဂန္တတိတွာ အတီတံ ပနဥပါဒါယ
ဣဒံ ဝုတ္တံ။ ။

ဟူ၍ မိန့်အပ်လေသေးသည်။

ကာမ မာနန္တိ၊ကာမ မာနံ ဟူသည်ကား။ ဝါ၊နိဗ္ဗာန်သို့ ရောက် တော်မူ၏။ နိဗ္ဗာန်သို့ ကြွသွားတော်မူ၏ ဆိုသည်မှာ၊ ဘဂဝါ၊ မြတ်စွာ ဘုရား**သည်**။ မဟာဗောဓိ မဏ္ဍေယေဝ၊ မဂဓတိုင်း၊ တောင်ပိုင်း၊ ဥရုဝေလတော၊ နေရဉ္ဇရာမြစ်ကမ်းအနီး၊ မြတ်**သော** ဗောဓိမဏ္ဍိုင်၌**သာ**လျှင်။ အရိယမဂ္ဂေန၊ အရိယမဂ်ဖြင့်။ ဝါ၊မဂ် လေးတန်ဖြင့်။ နိဗ္ဗာနံ၊နိဗ္ဗာန်သို့။ဂတော၊ရောက်တော်မူ၏။ ကြွသွား တော်မူ၏။ဣဒါနိ၊ယခု **သာ**ဝတ္ထိပြည်၊ဇေတဝန်ကျောင်း၌ သီတင်း သုံးနေတော်မူစဉ် **မ**သင်ရှား**သော** နတ်တယောက် လာလျှောက် **သော**အခါ၌။ နိဗ္ဗာနံ၊နိဗ္ဗာန်သို့၊ နဂန္တတိ၊အရိယာမဂ်ဖြင့် ရောက် တော်မူဆဲမဟုတ်။ ကြွသွား**တော်**မူဆဲ မဟုတ်၊ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏၊ အတီတံ၊ လွန်လေပြီး**သော** ဂတံပန၊

**မဟာဗောဓိမဏ္ဍိုင်၌** ရောက်တော်မူပြီး-ကြွသွားတော်မူပြီးသည်ကို။ ဥပါဒါယ၊ စွဲ၍။ ဣဒံ ဝစနံ၊ နိဗ္ဗာန်သို့ရောက်တော်မူ၏ ကြွသွားတော်မူ၏ဟူသော ဤစကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

*ဤသို့ပြဆိုအပ်သော သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာကိုလည်း ထောက်၍ မဟာဗောဓိမဏ္ဍိုင်၌ပင်လျှင်။ မဟာဗောဓိမဏ္ဍိုင်၌ ဘုရားအဖြစ်သို့ရောက်ဆဲအခါကမှပင်လျှင်။ ဝါ၊မဂ် ၄-ပါးကို ရဆဲအခါကပင်လျှင် မဂ် ၄-တန်ဖြင့် ရောက်တော်မူ-ကြွသွားတော်မူသည်ကိုသိအပ်၏။ရောက်တော်မူ ကြွတော်မူသည်ဆိုရာ၌လည်း။ ရူပကာယ ကိုယ်တော်တိုင်ဖြင့် ရောက်တော်မူ ကြွတော်မူသည် မဟုတ်။ မဂ်ဉာဏ်ဖြင့် အာရုံပြုသည်ဟု မြဲမြဲစွဲစွဲ လှေနံထားထစ် မှတ်အပ်၏။

ထိုသို့မှတ်ကြလျှင် ခန္ဓာချုပ်ငြိမ်းမှုကို (ခန္ဓာချုပ်ငြိမ်းတာကို) နိဗ္ဗာန်ဘဲဟူ၍၎င်း၊နိဗ္ဗာန်သို့ရောက်ပြီဟူ၍၎င်း၊အဘယ်သို့ မှတ်နိုင်မည်နည်း၊မမှတ်နိုင်သာတည်း။

သောတာပတ္တိမဂ်ဉာဏ်ကိုရလျှင်နိဗ္ဗာန်သို့တခေါက်ရောက်ဆဲ။ သကဒါဂါမိမဂ်ဉာဏ်ကိုရလျှင် နှစ်ခေါက်ရောက်ဆဲ။ အနာဂါမိမဂ်ဉာဏ်ကိုရလျှင် သုံးခေါက်ရောက်ဆဲ။အရဟတ္တမဂ်ဉာဏ်ကိုရလျှင် လေးခေါက်ရောက်ဆဲဖြစ်တော့သည်။

တထိုင်တည်းတွင်ပင် ၄-ခေါက်ရောက်၊ ၃-ခေါက်ရောက်၊ ၂-ခေါက်ရောက်၊ ၁-ခေါက်ရောက်သူများလည်းရှိသေးသည်။

ဝဋ္ဋ၌ပျော်ပိုက်သော သိကြား၊ဗိသာခါ၊အနာထပိဏ်၊ ဤသုံးယောက်တို့ကား အကနိဋ္ဌဘုံသို့ရောက်မှ လေးခေါက် ရောက်ကြမည်။ ကျန်သောအရိယာပုဂ္ဂိုလ်တို့ကို နှိုင်းချိန်၍ သိကြရာသည်။ နိဗ္ဗာန်သို့ရောက်ကြ၍ ပြန်လာကြသော ပုဂ္ဂိုလ်တို့ကား၊သမသီသိရဟန္တာတို့မှတပါး အားလုံးသော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ရဟန္တာတို့၊ပစ္စေကဗုဒ္ဓါ၊သဗ္ဗညုဘုရားတို့ပေတည်း။

မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာပုဂ္ဂိုလ်တို့သည်ကား၊ ခန္ဓပရိနိဗ္ဗာန်စံပြီး ပြုပြီးနောက်၌ တဖန်ပြန်လာကြတော့သည် မဟုတ်ပေ။ဤသည်ကိုရည်၍ အချို့ပုဂ္ဂိုလ်တို့က။နိဗ္ဗာန်မှ ပြန်လာသူမရှိဟု ပြောဆိုကြလေသည်။ထိုပြောဆိုခြင်းသည် မှန်ပါပေသည်။ဟုစာပါ ပေသည်။

---

ကိလေသပရိနိဗ္ဗာန်ကိုပင်"အသင်္ခတဓာတ်နိရောဓသဘော နိဗ္ဗာန် ဟူ၍၎င်း။ ခန္ဓပရိနိဗ္ဗာန်ကိုပင်"အသင်္ခတဓာတ်နိရောဓသဘောနိဗ္ဗာန် ဟူ၍၎င်း။ ခန္ဓပရိနိဗ္ဗာန်ပြုသည်ကိုပင် နိဗ္ဗာန်သို့ ရောက်သည်ဟူ၍ ၎င်း မှတ်ထင်နေတတ်ကြသည်။အဘယ်ကြောင့် မှတ်ထင်နေတတ် ကြသနည်းဟူမူ။နိဗ္ဗာန်၊ ပရိနိဗ္ဗာန်ဟူ၍ နှစ်မျိုးနှစ်ပါး အပြားရှိသည် ကို မဝေဘန်ကြဘဲ။ အတူတူ ယူထားသောကြောင့်။ ဝါ၊တမျိုး တည်းယူထားသောကြောင့် မှတ်ထင်နေကြသည်။

၁။ နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် အခါခပ်သိမ်း ထင်ရှားရှိနေ သော သဘာဝတရားဖြစ်၏။

၂။ ပရိနိဗ္ဗာန်သည် ကိလေသာနိဗ္ဗာန်ခန္ဓပရိနိဗ္ဗာန်ဟူ၍ ၂ပါး အပြားရှိ၏။ထိုနှစ်ပါးတို့အနက်ကိလေသ ပရိနိဗ္ဗာန်သည် ကိလေသာ တို့ ချုပ်ငြိမ်းသွား၍ ဘာမျှမရှိသော အဘာဝ ပညတ်တရားသာ ဖြစ်၏။

ခန္ဓပရိနိဗ္ဗာန်သည်။ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့၏ ဧဝိဇိတ် နောင် ဘာမျှမရှိသော အဘာဝပညတ်တရားသာဖြစ်၏၊

ထိုပရိနိဗ္ဗာန်တို့ကို နိဗ္ဗာန်ဘဲဟု မှတ်ထင်နေလျှင်၊ ထင်ရှားမရှိ သောနိဗ္ဗာန်၊ ဘာမျှမရှိသော နိဗ္ဗာန် ဖြစ်နေတော့သည်။ မြတ်စွာ ဘုရား ဟောထားနိဗ္ဗာန်၊ ပျောက်ချက်မှန်သည်၊ မဂ်ဉာဏ်အာရုံ ဘယ်မှာနည်း။

ကိလေသာတို့,ခန္ဓာတို့ချုပ်ငြိမ်းသွားပြီးမှ၊ နောင်တဖန်,နောင်အခါ ကိလေသာတို့,ခန္ဓာတို့၏ဖြစ်ပေါ်လာမှုမရှိခြင်းကို“နိဗ္ဗာန်”ဟူ၍ မမှတ်ထင်အပ်။ အဘယ်ကြောင့်နည်း။ ကိလေသာတို့,ခန္ဓာတို့၏ နောင်တဖန်, နောင်အခါ ဖြစ်ပေါ်လာမှုမရှိခြင်းကို ‘အနုပ္ပါဒနိရောဓ”ဟု အဋ္ဌကထာ,ဋီကာ များစွာနှင့်သောကြောင့်တည်း။

ကိလေသာကုန်ငြိမ်းခြင်း, ခန္ဓာချုပ်ငြိမ်းခြင်းတို့သည် အကျိုးတရားဖြစ်ကုန်၏။ သို့အကျိုးတရားသည် နိဗ္ဗာန်မဟုတ်ချေ၊ ပရိနိဗ္ဗာန်သာဟုတ်၏။ ထိုအကျိုးပရိနိဗ္ဗာန်တို့ဖြစ်ဘို့ရန်“အကြောင်းခံသောမဂ်,ဖိုလ်တို့၏ အာရုံဖြစ်၍ဖြစ်သော အမြဲတမ်း တည်ရှိနေသောတရားသည်သာလျှင် နိဗ္ဗာန်ဟုတ်ပါသည်”။ ၎င်းနိဗ္ဗာန်ကို‘ အနုပ္ပါဒနိရောဓပေတွယ”ဟု အဋ္ဌကထာ,ဋီကာများစွာတို့၌ မိန့်ဆိုအပ် လေသည်၊

---

*နိဂုံးချုပ်မှတ်ရန်၊ ။အမြဲတမ်းရှိနေသော နိဗ္ဗာန်ကို အရိယာမဂ်က အာရုံပြုသည် (သိသည်)အာရုံပြုသောကြောင့် (သိသောကြောင့်)ကိလေသာတို့ သေကြ·ကုန်ကြသည်။ ဝါ၊ကိလေသာဝဋ်ပြတ်သည်၊ ကိလေသာတို့ သေကြ,ကုန်ကြသောကြောင့်။ ဝါ၊ကိလေသာဝဋ်ပြတ်သောကြောင့်၊ကံတို့ကုန်ကြသည်၊ ဝါ၊ကမ္မဝဋ်ပြတ်သည်။ ကမ္မဝဋ်ပြတ်သောကြောင့်၊ နောင်ဘဝသစ်၌ ခန္ဓာတို့။ ဝါ၊နာမ်,ရုပ်တရားတို့။ ဝါ၊ဝိညာဉ်,နာမ်,ရုပ်,သဠာယတန,ဖဿ, ဝေဒနာ-ဟူသော ဝိပါကဝဋ်တရားတို့ ကုန်ကြ,ပြတ်ကြလေသည်။

အရှင်းစစ်-ဒေ-မြစ်မြေက-ဆိုသလို၊အရှင်းစစ်လိုက်တော့။နိဗ္ဗာန်ဒ..ကြောင်းခံကြောင့် မဂ်ဖြစ် မင်ကြောင့် ကိလေသာ,ကံကုန်၊ကိလေသာ,ကံတို့ကုန်တော့ နောင်ဘဝသစ်၌ ဝိပါကဝဋ်မဖြစ်ပေါ်ဘဲ ပြတ်လေတော့၏၊ ထိုကြောင့်ပင်လျှင် မြတ်စွာဘုရားသည် အင္ဂုပဏ္ဏာသတ်ပါဠိတော်၌… ဝဋ္ဋုပစ္ဆေဒေါ ဟူ၍ ဟောတော်မူ

သည်။(စတုက္ကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော် ၂၀၅) ဟံသာဝတီ။ ဇာတိဝုတ်ပါဠိတော်။တိကနိပါတ် ပဌမသုတ်။ ယဒိဒံ-ယောအဿံ ဝဋ္ဋပစ္စယ ဒေါ၊အကြင်ဝဋ်သုံးပါးတို့ ဖြတ်ကြောင်းဖြစ်သော နိဗ္ဗာန် သည်။ အတ္ထိ၊ရှိ၏။ တဒိဒံ သောအဿံ ဝဋ္ဋပစ္စယဒေါ၊ ထိုဝဋ်သုံးပါး တို့ဖြတ်ကြောင်းဖြစ်သော နိဗ္ဗာန်ကို။အဂ္ဂံ-အဂ္ဂေါ်ဇာတိ၊မြတ်၏ဟူ၍။ အက္ခာယတိ၊ဟောကြားတော်မူအပ်၏။ ထိုဝဋ္ဋပစ္စယဒေါ ဟူသော ပါဠိတော်ကို။ ဇာတိဝုတ် အဋ္ဌကထာရှင်သည်။ ၎င်းအဋ္ဌကထာ ၂၉၂-၌—

တထာဟိ တံ အာဂမ္မ သဗ္ဗေပိ ကမ္မဝဋ္ဋ, ကိလေသဝဋ္ဋ, ဝိပါကဝဋ္ဋာ,ဥပစ္ဆိဇ္ဇန္တိ။တသ္မာ ဝဋ္ဋပစ္စယဒေါတိ ဝုစ္စတိ။ ။

ဟူ၍ မိန့်အပ်ပြီ။

တထာ တံဝစနံ၊ ထိုစကားသည်။ဟိသစ္စံ၊မှန်၏။ဝါ၊တထာ-တံ ဝစနံ၊ထိုစကားကို။ ဟိ ဝိတ္ထာရေသာသာမိ၊ ချဲ့ဦးအံ့၊ တံဝိရာဂံ၊ထို နိဗ္ဗာန်ကို၊အာဂမ္မ၊စွဲ၍။ဝါ၊မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုခြင်းကြောင့်။ (သမ္မောမူလဋီကာ)သဗ္ဗေပိ၊အလုံးရုံလည်းဖြစ်ကုန်သော။ ကမ္မဝဋ္ဋ, ကိလေသဝဋ္ဋ,ဝိပါကဝဋ္ဋာ၊ ကမ္မဝဋ်,ကိလေသာဝဋ်, ဝိပါကဝဋ်တို့ သည်။ဥပစ္ဆိဇ္ဇန္တိ၊ပြတ်ကုန်၏။ တသ္မာ၊ ထိုသို့ ဝဋ်သုံးပါးတို့ပြတ် ကြောင်းဖြစ်သောသဘောကြောင့်။ သောဝိရာဂေါ၊ထိုနိဗ္ဗာန်ကို။ ဝဋ္ဋ ပစ္စယဒေါတိ၊ဝဋ္ဋ ပစ္စယဒ ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ဝဋ္ဋပစ္စယဒေါ၊ဝဋ်သုံးပါးတို့-ဖြတ်ကြောင်းနိဗ္ဗာန်။

....:ဝ:....

## ၁၃–အချို့သောပုဂ္ဂိုလ်တို့၏ ယုံမှားခြင်းကို ပယ်ဖျောက်ခြင်း အကျဉ်း၌ နိဗ္ဗာန်၌ ပရိနိဗ္ဗုတပုဂ္ဂိုလ် ပရိနိဗ္ဗာန် စံသောပုဂ္ဂိုလ် ရှိ မရှိကိုရှင်းပြခြင်း။

(၁) ပရိနိဗ္ဗုတော ပုဂ္ဂလော အတ္ထတ္ထမှိ, နတ္ထတ္ထမှိတိ။
အတ္ထင်္ဂမှိတိ။ ။

ပရိနိဗ္ဗုတော ပုဂ္ဂလော သဿတောတိ နဟေဝံ
ဝတ္တဗ္ဗေ ပ။ ။

(၂) ပရိနိဗ္ဗုတော ပုဂ္ဂလော အတ္ထတ္ထမှိ, နတ္ထတ္ထမှိတိ။
နတ္ထတ္ထမှိတိ။ ။
ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ။ နဟေဝံ
ဝတ္တဗ္ဗေ ပ။ ။

ကထာဝတ္ထုပါဠိတော် ၄၃-ပုံသာဝတီ။ ပေယျာလအချို့ကို ပေါ်ပြသည်။ အတ္ထံ ဂစ္ဆတိ နိဗ္ဗာနံ။ ။ကထာဝတ္ထုအဋ္ဌကထာ ၁၂၄-ပုံသာဝတီ။

နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ အတ္ထံ၊အတ္ထဟူ၍၊ ဝါဒုက္ခတို့၏ ချုပ်ရာ,ချုပ်ကြောင်းဟူ၍။ ဂစ္ဆတိ၊ဆိုအပ်၏။ နိဗ္ဗာန်ကို "အတ္ထ" ဟူ၍ခေါ်သည်။ အတ္ထသဒ္ဒါနှင့် အနုပုဗ္ဗ နိရောဓပစ္စယ သဒ္ဒါတို့သည်၊ သဒ္ဒါကွဲ၍ အနက်တူကုန်၏။

၁။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် ပြုပြီးသော။ ပုဂ္ဂလော၊ပုဂ္ဂိုလ်သည်။ အတ္ထမှိ၊ နိဗ္ဗာန်၌၊ အတ္ထိ၊ ရှိသလော၊ အတ္ထမှိ၊ နိဗ္ဗာန်၌။ နတ္ထိ၊ မရှိသလော၊ ဣတိပုစ္ဆာယံ၊ ဤသို့သော အမေးသည်။ သဘင်၊ ရှိသော်၊ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုပြီးသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အတ္ထမှိ၊ နိဗ္ဗာန်၌။ အတ္ထိ၊ရှိ၏။ ဣတိဝိသဇ္ဇနာ၊ ဤသို့ဖြေဆိုသည်။ ဟောပဲ၊ဖြစ်၏။

ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုပြီးသော။ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ သသသတော၊မြဲသလော၊ ဣတိပုစ္ဆာယံ၊ ဤသို့သောအမေးသည်။ သတိ၊ ရှိသော်၊ ဇေ၀ံ၊ဤသို့မြဲ၏ဟူ၍၊ နဟိ ဝတ္တဗ္ဗေ-နဝတ္တဗ္ဗောဝေ၊ မဆိုထိုက်, မဆိုသင့်သည် သာတည်း။ ဣတိဝိသဇ္ဇနာ၊ ဤသို့ ဖြေဆိုသည်။ဟောတိ၊ဖြစ်၏၊ပ။

အဓိပ္ပါယ်ကား။

သကဝါဒီ ပုဂ္ဂိုလ်က[သမ္မာဝါဒီပုဂ္ဂိုလ်က] ပရဝါဒီပုဂ္ဂိုလ်ကို [မိစ္ဆာဝါဒီပုဂ္ဂိုလ်ကို] ပရိနိဗ္ဗာန်ပြုပြီးသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ ရှိသလော, မရှိသလော-ဟုမေးရာ။ ပရဝါဒီ ပုဂ္ဂိုလ်က။ ပရိနိဗ္ဗာန် ပြုပြီးသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ရှိ၏ဟု ဖြေဆိုသည်။

တဖန်။ပရိနိဗ္ဗာန်ပြုပြီးသော ပုဂ္ဂိုလ်သည် မြဲသလော-ဟုမေးရာ မြဲ၏ဟူ၍ကား မဆိုထိုက်ပါ, မဆိုသင့်ပါဟု ဖြေဆိုပြန်သည်။

ထိုအခါ သကဝါဒီပုဂ္ဂိုလ်က-ပရဝါဒီပုဂ္ဂိုလ်ကို။ သင်၏ ရှေ့စကားနှင့် နောက်စကားသည် မညီဟု နှိပ်လေတော့၏။ မညီပုံကား။ ပရိနိဗ္ဗာန် ပြုပြီးသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ ရှိ,မရှိကို မေးရာ။ ရှိ၏ဟု ဖြေဆိုသည်။ တဖန် ပရိနိဗ္ဗာန်ပြုပြီးသော ပုဂ္ဂိုလ်သည် မြဲသလောဟု မေးရာ။မြဲ၏ဟူ၍ကား မဆိုထိုက်, မဆိုသင့်ပါဟု ဖြေဆိုပြန်သည်။

ဤသို့ မေး,ဖြေကြရာတွင် ''ရှိလျှင်မြဲ''ရမည်။ မြဲ၏ဟူ၍ကား။ မဆိုထိုက်ပါ, မဆိုသင့်ပါဟု ဖြေပြန်သဖြင့်။''မမြဲက-မရှိနိုင်''ထိုသို့ ''အရှိနှင့်မမြဲ'' ရှေ့,နောက်လွဲ၍ မညီဟုဆိုသည်။

သကဝါဒီအမေး, ပရဝါဒီအဖြေပြီး၏။

၂။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် ပြုပြီးသော၊ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အတ္ထမှိ၊ နိဗ္ဗာန်၌။ အတ္ထိ၊ ရှိသလော၊ အတ္ထမှိ၊ နိဗ္ဗာန်၌။ နတ္ထိ၊ မရှိသလော။ ဣတိပုစ္ဆာသည်၊ ဤသို့သော အမေးသည်။ သဘင်၊ ရှိသော်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုပြီးသော၊ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အတ္ထမှိ၊ နိဗ္ဗာန်၌။ နတ္ထိ၊ မရှိ။ ဣတိဝိသဇ္ဇနာ၊ ဤသို့ ဖြေဆိုသည်။ ဟောတိ၊ ဖြစ်၏။

ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် ပြုပြီးသော၊ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဥဇ္ဇိဇ္ဇေ၊ ပြတ်သွားလေ သလော၊ ဣတိပုစ္ဆာသည်၊ ဤသို့သော အမေးသည်၊ သဘင်၊ ရှိသော်၊ ဧဝံ၊ ဤသို့ပြတ်သွား၏ဟူ၍ကား။ န ဟိ ဝတ္တဗ္ဗေ-နဝတ္တဗ္ဗော၊ မဆိုထိုက်, မဆိုသင့် သည်သာ တည်း။ ဣတိဝိသဇ္ဇနာ၊ ဤသို့ ဖြေဆိုသည်၊ ဟောတိ၊ ဖြစ်၏။ပ။

အဓိပ္ပါယ်ကား။

ပရဝါဒီ ပုဂ္ဂိုလ်က။ သကဝါဒီ ပုဂ္ဂိုလ်ကို ခလုတ်စားချေသော နည်းဖြင့်။ ပရိနိဗ္ဗာန် ။ပြုပြီးသော ပုဂ္ဂိုလ်သည်နိဗ္ဗာန်၌ ရှိသလော, မရှိသလောဟု မေးရာ။ ပရိနိဗ္ဗာန်ပြုပြီးသောပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ မရှိဟု ဖြေဆိုသည်။

တဖန် ပရိနိဗ္ဗာန် ပြုပြီးသော ပုဂ္ဂိုလ်သည် ပြတ်သွားလေ သလောဟု မေးပြန်ရာ၊ ပြတ်သွား၏ ဟူ၍ကား မဆိုထိုက်, မဆိုသင့်ပါဟု ဖြေဆိုပြန်သည်။

ထိုအခါ ပရဝါဒီ ပုဂ္ဂိုလ်ဟာ။ သကဝါဒီ ပုဂ္ဂိုလ်ကို။ သင်၏ ရှေ့စကားနှင့် နောက်စကားသည်လည်း မညီဟု နှိပ်လေတော့၏။

မည်ပုံကား၊ ပရိနိဗ္ဗာန်ပြုပြီးသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ ရှိ,မရှိ ကိုမေးရာ။ မရှိဟု ဖြေဆိုသည်။ တဖန် ပရိနိဗ္ဗာန် ပြုပြီးသော ပုဂ္ဂိုလ်သည် ပြတ်သွားသောသလောဟု မေးရာ။ ပြတ်သွားလေ၏ ဟူ၍ကား မဆိုထိုက်, မဆိုသင့်ပါဟု ဖြေပြန်သည်။ ဤသို့မေး, ဖြေကြရာတွင် မရှိဟုဆိုလျှင် 'ပြတ်သွား' ရမည်။ ပြတ်သွား

သည်ဟူ၍ကား မဆိုထိုက်, မဆိုသင့်ပါဟု ဖြေပြန်သဖြင့်။ ပြတ်မသွားက- ရှိရမည်။ ထိုသို့ "မရှိနှင့်အပြစ်" ရှေ့နောက် မညီဟုဆိုသည်၊

## ဤပရဝါဒီ အမေးကို သကဝါဒီဖြေဆိုချဉ် အဓိပ္ပါယ်ကား။

ပရမတ္ထ သဘောအားဖြင့် နဂိုမူလ အစကပင်- ပုဂ္ဂိုလ်မရှိသောကြောင့် ပရိနိဗ္ဗာန်ပြုပြီးသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်၌မရှိပါ။ နဂိုမူလ အစကပင် ပရမတ္ထအားဖြင့် မရှိသောပုဂ္ဂိုလ် ကိုလည်း ပြတ်သွား၏ဟု မဆိုထိုက်, မဆိုသင့်ပါဟူလို။

အထူးမှတ်ရန်။ "ပရိနိဗ္ဗာန်ပြုပြီးသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ မရှိ"ဟု သကဝါဒီ ဖြေဆိုသော ဝါဒကိုသာ အမှန်ယူကြပါကုန်။

ပရဝါဒီ အမေး,သကဝါဒီအဖြေပြီးပြီ၊

---

## ၁၄ – သဿတဥစ္ဆေဒကို ရှင်းပြချေ။

အချို့သူတို့က။ မြဲသည်ဟုယူလျှင် "သဿတဒိဋ္ဌိ" ဖြစ်သည်။ ပြတ်သွားသည်ဟုယူလျှင် "ဥစ္ဆေဒဒိဋ္ဌိ" ဖြစ်သည်။ အဘယ်သို့ ယူမှသာလျှင်။ သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ" နှစ်ပါးတို့မှ လွတ်မည်နည်းဟု မေးမြန်းပြောဆို နေကြသည်ကို။ ရှင်းလင်းချက် ရေးသားထည့်သွင်း လိုက်ဟု၊ ရန်ကုန်မြို့၊ သခက်တောဘိုက်၊ သုဓမ္မာ ကျောင်း ဆရာတော် မဟာထေရ်မြတ်သည် တိုက်တွန်းအပ်သည်ဖြစ်၍ ရေးသားအပ်သော 'သဿတ,ဥစ္ဆေဒနှင့် စပ်လျဉ်းသော စကားချပ် အကျဉ်းအခုံးအဖြတ်ကား။ ဤဆိုလတ္တံ့သည် ပင်တည်း။

ဤလောက၌ အချို့သောသူတို့သည် ပရမတ်၏ အစွမ်းအားဖြင့်။ ပရမတ်၏ အလိုအားဖြင့် ပုဂ္ဂိုလ်သတ္တဝါရှိ၏ဟု ယူကြကုန်သည်။ အချို့သော သူတို့ သည်ကား။ ပရမတ်၏ အစွမ်း

အားဖြင့်။ ပရမတ်၏ အလိုအားဖြင့် စင်စစ် ပုဂ္ဂိုလ် သတ္တဝါ မရှိ။ သမ္မုတိ ပညတ်၏အစွမ်းဖြင့်သာ။ (လောကအခေါ်အဝေါ် အားဖြင့်သာ။) ပုဂ္ဂိုလ်သတ္တဝါဟု သမုတ်ကြ ခေါ်ကြ သည့်ဟု ယူကြကုန်သည်။ ထိုစကားမှန်၏။ ကထာဝတ္ထု ပါဠိတော် အစ၌ ပင်လျှင်-

ပုဂ္ဂလော ဥပလဗ္ဘတိ သစ္ဆိကဋ္ဌပရမဋ္ဌေန ။

ဟူ၍ သကဝါဒီပုဂ္ဂိုလ်က မေးသည်ရှိသော်။ ပရဝါဒီပုဂ္ဂိုလ်က အာမန္တာ ဟူ၍ ဖြေဆိုလေသည်။

အနက်သိရန် မြန်မာပြန်ကား။ ။သစ္ဆိကဋ္ဌပရမဋ္ဌေန၊ဟုတ်မှန် သောသဘော, မြတ်သော သဘောအားဖြင့်။ ပုဂ္ဂလော၊ပုဂ္ဂိုလ်ကို။ ဥပလဗ္ဘတိ၊ ရအပ်မည်လော။ ဝါ၊ ဉာဏ်ဖြင့်ကပ်၍ [ရောက်၍] သိအပ်မည်လော၊

အဓိပ္ပါယ်ကား။ ။အသင် ပရဝါဒီ ပုဂ္ဂိုလ်။ ဟုတ်မှန်သော သဘော, မြတ်သောသဘောအားဖြင့်- ပုဂ္ဂိုလ်ကို ရကောင်းပါ မည်လော။ဝါ၊ အမြင်မှန်ခေါ် ဉာဏ်ဖြင့် ကပ်၍ရောက်၍ ရှုစမ်း ဆင်ခြင်ခဲ့သော်၊ ပုဂ္ဂိုလ်ကို သိအပ်ပါမည်လောဟု မေးမြန်းတော် မူသည်။

ထိုသို့မေးသည် ရှိသော်။ ပရဝါဒီ ပုဂ္ဂိုလ်က-အာမန္တာ ဟု ဖြေတော်မူသည်။ အဓိပ္ပါယ်ကား။ ။အသင် သကဝါဒီ ပုဂ္ဂိုလ် ဟုတ်မှန်သောသဘော, မြတ်သောသဘော အားဖြင့် ပုဂ္ဂိုလ်ရနိုင် ပါသည် ။ဉာဏ်ဖြင့် ရှုစမ်းဆင်ခြင်ခဲ့သော်၊ ပုဂ္ဂိုလ်ကို သိနိုင်ပါ သည်ဟု ဖြေဆိုတော်မူသည်။ ထိုဖြေဆို ခြင်းသည် အမှားသာ တည်း။

ပုဂ္ဂလော ဟူသော ပါဠိတော်ကို ကထာဝတ္ထု အဋ္ဌကထာ (၁၀၃) ဗမ္မာ့မိတ်ဆွေ၌-

ပုဂ္ဂလောတိ အတ္တာ သတ္တော ဇီဝေါ၊ ။

ဟူ၍ဖွင့်ပြတော်မူသည်။

ပုဂ္ဂလောတိ၊ ပုဂ္ဂလော ဟူသည့်ကား။ဝါ၊ ပုဂ္ဂိုလ်ဆိုသည့်ကား။ အတ္တာ၊ ကိုယ်တည်း။ သတ္တော၊ သတ္တဝါတည်း။ ဇီဝေါ၊ အသက်တည်း။

ထိုသို့ဖွင့်ပြရာ၌ အဓိပ္ပါယ်ကား။ ။ပုဂ္ဂိုလ် ဆိုသည့်ကား။ ကိုယ်တည်း။ ကိုယ်ဆိုသည့်ကား သတ္တဝါတည်း။ သတ္တဝါ ဆိုသည့်ကား အသက်တည်းဟု ဆိုလိုသည်။ဤအဋ္ဌကထာအရ ပုဂ္ဂိုလ်+ကိုယ်+သတ္တဝါ+အသက်=အတူတူပင် ဖြစ်သည်ဟု သိအပ်၏။ သိရမည်။

---

ဤအဋ္ဌကထာပါဠ်ဖြင့်သာ။ပုဂ္ဂိုလ်+ကိုယ်+သတ္တဝါ+အသက်=အတူတူပင် ဖြစ်သည်ကို သိရသည် မဟုတ်သေး။ ၎င်း အဋ္ဌကထာပါဠ် (၁၂၄) ဗမ္မာ့၌လည်း-

အနတ္တာတိ အတ္တနာ ဇီဝေန ပုဂ္ဂလေန ရဟိတော ဧကော ဓမ္မောပိ ပုဂ္ဂလော နတ္ထိတိ အတ္တော။ ။

ဟူ၍ ဖွင့်ပြထားသောပါဠ်ဖြင့်လည်း သိရပါသေးသည်။

အနတ္တာတိ၊ အနတ္တာ-ဟူသည့်ကား။ ဝါ။ ကိုယ်မရှိရာ တရား ဆိုသည့်ကား။ အတ္တနာ၊ ကိုယ်မှ။ ဇီဝေန၊ အသက်မှ၊ ပုဂ္ဂလေန၊ ပုဂ္ဂိုလ်မှ။ ရဟိတော၊ ကင်းသော တရားသည်၊ ဧကမ္မောပိ၊ တခုသော တရား၌လည်း။ (တနည်း)* ဧကဓမ္မောပိ၊ တခုခုသော တရား၌လည်း။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိ။ ဣတိ-အယံ၊ ဤသည်ကား။ အတ္တော၊ အနတ္တာ-ဟူသော ပုဒ်၏ အနက်သည်။
*ဧကဓမ္မောပိ-ကို ဝိဂ္ဂဟကြံသည်။

ဤအဋ္ဌကထာပါဌ်တို့ အနက်။ အတ္တနာ ရဟိတော-ဟူသော ပါဌ်ဖြင့်။ အနတ္တာ-ဟူသောပုဒ်ကို။ န အတ္တာ-ဟု ပုဒ်ဖြတ်ရမည်ကို ပြတော်မူသည်။

ကေဝဠေပိ-ဟူသော ပါဌ်ဖြင့်။ အာဝေဍ္ဍ သတ္တမီကို ပြတော်မူသည်။

ပုဂ္ဂလော-ဟူသော ပါဌ်ဖြင့်။အတ္တ အရကို ပြတော်မူသည်။ ။ နတ္ထိဟူသော ပါဌ်ဖြင့် န-သဒ္ဒါ၏ မရှိဟူသောအနက်ကို ပြတော်မူသည်။

ဤသို့ ပြခြင်းကြောင့်-

နတ္ထိ ဧတ္ထ အတ္တာတိ အနတ္တာ။ ။

ဟူ၍ သတ္တမီ ဗဟုဗ္ဗီဟိ သမာသ် ဝိဂြိုဟ်ပြုရမည်ကိုသိအပ်၏။

ဧတ္ထ၊ ဤ-၅၇-ပါးသော တရား၌။ (တနည်း) ၅၇-ပါးသော တရားတို့ အနက်-တပါးပါးသော ဤတရား၌၊ အတ္တာ၊ ငါသည်+ ကိုယ်သည်။ နတ္ထိ၊မရှိ။ ဣတိတသ္မာ၊ ထိုသို့ ၅၇ ပါးသော တရား၌ ငါ+ကိုယ်မရှိရာ ဖြစ်သော သတ္တိကြောင့်။ သောဓမ္မော၊ ထို ၅၇-ပါးသော တရားသည်။ အနတ္တာ၊ အနတ္တ မည်၏။

(တနည်း) ဣတိတသ္မာ၊ထိုသို့ ၅၇-ပါးသော တရားတို့အနက် တပါးပါးသော တရား၌ ငါ+ကိုယ်မရှိရာ ဖြစ်သောကြောင့်။ သောဓမ္မော၊ ထို ၅၇-ပါးသော တရားတို့တွင် တပါးပါးသော တရားသည်။ အနတ္တာ၊ အနတ္တ မည်၏။ ။အနတ္တာ၊ ငါ+ကိုယ် မရှိရာ တရား။

၅၇-ပါး အရကား။ ခန္ဓာ ငါးပါး, အာယတန တဆဲ့နှစ်ပါး, ဓာတ်-တဆဲ့ ရှစ်ပါး, ဣန္ဒြေ-နှစ်ဆဲ့နှစ်ပါး အပေါင်းအရတည်း။

ရူပက္ခန္ဓာမှာလည်း ငါ+ကိုယ်+သတ္တဝါ+အသက်မရှိ စသည် ဖြင့်- ၅၇-ပါးလုံးကို အသီးအသီး သိအပ်၏ သိရမည်။ငါ+ကိုယ်+ သတ္တဝါ+အသက်မရှိလျှင် ဘာရှိသလဲဟု ဉာဏ်ဖြင့် ရှာဖွေသော်

သဘာဝ လက္ခဏာခေါ် ပစ္စတ္တလက္ခဏာသော ရှိသည်ဟု သိလာလိမ့်မည်။ သဘာဝလက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် တို့၏ အကျယ်ကို အလိုရှိပါမူ ငါတို့ ကျေးဇူးရှင် အရှင် ဦးတိက္ခိန္ဒြိယ ရေးသားအပ်သော သမုပ္ပါဒ နိရောဓဂ ကျမ်း၌ ယူပါလေ။

---

ရှေးပြစကား။ မကုန်ငြားချ်။ ယုံမှားဖို့ဟာ။မရှိရအောင်။ သူကကာပ်ရန်၊ လင်းပါးဟန်ကို။ ပေါ်လှန်တတ်ခါ ဆက်ပြပါမည်။

ဤအဋ္ဌကထာ ပါဠိ၌-အတ္တနာ ဇီဝေန ပုဂ္ဂလေန-ဟူ၍ ဖွင့်ပြရာဝယ်။ ကိုယ် ဟူသည် အသက်ပင်။ အသက် ဟူသည်-ပုဂ္ဂိုလ်ပင်ဟု သိရပါသည်။

ဧဟဓမ္မေပိ ပုဂ္ဂလော နတ္ထိ—ဟူသော နောက်ဝါကျကို ပြဆိုရာဝယ်။ အတ္တ သဒ္ဒါကို ပရိယာယ် ဖြစ်သော-ပုဂ္ဂလ-သဒ္ဒါဖြင့် ဖွင့်ပြတော်မူသည်ကိုထောက်၍ အတ္တ-သဒ္ဒါနှင့် ပုဂ္ဂလ-သဒ္ဒါတို့၏ အရ အတူတူပင် ဖြစ်ကြောင်းကို သိရပါသည်။ ထို့ကြောင့် ပုဂ္ဂိုလ်+ကိုယ်+သတ္တဝါ+အသက် တို့၏ အရသည် အတူတူပင် ဖြစ်ကြောင်းကိုလည်း သိအပ်၏။

ဤစကား၌-ကိုယ် နှင့် ငါသည်လည်း အတူတူပင်ဖြစ်၏။ ဥပမာအားဖြင့် ထင်ရှားအောင် ပြပါမည်။ လမ်းလျှောက် လာသောသူ ဘယောက်သည် မိမိ၏ မိတ်ဆွေကို တွေ့မြင်လျှင်။ ကိုယ့်လူနှင့် အခုမှဘဲ တွေ့ရတယ်။ ဘယ်ကလာသသလဲ။ ဘယ်သို့ သွားမလဲဟုဆိုစသည်ဖြင့် ပြောဆို ရာဝယ်။ ကိုယ့်လူ ဆိုသော စကားသည်။ ငါ့လူ ဆိုသော စကား အစား—ပြောဆိုခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ကိုယ်နှင့်+ငါသည် အတူတူပင် ဖြစ်သည်။

အတ္တ-ကိုယ်ဆိုသည် ကိုလည်း။ ဤ ရူပကာယ-ရုပ် အပေါင်း ကိုယ်, နာမကာယ-နာမ်အပေါင်း ကိုယ်ကို ဆိုသည်မဟုတ်။ ဤ ရူပကာယကိုယ်, နာမကာယ ကိုယ်တို့ကား ပရမတ်၏ အစွမ်း သတ္တိအားဖြင့် ထင်ရှားရှိကောင်း-ရကောင်းသော ရူပက္ခန္ဓာ,ဝေဒ နာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ သဘော တရား အပေါင်း အစုတို့ ပေတည်း။ ရူပက္ခန္ဓာကို+ရူပကာယ ကိုယ်ဟုမှတ်, နာမ်ခန္ဓာ လေးပါးကို+နာမကာယ ကိုယ်ဟုမှတ် အပ်၏။

အတ္တ-ကိုယ်ကား။ပရမတ်၏အစွမ်းသတ္တိအားဖြင့် ထင်ရှားမရှိ။ ထင်ရှား မရကောင်းလေ။ ထိုသို့ မရှိကောင်း, မရကောင်းသည် ကိုပင်။ အန္ဓဗာလ ပုထုဇဉ် တို့သည် သမ္မာဒိဋ္ဌိခေါ်-အမြင်မှန် ဉာဏ်ကို မရကြ-မရှိကြသောကြောင့်၊ ချွတ်ချော်တိမ်းပါး၊ လွဲမှား ဖေါက်ပြန်၊ အမှန်မသိ၊ မိစ္ဆာဒိဋ္ဌိ၏ အစွမ်းသတ္တိ အားဖြင့် ငါ+ ကိုယ်-ရှိနေ သည်ဟု ကြံမိကြံရာ, ယူမိယူရာ။ ကြံကြ ယူကြ, ဟောကြ, မှတ်ကြ လေသည်၊ ထိုကြံခြင်းကို (ဗာလဇန ပရိကပ္ပိတ) ဟူ၍ရင်း၊ (တိတ္ထိယပရိကပ္ပိတ) ဟူ၍ရင်း၊ အဋ္ဌကထာ, ဋီကာတို့၌ ဆို၏။

စင်စစ်အားဖြင့် သော်ကား။ ကိုယ်+ငါ မရှိလေ။ ဝါ၊ ပုဂ္ဂိုလ်+ သတ္တဝါ + ကိုယ်+ ငါ + အသက် မရှိလေ။ ထိုကြောင့် ရှင်တော် ဘုရားသည်။

သဗ္ဗေ ဓမ္မာ အနတ္တာ။ ။

ဟူ၍ ဟောတော်မူသည် (မွေပ-စသော ပါဠိတော်။)

———

## အသက်နှစ်မျိုးထူးခြားပုံကိုပြရာ။

အသက်သည်-

(၁) ပရမတ္ထအားဖြင့် ထင်ရှားရှိသောအသက်၊

(၂) ပရမတ္ထအားဖြင့် ထင်ရှားမရှိသောအသက်၊

အားဖြင့် နှစ်ပါးနှစ်မျိုးရှိရာတွင်-

(၁) ရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေဟု ခေါ်အပ်သော၊ ဝါ၊ အာယုဟု ခေါ်အပ်သော အသက်သည်။ ပရမတ္ထ အားဖြင့် ထင်ရှားရှိသော အသက်တည်း။ ရုပ်ဇီဝိတိန္ဒြေဟု ခေါ်အပ်သော အသက်သည်၊ လက်ဖျက်တတွက်ခန့် ကာလ၌ အကြိမ်ပေါင်း ကုဋေ ငါးထောင်, ရှစ်ရာကျော်-ဆက်ခါ ဆက်ခါ ဖြစ်၍ ချုပ်၏။ နာမ်ဇီဝိတိန္ဒြေ ခေါ်အပ်သော အသက်သည်ကား။ ရုပ်ဇီဝိတိန္ဒြေ အသက် ဖြစ်,ချုပ်သည်ထက် ၁၇ ဆလျင်မြန်၍ ဆက်ခါဆက်ခါ ဖြစ်၍ ချုပ်သွား၏။ ထိုကြောင့် အနိစ္စ၊အမြဲတမ်း ရှိနေသောတရား မဟုတ်ဟု ဟောတော်မူသည်။

(၂) ပရမတ္ထ အားဖြင့် ထင်ရှား မရှိသော ဇီဝဟု ခေါ်အပ်သော အသက် သည်ကား။ ဗာလဇနပရိကပ္ပိတ-အမြင်မှန် ဉာဏ်မရှိ ကုန်သော သူမိုက်တို့သည် ကြံမိကြံရာ, စိတ်ကူးမိ, စိတ်ကူးရာ ထင်မြင်ချက်သာရှိ၍ ဘာမျှမရှိလေ၊ (အခေါ် အဝေါ် သာရှိ၍ အဓိပ္ပါယ်မရှိ ဆိုလိုသည်။)

ဤကား အနက်-၂-ပါးတို့၏ အထူးကိုဝေဘန်၍ ပြခြင်းတည်း၊

---

တနည်းလည်း။ ဇီဝ·သဒ္ဒါသည် သတ္တဝါ ဟူသော အနက်ကို ဟောသေးသည်။ (ဇီဝ·သဒ္ဒါကို သတ္တဝါ-ဟု မြန်မာ ပြန်ဆို ရမည် ဆိုလိုသည်။) ထို့ကြောင့် မဟာနိဒ္ဒေသ ပါဠိတော် [၂] ဟံသာဝတီ၌-

မဗ္ဗောတိ သဗ္ဗော နရော မာနဝေါ ပေါသော ပုဂ္ဂလော ဇီဝေါ ဇာဂု ဇန္တု ဣန္ဒဂု။ (ဟိန္ဒဂူ) မနုဇော။ ။

ဟူ၍ ဟောတော်မူသည်။

မဗ္ဗောတိ၊ မဗ္ဗော-ဟူသည်ကား။ သဗ္ဗော၊သတ္တဝါ။ နရော၊ သတ္တဝါ။ မာနဝေါ၊သတ္တဝါ။ပေါသော၊သတ္တဝါ။ပုဂ္ဂလော၊သတ္တဝါ။ ဇီဝေါ၊သတ္တဝါ။ ဇာဂု၊သတ္တဝါ၊ဇန္တု၊သတ္တဝါ။ ဣန္ဒဂု၊သတ္တဝါ။ (ဟိန္ဒဂူ၊သတ္တဝါ) မနုဇော၊ သတ္တဝါ။ ။ထိုမှတပါး။ ပဇာ၊ သတ္တဝါ။

---

အနတ္တာတိ အတ္တနာ ဇီဝေန ပုဂ္ဂလေန ရဟိတော။ ။

ဟူသော ကထာဝတ္ထုအဋ္ဌကထာကို။ ဤမဟာနိဒ္ဒေသ ပါဠိတော်နှင့်ညှိသော် အတ္တ-ဆိုသည်ကား။ ဇီဝကိုဆိုသည်။ ဇီဝ-ဆိုသည်ကား ပုဂ္ဂိုလ်ကိုဆိုသည်။ ပုဂ္ဂိုလ်မှ ကင်းရာဖြစ်သောတရားသည် (ပုဂ္ဂိုလ်မပါမရှိရာဖြစ်သောတရားသည်) အနတ္တ-မည်၏ဟု ဆိုသည်ကို သိအပ်၏။ ထို့ကြောင့်ပင်လျှင်—

ကေမဗ္ဗေပိ ပုဂ္ဂလော နတ္ထီတိ အဲ့ဗ္ဗော။ ။

ဟူ၍ နောက်ဝါကျဆင့်ခါ ဖွင့်ပြပါသည်။ မြန်မာပြန် အဓိပ္ပါယ်တို့ကို။ ရှေးကပြဆိုခဲ့ပြီ။

---

ဤသို့ပြဆိုအပ်သောနည်းဖြင့်။ အတ္တမရှိသော်လည်း။အဲ့ဗာလ ပုထုဇဉ်တို့သည်—

(၁) ဘောက်ပြန်တတ်သော ရုပ်အဲ့ရ ရူပက္ခန္ဓာကို။ ငါဘဲ+ ကိုယ်ဘဲ+သတ္တဝါဘဲဟု ထင်တူထင်မှု အဲ့မြင်မှား ဒိဋ္ဌိဖြင့် ရှု၏။ (ရူပံ အတ္တတော သမနုပဿတိ။)

(၂) ခံစားတတ်သောဝေဒနာက္ခန္ဓာကို။ ငါဘဲ+ကိုယ်ဘဲ+သတ္တဝါဘဲဟု ထင်တုထင်မှု အမြင်မှားဒိဋ္ဌိဖြင့် ရှု၏။ (ဝေဒနံ အတ္တတော သမနုပဿတိ။)

(၃) ညို,ရွှေ,နီ,ဖြူ-စသော အဆင်းအမျိုးမျိုး။ အသံ,အနံ့,အရသာ, တွေ့စရာ-သိစရာ အာရုံတို့ကို မှတ်တတ်သော သညာက္ခန္ဓာကို၊ ငါဘဲ+ကိုယ်ဘဲ+သတ္တဝါဘဲဟု ထင်တုထင်မှု အမြင်မှားဒိဋ္ဌိဖြင့် ရှု၏၊ (သညံ အတ္တတော သမနုပဿတိ။)

(၄) ပြုပြင်တတ်ကုန်သော သင်္ခါရက္ခန္ဓာတို့ကို။ ငါဘဲ+ကိုယ်ဘဲ+သတ္တဝါဘဲဟု ထင်တုထင်မှု အမြင်မှား ဒိဋ္ဌိဖြင့်ရှု၏။ (သင်္ခါရေ အတ္တတော သမနုပဿတိ။)

(၅) အာရုံကို သိတတ်သော ဝိညာဏက္ခန္ဓာကို။ ငါဘဲ+ကိုယ်ဘဲ+သတ္တဝါဘဲဟု ထင်တုထင်မှု အမြင်မှားဒိဋ္ဌိဖြင့် ရှု၏။ (ဝိညာဏံ အတ္တတော သမနုပဿတိ။)

(ပထမ ပဉ္စက)

ယင်းသို့ ခန္ဓာငါးပါးတို့ကို။ ငါဘဲ+ကိုယ်ဘဲ+သတ္တဝါဘဲဟု ထင်တုထင်မှု အမြင်မှားဒိဋ္ဌိဖြင့် ရှုခြင်းသည်၊ ငါ၊ ရှုခြင်းကြောင့်။ "ဥစ္ဆေဒဒိဋ္ဌိ ငါးပါးဖြစ်တော့၏။ ထိုဥစ္ဆေဒ ဒိဋ္ဌိကို မြတ်စွာဘုရားသည် ဟောင်ကြဉ်တော်မူပြီ။ ထိုကြောင့် ကထာဝတ္ထု ပါဠိတော် ၂၇-ပင်္ဿဝတ်၌-

ခန္ဓေသု ဘိဇ္ဇမာနေသု၊သော စေ ဘိဇ္ဇတိ ပုဂ္ဂလော။
ဥစ္ဆေဒါ ဘဝတိ ဒိဋ္ဌိ၊ယာ ဗုဒ္ဓေန ဝိဝဇ္ဇိတာ ။

ဟူ၍လာရှိလေသည်။

၁။ ခန္ဓာသုံး၊ရုပ်,ဝေ,သဉ်,သင်,ဝိညာဉ်ခန္ဓာတို့သည်။ ဘိဇ္ဇမာနေသု၊ ပျက်စီးကုန်လတ်သော်၊ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ စေတိဇ္ဇတိ၊အကယ်၍ ပျက်စီးအံ့၊ ဧဝံသာဘိ၊ဤသို့ ခန္ဓာတို့ပျက်စီးကုန်လတ်သော် ပုဂ္ဂိုလ်သည်လည်း ပျက်စီးသည်ရှိသော်။ ဥစ္ဆေဒေါ၊ သတ္တဝါသေလျှင် ပြတ်တော့၏၊ နောင်တဖန် မဖြစ်တော့ပြီဟူသော ယာဒိဋ္ဌိ၊အကြင်မှားသော အမြင်သည်၊ ဝါ၊ အကြင်ဖေါက်ပြန်သောအမြင်သည်။ ဝါ၊အကြင်ဒိဋ္ဌိ ဝိပလ္လာသ,သညာဝိပလ္လာသ,စိတ္တဝိပလ္လာသတရားသည် ဘဝတိ၊ဖြစ်တော့၏။ သာဒိဋ္ဌိ၊ထိုမိစ္ဆာဒိဋ္ဌိကို။ ဗုဒ္ဓေန၊သောတာပတ္တိမဂ်ဉာဏ်တော်ဖြင့် ဒိဋ္ဌိမျိုးရုံ၊ အကုန်နှုန်တော်မူပြီးသော မြတ်စွာဘုရားသည် ပဝတ္တိတာ၊ သောတာပတ္တိမဂ်ခဏာကပင်လျှင် ရှောင်ကြဉ်တော်မူခဲ့ပြီ။(သဗ္ဗာဒိဋ္ဌိယော ဥဒ္ဒရတိဘိ ဗုဒ္ဓေါ၊ဘဂဝါ၊ ။ဥဂ္ဂရေး၌သော ရေခတ်၊ ကဲ့ပစ္စည်း။ ဝ အာဂုံ ဗုဒ္ဓါ။ ခ-ကိုချေးဘော်ပြု ဗုဒ္ဓေါ၊ပြီး။ပညာရှိတို့)

အဓိပ္ပါယ်အကျဉ်းကား။ ။ခန္ဓာနှင့် ပုဂ္ဂိုလ်အတူတူဟု ယူခြင်းကြောင့်၊ ခန္ဓာပျက်စီးက။ပုဂ္ဂိုလ်သည်လည်းပျက်စီးရာပါသွားတော့သည်သာတည်း။ ထိုကြောင့် ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်ဟု ဆိုလိုသည်။ ထိုဥစ္ဆေဒဒိဋ္ဌိကို ဘုရားမြတ်စွာသည် သောတာပတ္တိမဂ်ခဏာကပင်လျှင် ရှောင်ကြဉ်တော်မူခဲ့ပြီဟုလို။

---

၁၊ ရုပ်နှင့်သောငါကို,ရုပ်နှင့်သော ကိုယ်ကို,ရုပ်နှင့်သော သတ္တဝါကို ရှု၏၊ (ရူပဝန္တံ ဝါ အတ္တာနံ သမနုပဿတိ။)

၂။ ဝေဒနာနှင့်သောငါကို, ဝေဒနာနှင့်သောကိုယ်ကို, ဝေဒနာရှိသောသတ္တဝါကို ရှု၏။(ဝေဒနာဝန္တံ ဝါ အတ္တာနံ သမနုပဿတိ။)

၃။ သညာရှိသောငါကို, သညာရှိသော ကိုယ်ကို, သညာရှိသော သတ္တဝါကို ရှု၏။ (သညာဝန္တံ ဝါ အတ္တာနံ သမနုပဿတိ။)

၄။ သင်္ခါရတ်ရှိသော ငါကို, သင်္ခါရတ်ရှိသော ကိုယ်ကို, သင်္ခါရတ်ရှိသော သတ္တဝါကိုရှု၏။ (သင်္ခါရ ဝန္တံ ဝါ အတ္တာနံ သမနုပဿတိ။)

၅။ ဝိညာဉ်ရှိသောငါကို, ဝိညာဉ်ရှိသောကိုယ်ကို, ဝိညာဉ်ရှိသောသတ္တဝါကို ရှု၏။ (ဝိညာဏဝန္တံ ဝါ အတ္တာနံ သမနုပဿတိ။)

(ဒုတိယပဉ္စက။)

---

၁။ ငါမှာ,ကိုယ်မှာ,သတ္တဝါမှာ ရုပ်ကို ရှု၏။ (အတ္တနိ ဝါ ရူပံ သမနုပဿတိ။)

၂။ ငါမှာ,ကိုယ်မှာ,သတ္တဝါမှာ ဝေဒနာကိုရှု၏။ (အတ္တနိ ဝါ ဝေဒနံ သမနုပဿတိ။)

၃။ ငါမှာ,ကိုယ်မှာ,သတ္တဝါမှာ သညာကို ရှု၏။ (အတ္တနိ ဝါ သညံ သမနုပဿတိ။)

၄။ ငါမှာ,ကိုယ်မှာ, သတ္တဝါမှာ သင်္ခါရတ်ကိုရှု၏။ (အတ္တနိ ဝါ သင်္ခါရေ သမနုပဿတိ။)

၅။ ငါမှာ,ကိုယ်မှာ သတ္တဝါမှာ ဝိညာဉ်ကို ရှု၏၊ (အတ္တနိ ဝါ ဝိညာဏံ သမနုပဿတိ။)

(တတိယပဉ္စက။)

၁။ ရုပ်မှာ ငါကိုရှု၏။ ကိုယ်ကိုရှု၏။ သတ္တဝါကိုရှု၏။(ရူပသို့ ဝါ အတ္တာနံ သမနုပဿတိ)

၂။ ဝေဒနာမှာ-ငါကိုရှု၏။ ကိုယ်ကို ရှု၏၊ သတ္တဝါကို ရှု၏။ (ဝေဒနသို့ ဝါ အတ္တာနံ သမနုပဿတိ)

၃။ သညာမှာ ငါကိုရှု၏။ ကိုယ်ကိုရှု၏။ သတ္တဝါကို ရှု၏။ (သညသို့ ဝါ အတ္တာနံ သမနုပဿတိ)

၄။ သင်္ခါရတို့မှာ-ငါကိုရှု၏။ ကိုယ်ကိုရှု၏။ သတ္တဝါကို ရှု၏။ (သင်္ခါရေသု ဝါ အတ္တာနံ သမနုပဿတိ)

၅။ ဝိညာဉ်မှာ ငါကိုရှု၏။ ကိုယ်ကိုရှု၏။ သတ္တဝါကိုရှု၏၊ (ဝိညာဏသို့ ဝါ အတ္တာနံ သမနုပဿတိ)

(စတုက္ကပဉ္စက။)

ရှင်းပြပါဦးမည်။ ရုပ်ဘဲ+ငါ။ ငါဘဲ+ရုပ်။ ဝေဒနာဘဲ+ငါ။ ငါဘဲ+ဝေဒနာ။ သညာဘဲ+ငါ။ ငါဘဲ+သညာ။ သင်္ခါရတွေဘဲ+ငါ။ ငါဘဲ+သင်္ခါရတွေ။ ဝိညာဉ်ဘဲ+ငါ။ ငါဘဲ+ဝိညာဉ်ပဲ။ ၎င်းခန္ဓာ ငါးပါးတို့ကို ထင်တူ ထင်မျှ ရှုသော ကြောင့်။ ဝါ၊ ထင်တူထင်မျှ စွဲသောကြောင့်။ ပထမ ပဉ္စက ခန္ဓာ ငါးပါးတို့ကို ရှုနည်းကို ထင်တူဟု မှတ်အပ်၏.ဝါ၊ ထင်တူ စွဲဟု မှတ်အပ်၏။ (မီးလျှံအဆင်းဥပမာ။)

ဒုတိယ ပဉ္စက.ပြ-ခန္ဓာ ငါးပါးနှင့်သော အတ္တရှုနည်းကို နံဘေးရှု, နံဘေးစွဲဟု မှတ်အပ်၏။ (သစ်ပင်,သစ်ပင်ရိပ် ဥပမာ။)

တတိယ ပဉ္စက.ပြ-အတွင်းမှာ ခန္ဓာ ငါးပါးကို ရှုနည်းကို အောက်စွဲဟု မှတ်အပ်၏။ (ပန်းပွင့်, ပန်းအနံ့ ဥပမာ။)

စတုတ္ထ ပဉ္စကပြ-ခန္ဓာငါးပါးမှာ အတ္တရှုနည်းကို။ အထက်ဖွဲ့ ဟု မှတ်အပ်၏။ (ကြိုတ်,ပဒ္ဓူ မြား ဥပမာ)။ ။ဤဥပမာများသည် အဋ္ဌသာလိနီ,ခန္ဓဝဂ္ဂ သံယုတ်အဋ္ဌကထာများ၌ လာ၏။ ထပ်တူဖွဲ့ နှံ့ဘေးဖွဲ့။ အောက်ဖွဲ့။ အထက်ဖွဲ့-ဆိုသည် တို့ကား အာစရိယ ဝါဒတည်း။

---

ဤဒုတိယ ပဉ္စက၌ ငါးပါး, တတိယပဉ္စက၌ ငါးပါး, စတုတ္ထ ပဉ္စက၌ ငါးပါး။ ဤ ၁၅-ပါးတို့၌။ ဝါ၊ ဤ ၁၅-ပါးတို့ကို။ ခန္ဓာတို့ ပျက်စီး ကုန်သော်လည်း။ ပုဂ္ဂိုလ် သတ္တဝါသည် မပျက်မစီးဟု အမြင် မှာသော ဒိဋ္ဌိဖြင့် ရှုသော်- ယူသော်-သဿတ ဒိဋ္ဌိ ဖြစ်တော့၏။ ပုဂ္ဂိုလ်သည်လည်း အမြဲတမ်း ရှိနေသော နိဗ္ဗာန်နှင့် ထပ်တူထင်မှတ်နေတော့၏။ ထို့ကြောင့်—

ခန္ဓေသု ဘိဇ္ဇမာနေသု၊နော စေ ဘိဇ္ဇတိ ပုဂ္ဂလော။

ပုဂ္ဂလော သဿတော ဟောတိ၊နိဗ္ဗာနေန သမသမော။ ။

ဟူ၍ ကထာဝတ္ထု ပါဠိတော်၊ ပုဂ္ဂလ ကထာ (၂၇) ဟံသာဝတီ၌ လာသည်။

ခန္ဓေသု၊ရုပ်,ဝေ,သညာ,သင်,ဝိညာဉ် ခန္ဓာတို့သည်။ ဘိဇ္ဇမာနေသု၊ပျက်စီးကုန်လတ်သော်။ ပုဂ္ဂလော၊ပုဂ္ဂိုလ်သည် နောစေဘိဇ္ဇတိ၊ အကယ်၍ မပျက်စီးငြားအံ့။ ဧဝံ သတိ၊ ဤသို့ ခန္ဓာပျက်စီး သော်လည်း ပုဂ္ဂိုလ် မပျက်စီးသည် ရှိသော်၊ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ သဿတော၊ မြဲသည်ဖြစ်၍။ ဝါ၊ အခါခပ်သိမ်း ရှိသည်ဖြစ်၍။ နိဗ္ဗာနေန နိဗ္ဗာန်နှင့်။ သမသမော၊ ထင်တူထပ်မျှသည်။ (တာထပ် တည်းသည်) ဝါ၊ အလွန်တူသည်။ ဟောတိ၊ ဖြစ်တော့၏။

*သဿတောတိ သဿတကာလိကော။ မူလပဏ္ဏာသ အဋ္ဌကထာ။ ပထမသုတ်။

ယခင်ပြခဲ့သော ဥစ္ဆေဒ ဒိဋ္ဌိငါးပါး+သဿတဒိဋ္ဌိ ၁၅-ပါး တို့ကိုပေါင်းသော်။ ဒိဋ္ဌိ-၂၀ ဖြစ်၏။ ဤ ဒိဋ္ဌိ-၂၀ ကိုပင် သက္ကာယ ဒိဋ္ဌိ၂၀-ဟု ဆိုအပ်၏။

---

သမ္မုတိ သစ္စာအလို မဟုတ်ဘဲ-အန္ဓဗာလ ပုထုဇဉ်,ဂေါတမ နွယ်ဘွား မြတ်ဘုရား၏ သာသနာတော်၌ ဖြစ်သော အယူမှ- အခြားတပါး အယူရှိကုန်သော တိတ္ထိတို့သည် ကြံမိကြံရာ,ယူမိ ယူရာ မှသာဖြစ်သော ပုဂ္ဂိုလ် + သတ္တဝါ+ ကိုယ်+ငါ+အသက် သည်-အခေါ်အဝေါ်သာရှိ၍ အဓိပ္ပါယ်မရှိ၊ ဝါ၊ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် မရှိဟု-မုချဧကန်၊လှေနံထားထစ်၊မှတ်အပ်၏။

---

ဤသို့လျှင် သတ္တဝါသည် သေလျှင်ပြတ်တော့၏၊ နောင်ဘဝ သစ်၌ ဖြစ်ပေါ်မှု မရှိဟု ယူမှားသောသူအား "ဥစ္ဆေဒဒိဋ္ဌိ" ဖြစ်၏။ သတ္တဝါသည် မသေ၊မြဲ၏ဟု ယူမှားသောသူအား 'သဿတဒိဋ္ဌိ" ဖြစ်၏။ ဤသို့ ပုဂ္ဂိုလ် သတ္တဝါစွဲရှိကုန်သော သူတို့အားသာလျှင်။ သဿတ, ဥစ္ဆေဒ နှစ်ပါးတို့ အနက်။ တပါးပါး ဖြစ်တော့၏။ ပုဂ္ဂိုလ် သတ္တဝါစွဲ မရှိဘဲ။ သင်္ခါရတရား အရမှုသာ ရှိ၏ဟု မှတ်ရှု သိနားလည်ကုန်သော သူတို့အားကား။ ၎င်းဒိဋ္ဌိတို့ မဖြစ် နိုင်ပါ။ ထို့ကြောင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ (၁၆၉) သုမ္မေငတ်၌–

သဿတော နုပသတ္တေသု၊ နေ ဥစ္ဆေဒေါ၊ န သဿတော။
ဟူ၍ မိန့်အပ်၏။

သင်္ကေတ၊ သင်္ကတ၀ါ ကိုလည်း။ နုပလဿနေ့၊ မရအေပ်သည့် ၄င်းသော။ ၀ါ၊ မသိအပ်သည့်၄င်းသော။ ဥဿောဒေါ၊ ဥဿောဒဝိဋ္ဌိသည်။ နေ၀ ဥပ္ပဇ္ဇတိ၊ မဖြစ် သည်သာတည်း။ သသတံ၊ သဿတဒိဋ္ဌိ သည်လည်း။ န ဥပ္ပဇ္ဇတိ ၄၀၊ မဖြစ်သည် သာလျှင်တည်း။

---

မြတ်စွာဘုရားရှင် လက်ထက်တော်က၊ အရှင်ယမက ထေရ် သည် ပုဂ္ဂိုလ် သင်္ကတ၀ါဖွဲ့ ပယူမှား သောကြောင့် "ဥစ္ဆေဒဒိဋ္ဌိ" ဖြစ်ဘူး၏၊ အရှင်သာရိ ပုတ္တရာ မဟာ ထေရ်မြတ်က ဟောပြ ဆုံးမတော်မူပါမှ ဥစ္ဆေဒဒိဋ္ဌိ အယူမှားလည်းပျောက်, အရဟတ္တ ဖိုလ်သို့လည်း ရောက်လေတော့၏။ (ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော် (၅၇) ၈၄။ မိတ်ဆွေ၌ အကျယ်သာ၏၊

ရန်ကုန်မြို့ သခင်တောတိုက်၊ သုမေဓာကျောင်း ဆရာတော် ဘုရားကြီး တိုက်တွန်း အင်သည် ဖြစ်၍ ရေးသား အင်သော သဿတ, ဥစ္ဆေဒတို့မှ လွတ်နည်းပြီးပြီ။

---

## ၁၅-သန္တတိအမည်ကြောင်းကိုပြရာ။

အဘယ်သို့သော အကြောင်းကြောင့် နာမ်,ရုပ်တရားတို့သည် "သန္တတိ"မည်ကုန် သနည်း။ နာမ်တရားတို့ကို ဒွါရ,အာရုံဟုဆိုအပ် ကုန်သော အကြောင်းတရားတို့သည် ပြုပြင်စီရင်အင်ကုန်၏၊

ရုပ်တရားတို့ကို ကံ,စိတ်,ဥတု,အာဟာရဟု ဆိုအပ်ကုန်သော အကြောင်းတရား လေးပါးတို့သည် ပြုပြင် စီရင်အပ်ကုန်၏။

(တနည်း) နာမ်,ရုပ်တရားတို့ကို ဟေတုပစ္စည်း အစရှိကုန် သော အကြောင်းတရား ၂၄ ပါးတို့သည် ပြုပြင်စီရင်အပ်ကုန်၏။ ထိုသို့ အကြောင်းတရားတို့သည် ပြုပြင် စီရင်အပ်သောကြောင့် "သန္တတ"တို့မည်ကုန်သည်။

*ထိုသဒ္ဓါတ တရားတို့သည် သရုပ်အားဖြင့် နာမ်,ရုပ် နှစ်ပါး (တနည်း)ခန္ဓာ၀ါးပါး။ (တနည်း) နိဗ္ဗာန်ကိုချန်-ကျန်အာယတန ၁၂-ပါး။ (တနည်း) နိဗ္ဗာန်ကိုချန်-ကျန်ဓာတ် ၁၈-ပါး။(တနည်း) နိဗ္ဗာန်ကိုချန်-ကျန် ကာမ,ရူပ,အရူပ,လောကုတ္တရ ဟူသော စတုဘူမိက တရားလေးပါး။ (တနည်း) အားလုံးရုံသော စိတ်-၈၉။ စေတသိက်-၅၂။ ရုပ်-၂၈ ပါးတို့ပေတည်း။

---

## ၁၆ – သဒ္ဓါတစိဤမ်ာကို ပြရာ။

"သဒ္ဓါတ"ပုဒ်ကို သမေစ္စ သမ္မုဒ္ဒါ ပစ္စယေဟိ ကတန္တိ
သဒ္ဓါတံ။ ။

ဟူ၍ တတိယာ တပ္ပုရိသ် သမာသ်ပိဂ္ဂြိုဟ်လုပ်ရာ၏။

ယံ မွေဇာတံ၊အကြောင်း တရားသဘာဝကို။ သမေစ္စ သမ္မုဒ္ဒါ၊ အညီအညွတ်ပေါင်းဆုံ၍။ ပစ္စယေဟိ၊ အကြောင်းတရားတို့သည်။ ကတံ၊ပြုပြင်စီရင်အပ်၏။ ဣဘ်ိ တသ္မာ၊ထိုသို့ အညီအညွတ် ပေါင်းဆုံ၍ အကြောင်းတရားတို့သည် ပြုပြင် စီရင်အပ်သော သတ္တိကြောင့်။ တံမွေဇာတံ၊ထိုတရားသဘောသည်။ သဒ္ဓါတံ၊"သဒ္ဓါတ" မည်၏၊ ။သဒ္ဓါတံ၊ အညီအညွတ်ပေါင်းဆုံ၍ အကြောင်းတရားတို့သည် ပြုပြင် စီရင်အပ်သောတရားသဘော၊

ခရေပွင့်ပြထားခဲ့သောအပိုဒ်၌ ဆိုအပ်သောတရားရှကို အရကောက်ယူအပ်၏။

အဓိပ္ပါယ်ကား။ ။အညီအညွတ် ပေါင်းဆုံ၍ အကြောင်းတရားတို့သည် ပြုပြင်စီရင်အပ်သောကြောင့် (အပြု အပြင် အစီအရင်ကို ခံနေရသောကြောင့်) နာမ်, ရုပ်တရားတို့ သည်ပင် "သဒ္ဓါတ" တရားမည်ကုန်သည်ဟုလို၊

## ၁၇–အသင်္ခတမည်ကြောင်းကို ပြရာ။

အဘာယလ်သိရှိသောအကြောင်းကြောင့် နိဗ္ဗာန်သည် "အသင်္ခတ" မည်သနည်း။

ကံ,စိတ်,ဥတု, အာဟာရဟု ဆိုအပ်ကုန်သော အကြောင်းတရားတို့သည်။ မပြုပြင် မစီရင်အပ်သောကြောင့် (အပြုအပြင် အစီအရင်ကိုမခံရသောကြောင့်) နိဗ္ဗာန်သည် "အသင်္ခတ" မည်၏။

---

## ၁၈–အသင်္ခတပုဒ်ဝိဂြိုဟ်ကို ပြရာ။

အသင်္ခတံ-ပုဒ်ကို န သင်္ခတံ အသင်္ခတံ။ ။ဟူ၍ တပ္ပုရိသ်သမာသ်ဝိဂြိုဟ်ပြုရာ၏။

သင်္ခတံ၊အညီအညွတ်ပေါင်းဆုံ၍ အကြောင်းတရား တို့သည် ပြုပြင်စီရင်အပ်သောတရားသည်။ န၊မဟုတ်။ အသင်္ခတံ၊ အညီအညွတ်ပေါင်းဆုံ၍ အကြောင်းတရားတို့သည် ပြုပြင် စီရင်အပ်သော တရားမဟုတ်။ ။နိရောဓသစ္စာ နိဗ္ဗာန်ကို အရကောက်ယူအပ်၏။

အဓိပ္ပါယ်ကား။ ။အညီအညွတ် ပေါင်းဆုံ၍ အကြောင်းတရားတို့သည် မပြုပြင် မစီရင်အပ်သော,အပြုအပြင် အစီအရင်ကို မခံရသောတရားသည် "အသင်္ခတ-တရား" မည်သည် ဟူလို၊

တနည်း–

နတ္ထိ သင်္ခတံ-သင်္ခတ လက္ခဏာံ ဧတဿာတိ အသင်္ခတံ။ ။

ဟူ၍ ဝတ္ထုဇတ္ထိ ဗဟုဗ္ဗိဟ် သမာသ် ဝိဂြိုဟ်သုပ်ရာ၏။

ဖြေသာ၊ ထိုနိဗ္ဗာန်အား။ သင်္ခတံ-သင်္ခတလက္ခဏာ၊ ဥပါဒ်, ဌီ,ဘင်-ဟူသော သင်္ခတလက္ခဏာသုံးပါးသည်။နတ္ထိ၊မရှိ။ ဣတိ တသ္မာ၊ထိုသို့ ဥပါဒ်,ဌီ,ဘင် ဟူသော သင်္ခတ လက္ခဏာသုံးပါး မရှိသော သတ္တိကြောင့်။ တံပဒံ၊ ထိုနိဗ္ဗာန်သည်။ အသင်္ခတံ၊ "အသင်္ခတ"မည်၏၊

အသင်္ခတံ၊ဥပါဒ်,ဌီ,ဘင်-ဟူသော သင်္ခတလက္ခဏာသုံးပါး မရှိသောနိဗ္ဗာန်။ ။နိရောသစ္စာနိဗ္ဗာန်ကိုရ၏၊ (အမိပ္ပါယ်လွယ်၏)

သင်္ခတပုဒ်,အသင်္ခတပုဒ်တို့ကို ဤသို့ ဝိဂြိုဟ်ပြုလုပ်ရမည်ဟု ဖွင့်ပြတော်မူလိုသော အဋ္ဌကထာရှင်သည် ဣတိဝုတ် အဋ္ဌကထာ (၁၉၇) ဖမ္ဗူ၊ မိတ်ဆွေ၌—

သမေစ္စ သမ္ဘုယ ပစ္စယေဟိ ကတန္တိ သင်္ခတံ။
တထာ နသင်္ခတံ,သင်္ခတလက္ခဏာရဟိတန္တိ (စ)
အသင်္ခတန္တိ။ ။

ဟူ၍ မိန့်အပ်ပြီ။ ထိုအတူ ဥဒါန်းအဋ္ဌကထာ (၃၈၄)ဖမ္ဗူ၊ မိတ်ဆွေ၌လည်း မိန့်အပ်ပြီ၊ ဥဒါန်းအဋ္ဌကထာ အချို့မူတွင်( ) ဤလက်သည်းကွင်း အတွင်း "စ" အက္ခရာမပါမရှိလေ။ (ပါရှိမှ သင့်လျော်သည်။)

သမေစ္စ သမ္ဘုယ ပစ္စယေဟိ ကတန္တိ သင်္ခတံ။ ။ဟူသော ဝိဂြိုဟ်ပါဌ်ကို မြန်မာပြန်ခဲ့ပြီးပြီ

တထာ၊ထိုနည်း,ရုပ်တရားကဲ့ အညီအညွတ် ပေါင်းဆုံ၍ အကြောင်းတရားတို့ ပြုပြင်စီရင်အပ်သည်နှင့်အတူ၊ သင်္ခတံ၊ အညီ အညွတ်ပေါင်းဆုံ၍ အကြောင်းတရားတို့သည် ပြုပြင် စီရင်အပ် သည်။ န၊မဟုတ်၊ ဣတိတသ္မာ၊ ထိုကြောင့်လည်း။ အသင်္ခတံ၊ "အသင်္ခတ"မည်၏။ သင်္ခတလက္ခဏာရဟိတံ၊ဥပါဒ်,ဌီ,ဘင် ဟု ဆိုအပ်သော သင်္ခတ လက္ခဏာသုံးပါးမှကင်း၏။ ဣတိ တသ္မာ၊ ထိုကြောင့်လည်း။အသင်္ခတံ၊ "အသင်္ခတ"မည်၏။

(ဤကား ဣတိဝုတ်,ဥဒါန်းအဋ္ဌကထာ နှစ်ကျမ်းတို့၏ မြန်မာပြန်ပေတည်း။)

သံဝဏ္ဏေတဗ္ဗ။ ဒွိပဒကို။ဝိရဟိတ။ ရဟိတနှင့်။ အဘာဝ
သဒ္ဒါ ဖွင့်ပြရာ ကြံပါဗဟုဗ္ဗီဟိ။ ။(ပဉ္စိတ်တံ့)

ဤအဋ္ဌကထာပါဌ်တို့၌''သင်္ခတလက္ခဏ''သဒ္ဒါဖြင့်''သင်္ခတဿ လက္ခဏံ သင်္ခတလက္ခဏံ''ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ပြုလုပ်၍ ''လက္ခဏ''ဟူသောနောက်ပုဒ်ကျေသည့်၏အဖြစ်ကိုပြသည်။

**သင်္ခတဿ**၊ **သင်္ခတ**တရား၏။ လက္ခဏံ၊ မှတ်ကြောင်းတည်း။ သင်္ခတလက္ခဏံ၊သင်္ခတတရား၏ မှတ်ကြောင်း-မှတ်စရာ-မှတ်ဘို့-မှတ်ရန်။သိကြောင်း-သိစရာ-သိဘို့-သိရန်။

---

## ၁၉-သင်္ခတလက္ခဏာသုံးပါးကိုပြရာ။

**သင်္ခတ** တရားဟု မှတ်ဘို့ရန် လက္ခဏာတို့ကို မြတ်စွာ ဘုရား သည် ဤသို့ ဟောတော်မူ၏။

တီဏိ မာနိ ဘိက္ခဝေ **သင်္ခတဿ** သင်္ခတ လက္ခဏာနိ။
ကတမာနိတီဏိ ဥပ္ပါဒေါပညာယတိ ,ဝယော ပညာယတိ,
ဌိတဿ အညထတ္တံ ပညာယတိ ။ဣမာနိ ခေါ ဘိက္ခဝေ
တီဏိ **သင်္ခတဿသင်္ခတ** လက္ခဏာနိတိ၊ ။

(အင်္ဂုတ္တိုရ်ပါဠိတော်၊တိကနိပါတ် ၁၅၀-ဆဋ္ဌသံဂါယနာမူ။)

မြန်မာပြန်ကား၊ ။ဘိက္ခဝေ၊ရဟန်းတို့။ **သင်္ခတဿ**၊သင်္ခတ တရား၏။ **သင်္ခတလက္ခဏာနိ**၊ ဤကား သင်္ခတ တရားဟု မှတ် ကြောင်း(မှတ်စရာ)လက္ခဏာတို့သည်။ ဣမာနိ တီဏိ၊ဤသုံးပါးတို့ တည်း။ ကတမာနိ တီဏိ၊ အဘယ် သုံးပါးတို့ နည်းဟူမူကား။ ဥပ္ပါဒေါ၊ဖြစ်ပေါ်မှုသဘော''ဥပါဒ်''သည်၊ ပညာယတိ၊ထင်၏။ ဝါ၊ ဥပ္ပါဒေါ၊ဖြစ်ပေါ်မှုသဘော''ဥပါဒ်''ကို၊ ပညာယတိ၊ သိအပ်၏၊ ဝယော၊ပျက်စီးမှုသဘော''ဘင်''သည်၊ ပညာယတိ၊ထင်၏။ ဝါ၊ ဝယော၊ ပျက်စီးမှုသဘော''ဘင်''ကို။ ပညာယတိ၊ သိအပ်၏။

ဋ္ဌိတဿ၊ မိမိ,မိမိတို့၏ သဘောသလက္ခဏာ (သဘာဝလက္ခဏာ) အားဖြင့် ဖြစ်ပေါ် ၍တည်ရှိသော သင်္ခတ တရား၏၊ အညထတ္တံ၊ မူလပကတိသဘောနှင့်မတူ တပါးသော အခြင်းအရာ၏ အဖြစ်သည်။ ဝါ၊ ဖေါက်ပြန်တတ်သည့်၏အဖြစ်သည်၊ ဝါ၊ ရင့်ရော်မှုဇရာသည်။ ပညာယတိ ထင်၏။ ဝါ၊ မူလပကတိသဘောနှင့် မတူ တပါးသော အခြင်းအရာ၏ အဖြစ်ကို။ ဝါ၊ ဖေါက်ပြန်တတ်သည်၏ အဖြစ်ကို။ ဝါ၊ ရင့်ရော်မှု ဇရာကို။ ပညာယတိ၊ ထိုအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်၊ သင်္ခတဿ၊ သင်္ခတတရား၏။ သင်္ခတ လက္ခဏာနိ၊ ဤကား-သင်္ခတ တရားဟု မှတ်ကြောင်း (မှတ်စရာ)လက္ခဏာတို့သည်။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့တည်း၊ ဣတိ၊ ဤသို့ အာဝေါစ၊ မိန့်တော်မူ၏၊

အဓိပ္ပါယ်ကား။ ။ချစ်သားရဟန်းတို့။ သင်္ခတ တရား၏မှတ်ကြောင်း-မှတ်စရာ မှတ်ဘို့ မှတ်ရန်။ သိကြောင်း, သိစရာ-သိဘို့-သိရန် လက္ခဏာတို့သည် ''သုံးပါး'' ဖြစ်ကုန်သည်။ အဘယ်သုံးပါးတို့နည်းဟူမူကား။

၁။ ဖြစ်ပေါ်မှုဟုဆိုအပ်သော ''ဥပါဒ် လက္ခဏာ တပါး''

၂။ ပျက်စီးမှုဟု ဆိုအပ်သော ''ဘင် လက္ခဏာ တပါး''

၃။ မိမိ,မိမိတို့၏သဘောအားဖြင့် သဘာဝ လက္ခဏာ အားဖြင့်) ဖြစ်ပေါ်လာ၍ တည်ရှိနေသော သင်္ခတ တရား၏ ဖေါက်ပြန်မှုဟု ဆိုအပ်သော ''ဇရာ လက္ခဏာတပါး''

ဤသို့ ဥပါဒ်,ဇရာ,ဘင် ''သုံးပါး'' ဖြစ်ကုန်သည်-ဟူလို၊

ဤအင်္ဂုတ္တိုရ်ပါဠိတော်ကိုထောက်၍ ဤကား' သင်္ခတ တရား ဘဲ'' ဟု မှတ်ကြောင်း မှတ်စရာ မှတ်ဘို့ မှတ်ရန်၊ သိကြောင်း-သိ

စရာ-သိဘို့-သိရန် လက္ခဏာတို့သည်။ သုံးပါးဖြစ်ကုန်သည်တို့ကို သိအပ်၏။ ဥပါဒ်,ဇရာ,ဘင် သုံးပါး မကောင်းသော တရားကို။ (ဖြစ်ပေါ်မှု,ပျက်စီးမှု,ရင့်ရော်မှု)ရှိသော တရားကို "သင်္ခတ တရားဘဲ" ဟု မှတ်ကြ ဟူလို။

---

## ၂၀–လက္ခဏာနှင့် သင်္ခတအထူးကို ပြရာ။

လက္ခဏာသည် သင်္ခတ တရားမဟုတ်။ သင်္ခတ တရားသည်လည်း လက္ခဏာမဟုတ်။ လက္ခဏာဖြင့် သော်ကား။ သင်္ခတ တရားကို ပိုင်းခြားအပ်၏။ မှတ်သားအပ်၏။ ဥပမာကား။ ။ ဆင်,မြင်း,နွား,ကျွဲ စသည်တို့ကို သိဘို့ရန် တံဆိပ်ခပ်နှိပ်ထားကြရာတွင်။ ဆင်,မြင်း,နွား,ကျွဲ-စသော သတ္တဝါတို့သည် တံဆိပ်မဟုတ်ကုန်၊ တံဆိပ်တို့သည်လည်း ဆင်,မြင်း,နွား,ကျွဲ,စသော သတ္တဝါတို့ မဟုတ်ကုန်။

တံဆိပ်တို့ဖြင့်သော်ကား။ထိုဆင်တို့သည် ဤမည်သော သူ၏ ဆင်တို့တည်း၊ ဝါ၊မောင်ဖြူ၏ဆင်တို့တည်း။ထိုမြင်းတို့သည်ဤမည်သောသူ၏ မြင်းတို့တည်း။ ဝါ၊မောင်နီ၏ မြင်းတို့တည်း။ ဤမည်သောဆင်တည်း။ ဝါ၊တိုးပွါးအမည်ရှိသော ဆင်တည်း။ ဤမည်သောမြင်းတည်း။ ဝါ၊ရွှေသောင်းအမည်ရှိသော မြင်းတည်းဟု ထင်ရှားကုန်၏ သိကြရကုန်၏ ဤဥပမာအတူ သိအပ်၏။

သင်္ခတ တရားသည် ဆင်,မြင်း,ကျွဲ,နွား-စသည်နှင့်တူ၏။ တံဆိပ်သည် လက္ခဏာနှင့်တူ၏ဟု မှတ်အပ်၏။

---

## ၂၁–အသင်္ခတလက္ခဏာကို ပြရာ။

အသင်္ခတ တရား၏လည်း၊ ဤကား "အသင်္ခတတရား" ဟု မှတ်ကြောင်း (မှတ်စရာ)လက္ခဏာတို့သည် "သုံးပါးဖြစ်ကုန်၏ဟု သိစေတော်မူလိုသော မြတ်စွာဘုရားသည်–

တီဏိမာနိ ဘိက္ခဝေ အသင်္ခတဿ အသင်္ခတလက္ခဏာနိ။
ကတမာနိ တီဏိ၊ န ဥပ္ပါဒေါ ပညာယတိ၊ န ဝယော ပညာ
ယတိ၊ န ဌိတဿ အညထတ္တံ ပညာယတိ။ ဣမာနိ ခေါ
ဘိက္ခဝေ တီဏိ အသင်္ခတဿ အသင်္ခတလက္ခဏာနီတိ။

ဟူ၍ ဟောတော်မူသည်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ် ၁၅၀-ဆဋ္ဌသံဂါယနာမူ။)

မြန်မာပြန်ကား ။ ဘိက္ခဝေ၊ ရဟန်းတို့၊ အသင်္ခတဿ၊ အသင်္ခတ တရား၏။ ဝါ၊ နိဗ္ဗာန်တရား၏။ အသင်္ခတလက္ခဏာနိ၊ ဤကား အသင်္ခတတရားဟု မှတ်ကြောင်း(မှတ်စရာ)လက္ခဏာတို့သည်၊ ဝါ၊ ဤကား နိဗ္ဗာန်တရားဟု မှတ်ကြောင်း(မှတ်စရာ)လက္ခဏာတို့သည် ဣမာနိ တီဏိ၊ ဤသုံးပါးတို့တည်း။ ကတမာနိ တီဏိ၊ အဘယ်သုံးပါးတို့နည်း ဟူမူကား ။ ဥပ္ပါဒေါ၊ ဖြစ်ပေါ်မှုသဘော ဥပါဒ်သည်၊ န ပညာယတိ၊ မထင်။ ဝါ၊ ဖြစ်ပေါ်မှုသဘော ဥပါဒ်ကို။ န ပညာယတိ၊ မသိအပ်။ ဝယော၊ ပျက်စီးမှုသဘော ဘင်သည် န ပညာယတိ၊ မထင်။ ဝါ၊ ပျက်စီးမှုသဘော ဘင်ကို။ န ပညာယတိ၊ မသိအပ်။ ဌိတဿ၊ မြဲသည်၏ အဖြစ်ကြောင့် မိမိသဘော အတိုင်း တည်ရှိနေသော အသင်္ခတတရား နိဗ္ဗာန်၏။ အညထတ္တံ၊ မူလပကတိ သဘောနှင့် မတူ- တပါးသော အခြင်းအရာ၏ အဖြစ်သည်။ ဝါ၊ ဖေါက်ပြန်သည်၏ အဖြစ်သည်။ ဝါ၊ ချင့်ရော်မှုဇရာသည်။ န ပညာယတိ၊ မထင်။ ဝါ၊ မူလပကတိ သဘောနှင့် မတူ တပါးသော အခြင်းအရာ၏ အဖြစ်ကို။ ဝါ၊ ဖေါက်ပြန်သည်၏ အဖြစ်ကို။ ဝါ၊ ချင့်ရော်မှုဇရာကို။ န ပညာယတိ၊ မသိအပ်။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်။ အသင်္ခတဿ၊ အသင်္ခတတရား၏။ ဝါ၊ နိဗ္ဗာန်တရား၏ အသင်္ခတ လက္ခဏာနိ၊ ဤကား အသင်္ခတတရားဟု မှတ်ကြောင်း (မှတ်စရာ) လက္ခဏာတို့သည်။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့တည်း။ ဣတိ၊ ဤသို့၊ အဝေါစ၊ မိန့်တော်မူ၏။

အဓိပ္ပါယ်ကား။ ။ချစ်သား ရဟန်းတို့။ အသင်္ခတ တရား၏ လည်း၊ ဝါ၊ နိဗ္ဗာန် တရား၏လည်း။ ဤကား “အသင်္ခတတရားဘဲ” ဟု။ ဝါ၊ နိဗ္ဗာန် တရားဘဲဟု မှတ်ကြောင်း မှတ်စရာ,သိကြောင်း သိစရာ လက္ခဏာ တို့သည် “သုံးပါး ဖြစ်ကုန်၏။ သုံးပါးဟူသည် ကား။

(၁) ဖြစ်ပေါ်မှုဟု ဆိုအပ်သော ၁“ဥပါဒ် လက္ခဏာ မရှိခြင်း တပါး”

(၂) ပျက်စီးမှုဟု ဆိုအပ်သော ‘ဘင်လက္ခဏာ မရှိခြင်းတပါး”

(၃) မြဲသည်၏ အဖြစ်ကြောင့် မိမိသဘော အတိုင်း တည်ရှိ နေသော အသင်္ခတတရား၊ နိဗ္ဗာန်၏ ဖေါက်ပြန်မှုဟု ဆို အပ်သော ‘ဇရာလက္ခဏာမရှိခြင်းတပါး”

ဤသို့ ဥပါဒ်မရှိ, ဘင်မရှိ, ဇရာမရှိ “သုံးပါး”တို့တည်းဟူလို။

ဤ အင်္ဂုတ္တိုရ်ပါဠိတော်ကို ထောက်၍ ဤကား “အသင်္ခတ တရား နိဗ္ဗာန်တရား ဘဲဟု မှတ်ကြောင်း (မှတ်စရာ) လက္ခဏာ တို့သည် “သုံးပါး” ဖြစ်ကုန်သည် တို့ကို သိအပ်၏။ သိရမည်။ ဥပါဒ်, ဘင်, ဇရာ မရှိသော တရားကို။ ဝါ၊ ဖြစ်ပေါ်မှုမရှိ, ပျက်စီးမှုမရှိ, ရင့်ရော်မှု မရှိသော တရားကို “အသင်္ခတ တရား (နိဗ္ဗာန်တရား)ဟု မှတ်ကြလေကုန်၊

ကိလေသာ, ခန္ဓာ, ဝဋ္ဋဒုက္ခတို့၏ ချုပ်, ငြိမ်း ကင်း,ပျောက်, ပြတ်ကောက်,ကုန်,သုံးမှုတို့ကို“အသင်္ခတ တရား”(နိဗ္ဗာန်တရား) ဘဲဟု မမှတ်ကြလင့် ဟူလို။

---

## ၂၂–မဖြစ်သော သဘောလက္ခဏာရှိသောတရားသည် နိဗ္ဗာန်မည်ကြောင်းကို ပြရာ၊

ဤအသင်္ခတတရား နိဗ္ဗာန်၏ လက္ခဏာ သုံးပါးတို့ကို ပြဆို ရာ၌ပါရှိကုန်သော–

၁။ နဥပ္ပါဒေါ ပညာယတိ-ဟူသော အင်္ဂုတ္တိုရ်ပါဠိတော်၊တိက နိပါတ် (၁၅၀)ဆဋ္ဌသံဂါယနာမူ။

၂။ အသင်္ခတဿ သစ္စဿ နဥပ္ပါဒေါ ပညာယတိ။

၃။ နိရောဓ သစ္စဿ နဥပ္ပါဒေါ ပညာယတိ-ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိတော် (၂၃၅) ဇမ္ဗူ့မိတ်ဆွေ။

၄။ နိဗ္ဗာနဿ နဥပ္ပါဒေါ ပညာယတိ ဟူသော ရူပနိဒ္ဒေသ ပါဠိတော် (၈၀၆) ဟံသာဝတီတိုက်ရှိရင်း။

၅။ အတ္ထိ ဘိက္ခဝေ အဇာတံ, အဘူတံ-ဟူသော ဥဒါန်း ပါဠိတော်(၁၁၈)ဣတိဝုတ်ပါဠိတော်(၁၄၇)ဟံသာဝတီ။

၆။ အနုပ္ပါဒေါ နိဗ္ဗာနန္တိ အဘိညေယျံ-ဟူသောပဋိသမ္ဘိဒါမဂ် ပါဠိတော် (၁၁) ဇမ္ဗူ့မိတ်ဆွေ။

၇။ အပ္ပဝတ္တံ နိဗ္ဗာနန္တိ အဘိညေယျံ။

၈။ အနိမိတ္တံ နိဗ္ဗာနန္တိ အဘိညေယျံ။

၉။ အနုပပတ္တိ နိဗ္ဗာနန္တိ အဘိညေယျံ၊

၁၀။ အဇာတိ နိဗ္ဗာနန္တိ အဘိညေယျံ၊

၁၁။ ပဉ္စက္ခန္ဓေ ဇာတိ မရဏော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဇာတံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တ နိယာမံ ဩက္ကမတိ-ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်(၃၂၆) ဇမ္ဗူ့မိတ်ဆွေတိုက်ရှိရင်း၊

သဗ္ဗညု မြတ်စွာဘုရားနှင့် အရှင် သာရိပုတ္တရာ ထေရ်မြတ် တို့သည် ''မဖြစ်သော သဘော ထင်ရှားသော တရားကို သာလျှင် အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ဟူ၍ ဟောတော် မူကြကုန်သည်။

ကိလေသာ,ခန္ဓာ, ဝဋ်ဆင်းရဲတို့၏, ချုပ်, ငြိမ်း,ကင်း,ပျောက်, ပြတ်တောက်, ဂုန်, ဆုံးမှုတို့ကို အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်'' ဟူ၍ ဟောတော်မူကြကုန်ဟု ယုံမှားမရှိ သိအပ်မှတ်အပ်၏။

ပြဆိုခဲ့သော ပါဠိတော်တို့ကို နံပါတ်စဉ်အတိုင်း မြန်မာပြန်ဆိုပေအံ့။

၁။ အသင်္ခတသည၊ အသင်္ခတ တရားအသ။ ဝါ၊ နိဗ္ဗာန်တရားအား။ဥပ္ပါဒေါ၊ဖြစ်ပေါ်မှုသဘော ဥပါဒ်သည်။ နပညာယတိ၊မထင်။ ဝါ၊ ဖြစ်ပေါ်မှုသဘော ဥပါဒ်ကို။ နပညာယတိ၊မသိအပ်။

(ဤကား အင်္ဂုတ္တိုရ် ပါဠိတော်၏ မြန်မာပြန်တည်း။)

၂။ အသင်္ခတသည၊ အသင်္ခတဖြစ်သော။ သစ္စသည၊ နိဗ္ဗာန်ဟု ဆိုအပ်သော နိရောဓ သစ္စာအား၊ ဥပ္ပါဒေါ၊ ဖြစ်ပေါ်မှုသဘော သည်။ နပညာယတိ၊ မထင်. ဝါ၊ ဖြစ်ပေါ်မှုသဘော ဥပါဒ်ကို။ နပညာယတိ၊ မသိအပ်။

၃။ နိရောဓသစ္စသည၊နိဗ္ဗာန်ဟုဆိုအပ်သောနိရောဓသစ္စာအား။ ဥပ္ပါဒေါ၊ ဖြစ်ပေါ်မှုသဘော ဥပါဒ်သည်။ နပညာယတိ၊ မထင်။ ဝါ၊ ဖြစ်ပေါ်မှုသဘော ဥပါဒ်ကို။ နပညာယတိ၊မသိအပ်။

(ဤကား၂-၃ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၏ မြန်မာပြန်တည်း။)

၄။ နိဗ္ဗာနသည၊ နိဗ္ဗာန်အား။ နဥပ္ပါဒေါ ပညာယတိ) ၁-၂-၃ နံပါတ်နှင့်တူပြီ၊

(ဤကား ဓမ္မသင်္ဂဏီ ပါဠိတော်၏ မြန်မာပြန်တည်း၊)

၅။ ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ အကြောင်း တရားတို့ ကြောင့် မဖြစ်ထသော၊ အဘူတံ၊ အကြောင်းတရားတို့နှင့် ကင်း၍ မိမိ အလိုအလျောက်လည်း မဖြစ်ထသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။

အတ္တိ၊ ပချမတ္တအားဖြင့် အခါခပ်သိမ်း ရှိနေ၏။ ဝါ၊ အမြဲဘိမ်းရှိနေ ပေ၏။

(ဤကား ဥဒါန်း,ဋီကာ ဝုတ် ပါဠိတော်တို့၏ မြန်မာပြန်တည်း။)

၆။ အနုပ္ပါဒေါ၊ ဖြစ်ပေါ်မှု မရှိသော သဘော တရားသည်။ နိဗ္ဗာန်၊ "နိဗ္ဗာန်" မည်၏။ (တနည်း) အနုပ္ပါဒေါ၊ နောင်အခါ သင်္ခါရတရားတို့၏ ဖြစ်ပေါ် လာမှု မရှိခြင်း အကြောင်း ဖြစ်သော သဘောတရားသည်လည်း။ နိဗ္ဗာန်၊ "နိဗ္ဗာန်"ပင် မည်၏၊ ဋီကာ၊ ဤသို့။ အဘိဓာန်ယျ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

၇။ အပ္ပဝတ္တံ၊ ဖြစ်ပေါ်မှု မရှိသော သဘော တရားသည်။ နိဗ္ဗာန်၊ "နိဗ္ဗာန်" မည်၏။ (တနည်း) အပ္ပဝတ္တံ၊ နောင်အခါ ပဝတ္တိအခါ၌ ဖြစ်သော တရား၏ ထပ်၍ ဖြစ်ပေါ် လာမှု မရှိခြင်း အကြောင်း ဖြစ်သော သဘော တရား သည်လည်း။ နိဗ္ဗာန်၊ "နိဗ္ဗာန်"ပင် မည်၏။ ဋီကာ၊ ဤသို့၊ အဘိဓာန်ယျ၊ ထူးသော ဉာဏ် ဖြင့် သိအပ်၏။

၈၊ အနိမိတ္တံ၊ ဖြစ်ပေါ်မှုမရှိသောသဘောတရားသည်။ "နိဗ္ဗာန်၊ နိဗ္ဗာန်"မည်၏။ (တနည်း)အနိမိတ္တံ၊ နောင်အခါ ခန္ဓာငါးပါးတို့၏ ဖြစ်ပေါ် လာမှုမရှိခြင်း အကြောင်းဖြစ်သော သဘော တရား သည်လည်း နိဗ္ဗာန်၊ "နိဗ္ဗာန်"ပင်မည်၏။ပ။

၉။ အနာယူဟနံ၊ ဖြစ်ပေါ်မှု မရှိသော သဘောတရားသည် လည်း။ နိဗ္ဗာန်၊ "နိဗ္ဗာန်"မည်၏၊ (တနည်း-)အနာယူဟနံ၊ နောင်အခါ ဝိပါက်တရား၏ဖြစ်ပေါ်လာမှုမရှိခြင်းအကြောင်းဖြစ်သောသဘော တရားသည်လည်း၊ နိဗ္ဗာန်၊ "နိဗ္ဗာန်"ပင်မည်၏။ပ။

၁၀။ အဇာတိ၊ ဖြစ်ပေါ်မှုမရှိသော သဘောတရားသည်။ နိဗ္ဗာန်၊ "နိဗ္ဗာန်"မည်၏၊ (တနည်း-)အဇာတိ၊ နောင်အခါပဋိသန္ဓေ၏ ဖြစ်ပေါ်လာမှုမရှိခြင်းအကြောင်းဖြစ်သောသဘောတရားသည်လည်း။ နိဗ္ဗာန် "နိဗ္ဗာန်ပင်"မည်၏ ပ။

၁၁။ ပဋ္ဌကထွေ၊ ငါးပါးကွန်သော အပေါင်း, အစုတာရားတို့ကို။ ဧဝတ်မွေတော၊ ဖြစ်ပေါ်မှုရှိသောသဘောအားဖြင့်။ ပသင်္ဂနွော၊ မြင်လတ်သော်၊ ဝါ၊မြင်သောပုဂ္ဂိုလ်သည်။ အနုလောမိကံ၊ လောကုတ္တရာမဂ်ကိုလျော်စေတတ်သော။ ခန္တိံ၊လောကုတ္တရာမဂ်အား နှစ်သက်တတ်သော ဝိပဿနာကို။ (ပဉ္စကံဉာဏ်,ဥပစာဉာဏ်, အနုလုံဉာဏ်ကို)ပဋိလဘတိ၊ရ၏။ဝါ၊သိ၏။

ပဋ္ဌန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ အပေါင်း,အစုတာရားတို့၏။ (နိရောဓော၊ချုပ်ရာသည်။ရှေးအစဉ်အလာမြန်မာပြန်နည်း အရနိဗ္ဗါန နိရောဓ ပစ္စယ ကို ရည်ရွယ်သော် သင့်မြတ်လှပေ၏။) (နိရော ဓော၊ချုပ်ခြင်းသည်။ယခုခေတ် အချို့ပြန်ဆိုကြသည် ဆင်ခြင်ကြ၊ နိဗ္ဗာန်ပျောက်သွားပြီ) (နိရောဓော၊ ဖြစ်ပေါ်မှု မရှိရာသည်။ ဝါ၊ ဖြစ်ပေါ်မှုမရှိကြောင်းသည်။ အဋ္ဌကထာ, ဋီကာ အစောင်စောင်) အဓာဘ်၊ ဖြစ်ပေါ်မှုမရှိသော၊ နိဗ္ဗာနံ၊ "နိဗ္ဗာန်"ပေ၊ ည်း။ ဣတိ၊ ဤသို့၊ဤလို။ပဿင္တော၊မြင်လတ်သော်။ဝါ၊မြင်သောပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊မဖေါက်မပြန် မှန်ကန်သောသဘောရှိသော မိမိ၏ အခြားမဲ့၌ အကျိုးပေးသောအားဖြင့်မြဲသော လောကုတ္တရာမဂ်သို့။ ဩက္ကမတိ၊သက်ဝင်၏။ ဝါ၊ရောက်၏။

(ဤ ၆-၇-၈-၉-၁၀-၁၁-တို့ကား။ ပဋိသမ္ဘိဒါမဂ်
ပါဠိတော်တို့၏ မြန်မာပြန်တို့တည်း။)

၆။ နံပါတ်အဓိပ္ပါယ်ကား။ ။ဖြစ်ပေါ်မှု မရှိသော သဘော တရားသည်"နိဗ္ဗာန်"မည်၏။ ဤသို့ထူးသောဉာဏ်ဖြင့် သိအပ်၏ ဟု ဆိုသည်မှာ—

ဟိုရှေး,ဟိုရှေးအလွန်ဝေးစွ အစမထင် သံသရာကပင်လျှင်။ နိဗ္ဗာန်နှင့် သံသရာသည် ပြောင်းပြန်ပဋိပက္ခ ဆန့်ကျင်ဘက်အနေ အားဖြင့် ရှိလာခဲ့ကြသည်။

သံသရာကား ဖြစ်,ပျက် ဖြစ်,ပျက်နှင့် ယနေ့ တိုင်အောင် ရောက်လာခဲ့ပြီ၊ နောင်လည်း ဖြစ်,ပျက် ဖြစ်,ပျက် နှင့် သွားရဦးမည်။ ကာလသုံးပါးနှင့်ဆက်ဆံသောတရားဖြစ်၏။ဖြစ်ကြောင်းကို-

အတီတာ ဓမ္မာ,အနာဂတာ ဓမ္မာ,ပစ္စုပ္ပန္နာ ဓမ္မာ။ ။

ဟူသော ဓမ္မသင်္ဂဏီ မာတိကာပါဠိတော်ကိုထောက်၍သိအပ်၏၊ သိရမည်။

နိဗ္ဗာန်ကား မဖြစ်,မပျက်ဘဲ အမြဲတမ်းရှိနေသော သဘောတရားဖြစ်ပေသည်။ထိုကြောင့် နိဗ္ဗာန်ကို၊ ရှေးကသည်းရှိပြီ,ယခုလည်းရှိဆဲ ,နောင်အခါလည်း ရှိဦးမည် ဟူ၍ ကာလသုံးပါးဖြင့် ဝေဘန်၍မပြောဆိုအပ်ချေ၊မပြောဆိုအပ်ကြောင်းကို–

နိဗ္ဗာနံ နဝတ္တဗ္ဗံ အတီတန္တိ ပိ,အနာဂတန္တိ ပိ,ပစ္စုပ္ပန္နန္တိ ပိ။

ဟူသော ဓမ္မသင်္ဂဏီပါဠိတော် အဋ္ဌကထာကလာ၍လာသည့်ကို ထောက်၍သိအပ်၏။

နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ အတီတန္တိ ပိ၊ အတိတ်ဖြစ်သော တရားဟူ၍ ၎င်း။အနာဂတန္တိ ပိ၊အနာဂတ်ဖြစ်သောတရားဟူ၍၎င်း ပစ္စုပ္ပန္နန္တိ ပိ၊ပစ္စုပ္ပန်ဖြစ်သောတရားဟူ၍၎င်း၊ နဝတ္တဗ္ဗံ၊မဆိုအပ်, မဆိုသင့် မဆိုထိုက်,မဆိုစေခလို,မဆိုကောင်း,မဆိုရ,မဆိုလေနှင့်။

---

## ၂၂–အခါခပ်သိမ်းနိဗ္ဗာန်ရှိသည်ကိုပြရာ။

"နိဗ္ဗာန်ကား မဖြစ်,မပျက်ဘဲ အမြဲတမ်း ရှိနေသော သဘော တရားဖြစ်ပေသည်"ဆိုရာ၌–

နိဗ္ဗာနံ နိစ္စံ ဓုဝံ သဿတံ အပရိဏာမဓမ္မံ ။

ဟူသော ရူပနိဒ္ဒေသပါဠိတော် ၁၈ ဒ-ဟံသာဝတီကိုထောက်၍ တွေ့နိုင်.ထင်မှတ်အပ်၏။

## ၂၄--နိဗ္ဗာန်သည်အမြဲရှိကြောင်းကိုကထာဝတ္ထု ပါဠိတော်ဖြင့်ပြရာ။

ဤဝိသုဒ္ဓိမဂ်အဋ္ဌကထာ, မဟာဋီကာတို့ကို ထောက်၍သာ နိဗ္ဗာန်၏ အခါခပ်သိမ်းရှိနေသည်၏အဖြစ်ကို သိအပ်သည်မဟုတ်သေး။ ကထာဝတ္ထုပါဠိတော်ကိုထောက်၍လည်းသိအပ်သေး၏။

ခန္ဓေသု ဘိဇ္ဇမာနေသု၊ နော စေ ဘိဇ္ဇတိ ပုဂ္ဂလော။
ပုဂ္ဂလော သဿတော ဟောတိ၊ နိဗ္ဗာနေန သမသမော။ ။

(အရှေ့ဆောင်။)

(ကထာဝတ္ထုပါဠိတော် ၂၆-မျက်နှာလေး ဟံသာဝတီ။)

ပုဂ္ဂလောတိ အတ္တာ သတ္တော ဇီဝေါ (။အရှေ့ဆောင်။)
(ရင်းအဋ္ဌကထာ ၁၀၃-မျက်နှာ,မိတ်ဆွေ။)

ခန္ဓေသု၊ ရုပ်, ဝေ, သညာ,သင်္, ဝိညာဉ် ခန္ဓာတို့သည်။ ဘိဇ္ဇမာနေသု၊ ပျက်စီးကုန်လတ်သော်။ပုဂ္ဂလော၊ပုဂ္ဂိုလ်သည်-ငါသည်-ကိုယ်သည်-သတ္တဝါသည် အသက်သည်။ နော စေ ဘိဇ္ဇတိ၊ အကယ်၍ မပျက်စီးငြားအံ့ ဖြစ်သနည်း၊ ဤသို့ မပျက်စီးသည် ရှိသော်။ ဝါ၊ အခါခပ်သိမ်းရှိသော ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်-ငါသည်-ကိုယ်သည်-သတ္တဝါသည် - အသက်သည်၊ သဿတော၊ မြဲသည်၊ ဝါ၊ အခါခပ်သိမ်း ရှိသည်။ ဟောတိ၊ ဖြစ်နေတော့၏။တဘော၊ ထိုသို့ ဖြစ်နေသောကြောင့်။ နိဗ္ဗာနေန၊ အခါ ခပ်သိမ်း ရှိနေသော နိဗ္ဗာန်နှင့်။ သမသမော၊ အလွန်လျှင်တူသည်၊ အာပဇ္ဇတိ၊ဖြစ်ရာ၏။ (ဤကား ပါဠိတော်၏ မြန်မာပြန်တည်း)

သမသမောတိ အတိဝိယ သမော။ ။

(ရင်းကထာဝတ္ထုအဋ္ဌကထာ (၁၁၀) ဟံသာဝတီ။)

ပုဂ္ဂလောဝတိ၊ ပုဂ္ဂလော ဟူသည်ကား။ ဝါ၊ ပုဂ္ဂိုလ် ဟူသည်ကား။ အဗ္ဗာ၊ ကိုဝ်-ငါ။ သဗ္ဗော၊ သတ္တဝါ။ ဇီဝေါ၊ အသက် ပင်တည်း။ ။(ဤကား ကထာဝတ္ထု အဋ္ဌကထာ၏ မြန်မာ ပြန်တည်း)။

သမသမောတိ၊သမသမော-ဟူသည်ကား။ အဝိဗိယသမော၊ အလွန်လျှင်တူ၏။ (ရင်းပြန်တည်း)။

အဓိပ္ပါယ်ကား။ ။ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဟု ဆိုအပ်ကုန်သော ခန္ဓာတရားတို့သည် ပျက်စီး ပျောက်ပျက် ကုန် လတ်သော်လည်း။ ငါ-ကိုဝ်-သတ္တဝါ အသက်ဟု ခေါ်ဆို အပ် သော ပုဂ္ဂိုလ်သည်။ မပျက်စီး မပျောက် မပျက်ဘဲ ရှိနေခဲ့သော်။ ငါ ကိုဝ် - သတ္တဝါ - အသက်ဟု ခေါ်ဆိုအပ်သော ပုဂ္ဂိုလ်သည် မြဲနေသည် ဖြစ်တော့၏။ ထိုသို့ မြဲနေသော ပုဂ္ဂိုလ်သည်။ အခါ ခပ်သိမ်းရှိနေလေတော့၏။ ထိုသို့ အခါခပ်သိမ်း ပုဂ္ဂိုလ် ရှိနေလျှင်။ နိဗ္ဗာန်တရား သည်လည်း အခါခပ်သိမ်းရှိနေသောကြောင့်။ ပုဂ္ဂိုလ် သည် နိဗ္ဗာန်နှင့် မြဲသည်၏ အဖြစ်ဖြင့် အလွန်တရာ တူနေသည် ဖြစ်ရာ၏ ဟူလို။

---

နိဗ္ဗာန်သည် မဖြစ်, မပျက်သကဲ့သို့။ အရှင်ပရဝါဒီ၏ ပုဂ္ဂိုလ် သည်လည်း မပျက်စီးရကား၊ နိဗ္ဗာန်နှင့် အလွန်တရာ တူနေသည် ဖြစ်တော့၏ဟု ဆိုလိုသည်။ ထိုကြောင့် ရင်း ကထာဝတ္ထု အဋ္ဌ ကထာ (၁၁၈) ပံသာဝတိ၌။

ယထေဝ နိဗ္ဗာနံ နုပ္ပဇ္ဇတိ, နဘိဇ္ဇတိ၊ ဧဝံ တေ ပုဂ္ဂလောပိ သမသမောတိ။ ။(အနုဆောင်)

ဟူ၍ မိန့်အပ်ပြီ။

နိဗ္ဗာနံ၊နိဗ္ဗာန်သည်။နုပ္ပဇ္ဇတိ ယထေဝ၊ မဖြစ်သကဲ့သို့သာလျှင်၊ န ဘိဇ္ဇတိ ယထေဝ၊ မပျက်စီး သကဲ့သို့သာလျှင်။ ဧဝံ-တထာ၊

ထိုအ႑တ္ထ။ တော၊ အရှင် ပခ၀ါဒိ၏။ ပုဂ္ဂလောပိ၊ပုဂ္ဂိုလ်သည်လည်း။ တေန။ ထိုနိဗ္ဗာန်နှင့်။ သမသမော၊ အလွန်လျှင် တူမျှသည်။ အဘပဗ္ဗတိ၊ ဖြစ်ရာ၏။ ဣတိ၊ ဤတွင် 'ဂတိ အနုယောဂကထာ'' အပြီးသတ်သတည်း။

ဤကထာဝတ္ထု အဋ္ဌကထာပါဠိ တို့တွင် "နိဗ္ဗာနံ နုပ္ပဇ္ဇတိ, နဘိဇ္ဇတိ" ဟူသော ပါဠိကို ထောက်၍ နိဗ္ဗာန် တရား တော်ကို "မဖြစ်တတ်, မပျက်တတ်သော သဘော တရား" ဟူ၍ သေချာ စွာ မှတ်ယူအပ်၏ မှတ်ယူရမည်။

ထိုသို့ပြဆိုအပ်ခဲ့ ကုန်သော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ, ၎င်းမဟာ ဋီကာကြီး, ကထာဝတ္ထု ပါဠိတော်, ၎င်းအဋ္ဌကထာတို့ကိုထောက် ၍"ဖြစ်ပေါ် မှု မရှိသော သဘောတရား" ဆိုသည်ကို။ အစမထင် သံသရာကပင် "ဖြစ်ပေါ် မှုမရှိသော သဘောကိုသာ"ဆိုသည်ဟု မှတ်အပ်၏။ ကိလေသာ, ခန္ဓာ, ဝဋ္ဋဒုက္ခ တို့၏ ချုပ်, ငြိမ်း, ကင်း ပျောက်, ပြတ်တောက်, ကုန်,ဆုံးသွား၍ နောင်တဖန် ဖြစ်ပေါ်လာ မှု မရှိသော "အနုပ္ပါဒ နိရောဓ, ဓိဏာကာရ, အစ္စန္တ မနုပ္ပါဒ, အဘာဝ ပညတ် တရားကိုမူကား။ မဆိုဟု မှတ်အပ်၏။

---

## ၂၁–နိဗ္ဗာန်ဟော-အနုပ္ပါဒ သဒ္ဒါစသည်တို့၏ ဝိဂြိုဟ်ကိုပြရာ။

"အနုပ္ပါဒေါ" ဟူသောပုဒ်ကို ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ ဒုတိယ အုပ် (၃၇၃) ဇနှာ၌ မိတ်ဆွေ၌။

နတ္ထိ ဧတသာ ဥပ္ပါဒေါ,န ဝါ ဧတသ္မိံ အဓိဂတေ သင်္ခါရာနံ အာယတိံ ဥပ္ပါဒေါတိ အနုပ္ပါဒေါ နိဗ္ဗာနံ၊ ။(အခုဆောင်)

ဟူ၍ ဝိဂြိုဟ်ကို ပြဆို၏၊

ဧတဿ၊ ထိုနိဗ္ဗာန်အား။ ဥပ္ပါဒေါ၊ ဖြစ်ပေါ်မှုသည်။ နတ္ထိ၊မရှိ၊ ဣတိတသ္မာ၊ ထိုသို့ ဖြစ်ပေါ်မှု မရှိသော သဘောကြောင့်။ ဝါ၊ ထို နိဗ္ဗာန်သည်။ အနုပ္ပါဒေါ၊"အနုပ္ပါဒ" မည်၏၊

(တနည်း) ဧတသ္မိံ နိဗ္ဗာနေ၊ ထိုနိဗ္ဗာန်ကို။ အဓိဂတေ၊ ထိုးထွင်း၍ သိသည်ဖြစ်သော်။ (ဝါ၊ ထိုးထွင်း၍ သိသောကြောင့်။ ပဋိသမ္ဘိဒါ မဂ် အဋ္ဌကထာ နည်း) အာယတိံ၊ နောင်အခါ၌။ သင်္ခါရာနံ၊ သင်္ခါရတရားတို့၏။ ဥပ္ပါဒေါ၊ ဖြစ်ပေါ်မှုသည်။ နတ္ထိ၊ မရှိ၊ ဣတိ တသ္မာ၊ ထိုသို့ နိဗ္ဗာန်ကို ထိုးထွင်း၍သိသည်ဖြစ်သော်။ ဝါ၊ ထိုးထွင်း၍ သိသောကြောင့်။ နောင်အခါ သင်္ခါရ တရားတို့၏ ဖြစ်ပေါ်မှုမရှိ ကြောင်းဖြစ်သောသတ္တိကြောင့်၊ တံ၊ ထိုနိဗ္ဗာန်သည်၊ အနုပ္ပါဒေါ၊ "အနုပ္ပါဒ" မည်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ လဘတိ၊ ရအောင်၏။

အဓိပ္ပါယ်ကား။ ။ဖြစ်ပေါ်မှုမရှိသော သဘောတရားသည်။ "အနုပ္ပါဒ" မည်သည်။ (တနည်း) နိဗ္ဗာန်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍သိမြင်သော်။ ဝါ၊ ထိုးထွင်း၍သိသောကြောင့်။ နောင် အခါ သင်္ခါရတရားတို့၏ဖြစ်ပေါ်လာမှုမရှိပြီ။ ထိုသို့သင်္ခါရတရား တို့ ဖြစ်ပေါ်လာမှုမရှိကြောင်းဖြစ်သောကြောင့်လည်း "အနုပ္ပါဒ" မည်သည်ဟူလို။

---

"အနုပ္ပါဒ"၌ ဆိုပြီးသောနည်းကိုမှီ၍ "အပ္ပဝတ္တံ"စသည် တို့ ကိုလည်း။ ဤသို့ပြုရာ၏။

(၇) နတ္ထိ ဧတသ္မိံ ပဝတ္တံ, နဝါ ဧတသ္မိံ အဓိဂတေ ပဝတ္တာနံ အာယတိံ ပဝတ္တနံ အပ္ပဝတ္တံ။

(၈) နတ္ထိ ဧတသ္မိံ နိမိတ္တံ, နဝါ ဧတသ္မိံ အဓိဂတေ နိမိတ္တာနံ အာယတိံ နိမိတ္တိတိ အနိမိတ္တံ။

(၉) နတ္ထိ ဧတသ္မိံ ဥပါယာသော, နဝါ ဧတသ္မိံ အဓိဂတေ ဥပါယာသာနံ အာယတိံ ဥပါယာသိတိ အနုပါယာသံ။

(၁၀) နတ္ထိ ဧတသ္မိံ ဇာတိ, နဝါ ဧတသ္မိံ အဓိဂတေ ဇာတိယာ အာယတိံ ဇာတီတိ အဇာတိ။

"အပ္ပဝတ္တံ"စသော လေးပုဒ်တို့၏ ဝိဂြိုဟ်မြွန်မာပြန် အဓိပ္ပါယ်ကို၊ အနုပ္ပါဒ၌ဆိုအပ်ပြီးသောနည်းကိုမှီ၍သိအပ်၏။(ပဋိသမ္ဘိဒာဘိ)

---

၁၁။ နံပါတ်အဓိပ္ပါယ်ကား။–

ခန္ဓာငါးပါး (အစေပါင်းအခု)တရားတို့ကို ဖြစ်ပေါ်မှု ရှိသော သင်္ခတတရားဟူ၍ ဉာဏ်အစွမ်းကုန် မြင်လတ်သော်၊ ဝါ။မြင်သော ယောဂီပုဂ္ဂိုလ်သည်။ပရိကံ,ဥပစာ,အနုလုံ-ခေါ် အနုလောမိက ခန္တီဉာဏ်ကိုရ၏။ သိ၏။ ပြောင်းပြန် ဆန့်ကျင်ဘက်အားဖြင့်။ ခန္ဓာငါးပါး(အစေပါင်းအရတရား)တို့၏ဖြစ်ပေါ်မှု မရှိရာ ဖြစ်ပေါ်မှု မရှိကြောင်း တရားသည်ကား။ 'မဖြစ်သောအသင်္ခတ အဓာတ နိဗ္ဗာန်တည်း''ဟု ဒိဋ္ဌမြင်ရသော်။ ပစ္စက္ခမြင်ရသော်။ဝါ။မြင်သော ယောဂီပုဂ္ဂိုလ်သည်။ လောကုတ္တရာမဂ်သို့ သက်ဝင်၏။ လောကုတ္တရာမဂ်သို့ ရောက်၏ဟု ဆိုလိုသည်။

ဤပဋိသမ္ဘိဒါမဂ် ပါဠိတော်ဖြင့် မဂ်တရားဖြစ်ပေါ်ပုံကိုပြတော်မူသည်။

(က) နိဗ္ဗာန်မမြင်။မဂ်မဝင်။မှတ်လျှင်ဤပါဠိ။ ။(အရဆောင်။)

(ခ) နိဗ္ဗာန်မြင်မှ'မဂ်ဝင်ရ။မှတ်ကြ ဤပါဠိ။ ။

(ဂ) မဂ်သို့ဝင်လျှင်။ပြောင်းပြန်မြင်။မှတ်လျှင် ဤပါဠိ။ ။

(ဃ) ပြောင်းပြန်မမြင်၊မဂ်မဝင်။မှတ်လျှင် ဤပါဠိ။ ။

တော ၄၀.တို့တွင်"အနတ္တတော သုညတော" နှစ်ပါးတို့ကို ချန်ထား၍ ကျန် ၃၈-တော ပါဠိတော်တို့ဖြင့်။ပြောင်းပြန်ဆန့်ကျင်ဘက်ရှုကြဟူလို။ မြင်၏ဟူလို။ "အနတ္တတော,သုညတော" တို့ဖြင့်ကား။ ပဋိပက္ခ ဆန့်ကျင်ဘက်မရှုရ၊အဘယ်သို့ရှုရမည်နည်း၊ အဘယ်သို့ မြင်ရမည်နည်း။

ခန္ဓာငါးပါးကို"အနတ္တ-သတ္တဝါမဟုတ်"ဟု ရှုလျှင်။ မြင်လျှင်။ "နိဗ္ဗာန်"ကိုမြတ်သော သဘောတရားဟူ၍ ရှုရမည်။ မြင်ရမည်။

ခန္ဓာငါးပါးကို"သူညသတ္တဝါမှ သုဉ်း၏"ဟုရှုလျှင်။မြင်လျှင်။ "နိဗ္ဗာန်"ကိုသင်္ခါရ တရားတို့မှ သုဉ်းသော တရား, မြတ်သော တရားဟု ရှုရမည်။မြင်ရမည်။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်,ရင်းအဋ္ဌကထာတို့အလို။

---

## ၂၆ ရာဂက္ခယအမျိုးမျိုးကိုရှင်းပြချ။

အသင်္ခတသုတ် စသည်၌ ပါဝင်သော"ရာဂက္ခယော" ပုဒ်အမျိုးမျိုးကိုရှင်းပြချက်။

"ရာဂက္ခယော"ပုဒ်ကို။ ရာဂ-တပုဒ်။ ခယ တပုဒ် ဟူ၍ နှစ်ပုဒ် ခွဲရမည်။ရာဂ ပုဒ်ကို-

(၁) ရဇ္ဇတိတိ ရာဂေါ။ ။

ဟူ၍ ကတ္တုသာဓနကိုတ်ပိပြုပ်ပြု။ ။အနက်သိရန် မြန်မာ ပြန်ကား။ ။ယောသဘာဝေါ၊ အကြင် သဘောတရားသည်၊ ရဇ္ဇတိ၊ရုပါရုံစသည်တို့၌ တပ်တတ်၏။ ရဇ္ဇတိ-တဆွဲ၊ ထိုသို့ ရုပါရုံ စသည်တို့၌ တပ်တတ်သော သဘောကြောင့်။ သောသဘာဝေါ၊ ထိုသဘောတရားသည်။ ရာဂေါ၊"ရာဂ"မည်၏၊ ။ရာဂေါ၊ရုပါရုံ စသည်တို့၌ တပ်တတ်သော သဘောတရား(လောဘ စေတသိက် ကို ရ၏၊)

စွန်း-ခွဲ-တပ်၊ဤစကားသုံးလုံး အဓိပ္ပါယ်ကို အတူတူဟု မှတ် ရာ၏၊

ဥပမာကား အဝတ်ကို ဆိုးဆေး,ဆိုးရည်တို့ဖြင့် ဆိုးသော အခါ အဝတ်၌ ဆိုးဆေး,ဆိုးရည် စွန်းသည်ကို 'စွဲ'သည်ဟု ဆို

သည်။ စွဲ·သည်ကိုပင်"တပ်"သည်ဟု ဆိုသည်။ ထိုအတူ ရူပါရုံ စသည်တို့၌ လောဘတရားသည် အာရုံပြုသောအခါနေဖြင့် ရောက်၍ စွန်းသည်။စွန်းသည်ကိုပင်"စွဲ"သည်။ စွဲ·သည်ကိုပင်"တပ်"သည် ဟု ဆိုရလေသည်။ ထို့ကြောင့် "လောဘ"ကိုပင် "ရာဂ"ဟူ၍ ဝေဝုစ်ပရိယာယ်စကားလှယ်အားဖြင့် ဟောတော်မူလေသည်။

---

(၂) တနည်း။ ။ရဇ္ဇန္တိ သတ္တာ ဧတေနာတိ ရာဂေါ။

ဟူ၍ ကရဏသာဓနနက်ဝိဂြိုဟ်ပြု၊ ။ဧတေန၊ ထိုသဘော တရားဖြင့်။သတ္တာ၊သတ္တဝါတို့သည်။ ရဇ္ဇန္တိ၊ ရူပါရုံစသည်တို့၌တပ် တတ်ကုန်၏။ ဣတိ တသ္မာ ထိုသို့သတ္တဝါတို့ရူပါရုံစသည်တို့၌ တပ် ကြောင်းဖြစ်သော သတ္တိကြောင့်။ သောသဘာဝေါ၊ ထိုသဘော တရားသည်။ ရာဂေါ၊"ရာဂ"မည်၏။ ။ရာဂေါ၊သတ္တဝါတို့ ရူပါရုံ စသည်တို့၌ တပ်ကြောင်း သဘောတရား၊ ။(လောဘ စေတ သိက်ကိုပင်ရ၏။)

တပ်ကြောင်း ဆိုသည်ကား။ တပ်ဖို့ အကြောင်း-တပ်ရန် အကြောင်းဟူသည်ကို ဆိုသည်။

---

(၃) တနည်း။ ။ရဇ္ဇနံ ရာဂေါ။ ။

ဟူ၍ ဘာဝသာဓန ကိတ် ဝိဂြိုဟ်ပြု၊ ။ရဇ္ဇနံ၊ တပ်ခြင်း။ ရာဂေါ၊တပ်ခြင်း။ (လောဘစေတသိက်ကိုပင်ရ၏)၊ ။တပ်ခြင်း-တပ်မှု-တပ်တာ၊ ဤစကားသုံးခွန်း အတူတူ။ ။ဤသို့လျှင်"ရာဂ" သဒ္ဒါသည် တပ်တတ်, တပ်ကြောင်း, တပ်ခြင်း အားဖြင့်(၃)မျိုး ရှိလေသည်၊ တပ်တတ်, တပ်ကြောင်း, တပ်ခြင်း (၃)မျိုး တို့ကို ကွဲပြားအောင် သေချာစွာ မှတ်ရမည်၊ သို့မှသာလျှင် စာကြည့် စာဘတ်လျှင်နားလည်မည်၊

ရာဂ ပုဒ်ပြီးပြီ။

"ခယ" သဒ္ဒါသည်ကား။

(၁) မပ္ပကၡယ၊
(၂) အခရပဟာဒ္ဒကၡယ၊
(၃) နိမ္မာနကၡယ၊
(၄) ဘင်္ဂကၡယ၊
(၅) အနုပ္ပါဒကၡယ၊

အားဖြင့် ငါးမျိုး တို့ကို အဋ္ဌကထာ, ဋီကာ တို့၌ပြဆိုကြကုန်သည်။ ထိုငါးမျိုးတို့အနက် မဂ်ကိုဟောသော "ခယ" သဒ္ဒါကို-

(၁) က-ခီယတေ (ခီယတေ)ခေပေတိ ခယော။ ။

ဟူ၍ ကတ္တုသာဓန ကိတ်ပိုင်ပြု။ ။ယောမဂ္ဂေါ။အကြင်အရိယမဂ်သည်။ ခီယတေ (ခီယတေ) ခေပေတိ၊ ကုန်စေတတ်၏၊ ဍာတိတဗ္ဗာ၊ ထိုသို့ ကုန်စေတတ်သော သဘောကြောင့်။ သောမဂ္ဂေါ၊ ထိုအရိယ မဂ်သည်၊ ခယော၊ "ခယ" မည်၏။ ခယော၊ ကုန်စေတတ်သောမဂ်၊ ။(မဂ်လေးပါးကိုရ၏။)

ဤနည်းကား။ ကထာဝတ္ထု အဋ္ဌကထာ,သိသက္ခန်ဋီကာသစ်။ မူလပဏ္ဏာသဋီကာတို့ကို မှီ၍ဆိုသော နည်းတည်း။

(၁) ခ-တနည်းကား။ ။ခိယတိ ဧတေနာတိ ခယော။ ။

ဟူ၍ ကရဏ သာဓန ကိတ်ပိုင်ပြု။ ။ဧတေန၊ထို အရိယမဂ်ဖြင့်။ ခိယတိ၊ ကုန်၏။ ဍာတိတဗ္ဗာ၊ ထိုသို့ ကုန်ကြောင်းဖြစ်သော သဘောကြောင့်။ သောမဂ္ဂေါ၊ ထိုအရိယမဂ်သည်၊ ခယော၊ "ခယ" မည်၏။

ခယော၊ ကုန်ကြောင်း ဖြစ်သောမဂ်။ ။(မဂ်လေးပါးကိုပင်ရ၏။)

ဤနည်းကား။ သာရတ္ထဒီပနီဋီကာ, ယသိလက္ခန်ဋီကာဟောင်း, ၎င်းဋီကာသစ်, မူလပဏ္ဏာသဋီကာတို့ကိုမှီ၍ ဆိုအပ်သောနည်းတည်း။

(၁) ဂ-တနည်း။ ။ဝိယတိ ဧတ္ထာတိ ခယော။ ။

ဟူ၍ အဓိကရဏ သာဓန ကိတ် ဝိဂြိုဟ်ပြု။ ။ဧတ္ထ၊ ဤ အရိယမဂ်၌၊ ဝိယတိ၊ ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ကုန်ရာ ဖြစ်သော သဘ္ဘိကြောင့်။ သောမဂ္ဂေါ၊ ထိုအရိယ မဂ်သည်။ ခယော၊ "ခယ" မည်၏။

ခယော၊ ကုန်ရာဖြစ်သောမဂ်။ ။(မဂ်လေးပါးကိုပင် ရ၏။) ဤနည်းကား သဒ္ဒနိတိ ဓာတုမာလာကိုမှီ၍ဆိုသောနည်းတည်း။

(၁) မဂ္ဂကျွယ ပြီးပြီ။

---

(၂) အရဟတ္တကျွယ။ ။အရဟတ္တဖိုလ်ကို ဟောသော ခယသဒ္ဒါကိုကား။

ဝိယတိ ဧတ္ထာတိ ခယော။ ။

ဟူ၍ အဓိကရဏ သာဓန ကိတ်ဝိဂြိုဟ်ပြု၊ ။ဧတ္ထ၊ ဤ အရဟတ္တ ဖိုလ်၌။ ဝိယတိ၊ ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ကုန်ရာ ဖြစ်သော သဘ္ဘိကြောင့်။ တံ၊ ထိုအရဟတ္တဖိုလ်သည်၊ ခယော၊ "ခယ" မည်၏။

ခယော၊ ကုန်ရာဖြစ်သောဖိုလ်။ ။(အရဟတ္တဖိုလ်ကိုရ၏။) သဒ္ဒနိတိ ဓာတုမာလာကိုမှီသည်။

(၂) အရဟတ္တကျွယ ပြီးပြီ။

---

(၃) က-နိမ္မာနကျွယ။ ။နိဗ္ဗာန်ကိုဟောသော "ခယ" သဒ္ဒါကိုကား။

ဝိယာဘိ ဧတေနာတိ ခယော၊

ဟူ၍ ကရဏ သာဓန ကိတ်ဝိဂြိုဟ်ပြု။ ။ဧတေန၊ ထိုနိဗ္ဗာန်ဖြင့်။ ဝါ၊ ထိုနိဗ္ဗာန်ကြောင့်။ ဝိယတိ၊ ကုန်၏။ ဣတိတသ္မာ၊ ထိုသို့

ကုန်ကြောင်းဖြစ်သော သတ္တိကြောင့်၊ တံ၊ထိုနိဗ္ဗာန်သည်။ ခယော၊ "ခယ"မည်၏။

ခယော၊ကုန်ကြောင်းဖြစ်သောနိဗ္ဗာန်။ ။(အသင်္ခတဓာတ်နိဗ္ဗာန်ကိုရ၏။

(၃) ခ-တနည်း။ ။ခိယတိ ဧတ္ထာတိ ခယော။

ဟူ၍ အဓိကရဏာ သာဓန ကိတ်ပိုင်ပြု။ ။ဧတ္ထ၊ဤနိဗ္ဗာန်၌။ ခိယတိ၊ကုန်၏။ ဇာတိတဏှာ၊ထိုသို့ ကုန်ရာဖြစ်သော သတ္တိကြောင့်။ တံ၊ ထိုနိဗ္ဗာန်သည်။ ခယော၊ "ခယ" မည်၏။ ခယော၊ ကုန်ရာ ဖြစ်သော နိဗ္ဗာန်။ ။(အသင်္ခတဓာတ် နိဗ္ဗာန်ကိုပင်ရ၏။) နေဒ္တိ, သဒ္ဒနီတိကိုမှီသည်။

(၃) နိဗ္ဗာနကၡယပြီးပြီ။

---

(၄) ဘင်္ဂကၡယ။ ။ဘင်ချုပ် ချုပ်၍ကုန်ခြင်း-ကုန်မှု-ကုန်တာကို ဟောသော "ခယ" သဒ္ဒါတို့ကား။

ခယနံ ခယော။ ။

ဟူ၍ ဘာဝသာဓန ကိတ်ပိုင်ပြု။ ။ခယနံ၊ ကုန်ခြင်း။ ခယော၊ကုန်ခြင်း။ကုန်ဆဲ-ပျက်ဆဲဘင်ခဏ ကြိယာပရမတ်ကိုရ၏။

(၄) ဘင်္ဂကၡယ ပြီးပြီ။

---

(၅) အနုပ္ပါဒကၡယ။ ။နောင်အခါ ဆက်လက်၍ ဖြစ်ပေါ်လာမှုမရှိသော ကုန်ခြင်းကို ဟောသော"ခယ"သဒ္ဒါကိုကား၊

ခယနံ ခယော ။

ဟူ၍ ဘာဝသာဓနကိတ် ပိုင်ကိုပင်ပြု။ ။ခယနံ၊နောင်အခါ ဖြစ်ပေါ်လာမှု မရှိသော ကုန်ခြင်း။ ခယော၊ နောင်အခါ ဖြစ်ပေါ်

လာမှုမရှိသော ကုန်ခြင်း။ နောင်အခါ ဆက်လက်၍ ဖြစ်ပေါ် လာမှု မရှိခြင်းဟု ဆိုအပ်သော ကုန်ခြင်း အဘာဝပညတ်ကိုရ၏၊

မှတ်ချက်။ ။သဘာဝ ဟူသည်ကား။ ပရမတ္ထ အားဖြင့် ထင်ရှားရှိသော တရားတည်း။ ဝါ၊ တရားကိုယ် ရကောင်းသော တရားတည်း။

အဘာဝ-ဟူသည်ကား။ ပရမတ္ထ အားဖြင့် လုံးဝမရှိ-ဘာမျှ မရှိသော တရားတည်း။ ဝါ၊ တရားကိုယ် မရ ကောင်းသော တရားတည်း။

ရှိ ပရမတ်၊မရှိ-ပညတ်။ မှတ်အပ်နှစ်ပါးသာ။

(၅) အနုပ္ပါဒက္ခယ ပြီးပြီ၊

---

ဤသို့လျှင် "ခယ" သဒ္ဒါသည်—

(၁) ကုန်စေ တတ်သော "မဂ္ဂက္ခယ" ကုန်ကြောင်း ဖြစ်သော ။"မဂ္ဂက္ခယ" ကုန်ရာဖြစ်သော"မဂ္ဂက္ခယ"

(၂) ကုန်ရာဖြစ်သော "အရဟတ္တက္ခယ"

(၃) ကုန်ရာဖြစ်သော "နိဗ္ဗာနက္ခယ" ကုန်ကြောင်း ဖြစ်သော "နိဗ္ဗာနက္ခယ"

(၄) ကုန်ခြင်း-ချုပ်ခြင်း-ကုန်ဆဲ- ချုပ်ဆဲ"ဘင်္ဂက္ခယ"

(၅) နောင်အခါ ဆက်လက်၍ ဖြစ်ပေါ် မှု မရှိသော ကုန်ခြင်း "အနုပ္ပါဒက္ခယ"ဝဲ၏ အပြားအားဖြင့် ငါးမျိုးရှိလေသည်၊

---

ဤသို့ အသီးအသီး ဝိဂြိုဟ် ပြုပြီးနောက်၊ ရာဂ-ပုဒ်နှင့် ခယပုဒ်ကို၊

(၁)က- ရာဂံ ခယော ရာဂက္ခယော- ဟု ဒုတိယ တပ္ပုရိသ် သမာသ် ဝိဂြိုဟ်ပြု။ ဘူမိံ ဂတော ဘူမိဂတော— ကဲ့သို့တည်း။ ။ရာဂံ၊ တပ်တတ်သော ရာဂကို။

ခယော၊ ကုန်စေတတ် သည့်တည်း။ ရာဂက္ခယော၊ တပ်တတ်သော ရာဂကို ကုန်စေတတ်သည်။

(၁) ခ- တနည်း။ ရာဂံ၊ တင်ကြောင်း ရာဂကို၊ ခယော၊ ကုန်စေတတ် သည့်တည်း။ ရာဂက္ခယော၊ တပ်ကြောင်း ရာဂကို ကုန်စေတတ်သည်။

(၁) ဂ- တနည်း။ ။ရာဂံ၊တပ်ခြင်းရာဂကို ခယော၊ကုန်စေတတ်သည်တည်း၊ ရာဂက္ခယော၊ တပ်ခြင်းရာဂကို ကုန်စေတတ်သည်။

ရာဂ-၃-နည်းနှင့် ခယ ပထမနည်းတွဲသည်။

---

+တနည်း။ ။ရာဂဿ ခယော ရာဂက္ခယော၊ ။ဟု ဆဋ္ဌီ တပ္ပု ရိသ် သမာသ်တွဲ၊

(၁`+ရာဂဿ၊ တပ်တတ်သော ရာဂ၏၊ ခယော၊ ကုန်ကြောင်းတည်း။ ရာဂက္ခယော၊ တပ်တတ်သော ရာဂ၏ ကုန်ကြောင်း။

(၂)+ရာဂဿ၊ တင်ကြောင်းရာဂ၏။ ခယော၊ ကုန်ကြောင်းတည်း၊ ရာဂက္ခယော၊တင်ကြောင်းရာဂ၏ ကုန်ကြောင်း။

(၃)+ရာဂဿ၊ တပ်ခြင်း ရာဂ၏။ ခယော၊ကုန်ကြောင်းတည်း။ ရာဂက္ခယော၊တပ်ခြင်းရာဂ၏ ကုန်ကြောင်း။

ရာဂ-၃-နည်းနှင့် ခယ ဒုတိယနည်းတွဲသည်၊

---

*တနည်း။ ။ရာဂဿ ခယော ရာဂက္ခယော၊ ။ဟု ဆဋ္ဌီ တပ္ပုရိသ် သမာသ် ဝိဂြိုဟ်ပြု။

*(၁) ရာဂဿ၊ တပ်တတ်သော ရာဂ၏။ခယော၊ကုန်ရာတည်း။ ရာဂက္ခယော၊ တပ်တတ်သော ရာဂ၏ ကုန်ရာ၊

*(၂) ရာဂဿ၊ တပ်ကြောင်း ရာဂ၏၊ ခယော၊ ကုန်ရာတည်း။
ရာဂက္ခယော၊ တပ်ကြောင်း ရာဂ၏ ကုန်ရာ။

*(၃) ရာဂဿ၊ တပ်ခြင်း ရာဂ၏၊ ခယော၊ ကုန်ရာတည်း။
ရာဂက္ခယော၊ တပ်ခြင်းရာဂ၏ကုန်ရာ။

ရာဂ-၃-နည်းနှင့် ခယ တဝိယနည်းတွဲသည်။
မဂ္ဂရာဂက္ခယ ၉ နည်းစလုံး၌ မဂ်လေးပါးကိုချည်းရ၏။
မဂ္ဂရာဂက္ခယပြီးပြီ။

---

အရဟတ္တရာဂက္ခယသည် ခရေပွင့်ပြထားခဲ့သော ပုဒ်တို့နှင့် တူပြီ။ ၃-နည်းစလုံး၌ အရဟတ္တဖိုလ်ကိုချည်းရ၏။

အရဟတ္တရာဂက္ခယပြီးပြီ။

---

နိဗ္ဗာနရာဂက္ခယသည် ကြက်ခြေပြထားခဲ့သောပုဒ်တို့နှင့်တူပြီ။ ၃-နည်းစလုံး၌ နိဗ္ဗာန်ကိုချည်းရ၏။

နိဗ္ဗာနရာဂက္ခယပြီးပြီ။

---

ဘင်္ဂရာဂက္ခယကို။ ။ရာဂဿ ခယော ရာဂက္ခယော။ ။ဟု ဆဋ္ဌီ တပ္ပုရိသ်သမာသ်တွဲ၊

(၁) ရာဂဿ၊ တပ်တတ်သော ရာဂ၏၊ ခယော၊ ကုန်ခြင်းတည်း။ ရာဂက္ခယော၊ တပ်တတ်သော ရာဂ၏ ကုန်ခြင်း-ပျက်ခြင်း။

(၂) ရာဂဿ၊ တပ်ကြောင်းရာဂ၏။ ခယော၊ ကုန်ခြင်းတည်း။ ရာဂက္ခယော၊ တပ်ကြောင်း ရာဂ၏ ကုန်ခြင်း-ပျက်ခြင်း။

(၃) ရာဂသ၊ တပ်ခြင်းရာဂ၏။ ခယော၊ ကုန်ခြင်းတည်း။ ရာဂက္ခယော၊ တပ်ခြင်းရာဂ၏ ကုန်ခြင်း ပျက်ခြင်း။

၃-နည်းစလုံး၌ ကုန်ဆဲ- ပျက်ဆဲ ဘင်္ဂခဏ ပရမတ်ကို ရ၏။ ရာဂ ၃-နည်းနှင့် ခယ ကို တွဲသောနည်းတည်း။

ဘင်ရာဂက္ခယပြီးပြီ။

---

အနုပ္ပါဒရာဂက္ခယကို။ ။ရာဂသ ခယော ရာဂက္ခယော ဟု ဆိုမှ တပ္ပုရိသ်သမာသ်တွဲ၊

(၁) ရာဂသ၊ တပ်တတ်သောရာဂ၏၊ ခယော၊ နောင်အခါ ဖြစ်ပေါ်မှုမရှိဘဲ ကုန်ခြင်း။ ရာဂက္ခယော၊ တပ်တတ်သော ရာဂ၏ နောင်အခါ ဖြစ်ပေါ်မှု မရှိဘဲ ကုန်ခြင်း။

(၂) ရာဂသ၊ တပ်ကြောင်းရာဂ၏။ ခယော၊ နောင်အခါ ဖြစ်ပေါ်မှုမရှိဘဲ ကုန်ခြင်း။ ရာဂက္ခယော၊ တပ်ကြောင်းရာဂ၏ နောင်အခါဖြစ်ပေါ်မှုမရှိဘဲ ကုန်ခြင်း။

(၃) ရာဂသ၊ တပ်ခြင်းရာဂ၏၊ ခယော၊ နောင်အခါ ဖြစ်ပေါ်မှု မရှိဘဲ ကုန်ခြင်း။ ရာဂက္ခယော၊ တပ်ခြင်းရာဂ၏ နောင်အခါ ဖြစ်ပေါ်မှုမရှိဘဲ ကုန်ခြင်း၊

၃-နည်းစလုံး၌ နောင်အခါ ရာဂ၏ ဖြစ်ပေါ်သာမှုမရှိဘဲ ကုန်ခြင်း အဘာဝပညတ်ကိုရ၏၊

ရာဂ ၃-နည်းနှင့် ခယကို တွဲသည်၊

အနုပ္ပါဒ ရာဂက္ခယ ပြီးပြီ၊

ရာဂက္ခယ ငါးမျိုး ၂၁ နည်း ပြီးပြီ၊

---

တနည်း။ ။ရာဂက္ခယော ဟူသောပုဒ်ကို ဤသို့လည်း ဝိဂြိုဟ် ပြုကောင်းသေး၏၊

(၁) မဂ္ဂရာဂက္ခယကို-

ရာဂံ ဝိဒေဘတိ(ဝိဒေဘာတိ)ခေပေတိတိ ရာဂက္ခယော ။ ။

ဟု ကဆ္ဆုသာခနက်တ်ဝိဂ္ဂဟ်ပြု၊ ။ယောမဂ္ဂေါ၊ အကြင်အရိယာမဂ်သည်။ ရာဂံ၊တပ်တတ်သော ရာဂကို၊ ဝါ၊တပ်ကြောင်းရာဂကို။ ဝါ၊တပ်ခြင်းရာဂကို။ ဝိဒေဘတိ (ဝိဒေဘာတိ)ခေပေတိ၊ ကုန်စေတတ်၏။ ဣတိတသ္မာ၊ထိုသို့တပ်တတ်သော ရာဂကို။ ဝါ၊ တပ်ကြောင်း ရာဂကို။ ဝါ၊တပ်ခြင်းရာဂကို ကုန်စေတတ်သော သတ္တိကြောင့်၊ သောမဂ္ဂေါ၊ထိုအရိယာမဂ်သည်။ ရာဂက္ခယော၊ "ရာဂက္ခယ"မည်၏။

ရာဂက္ခယော၊ တပ်တတ်သော ရာဂကို။ ဝါ၊ တပ်ကြောင်း ရာဂကို။ ဝါ၊တပ်ခြင်းရာဂကို ကုန်စေတတ်သောမဂ်။(မဂ်လေးပါးကို ရ၏။)

ရာဂ ၃-နည်းနှင့် ခယ ပထမနည်းတွဲသည်။

---

တနည်း။ ။မဂ္ဂရာဂက္ခယကို -

ရာဂေါ ခိယတိ ဧတေနာတိ ရာဂက္ခယော။ ။

ဟု ကရဏ သာခနက်တ်ဝိဂ္ဂဟ်ပြု။ ။ဧတေန၊ထိုအရိယာမဂ်ဖြင့်။ ရာဂေါ၊ တပ်တတ်သော ရာဂသည်။ ဝါ၊တပ်ကြောင်းရာဂသည်။ ဝါ၊တပ်ခြင်းရာဂသည်။ ခိယတိ၊ ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ တပ်တတ်သော ရာဂ၏၊ ဝါ၊တပ်ကြောင်းရာဂ၏။ ဝါ၊ တပ်ခြင်းရာဂ၏ ကုန်ကြောင်းဖြစ်သောသတ္တိကြောင့်။ သောမဂ္ဂေါ၊ ထိုအရိယာမဂ်သည်၊ ရာဂက္ခယော၊ "ရာဂက္ခယ"မည်၏။ ။

ရာဂက္ခယော၊တပ်တတ်သော ရာဂ၏။ ဝါ၊တပ်ကြောင်းရာဂ၏။ ဝါ၊တပ်ခြင်းရာဂ၏ ကုန်ကြောင်းဖြစ်သောမဂ်။ ။(မဂ် ၄-ပါးကို ရ၏။)

ရာဂ ၃-နည်းနှင့် ခယ ဒုတိယတွဲသည်။

တနည်း။ ။မဂ္ဂရာဂက္ခယကို–

* ရာဂေါ ဝိယာဂ် ဋ္ဌေဘတိ ရာဂက္ခယော၊ ။

ဟု အဋ္ဌကထာ သာနေဘိတ်ဝိဂြိုဟ်ပြု။ ။ဋ္ဌေ၊ ဤအရိယမဂ်၌ ရာဂေါ၊တပ်တတ်သော ရာဂသည်၊ ဝါ၊တပ်ကြောင်းရာဂသည်၊ ဝါ တပ်ခြင်းရာဂသည်။ ဝိယတိ၊ကုန်၏။ ဋ္ဌတိတသ္မာ၊ထိုသို့တပ်တတ်သောရာဂ၏။ ဝါ၊တပ်ကြောင်းရာဂ၏၊ ဝါ၊တပ်ခြင်းရာဂ၏ ကုန်ရာဖြစ်သော သတ္တိကြောင့်။ သောမဂ္ဂေါ၊ ထိုအရိယမဂ်သည်၊ ရာဂက္ခယော၊ 'ရာဂက္ခယ''မည်၏။ ရာဂက္ခယော၊တပ်တတ်သော ရာဂ၏။ ဝါ၊တပ်ကြောင်းရာဂ၏။ ဝါ၊တပ်ခြင်းရာဂ၏ ကုန်ရာဖြစ်သော မဂ်။ ။(မဂ် ၄-ပါးကို ရ၏။)

ရာဂ ၃-နည်းနှင့် ခယ တတိယနည်းတွဲသည်။

မဂ္ဂရာဂက္ခယ ပြီးပြီ။

---

ဝိအရဟတ္တရာဂက္ခယကို–

ရာဂေါ ဂိယတိ ဋ္ဌေဘတိ ရာဂက္ခယော၊ ။

ဟု အဋ္ဌကထာ သာနေဘိတ် ဝိဂြိုဟ်ပြု။ ။ဋ္ဌေ၊ ဤ အရဟတ္တဖိုလ်၌။

ကုန်အလုံးစုံသော စကားသည် ခရေပွင့် ပြထားသောပုဒ်နှင့် တူပြီ။

ရာဂက္ခယော၊ဘင်တတ်သောရာဂ၏ ဝါ၊တပ်ကြောင်းရာဂ၏၊ ဝါ၊ တပ်ခြင်းရာဂ၏ ကုန်ရာ အရဟတ္တဖိုလ်၊ ။၃-နည်းစလုံး၌ အရဟတ္တဖိုလ်ကိုချည်းရ၏၊

အရဟတ္တ ရာဂက္ခယပြီးပြီ။

နိဿယ ရာဂက္ခယကို–

(၁) ရာဂေါ ခိယတိ ဧတေနာတိ ရာဂက္ခယော။ ။ ဟု ကရဏ သာဓန ပြု၍ သမ်။

(၂) တနည်း။ ။ရာဂေါ ခိယတိ ဧတ္ထာတိ ရာဂက္ခယော။ ။ ဟု အဓိကရဏ သာဓန ပြု၍ သမ်။

၁။ ဧတေန၊ ထိုနိဿယကြောင့်။ ဝါ၊ ထိုနိဿယကြောင့်။ ရာဂေါ၊ တပ်တတ်သော ရာဂသည်။ ဝါ၊ တပ်ကြောင်းရာဂသည်။ ဝါ၊ တပ်ခြင်း ရာဂသည်။ ခိယတိ၊ ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ တပ်တတ်သော ရာဂ၏၊ ဝါ၊ တပ်ကြောင်းရာဂ၏၊ ဝါ၊ တပ်ခြင်းရာဂ၏ကုန်ကြောင်း ဖြစ်သော သဘောကြောင့်။ တံ၊ ထိုနိဿယသည်။ ရာဂက္ခယော၊ "ရာဂက္ခယ"မည်၏။

ရာဂက္ခယော၊ တပ်တတ်သော ရာဂ၏ ဝါ၊ တပ်ကြောင်းရာဂ၏။ ဝါ၊ တပ်ခြင်းရာဂ၏ ကုန်ကြောင်းဖြစ်သော နိဿယ။

၃ နည်းစလုံး၌ အသသ်တနိဿယ်ကိုချည်း ရ၏။

---

၂။ ဧတ္ထ၊ ဤနိဿယ၌။ ရာဂေါ၊ တပ်တတ်သောရာဂသည်။ ဝါ၊ တပ်ကြောင်းရာဂသည်၊ ဝါ၊ တပ်ခြင်းရာဂသည်၊ ခိယတိ၊ ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့တပ်တတ်သော ရာဂ၏။ ဝါ၊ တပ်ကြောင်းရာဂ၏။ ဝါ၊ တပ်ခြင်းရာဂ၏ ကုန်ရာဖြစ်သောသဘောကြောင့်။ တံ၊ ထိုနိဿယသည်။ ရာဂက္ခယော "ရာဂက္ခယ" မည်၏။

ရာဂက္ခယော၊ တပ်တတ်သော ရာဂ၏၊ ဝါ၊ တပ်ကြောင်း ရာဂ၏။ ဝါ၊ တပ်ခြင်းရာဂ၏ ကုန်ရာဖြစ်သော နိဿယ။

၃–နည်း စလုံး၌ နိဿယ်ကိုချည်း ရ၏။

နိဿယရာဂက္ခယ ပြီးပြီ။

ဘဂ်ရာဂက္ခယကို–

ရာဂဿ ခယော ရာဂက္ခယော။ ။

ဟု ဆဋ္ဌီ တပ္ပုရိသ် သမာသ် ၀ိဂြိုဟ်ပြု။

ရာဂဿ၊ တင်တတ်သော ရာဂ၏။ ဝါ၊ တင်ကြောင်း ရာဂ၏။ ဝါ၊ တင်ခြင်း ရာဂ၏၊ ခယော၊ ကုန်ခြင်း–ပျက်ခြင်းတည်း။ ရာဂက္ခယော၊ တင်တတ်သော ရာဂ၏။ ဝါ၊ တင်ကြောင်း ရာဂ၏ဝါ၊ တပ်ခြင်း ရာဂ၏ကုန်ခြင်း ပျက်ခြင်း။

၃– နည်းစလုံး၌ ကုန်ဆဲ ပျက်ဆဲ ဘင်ခဏပရမတ်ကိုချည်း ရ၏၊

ဘဂ်ရာဂက္ခယ ပြီးပြီ။

---

အနုပ္ပါဒ ရာဂက္ခယကို–

ရာဂဿ ခယော ရာဂက္ခယော။ ။

ဟု ဆဋ္ဌီတပ္ပုရိသ် သမာသ် ၀ိဂြိုဟ်ပင်ပြု။

ရာဂဿ၊ တင်တတ်သော ရာဂ၏၊ ဝါ၊ တင်ကြောင်း ရာဂ၏။ ဝါ၊ တင်ခြင်းရာဂ၏။ ခယော၊ နောင်အခါ ဖြစ်ပေါ်မှု မရှိသော ကုန်ခြင်း။ ရာဂက္ခယော၊တင်တတ်သော ရာဂ၏။ဝါ၊တင်ကြောင်း ရာဂ၏၊ ဝါ၊ တင်ခြင်း ရာဂ၏ နောင်အခါ ဖြစ်ပေါ်မှု မရှိသော ကုန်ခြင်း။

၃–နည်းစလုံး၌ ရာဂ၏ နောင်အခါ ဖြစ်ပေါ်မှု မရှိသော ကုန်ခြင်းဟု ဆိုအပ်သော အဘာဝပညတ် (ဘာမှတရားကိုယ် မရှိသောပညတ်) ကိုချည်း ရ၏၊

၃ နည်း, ၃ နည်း ဆိုရာတိုင်း၌ (၁) တင်တတ်သော ရာဂ (၂) တင်ကြောင်းရာဂ (၃) တင်ခြင်းရာဂကို ဆိုသည်။

ဤသို့လျှင် "ရာဂက္ခယ" သဒ္ဒါသည်–

၁။ ရာဂကို ကုန်စေတတ်သောမဂ်, ရာဂ၏ ကုန်ကြောင်း ဖြစ်သောမဂ်, ရာဂ၏ကုန်ရာဖြစ်သောမဂ်ဟု ဆိုအပ်သော "မဂ္ဂရာဂက္ခယ"

၂။ ရာဂကုန်ရာ အရဟတ္တဖိုလ်ဟု ဆိုအပ်သော "အရဟတ္တရာဂက္ခယ"

၃။ ရာဂ ကုန်ရာ, ကုန်ကြောင်းဟု ဆိုအပ်သော "နိဗ္ဗာနရာဂက္ခယ"

၄။ ရာဂ၏ကုန်ဆဲ ပျက်ဆဲဟု ဆိုအပ်သော "ဘင်္ဂရာဂက္ခယ"

၅။ ရာဂ၏ နောင်အခါ ဖြစ်ပေါ်လာမှုမရှိသော ကုန်ခြင်းဟု ဆိုအပ်သော "အနုပ္ပါဒရာဂက္ခယ"တို့၏ အပြားအားဖြင့် ငါးမျိုး ရှိသော်လည်း။ ဤအသင်္ခတသုတ်ပါဠိတော်၌ကား။ ဝါ၊ ဤအသင်္ခတ သံယုတ်ပါဠိတော် ဝိဘင်းပါဠိတော်, တို့၌ကား "ရာဂကုန်ရာ, ကုန်ကြောင်း နှစ်မျိုးကိုသာ ယူအပ်ပေသည်။ အဘယ်ကြောင့် နည်းဟူမူကား။ နိဗ္ဗာန်ကို ပြဆိုအပ်သော အရာဌာန ဖြစ်သော ကြောင့်ပေတည်း။

ရာဂက္ခယပုဒ်အဆုံးအဖြတ်ပြီးပြီ။

---

ဒေါသက္ခယ,မောဟက္ခယ-ပုဒ်တို့ကိုလည်း–

(၁) ဒုဿတီတိ ဒေါသော။ ။ကတ္တုသာဓနပြု။

(၂) ဒုဿန္တိ ဧတေနာတိ ဒေါသော။ ။ကရဏသာဓနပြု။

(၃) ဒုဿနံ ဒေါသော။ ။ဘာဝသာဓနပြု။

---

(၁) မုယှတီတိ မောဟော။ ။ကတ္တုသာဓနပြု။

(၂) မုယှန္တိ ဧတေနာတိ မောဟော။ ။ကရဏသာဓနပြု။

(၃) မုယှနံ မောဟော။ ။ဘာဝသာဓနပြုရာ၏။

၁။ ။ယော သဘာဝေါ၊ အကြွင်သဘော တရားသည်။ ဒုသတိ၊ ပြစ်မှားတတ်၏၊ ဣတိ တသ္မာ၊ ထိုသို့ ပြစ်မှားတတ်သော သဘ္ဘောကြောင့်။ သော သဘာဝေါ၊ ထိုသဘောတရားသည်၊ ဒေါသော၊ "ဒေါသ" မည်၏။ ။ဒေါသော၊ ပြစ်မှားတတ်သောသဘောတရား။ ။ဒေါသစေတသိက်ကို ရ၏။

၂။ ။ဧတေန၊ ထိုသဘောတရားဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ဒုဿန္တိ၊ ပြစ်မှားတတ် ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ သတ္တဝါတို့ ပြစ်မှားကြောင်း ဖြစ်သော သဘ္ဘောကြောင့်။ သော သဘာဝေါ၊ ထိုသဘော တရားသည်။ ဒေါသော၊ "ဒေါသ"မည်၏။

ဒေါသော၊ သတ္တဝါတို့ ပြစ်မှားကြောင်း ဖြစ်သော သဘောတရား။ ။ဒေါသစေတသိက်ကိုပင် ရ၏။

၃။ ။ဒုဿနံ၊ ပြစ်မှားခြင်း။ ဒေါသော၊ ပြစ်မှားခြင်း။ ။ဒေါသစေတသိက်ကိုပင် ရ၏၊

ဒေါသပြီးပြီ။

---

၁။ ။ယော သဘာဝေါ၊ အကြွင်သဘောတရားသည်။ မုယှတိ၊ တွေဝေတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ တွေဝေတတ်သော သဘ္ဘောကြောင့်။ သော သဘာဝေါ၊ ထိုသဘောတရားသည်၊ မောဟော၊ "မောဟ" မည်၏၊ ။မောဟော၊ တွေဝေတတ်သော သဘောတရား၊ ။မောဟ စေတသိက်ကို ရ၏။

၂။ ။ဧတေန၊ ထိုသဘောတရားဖြင့်၊ သတ္တာ၊ သတ္တဝါတို့သည်။ မုယှန္တိ၊ တွေဝေတတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ သတ္တဝါ

တို့ တွေ့ဝေကြောင်း ဖြစ်သော သဘောကြောင့်။ သော သဘာဝေါ၊ ထိုသဘောတရားသည်။ မောဟော၊ "မောဟ" မည်၏။

မောဟော၊ သဗ္ဗာဝါတို့ တွေ့ဝေကြောင်း တရား။ ။ မောဟ-စေတသိက်ကိုပင် ရ၏။

၃။ ။မုယှနံ၊ တွေ့ဝေခြင်း။ မောဟော၊ တွေ့ဝေခြင်း။ ။ မောဟစေတသိက်ကိုပင် ရ၏။

ကျန်သော စကား တို့ကို 'ရာဂက္ခယ" ပုဒ်၌ ဆိုခဲ့ပြီးသော နည်းကိုမှီ၍ ကြံကြကုန်, သိကြကုန် ရာသည်။ ရာဂက္ခယ-ပုဒ်ကို သဘောကျလျှင်။ 'ဒေါသက္ခယ, မောဟက္ခယ" ပုဒ်တို့ကိုလည်း သဘောကျလေတော့သည်သာ။ ရာဂက္ခယ ဒေါသက္ခယ, မောဟက္ခယ ၃) ပုဒ်စလုံးတို့၌ ဝိဂ္ဂဟ်ပေါင်း (၁၃၆) တချဉ့်သုံးဆဲ့ ခြောက်ပုဒ်တို့ ဖြစ်ကုန်၏။

---

ဤ "ခယ" သဒ္ဒါကို "ရာဂ" သဒ္ဒါနှင့်တွဲသော် "ရာဂက္ခယ" ဖြစ်၏၊

"ဒေါသ"သဒ္ဒါနှင့် တွဲသော် "ဒေါသက္ခယ"ဖြစ်၏။

"မောဟ"သဒ္ဒါနှင့်တွဲသော်"မောဟက္ခယ"ဖြစ်၏။

| | | |
|---|---|---|
| တဏှာ | + | တဏှာက္ခယ |
| ဥပါဒါန | + | ဥပါဒါနက္ခယ |
| ဘဝ | + | ဘဝက္ခယ |
| ဇာတိ | + | ဇာတိက္ခယ |
| ဂတိ | + | ဂတိက္ခယ |
| ဝဋ္ဋ | + | ဝဋ္ဋက္ခယ |

| | | |
|---|---|---|
| အာသဝ | + | အာသဝက္ခယ |
| သံယောဇန | + | သံယောဇနက္ခယ |
| နန္ဒီ | + | နန္ဒိက္ခယ |
| ဒုက္ခ | + | ဒုက္ခက္ခယ |
| ကမ္မ | + | ကမ္မက္ခယ |
| ဇီဝိတ | + | ဇီဝိတက္ခယ" ဖြစ်၏။ |

ဤသို့စသည်ဖြင့် များပြားလှ၏။

---

ဤမျှလောက် ကျယ်ဝန်းစွာ "ရာဂက္ခယ ဒေါသက္ခယ,မောဟက္ခယ" တို့ကို အမျိုးမျိုး ဝေဘန်၍ ပြဆိုရ ခြင်းသည်။ အချို့သူတို့၏ နိဗ္ဗာန်နှင့်စပ်သော စကားကို ရေးသား, ဟောပြောကြရာ၌ ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့နှင့် မညီမညွတ် ချုတ်ချော်တိမ်းပါး လွဲမှား ဖေါက်ပြန် မမှန်မကန် ချက်များကို မြင်ရ ကြားရသဖြင့် ဆင်ခြင်၍ ရေးသား, ဟောပြကြရန် ယူကြ, မှတ်ကြရန် အကျယ်ပြဆိုရခြင်း ဖြစ်ပေသည် (ဝေဘန်ပြီးမှ ရေးကြ,ဟောကြပါဟုလို။)

အဘယ်သို့ ချွတ်ချော်နေသနည်း ဟူမူကား။ တဏှာ ကုန်တာ နိဗ္ဗာန်ဘဲ။ ကိလေသာ ကုန်ဘာ နိဗ္ဗာန်ဘဲ။ ဝတ်ဆင်းရဲ ကုန်တာ နိဗ္ဗာန်ဘဲ ဟူ၍ ချွတ်ချော်နေကြလေသည်။ ထိုသို့ချွတ်ချော်နေခြင်းသည် "ခယ" သဒ္ဒါကို စွဲ၍ ခယ-ဆိုတာ "ကုန်တာ" ဘဲဟု အမှတ်ထား၍ ချွတ်ချော်နေကြလေသည်။

(ကုန်ဘာ-ကုန်မှု-ကုန်ခြင်း၊ ဤစကား(၃)ခွန်းသည် အဓိပ္ပါယ် အတူတူပင်တည်း။

(တနည်း) ကိလေသာ ငြိမ်းတာ နိဗ္ဗာန်ဘဲ။ ခန္ဓာ ငြိမ်းတာ နိဗ္ဗာန်ဘဲ။ မီး (၁၁) ပါး ငြိမ်းတာ နိဗ္ဗာန်ဘဲ ဝဋ်ဆင်းရဲ ငြိမ်းတာ

နိဗ္ဗာန်ဘဲဟူ၍ ချွတ်ချော်နေကြလေသည်၊ ထိုသို့ ချွတ်ချော်နေခြင်းသည် "နိဗ္ဗာန-သဒ္ဒါ၊ သန္တိ-သဒ္ဒါ၊ နိဗ္ဗုတိ-သဒ္ဒါတို့ကိုစွဲ၍ နိဗ္ဗာန-ငြိမ်းတာ။ သန္တိ၊ ငြိမ်းတာ။ နိဗ္ဗုတိ၊ ငြိမ်းတာ-ဟု အမှတ်ထား၍ ချွတ်ချော်နေကြလေသည်။

(ငြိမ်းတာ၊ ငြိမ်းမှု၊ ငြိမ်းခြင်း၊ ဤစကား (၃) ခွန်းသည်လည်း အဓိပ္ပါယ်အတူတူပင်တည်း)

(တနည်း) တဏှာချုပ်တာ နိဗ္ဗာန်ဘဲ။ ကိလေသာ ချုပ်တာ နိဗ္ဗာန်ဘဲ။ ခန္ဓာချုပ်တာ နိဗ္ဗာန်ဘဲ၊ ဝဋ်ဆင်းရဲချုပ်တာ နိဗ္ဗာန်ဘဲ ဟူ၍ ချွတ်ချော်နေကြလေသည်၊ ထိုသို့ ချွတ်ချော် နေခြင်းသည်။ နိရောဓ သဒ္ဒါကိုစွဲ၍ နိရောဓ-ချုပ်တာဟု မှတ်ထား၍ ချွတ်ချော်နေကြလေသည်။

(ချုပ်တာ၊ ချုပ်မှု၊ ချုပ်ခြင်း။ ဤစကား (၃) ခွန်းသည်လည်း အဓိပ္ပါယ် အတူတူပင်ဖြစ်၏။)

---

## ၂၇-ပရမတ္ထတရားတို့အား ဘာဝသာဓနကိုသာ မှချရသည်ကို ရှင်းပြရေး။

အဘယ်ကြောင့် ဤသို့-ဤလို ချွတ်ချော် နေကြသနည်း ဟူမူကား၊ ပရမတ္ထ တရားတို့အား၊ ဘာဝသာဓန ဝိဂ္ဂြိုဟ်ကို ပြုမှသာလျှင် "မှချ" ရနိုင်သည် ကတ္တုသာဓန၊ ကရဏ သာဓန ဝိဂ္ဂြိုဟ်ကို ပြုသော်၊ မှချမရနိုင်၊ ဟင်စာခေါ်ဝေါ် အင်သော "ဥပစာ" ကိုသာ ရနိုင်သည်ဟု ဋီကာကျော် ကျမ်းပြုဆရာတော် ဆိုအင်သော စကားကို ကိုးကား၍ ချွတ်ချော် နေကြလေသည်။

ထိုဋီကာကျော် ဆရာမြတ်သည် ဖြစ်ပေါ်မှုရှိသော ပရမတ္ထ တရားတို့အားသာ။ ဘာဝသာဓနဝိဂ္ဂြိုဟ်ကိုဆိုသည်ဟု မှတ်အင်၏၊ ဖြစ်ပေါ်မှုမရှိသော သဘော ပရမတ္ထတရား အသင်္ခတ နိဗ္ဗာန်

အဘေးကား၊ ဘာဝသာဓနေ ဝိဂ္ဂဟ်ကို ခိုသည့်ဟု မမှတ်အပ်ပေ၊ ထိုကြောင့်ပင်လျှင် ဋီကာကျော်ဆရာဖြစ်သည့်ဋီကာကျော်ကျမ်း စိတ်ပိုင်းအဖွင့်၌–

ယထာပစ္စယံ ပဝတ္တမာနာနံ သဘာဝ မေ်တော၊ ဝေဇ္ဇာ ကတ္တွာ သဒ္ဒသဒ္ဒိ ပရမတ္ထမ္မာနံ ဘာဝသာဓနမေဝ နိပ္ပရိယာယတော လဗ္ဘတိ။ ။ဟူ၍ရှင်း။

အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာ၊ အဘိဓမ္မာဝတာရ ဋီကာသစ် စိတ်ပိုင်းအဖွင့်၌လည်း–

ယထာပစ္စယံ ပဝတ္တမာနမေဝတံ "ယဒိဒံ သဘာဝ မ္မေဘဝါဘိ၊ဝေဇ္ဇ ကတ္တွာ သဒ္ဒသဒ္ဒိ စိတ္တ စေတသိက ဓမ္မာနံ ဘာဝသာဓနမေဝ နိပ္ပရိယာယတော လဗ္ဘတိ။

ဟူ၍ရှင်း။ မိန့်တော်မူပြီ။

(၁) အဘိဓမ္မတ္ထ ဘာဝနီဋီကာ ဋီကာကျော်ကျမ်းကို၊ အရှင် သုမင်္ဂလသာမိပြုသည်။

(၂) အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာ-အဘိဓမ္မာဝတာရ ဋီကာ သစ်ကိုလည်း ငှင်းဆရာပင်ပြုသည်၊

မြန်မာပြန်ကား။ ဟိ-ယသ္မာ၊အကြင်ကြောင့်။ ယဒိဒံ-သော အယံ သဘာဝမ္မော၊ အကြင် ပရမတ္ထ သဘောတရားမည် သည်၊ အတ္တိ၊နှိ၏၊ ဧတံ ဧသော သဘာဝ မ္မော၊ ထိုပရမတ္ထ သဘောတရားသည်၊ ယထာပစ္စယံ၊မိမိ,မိမိတို့၏ အကြောင်းအား လျော်စွာ၊ ပဝတ္တမာနမေဝ၊ ဖြစ်ခြင်းမှုသည်သာလျှင်၊ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ထိုကြောင့်၊ စိတ္တနမတ္တံ စိတ္တံ၊ စိန္တနမတ္တံ စိတ္တံ-ဟူ၍၊ ဘာဝသာဓနေ၊ ဘာဝသာဓနေ ဝိဂ္ဂဟ်ကို၊ ဂဏှံ၊သုံးအပ်၏။ ဝေဇ္ဇကတ္တာ-ရှုတ်တတ္တာ၊ ထိုကြောင့်၊ သဒ္ဒသဒ္ဒိ၊ အလုံးရုံလည်း

ဖြစ်ကုန်သော။ ပရမတ္ထဓမ္မာနံ၊ ပရမတ္ထတရားတို့အား။ ဘာဝ သာဓနမေဝ၊ ဘာဝသာဓနဝိဂြိုဟ်ကိုသာလျှင်။ နိပ္ပရိယာယတော၊ ဥပစာ မဟုတ် မုချအားဖြင့်။ လဗ္ဘတိ၊ ရအပ်၏။ ။(ဤကား ဋီကာကျော်ပါဌ်၏ မြန်မာပြန်တည်း။)

ဟိ-ယသ္မာ၊အကြင်ကြောင့်။ယဒိဒံ ယော အယံ သဘာဝဓမ္မော နာမ၊အကြင် ပရမတ္ထသဘောတရားမည်သည်။ အတ္ထိ၊ရှိ၏။ ဧတံ ဧသော သဘာဝဓမ္မော၊ ထိုပရမတ္ထသဘောတရားသည်၊ ယထာ ပစ္စယံ၊မိမိ မိမိတို့၏ အကြောင်းအားလျော်စွာ၊ ပဝတ္တိမတ္တမေဝ၊ ဖြစ်ခြင်းမျှသည်သာလျှင်။ ဟောတိ ဖြစ်၏။ဣတိတသ္မာ၊ထိုကြောင့်။ ဝိဇ္ဇမာနမတ္တဒီပနတော အကာရကဘာဝေန၊ ဝိဇ္ဇမာနမတ္တဒီပန တော အကာရကဘာဝံ-ဟူ၍။ ဝုတ္တံ၊ဆိုအပ်၏။ ။ဝိဇ္ဇမာနမတ္တ ဒီပနတော၊ ထင်ခြင်းမျှကိုပြခြင်းကြောင့်။ အကာရကဘာဝံ၊ပြုလုပ် စီမံပေးတတ်သော သတ္တဝါမဟုတ်သည်၏အဖြစ်ကို။ ဒီပေတိ၊ ပြ၏။ ဧဝဥ္စကတွာ-ဣတိတသ္မာ၊ထိုကြောင့်။ သဗ္ဗေသမ္ပိ၊ အလုံးစုံသည်း ဖြစ်ကုန်သော။ စိတ္တစေတသိကဓမ္မာနံ၊စိတ်,စေတသိက်တရားတို့ အား။ ဘာဝသာဓနမေဝ၊ ဘာဝသာဓန ဝိဂြိုဟ်ကိုသာလျှင်။ နိပ္ပရိယာယတော၊ဥပစာမဟုတ် မုချအားဖြင့်။ လဗ္ဘတိ၊ရအပ်၏။ (ဤကား အဘိဓမ္မာဝတာရဋီကာသစ်ပါဌ်၏ မြန်မာပြန်တည်း။)

ဋီကာနှစ်စောင်တို့၏ အဓိပ္ပါယ်ကား။ ။ပရမတ္ထ သဘော တရားမည်သည် ၏။ ထိုပရမတ္ထ သဘောတရားသည်။ မိမိ,မိမိ တို့၏ အကြောင်းအားလျော်စွာ ဖြစ်ပေါ်သည်သာ ဖြစ်သည်။ ဖြစ် ပေါ်ပါအောင်ပြုလုပ်တတ်သော ကာရက ပုဂ္ဂိုလ် သတ္တဝါဟူ၍ မရှိချေ။ ထိုကြောင့် ဋီကာကျော်၌....ဝိဇ္ဇမာနမတ္တံ ဝုတ္တံ-ဟူ၍၎င်း။ အဘိဓမ္မာဝတာ-ဋီကာသစ်၌....ဝိဇ္ဇမာနမတ္တဒီပနတော အကာရ ကဘာဝံ.. ဟူ၍၎င်း မိန့်ဆိုတော်မူအပ်၏။ ထိုသို့ မိန့်ဆိုသော ကြောင့်။ အလုံးစုံကုန်သော စိတ်,စေတသိက် ပရမတ္ထ တရားတို့ အား။ ဘာဝသာဓနဝိဂြိုဟ်ကိုသာ မုချရအပ်၏ဟူလို။

ထိုသို့ ပရမတ္ထတရားသည် မိမိ,မိမိတို့၏ အကြောင်းအား လျော်စွာ ဖြစ်သည်ဟု ဆိုသောကြောင့်။ အကြောင်းကြောင့် ဖြစ်ကုန်သော သင်္ခတတရား စိတ်,စေတသိက်တို့ကိုသာ ဤ၌လိုအပ်သည်၊ ထိုကြောင့်... သဗ္ဗေသမ္ပိ စိတ္တ,စေတသိကမ္မောနံ . ဟူ၍ အဘိဓမ္မာဝတာရဋီကာရှင် မိန့်တော်မူသည်။

ဤဋီကာ၌ "သဗ္ဗေသမ္ပိ" ဟူ၍ ဆိုသော်လည်း။ အကြွင်းမဲ့-စိတ်အကုန်,စေတသိက်အကုန်ကိုယူစေလို၍ ဆိုခြင်းမျှသာ ဖြစ်သည်။ အလုံးစုံသော စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန် လေးတန်သော ပရမတ်တရားကို ယူစေလို၍ ဆိုသည် မဟုတ်ပေ၊ အကယ်၍ ပရမတ္ထတရားလေးပါးအကုန်ကို ယူစေလို၍ မိန့်ဆိုခဲ့သော်၊ နိဗ္ဗာန်သည်လည်း အကြောင်းအားလျော်စွာ ဖြစ်သော တရားစုထဲသို့ ပါဝင်နေ၍....အသင်္ခတဓမ္မော....ဟူ၍ပင်ဟောဘို့မလိုတော့ပေ။

"သင်္ခတဓမ္မာ,အသင်္ခတဓမ္မာ" ဟူ၍ကား ကေနိစင်စစ်ဟောတော် မူသည်သာတည်း။ ထိုကြောင့် ပရမတ္ထ တရားတို့အား ဘာဝသာဓနဝိဂြိုဟ်ကိုသာ မှချအင်၏ဟုဆိုရာဝယ် အကြောင်းကြောင့် ဖြစ်ပေါ်မှု ရှိကုန်သော ပရမတ္ထတရားတို့၌သာ ဆိုသည်ဟု မှတ်အပ်၏။

---

အကယ်၍ "နိဗ္ဗာန" ဟူသောပုဒ်ကို။ ။နိဗ္ဗာယန် နိဗ္ဗာနံ ဟူ၍ ၎င်း။ ။နိဗ္ဗာယတေ နိဗ္ဗာနံ ။ဟူ၍၎င်း ဘာဝသာဓနဝိဂြိုဟ်ပြု။ ။ နိဗ္ဗာယနံ၊မီးငြိမ်းခြင်း နိဗ္ဗာနံ၊မီးငြိမ်းခြင်း။ ။နိဗ္ဗာယတေ၊မီးငြိမ်းခြင်း။ နိဗ္ဗာနံ၊မီးငြိမ်းခြင်း။ ။ဤသို့ ဘာဝသာဓနပြုသော် မီးငြိမ်းခြင်း အဘာဝဘောဂဟုကို မှချ၏။

မီးဆိုသည်ကား။ ရာဂမီး,ဒေါသမီး,မောဟမီး,ဇာတိမီး,ဇရာမီး,မရဏမီး, သောကမီး, ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီး (၁၁)ပါးတို့ကိုဆိုသည်။

မီးငြိမ်းခြင်းဆိုသည်ကား။ နောင်အခါ,နောင်တဖန် မီး ၁၁-ပါးတို့၏ ''မဖြစ်ပေါ်လာမှုဟုဆိုအပ်သော ငြိမ်းခြင်း''ကိုဆိုသည်။ ဘင်ခဏ၌ ဘင်အားဖြင့် ချုပ်ဆဲငြိမ်းဆဲကို ဆိုသည်မဟုတ်။

မှတ်ချက်။ ။ကိလေသာ,ခန္ဓာ,ဝဋ္ဋဒုက္ခတို့၏ငြိမ်းခြင်း, ကင်းခြင်း,ချုပ်ခြင်း,ကုန်ခြင်း,ပျောက်ခြင်း, ပြတ်တောက်ခြင်း, ဆုံးခြင်းတို့ကို။ ထိုနည်းတူ မှတ်အပ်၏။

အကျဉ်းအားဖြင့် နောင်အခါ,နောင်တဖန်ဖြစ်ပေါ်လာမှုမရှိခြင်းကို မြဲမြဲမှတ်လေ။ ဤသို့ နောင်အခါ,နောင်တဖန် ဖြစ်ပေါ်မှုမရှိဘဲ ငြိမ်းမှု,ချုပ်မှု,ကုန်မှု,ဆုံးမှုစသည်ကို။ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်-မရစကောင်းသော ဘာဝမျှမရှိသော အဘာဝပညတ်သာလျှင် ဖြစ်၏ဟု မှတ်အပ်၏။

လက္ခဏာ စသည် မရစကောင်းသော ပညတ်တရားကို။ ''အသင်္ခတဓာတ်နိဗ္ဗာန်''ဟူ၍ ဂင်္ဂါသဲမက ပွင့်တော်မူကြကုန်သော မြတ်စွာဘုရားတို့သည် ဟောတော်မူကြကုန်။

ဆိုခဲ့ပြီးကုန်သော ကိလေသာ, အာသဝ,ခန္ဓာ, ဝဋ္ဋဒုက္ခတို့၏ ချုပ်ရာ, ချုပ်ကြောင်း, ငြိမ်းရာ, ငြိမ်းကြောင်း, ကင်းရာ, ကင်းကြောင်း, ပျောက်ရာ, ပျောက်ကြောင်း, ပြတ်ရာ ပြတ်ကြောင်း, ကုန်ရာ,ကုန်ကြောင်း, ဆုံးရာ,ဆုံးကြောင်း, ဖြစ်ပေါ်မှုမရှိရာ, ဖြစ်ပေါ်မှု မရှိကြောင်း စသည်ကိုသာ၊ အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန် ဟူ၍ ဟောတော်မူကြကုန်သည်။

ထိုသို့ အကြောင်းနှံဖြစ်သော တရားကိုသာ၊ ''နိဗ္ဗာန်''ဟု ခေါ်ဆိုအပ်ကြောင်းကို-

နိဗ္ဗာတိ ဧတေန ရာဂဂ္ဂိ အာဒိကောတိ နိဗ္ဗာနံ။ ။

ဟူသော ဋီကာကျော်ပါဠိကိုပင်ထောက်၍ သိအပ်၏။

မြန်မာပြန်ကား။ ။ဧတေန၊ ထိုတရားသဘောဖြင့်။ ဝါ၊ ထိုတရားသဘောကြောင့်။ ရာဂဂ္ဂိအာဒိကော၊ ရာဂမီး အစရှိသည်သည်၊ နိဗ္ဗာတိ၊ နောင်တဖန် ဖြစ်ပေါ်လာမှု မရှိဘဲ ငြိမ်း၏။ ဣတိတသ္မာ၊ ထိုသို့ ရာဂအစရှိသောမီး၏ နောင်တဖန် ဖြစ်ပေါ်လာမှုမရှိဘဲ ငြိမ်းကြောင်းဖြစ်သော သဘွကြောင့်။ တံ၊ ထိုတရားသဘောသည်။နိဗ္ဗာနံ၊ "နိဗ္ဗာန်" မည်၏။

အဓိပ္ပါယ်ကား။ ။နိဗ္ဗာန်ကြောင့် ရာဂမီးစသည် ငြိမ်းရကား နိဗ္ဗာန်သည် မီးငြိမ်းရန် အကြောင်း ခံသောကြောင့် "နိဗ္ဗာန်" မည်လေသည်။ "နိဗ္ဗာန်" ဟူသော အမည်ကိုရလေသည် ဟူလို။

ချဲ့ပြဦးမည်။ အရိယမဂ်သည် နိဗ္ဗာန်ကို အာရုံပြုရမှသာလျှင်။ ရာဂမီးစသည်တို့ကို ငြိမ်းစေနိုင်သည်။ နိဗ္ဗာန်ကိုအာရုံမပြုရလျှင်။ မီးတို့ကို ငြိမ်းစေဘို့ဝေးစွ။ မိမိဟူသောမဂ်သည်ပင်လျှင် ဖြစ်ပေါ်လာမှုမရှိပေ၊ ထိုကြောင့် အရိယမဂ်၏ အာရုံ ဖြစ်သော နိဗ္ဗာန်သည်လည်း။ မီးငြိမ်းရန် အကြောင်းခံ တရားတပါးပင် ဖြစ်လေသည်။ မီးငြိမ်းခြင်းကား "အကျိုး"။ မီးငြိမ်းရန် နိဗ္ဗာန်ကား "အကြောင်း" ဖြစ်၍ ထိုမီးငြိမ်းခြင်း အကျိုး၏ အမည်ကို။ အကြောင်း ဖြစ်သော နိဗ္ဗာန်၌ တင်စား၍ အကြောင်း ဖြစ်သော နိဗ္ဗာန် ကိုလည်း။ ဖလူပစာရ အားဖြင့် "နိဗ္ဗာန်" ဟု ခေါ်ဆိုအပ်လေသည်ဟု သိအပ်၏။

တနည်း။ ။ဋီကာဆရာတော်သည်။ ပဓမဏ္ဍ တရားတို့အား "ဘာဝသာဓန" ပြုမှသာလျှင် ပုဂ္ဂအာဖြင့် ရသည်ဟု ဆိုခဲ့သည့် အတိုင်း "နိဗ္ဗာန"ပုဒ်ကို ပုဂ္ဂအားဖြင့် ရသော ဘာဝသာဓနကို မပြုဘဲ။ ဥပစာအားဖြင့် ရသော "ကရဏသာဓန" ကိုသာ အဘယ်ကြောင့် ပြုပါသနည်း။

"နိဗ္ဗာန" ပုဒ်ကို "ဘာဝသာဓန" ပြုခဲ့သော်။ မီးငြိမ်းခြင်း အဘာဝ ဘောဂုဏ်ကိုသာ မုချအားဖြင့်ရ၏၊ ထိုမုချ အားဖြင့် ရသော မီးငြိမ်းခြင်း "အဘာဝဘောဂုဏ်"သည်၊ နိဗ္ဗာန်မဟုတ်။ မီးတို့၏ နောင်အခါ, နောင်တဖန် ဖြစ်ပေါ်လာမှု မရှိဘဲ ငြိမ်းခြင်း ဟုဆိုအပ်သောဘာဝမျှခရှိသော"အဘာဝပညတ်သာ"ဟုတ်သည်၊ ပရမတ္ထ အားဖြင့် ထင်ရှား ရှိသော နိဗ္ဗာန်ကား မီးငြိမ်းကြောင်း ဖြစ်၍ မုချအား.ဖြင့်ရသော "ဘာဝသာခန"ကို မပြုဘဲ ဖလူပစာရ အားဖြင့်ရသော "ကရဏသာဓန"ကိုသာ ပြုပါသည်။

---

## ၂၈—သစ္စာလေးပါးနှင့် မဂ်ကိစ္စ ၁၆-ချက်ကို ဝေဘန်ပြရာ။

သစ္စာလေးပါးနှင့် မဂ်ကိစ္စ-၁၆-ချက် ဝေဘန်နည်း။

အရိယမဂ်သည် နိဗ္ဗာန်ကို အာရုံပြု၍ မီးကို ငြိမ်းစေသည်။ ထိုစကား၌ သစ္စာလေးပါးနှင့် မဂ်ကိစ္စ-၁၆-ချက် တို့ကို ဝေဘန် ရမည်။ ဝေဘန် နည်းကား။ မဂ်တပါးတပါးဖြစ်သော အခါ၌-

(၁) မီးလောင်စာ ဖြစ်သော ခန္ဓာသည် "ဒုက္ခသစ္စာ" ပိုင်းခြား၍ သိအပ်သော "ပရိညေယျတရား"။ မဂ်ဉာဏ်ကား "ပရိညာကိစ္စ" ဖြစ်၏။

(၂) ရာဂမီး အစရှိသည်သည် "သမုဒယသစ္စာ" ပယ်အပ် သော "ပဟာတဗ္ဗ တရား"။ မဂ်ဉာဏ်ကား "ပဟာနကိစ္စ" ဖြစ်၏။

(၃) မဂ်ဉာဏ်၏ အာရုံဖြစ်သော မီးငြိမ်းကြောင်း နိဗ္ဗာန် သည် "နိရောဓသစ္စာ"။ မျက်မှောက်ပြုအပ်သော"သစ္ဆိကာတဗ္ဗ တရား"။ မဂ်ဉာဏ်ကား"သစ္ဆိကိရိယ ကိစ္စ" ဖြစ်၏။

(၄) မီးငြိမ်းကြောင်း နိဗ္ဗာန်ကို အာရုံပြုသော အရိယမဂ်သည်“မဂ္ဂသစ္စာ”။ပွါးအပ်,ဖြစ်စေအပ်သော“ဘာဝေတဗ္ဗတရား” +မင်ဉာဏ်ကား “ဘာဝနာကိစ္စ” ဖြစ်၏၊

ဤသို့လျှင် မဂ်တပါးတပါး ဖြစ်သောအခါ၌ ကိစ္စ-၄-ပါးစီဖြစ်၍ မဂ်-၄-ပါးလျှင်။ မဂ်ကိစ္စ ၁၆-ချက်ဖြစ်၏။

ဤကား သစ္စာလေးပါးနှင့် မဂ်ကိစ္စ-၁၆-ချက်တို့ကို
ဝေဘန်သော နည်းတည်း။

---

### ၂၃-မဂ္ဂဝီထိဖြစ်ပုံ။

မဂ္ဂဝီထိ ဖြစ်သောအခါ၌ ဉာဏ်နုသော ယောဂါဝစရ ပုဂ္ဂိုလ်အား။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, မဂ်-မိုလ်, ဖိုလ်-ဟူ၍ ဇော-၇-ကြိမ်ဖြစ်၏။ ထိုနောက် ဘဝင်ကျ၏၊ ဘဝင် ဖြစ်၏ဟု ဆိုလိုသည်။

ဉာဏ်ထက်သော ယောဂါဝစရ ပုဂ္ဂိုလ်အားကား။ ဥပစာ, အနုလုံ, ဂေါတြဘူ,မဂ်,ဖိုလ်,ဖိုလ်-ဖိုလ် ဟူ၍-ဇော ၇-ကြိမ်ဖြစ်၏။ ထိုနောက် ဘဝင်ကျ၏။ ဘဝင်ဖြစ်၏။

ထိုဇော-၇-ကြိမ်တို့ အနက်။ ပရိကံ, ဥပစာ, အနုလုံ ဇောတို့သည်။ မီးလောင်စာ-ခန္ဓာတို့ကို မမြဲသော အနိစ္စအခြေ အားဖြင့် အစွမ်းကုန် မြင်ကုန်၏။ ဂေါတြဘူ, မဂ်, ဖိုလ်ဇောတို့ သည်ကား နိဗ္ဗာန်ကို ပြောင်းပြန် ဆန့်ကျင်ဘက် မြဲသောနိစ္စ အခြေ အားဖြင့် မြင်ကုန်၏။ ဤကား မဂ္ဂဝီထိဖြစ်နည်းတည်း။ ပါဠိတော်ကို-

ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တ နိယာမံ ဩက္ကမတိ။ ။

ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိတော် (၃၂၄) ဖမ္ပါ့မိတ်ဆွေကို ထောက်၍ သိအပ်၏။ သိသင့်၏။ သိစေခလို။ သိထိုက်၏။ သိကောင်း၏။ သိရမည်။ သိလေ။

ရင်းပါဠိတော်၏ မြန်မာပြန်, အနက်, အဓိပ္ပါယ်ကို ရှေး၌ ပြခဲ့ပြီးပြီ။

---

## (၃၀) မဂ်ဉာဏ်တခုတည်း ၄-ချက်သိပုံ။

မဂ်ဉာဏ်တခုတည်း ၄-ချက်သိပုံကို ရှင်းပြဦးမည်။

(၁) အရိယာ ပုဂ္ဂိုလ်သည် မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်သော တရားဟု အာရုံပြုခိုက်။မီးလောင်စာ ခန္ဓာကို မမြင်သောတရားဟု ပြောင်းပြန် ဆန့်ကျင်ဘက်သိဆဲ-သိလျက်ပင်။

(၂) ထိုနိဗ္ဗာန်ကို အာရုံပြုခိုက်။ ရာဂမီးစသည်တို့သည် ဖြစ်ပေါ်မှုမရှိဘဲ ငြိမ်းနေသည်ကိုလည်း သိဆဲ-သိလျက်ပင်။

(၃) ထိုနိဗ္ဗာန်ကို အာရုံပြုခိုက်၊အာရုံဖြစ်သောနိဗ္ဗာန်ကိုလည်း သိဆဲ သိလျက်ပင်။

(၄) ထိုနိဗ္ဗာန်ကို အာရုံပြုဆဲဖြစ်သော အရိယာ မဂ်ဉာဏ်ကို လည်း။သိဆဲ-သိလျက်ပင်။

ဤသို့ တပြိုင်တည်း ၄-ချက် သိခိုက်-သိတုံးမှာ။ နိဗ္ဗာန်သည် "သန္တိကာဘဗ္ဗတရား"အဖြစ်ဖြင့် ထင်ရှားနေသည်ကိုရင်း။

ရာဂမီးစသည်တို့၏ ငြိမ်းမှု အဘာဝပညတ်သည်"ပဟာတဗ္ဗတရား"အဖြစ်ဖြင့် ထင်ရှားသည်ကိုရင်း။ လွယ်လွယ်ကလေးနှင့် သိနိုင်ပါသည်။ထိုသို့တရားချင်းမတူမှု၍ ထင်ရှားဟန်သည်ကို သိနိုင်ပါလျှင်။အာရုံဖြစ်သောနိဗ္ဗာန်သည် တခြား ရာဂမီး စသည်တို့၏ ငြိမ်းမှု အဘာဝပညတ်သည် တခြားစီဖြစ်သည်ကိုရင်း။

နိဗ္ဗာန်သည် ရာဂမီး စသည်တို့၏ ငြိမ်းမှု အဘာဝပညတ် မဟုတ်။ ရာဂမီးစသည်တို့၏ငြိမ်းမှု အဘာဝ ပညတ်သည်လည်း နိဗ္ဗာန်မဟုတ်သည်ကိုဂင်း၊ ကောင်းစွာ ဆုံးဖြတ်နိုင်ကြကုန်လတ္တံ့။ ဆုံးဖြတ်နိုင်ကြပါစေကုန်သတည်း။

---

## (၃၁) မဂ်ဉာဏ်သည် တပြိုင်နက် သစ္စာလေးပါးကိုသိပုံ။

မဂ်ဖြစ်ဆဲ အခါ၌ တခုတည်းသော အရိယမဂ်ဉာဏ်သည် တပြိုင်နက် သစ္စာလေးပါးကိုသိပုံ။

(၁) မီးလောင်စာဟူသော ခန္ဓာ၅ါးပါး ဒုက္ခသစ္စာ တရားကို ပြောင်းပြန်ဆန့်ကျင်ဘက် မမြဲသောအနေအားဖြင့်။ ပိုင်းခြား၍ သိခြင်းဟူသော သိခြင်းဖြင့် ထိုးထွင်း၍သိ၏။

(၂) ရာဂစသောမီးဟူသော သမုဒယသစ္စာကိုပယ်၍သိခြင်းဟူသောသိခြင်းဖြင့် ထိုးထွင်း၍သိ၏၊

(၃) မြဲသော သဘော နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဟူသော သိခြင်းဖြင့် ထိုးထွင်း၍သိ၏။

(၄) မိမိဟူသော မဂ္ဂသစ္စာကို ပွါးခြင်းဟူသော သိခြင်းဖြင့် ထိုးထွင်း၍သိ၏။

ထို့ကြောင့် သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ (၁၀၀) ဇမ္ဘူ။ မိတ်ဆွေ၌—

> သော ဇေံ ကမ္မံ ကရောန္တော စတ္တာရိ သစ္စာနိ ဧကေန ပဋိဝေဓေန ပဋိဝိဇ္ဈတိ။ဧကာဘိသမယေန အဘိသမေတိ။ ဒုက္ခံ ပရိညာပဋိဝေဓေန ပဋိဝိဇ္ဈတိ။ သမုဒယံ ပဟာနပဋိဝေဓေန ပဋိဝိဇ္ဈတိ။ နိရောဓံ သစ္ဆိကိရိယပဋိဝေဓေန ပဋိဝိဇ္ဈတိ မဂ္ဂံ ဘာဝနာပဋိဝေဓေန ပဋိဝိဇ္ဈတိ။ ။ဒုက္ခံ

ပရိညာဘိသမယေန အဘိသမေတိ။ သမုဒယံ ပဟာနာဘိသမယေန အဘိသမေတိ။ နိရောဓံ သစ္ဆိကိရိယာဘိသမယေန အဘိသမေတိ။ မဂ္ဂံ ဘာဝနာဘိသမယေန အဘိသမေတိ။ ။

ဟူ၍ မိန့်တော်မူအပ်ပြီ။

အနက်သိရန် မြန်မာပြန်ကား။ ။သော၊ ထိုယောဂါဝစရပုဂ္ဂိုလ်သည်။ ဧဝံ၊ဤသို့။ ကမ္မ၊သင်္ခတဖြစ်ကုန်သော သစ္စာတရားတို့ကို လောကီညာဏ်ဖြင့် ပိုင်းခြားသိ၍ နိရောဓသစ္စာ နိဗ္ဗာန်သို့ စေလွှတ်အပ်သော အမှုကို။ကရောန္တော၊ပြုသည်ရှိသော် စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊အမှန်တရားတို့ကို။ဧကေန၊တခုတည်းသော။ ပဋိဝေဓေန၊ထိုးထွင်း၍ သိတတ်သော မဂ်ညာဏ်ဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ ဧကာဘိသမယေန၊ တခုတည်းသော အဘိသမယညာဏ်ဖြင့်။ အဘိသမေတိ၊ထိုးထွင်း၍သိ၏။

ဒုက္ခံ၊ဒုက္ခသစ္စာကို။ ပရိညာပဋိဝေဓေန၊ပိုင်းခြား၍ သိခြင်းဟူသော သိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ထိုးထွင်း၍သိ၏၊ သမုဒယံ၊သမုဒယသစ္စာကို။ ပဟာနပဋိဝေဓေန၊ ပယ်ခြင်းဟူသော သိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ထိုးထွင်း၍သိ၏။ နိရောဓံ၊နိရောဓသစ္စာကို သစ္ဆိကိရိယပဋိဝေဓေန၊မျက်မှောက်ပြုခြင်းဟူသော သိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ ဘာဝနပဋိဝေဓေန၊ ပွါးခြင်းဟူသော သိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ထိုးထွင်း၍သိ၏။

ဒုက္ခံ၊ဒုက္ခသစ္စာကို။ ပရိညာဘိသမယေန၊ ပိုင်းခြား၍ သိခြင်းဟူသော အဘိသမယညာဏ်ဖြင့်။ အဘိသမေတိ၊ထိုးထွင်း၍သိ၏။ သမုဒယံ၊သမုဒယသစ္စာကို။ ပဟာနာဘိသမယေန၊ ပယ်ခြင်းဟူသော အဘိသမယညာဏ်ဖြင့်။ အဘိသမေတိ၊ ထိုးထွင်း၍သိ၏။

နိရောဓံ၊နိရောဓသစ္စာကို။ သစ္ဆိကိရိယာဘိသမယေန၊မျက်မှောက်ပြုခြင်းဟူသော အဘိသမယဉာဏ်ဖြင့်။ အဘိသမေတိ၊ထိုး-ထွင်း၍သိ၏။ မဂ္ဂံ၊မဂ္ဂသစ္စာကို။ ဘာဝနာဘိသမယေန၊ ပွါးခြင်းဟူသော အဘိသမယဉာဏ်ဖြင့်။ အဘိသမေတိ၊ထိုးထွင်း၍သိ၏။

ဤသို့ မိန့်တော်မူအပ်သောစကားကိုထောက်၍၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းဟူသော သိခြင်းဖြင့် သိ၏။ သမုဒယသစ္စာကို ပယ်ခြင်းဟူသော သိခြင်းဖြင့် သိ၏။နိရောဓသစ္စာကို။ မျက်မှောက်ပြုခြင်းဟူသော သိခြင်းဖြင့် သိ၏။ မဂ္ဂသစ္စာကို ပွါးခြင်းဟူသော သိခြင်းဖြင့် သိ၏။ဤသို့ တပြိုင်နက်သိပုံကို ကောင်းစွာမှတ်အပ်၏။ မှတ်ရမည်။

ဤကား မဂ်ဉာဏ် တပါးတည်းသည် သစ္စာလေးပါး စလုံးကို တပြိုင်နက်သိပုံတည်း။

---

## (၃၂) မဂ်ဉာဏ်သည် သစ္စာသုံးပါး၌ ကိစ္စအားဖြင့် သိ, တပါး၌ အာရုံပြုသိပုံ။

ထိုသို့ သိရာတွင် အရိယမဂ်ဉာဏ်သည် ဒုက္ခ,သမုဒယ မဂ္ဂ ဟု ဆိုအပ်သော သစ္စာသုံးပါးတို့၌ မတွေ့မဝေ ထိုးထွင်း၍သိခြင်း ဟူသော (အသမ္မောဟကိစ္စ)အားဖြင့်သာ ထိုးထွင်း၍သိ၏ အာရုံပြုသောအားဖြင့်ကား ထိုးထွင်း၍မသိ။နိရောဓသစ္စာ နိဗ္ဗာန်၌ကား။ အာရုံပြုသောအားဖြင့် ထိုးထွင်း၍သိ၏။ ။ထိုကြောင့် သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ(၁၀၀)ဖနှာ၌ မိန့်ဆိုသည်—

တီသု ကိစ္စတော ပဋိဝေဓော ဟောတိ။နိရောဓေ အာရမ္မဏ ပဋိဝေဓော။ ။

ဟူ၍ မိန့်အပ်ပြီ။

ထိုကြောင့်-သမ္မောဟဝိနောဒနီ အဋ္ဌကထာ(၄၄)ဇမ္ဘူ၊ မိတ်ဆွေ၌-

ရာဂါဒိနံ ဝိသာဇွေ့ ဥပ္ပန္နတ္တာ အရဟတ္တံ ရာဂက္ခယော, ဒေါသက္ခယော, မောဟက္ခယောတိ ဝုစ္စတိ။ ။

ဟူ၍ မိန့်အပ်၏။

ရာဂါဒီနံ၊ ရာဂ အစရှိကုန်သော ကိလေသာတို့၏။ဝါ၊ ရာဂ, ဒေါသ, မောဟ, ကိလေသာတို့၏၊ ဝိသာဇွေ့၊ ကုန်သောအဆုံး၌။ ဥပ္ပန္နတ္တာ၊ ဖြစ်ပေါ်လာသည်၏ အဖြစ်ကြောင့်(ဖြစ်ပေါ်လာသော ကြောင့်)အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ ရာဂက္ခယော, ဒေါသ က္ခယော, မောဟက္ခယောတိ၊ ရာဂက္ခယ, ဒေါသက္ခယ,မောဟ က္ခယ-ဟူ၍၊ ဝုစ္စတိ၊ ပြောဆိုအပ်၏။

ရာဂက္ခယော၊ ရာဂ၏ကုန်ရာ။ဒေါသက္ခယော၊ဒေါသ၏ကုန်ရာ။ မောဟက္ခယော၊ မောဟ၏ကုန်ရာ အရဟတ္တဖိုလ်။

အဓိပ္ပါယ်ကား။ ၊အရဟတ္တမဂ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ရာဂစသော ကိလေသာ တို့ကို နောင်တဖန် ဖြစ်ပေါ်လာမှု မရှိ နိုင်အောင် အကြွင်းမဲ့ကုန်စေ၏၊ ထိုကုန်စေ အပ်ကုန်သော ရာဂ စသော ကိလေသာ တို့သည်၊ အရဟတ္တမဂ် ခဏ၌ပင် ဖြစ်ပေါ် လာမှုမရှိဘဲ ကုန်ကြကုန်၏၊ ထိုရာဂစသော၊ ကိလေသာတို့ ကုန် သောအဆုံး၌အရဟတ္တဖိုလ် ဖြစ်ပေါ်လာသောကြောင့်“အရဟတ္တ ဖိုလ်ကို ရာဂကုန်ရာ, ဒေါသကုန်ရာ, မောဟကုန်ရာ တရားဟူ၍ ပြောဆိုအပ်လေသည်၊ ပြောဆိုကြဟူလို၊

ဤကား ရာဂက္ခယ စသည်တို့ကို “အရဟတ္တဖိုလ်” ဟူ၍ ခေါ်ဝေါ် ပြောဆိုအပ်သောနည်းတည်း။

အကျယ်ကို ရှေး၌ပြဆိုခဲ့ပြီ။

## ၃၄—အဘာဝပညတ်နှင့် သက်ဆိုင်သော ရာဂက္ခယ စသည်တို့ကိုပြခြင်း။

အခြားနေရာ၌ "ရာဂက္ခယော, ဒေါသက္ခယော, မောဟက္ခယော"ဟူသော ပါဠိတော်ကို၊ "ရာဂ ကုန်ခြင်း,ဒေါသ ကုန်ခြင်း, မောဟ ကုန်ခြင်း" ဟူ၍ မြန်မာပြန်ဆို ပြီးလျှင်၊ ရာဂ, ဒေါသ, မောဟတို့၏ နောင်တဖန် ဖြစ်ပေါ်လာမှု မရှိသော "ကုန်ခြင်း အဘာဝ" ကိုကောက်ယူရလေသည်။ ထိုသို့ကောက်ယူရကြောင်းကို။ ရတနသုတ်ပါဠိတော် (၁၄၇) ဟံသာဝတီ၌-

> တဿ ယော ရာဂက္ခယော,ဒေါသက္ခယော, မောဟက္ခယော၊ အယံ ဝုစ္စတိ ဘိက္ခဝေ သဉပါဒိ သေသာနိဗ္ဗာန ဓာတု။ ။

ဟူ၍ ဟောတော်မူသည်၊

မြန်မာပြန်ကား၊ တဿ၊ ထိုကိလေသာတို့မှကြွင်းကျန်ရစ်ခဲ့သော ခန္ဓာငါးပါးဟု ဆိုအပ်သော ဉပါဒိရှိသေးသော ရဟန္တာပုဂ္ဂိုလ်၏၊ ယော ရာဂက္ခယော၊ အကြင် အရဟတ္တမဂ်ဖြင့် ရာဂ၏နောင်တဖန် မဖြစ်ပေါ်လာနိုင်ခြင်း ဟူသော ကုန်ခြင်းသည်၎င်း၊ ယော ဒေါသက္ခယော၊ အကြင် အနာဂါမိမဂ်ဖြင့် ဒေါသ၏ နောင်တဖန် မဖြစ်ပေါ်လာနိုင်ခြင်း ဟူသော ကုန်ခြင်း သည်၎င်း။ ယော မောဟက္ခယော ၊အကြင် အရဟတ္တမဂ်ဖြင့် မောဟ၏ နောင်တဖန် မဖြစ်ပေါ်လာနိုင်ခြင်း ဟူသော ကုန်ခြင်း၎င်း ဟောတိ၊ဖြစ်၏။ဘိက္ခဝေ၊ ရဟန်းတို့။အယံ၊ဤကိလေသာတို့မှကြွင်းကျန်ရစ်ခဲ့သော ခန္ဓာငါး ပါးဟုဆိုအပ်သော ဉပါဒိရှိသေးသောရဟန္တာပုဂ္ဂိုလ်၏ သန္တာန်ဝယ်။ ရာဂစသည်တို့၏ နောင်တဖန်မဖြစ်ပေါ်လာနိုင်ခြင်းဟူသော ကုန်ခြင်းကို။ သဉပါဒိသေသာ၊ "သဉပါဒိသေသ" မည်သော။ နိဗ္ဗာန ဓာတု၊ နိဗ္ဗာနဓာတ်ဟူ၍။ ဝုစ္စတိ၊ ပြောဆိုအပ်၏။

အဓိပ္ပါယ်ကား။ ။အရိယမဂ်ဖြင့်ပယ်သတ်အပ်ကုန်ပြီးသော ရာဂ, ဒေါသ,မောဟ ကိလေသာတို့၏ ရဟန္တာပုဂ္ဂိုလ်၏သန္တာန်

ဝယ်။ နောင်တဖန် မဖြစ်ပေါ်လာနိုင်ခြင်းဟု ဆိုအပ်သော "ရာဂ ကုန်ခြင်း, ဒေါသကုန်ခြင်း, မောဟကုန်ခြင်း" ကို (ရာဂကုန်သွား တာ, ဒေါသကုန်သွားတာ, မောဟ ကုန်သွားတာကို)" သဥပါဒိ သေသ နိဗ္ဗာန်"ဟု ခေါ်ဝေါ်ပြောဆိုအပ်၏ ဟူလို (ဤ၌ သဥပါဒိ သေသ နိဗ္ဗာန်ကား။ ပရမတ် မဟုတ်။ပညတ်သာတည်း။ နောက်၌ ထင်ရှားလတ္တံ့။)

---

## ၃၅–ရာဂ,ဒေါသ,မောဟတို့၏ ကုန်မှုကို အဘာဝ,အနုပ္ပါဒဟု အဋ္ဌကထာဆရာ ဖွင့်ပြသည်ကို ပြရာ။

ဤ ဣတိဝုတ် ပါဠိတော်၌ "ရာဂက္ခယော, ဒေါသက္ခယော, မောဟက္ခယော" ဟူသော ပါဠိကို "ရာဂ၏ကုန်ခြင်း, ဒေါသ၏ ကုန်ခြင်း, မောဟ၏ကုန်ခြင်း" ဟု မြန်မာပြန်ဆိုပြီးလျှင်။ ကုန်သွား သော အခြင်းအရာ-ဘာဝမျှ မရှိသော အဘာဝ ပညတ် ကိုသာ ကောက်ယူရမည်ဟု ဖွင့်ပြတော်မူလိုသော အဋ္ဌကထာ ဆရာ သည်။ ဣတိဝုတ် အဋ္ဌကထာ (၁၇၂) ၈မျှ၊ မိတ်ဆွေ၌-

> ယော ရာဂက္ခယောတိ ရာဂဿ ခယော ခီဏာကာရော အဘာဝေါ အစ္စန္တံ အနုပ္ပါဒေါ။ ဒေါသက္ခယော မောဟက္ခယောတိ သေသေသုပိ။

ဟူ၍ မိန့်အပ်ပြီ။

ယော ရာဂက္ခယောတိ၊ ယော ရာဂက္ခယော–ဟူသည်ကား။ ဝါ၊ အကြင်ရာဂ၏ကုန်ခြင်း ဆိုသည်ကား၊ ရာဂဿ၊ တပ်တတ် သော ရာဂ၏။ ခယော၊ ကုန်ခြင်းတည်း၊ (ကုန်မှုဘည်း-ကုန်တာ တည်း-ကုန်သွား တာဘည်း) ခီဏာကာရော၊ ကုန်သွားသော အခြင်း အရာတည်း၊ အဘာဝေါ၊ မရှိခြင်းတည်း-မရှိတာတည်း- မရှိမှုတည်း။ ဖြစ်မှုမရှိသည်တည်း။ အစ္စန္တံ မနုပ္ပါဒေါ၊ ဖြစ်ပေါ် လာနိုင်ကြောင်းသော အပိုင်းအခြားကိုလွန်၍ မဖြစ်ပေါ်လာနိုင်ခြင်း ဟူသော မဖြစ်ခြင်း ပင်တည်း၏၊ သေသေသုပိ၊ ကြွင်းရှန်သော

"ဒေါသက္ခယော, မောဟက္ခယော" ပုဒ်တို့၌လည်း။ ဩေနယော။ ဤနည်းကို။ ဝေဒိတဗ္ဗော၊သိအပ်၏ (ဤ ဒွားမြန်မာပြန်တည်း)

အဓိပ္ပါယ်ကား။ ။ရာဂ၏ ကုန်ခြင်းဟူသည် ရာဂ၏ ဘင်ခဏ ကုန်ခြင်းမဟုတ်။ရာဂ၏ကုန်သွားသော အခြင်းအရာတည်း။ ကုန်သွားသော အခြင်းအရာ ဟူသည်လည်း။ ရာဂ၏ မနိုမှု-မဖြစ်မှု ပင်တည်း။ မနိုမှု ဟူသည်လည်း၊ ပကတိ နဂိုအားဖြင့် မနိုသော မရှိမှုမျိုးမဟုတ်။ မဖြစ်မှု ဟူသည်လည်း တဒင်္ဂပဟာန် အားဖြင့် မဟာကုသိုလ် ကံ,ဝိက္ခမ္ဘနပဟာန်အားဖြင့် မဟဂ္ဂုတ် ကုသိုလ်ကံတို့, ပယ်အပ်သည်ဖြစ်၍ အခိုက်အတန့်မျှဖြင့်မဖြစ်သော မဖြစ်မှုမျိုးမဟုတ်။ အရိယမဂ်သည် သမုစ္ဆေဒ ပဟာန် အားဖြင့် ပယ်အပ်သည်ဖြစ်၍ ထိုရာဂ၏ နောင်တဖန် အသစ် ဖြစ်ပေါ် လာနိုင်ကောင်းသော ဖြစ်ပေါ်မှု အပိုင်း အခြားကို လွန်၍ မဖြစ်ပေါ် လာနိုင်ခြင်းဟူသော မဖြစ်မှုပေတည်းဟူလို။ ။(ဒေါသက္ခယ, မောဟက္ခယတို့ကိုလည်း။ ဤရာဂက္ခယနည်းတူသိအပ်၏။)

ဤကား ရာဂက္ခယ စသည်တို့ကို ''သဥပါဒိသေသ နိဗ္ဗာန်''ဟူ၍ ပြောဆိုအပ်သော နည်းတည်း။

(၁) အသင်္ခတ ကဏ္ဍ-အသင်္ခတအပိုင်းအခြားပြီးပြီ။

---

## ၂-နိဗ္ဗာနကဏ္ဍ-နိဗ္ဗာန်အပိုင်းအခြား။

### ၃၅-နိဗ္ဗာန်ငါးပါးကို ပြဆိုခြင်း။

နိဗ္ဗာန်သည် ငါးပါးအပြားရှိ၏။ ငါးပါးဟူသည်ကား-

(၁) ပညတ်သဥပါဒိသေသနိဗ္ဗာန်(ကိလေသာငြိမ်းမှုအကျိုး နိဗ္ဗာန်)

(၂) ပညတ်အနုပါဒိသေသနိဗ္ဗာန်(ခန္ဓာငြိမ်းမှုအကျိုးနိဗ္ဗာန်)

(၃) ပရမတ် အသင်္ခတ သဥပါဒိသေသနိဗ္ဗာန် (ကိလေသာ ငြိမ်းရန်အကြောင်းခံနိဗ္ဗာန်)

(၄) ပရမတ် အသင်္ခတ အနုပါဒိသေသနိဗ္ဗာန်(ခန္ဓာငြိမ်းရန် အကြောင်းခံ နိဗ္ဗာန်)

(၅) ပရမတ် သင်္ခတ သဉပါဒိသေသနိဗ္ဗာန် (အရဟတ္တဖိုလ် အကျိုးနိဗ္ဗာန်)

ဤငါးပါးပေတည်း။

ဤသို့လျှင် အကျိုးနိဗ္ဗာန်သုံးပါး, အကြောင်းနိဗ္ဗာန်နှစ်ပါးဖြစ်၏။

(၁-၂) ပညတ်အကျိုးနိဗ္ဗာန်နှစ်ပါးသည် ဇာတိဝတ် ပါဠိတော် (၁၄၇) ဟံသာဝတီ,ငုံးအဋ္ဌကထာ (၁၇၂) ဗမ္မာ့မိတ်ဆွေတို့၌ လာ၏။

(၃-၄) ပရမတ် အသင်္ခတ အကြောင်း နိဗ္ဗာန်နှစ်ပါးသည်၊ သဂြိုဟ်, ငုံးဋီကာသုံးကျမ်း, သမ္မောဟဝိနောဒနီ အဋ္ဌကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, နေတ္တိအဋ္ဌကထာ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ စသည်တို့၌ လာ၏။

(၅) ပရမတ် သင်္ခတ သဉပါဒိသေသ နိဗ္ဗာန် (အရဟတ္တဖိုလ် အကျိုး နိဗ္ဗာန်သည်) နေတ္တိပါဠိတော် ၄၉-ငုံးအဋ္ဌကထာ ၂၅၅ ပြည်ကြီးမဏ္ဍိုင်, သာရတ္ထဒီပနီဋီကာ၊ ပဌမအုပ် ၃ဝ၈-ဗမ္မာ့, ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ ပဌမအုပ် ၂၂၈-ဗမ္မာ့မိတ်ဆွေတို့၌ လာ၏။

ထိုငါးပါးကုန်သော နိဗ္ဗာန်တို့အနက်။ မဂ်,ဖိုလ်တို့၏ အာရုံ ဖြစ်သော "အသင်္ခတဓာတ်နိဗ္ဗာန်သည်" ခပ်သိမ်းကုန်သောသင်္ခါရ တရားတို့၏ ငြိမ်းရာ ငြိမ်းကြောင်း "သန္တိ လက္ခဏာ"အားဖြင့် "တပါး"သာတည်း။ ။မဏိသာရမဉ္ဇူသာ၊ဒုတိယအုပ် (၁၅၅) ပြည်ကြီးမဏ္ဍိုင်။

(တနည်း) ခပ်သိမ်းကုန်သော သင်္ခါရတရားတို့ကို ငြိမ်းစေ တတ်သော"သန္တိလက္ခဏာ"အားဖြင့် "တပါး"သာတည်း။ ။ ငုံး။

(တနည်း) အလုံးစုံကုန်သော ဒုက္ခတို့၏ငြိမ်းရာ,ငြိမ်းကြောင်း "သန္တိလက္ခဏာ"အားဖြင့် "တပါး"သာတည်း။ ။ဝိဘင်းမူလ ဋီကာ ၄၆-ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ ဒုတိယအုပ် ၁၂၃-၈မှ။ မိတ်ဆွေ၊

ထိုသို့ သင်္ခါရတရား,ဒုက္ခတရားတို့၏ ငြိမ်းရာ, ငြိမ်းကြောင်း "သန္တိလက္ခဏာ"အားဖြင့် 'တပါး"သာ ရှိသော်လည်း "ဒုဝိဓံ ဟောတိ ကာရဏပရိယာယေန"ဟူသော အဘိဓမ္မတ္ထ သင်္ဂဟ အဋ္ဌကထာနှင့် အညီ။ အကြောင်းခံ ပရိယာယ်အားဖြင့်ကား။ "နှစ်ပါး"အပြားရှိလေသည်။ နှစ်ပါးဟူသော်ကား၊ ဖျေး၌ ၃-၄) နံပါတ်တို့ဖြင့် ညွှန်ပြအပ်သော နိဗ္ဗာန်များပင်တည်း။

---

အကျယ်ပြမည်
၁–ပညတ် သဥ္ပါဒိသေသ နိဗ္ဗာန်။

(၁) အရဟတ္တမဂ်သည် ပရမတ်အသိတခုတ် နိဗ္ဗာန်ကို အာရုံပြု၍ ကိလေသာတို့ကို အကြွင်းအကျန် မရှိရအောင် ပယ် သတ်၏၊ ထိုသို့ပယ်သတ်အပ်ကုန်သောကိလေသာတို့၏ ရဟန္တာ ပုဂ္ဂိုလ်သန္တာန်ဝယ် နောင်တဖန်ဖြစ်းပါသာမှုမရှိတော့ဘဲ။ ချုပ်, ငြိမ်း,ကင်း,ပျောက်,ပြတ်တောက်,ကုန်,ဆုံးသွားမှုသည် "သဥ္ပါဒိ သေသနိဗ္ဗာန်"မည်၏၊ "ကိလေသပရိနိဗ္ဗာန်"လည်းမည်၏။ ထိုသို့ မည်ကြောင်းကို–

> တဿ ယော ရာဂက္ခယော, ဒေါသက္ခယော,မောဟက္ခ
> ယော အယံ ဝုစ္စတိ ဘိက္ခဝေ သဥ္ပါဒိသေသ နိဗ္ဗာနဓာတု။

ဟူသော ဣတိဝုတ်ပါဠိတော်(၁၃၇)ပုဒ်သာဝတိ,

> ယော ရာဂက္ခယောတိ ရာဂဿ ခယော ခီဏာကာရော
> အဘာဝေါ အစ္စန္တမနုပ္ပါဒေါ။ ။

ဟူသော ရင်းအဋ္ဌကထာ(၁၇၂)ဇမ္ဗူ မိတ်ဆွေတို့၌လာသည် တို့ကိုထောက်၍ သိအပ်၏။

မြန်မာပြန်, အဓိပ္ပါယ်တို့ကို မျက်နှာနံပါတ်(    )တို့၌ ပြဆိုခဲ့ပြီးပြီ။

၁-ပညတ် သဉပါဒိသေသ နိဗ္ဗာန်ပြီးပြီ။

---

## ၂-ပညတ် အနုပါဒိသေသ နိဗ္ဗာန်။

(၂) ထို အရဟတ္တမဂ်သည် ပယ်သတ် အပ်ကုန်ပြီးသော ကိလေသာတို့မှကြွင်းကြွင်းကျန်ရစ်ခဲ့သော "ဉပါဒိ" ဟု ခေါ်ဆိုအပ်သော ရဟန္တာပုဂ္ဂိုလ်၏ ခန္ဓာငါးပါး နာခံ,ရုပ် တရားသည် ဇီဝိန်ပြတ်ကြွေ ခန္ဓပရိနိဗ္ဗာန်စံလေပြီးသည်နောက်။ တဖန်ဖြစ်ပေါ်လာမှုမရှိဘဲ ချုပ်,ငြိမ်း,ကင်း,ပျောက်,ပြတ်တောက်, ကုန်,ဆုံးသွားမှုသည် "ပညတ် အနုပါဒိသေသနိဗ္ဗာန်" မည်၏။ "ခန္ဓပရိနိဗ္ဗာန်" လည်း မည်၏။ (ဣတိဝုတ်ပါဠိတော် ၁၄၇-ဟံသာဝတီ, ရင်းအဋ္ဌကထာ (၁၇၂)ဇမ္ဗူ မိတ်ဆွေ။

၂-ပညတ်အနုပါဒိသေသ နိဗ္ဗာန်ပြီးပြီ။

---

## ၃-ပရမတ် အသင်္ခတ သဉပါဒိသေသ နိဗ္ဗာန်။

(၃) ထိုချ႐ အခစရှိကုန်သော ကိလေသာတို့၏ ကုန်ခြင်း ငြိမ်းခြင်းဟုဆိုအပ်သော "အဘာဝပညတ် သဉပါဒိသေသနိဗ္ဗာန်" သည်။ ပရမတ် အသင်္ခတဓာတ် နိဗ္ဗာန်အကြောင်းခံသောကြောင့်သာလျှင် ဖြစ်ရကား။ "အကျိုးတရား" ဖြစ်၏။ "အကျိုးနိဗ္ဗာန်" ဖြစ်၏။ ပရမတ် အသင်္ခတဓာတ်နိဗ္ဗာန်သည်။ ထိုအဘာဝ ပညတ်

သဉပါဒိသေသနိဗ္ဗာန်၏အကြောင်းခံဖြစ်သောကြောင့် 'အကြောင်းတရား''ဖြစ်၏။ ''အကြောင်းနိဗ္ဗာန်''ဖြစ်၏။

ထိုသို့ ဖြစ်သောကြောင့်။ အကျိုးဖြစ်သော ''အဘာဝပညတ် သဉပါဒိသေသနိဗ္ဗာန်၏ ''သဉပါဒိသေသ ဟူသော အမည်'' ကို။ အကြောင်းဖြစ်သော ပရမတ် အသင်္ခတဓာတ်နိဗ္ဗာန်၌ တင်စား၍ အကြောင်းဖြစ်သော ပရမတ် အသင်္ခတ နိဗ္ဗာန်ကိုလည်း''သဉပါဒိသေသနိဗ္ဗာန်''ဟူ၍ ဖလူပစာရအားဖြင့် ခေါ်ဝေါ်ပြောဆိုအပ်လေသည်။ (သင်္ကိုဟ်စသော ကျမ်းအစောင်စောင်။)

၃-ပရမတ် အသင်္ခတ သဉပါဒိသေသ နိဗ္ဗာန်ပြီးပြီ။

---

## ၄-ပရမတ် အသင်္ခတ အနုပါဒိသေသ နိဗ္ဗာန်။

(၄) ထိုအရဟတ္တမဂ်သည် ပယ်သတ် အပ်ကုန် ပြီးသော ကိလေသာတို့မှ ကြွင်းကျန်ရစ်ခဲ့သော ''ဥပါဒိ''ဟု ခေါ်ဆိုအပ်သော ရဟန္တာပုဂ္ဂိုလ်၏ ခန္ဓာငါးပါး နာမ်ရုပ်တရားသည်။ စုတိပြတ်ကြွေ ခန္ဓပရိနိဗ္ဗာန်စံလေပြီးသည်နောက်၊ တဖန်ဖြစ်ပေါ်လာမှုမရှိဘဲ။ ချုပ်၊ငြိမ်း၊ကင်း၊ပျောက်၊ပြတ်တောက်၊ကုန်၊ဆုံးသွားမှုဟု ဆိုအပ်သော ခန္ဓပရိနိဗ္ဗာန်သည် (အဘာဝပညတ်အနုပါဒိသေသနိဗ္ဗာန်သည်)အကြောင်းခံဖြစ်သော ပရမတ်အသင်္ခတဓာတ်နိဗ္ဗာန်ကြောင့် သာလျှင် ဖြစ်ရကား၊ ''အကျိုးတရား'' ဖြစ်၏။ ''အကျိုးနိဗ္ဗာန်'ဖြစ်၏။ပရမတ် အသင်္ခတဓာတ် နိဗ္ဗာန်သည်ကား။ အကျိုးဖြစ်သော ''အနုပါဒိသေသနိဗ္ဗာန်''၏ အကြောင်းခံတရားဖြစ်သောကြောင့်''အကြောင်းတရား'ဖြစ်၏။ ' အကြောင်းနိဗ္ဗာန်'' ဖြစ်၏။

ထိုသို့ ဖြစ်သောကြောင့် အကျိုးဖြစ်သော 'အနုပါဒိ သေသနိဗ္ဗာန်၏''အနုပါဒိသေသ ဟူသောအမည်ကို။အကြောင်းဖြစ်သော

ပရမတ် အသင်္ခတဓာတ် နိဗ္ဗာန်၌ တင်စား၍ အကြောင်းဖြစ်သော ပရမတ် အသင်္ခတဓာတ် နိဗ္ဗာန်ကိုလည်း "အနုပါဒိသေသ နိဗ္ဗာန်" ဟု ဖလူပစာရအားဖြင့် ခေါ်ဝေါ်ပြောဆိုအပ်လေသည်။ (သဂြိုဟ် စသော ကျမ်းအစောင်စောင်။)

ပရမတ် အသင်္ခတ အနုပါဒိသေသ နိဗ္ဗာန်ပြီးပြီ။

"ဖြစ်" ဟူသော စကားသည်။ ဥပ္ပါဒ, ပဝတ္တ, ပဝတ္တိ, နိဗ္ဗတ္တိ, ဥပပတ္တိ, ဇာတ, ဇာတိ, ဘူတ, ဥပ္ပန္န, သမုဒယ, စရ· စသောသဒ္ဒါတို့၏ အနက် "ဖြစ်" လည်း တမျိုး။ လောကအသုံးအနှုန်း အပြောအဆို ပြုသည့် "ဖြစ်" လည်းတမျိုးအားဖြင့်။ နှစ်မျိုးရှိသည်ကိုအရာဌာနသို့ လိုက်၍သုံးကြကုန်ရာသည်, သိကြကုန်ရာသည်။

---

## ၅–ပရမတ် သင်္ခတ သဥပါဒိသေသ နိဗ္ဗာန်။

(၅) အရဟတ္တမဂ်သည် အသင်္ခတဓာတ်နိဗ္ဗာန်ကို အာရုံပြု၍ ကိလေသာတို့ကို အကြွင်းမရှိရအောင် ပယ်သတ်၏။ ထိုပယ်သတ် အပ်ကုန်ပြီးသော ကိလေသာတို့မှ ကျွင်းကြွင်းကျန်ရစ်ခဲ့သော "ဥပါဒိ" ဟု ခေါ်ဆိုအပ်သော ရဟန္တာပုဂ္ဂိုလ်၏ ခန္ဓာငါးပါးနှင့် တကွ ဖြစ်သော "အရဟတ္တဖိုလ်သည် "သဥပါဒိသေသနိဗ္ဗာန်" မည်၏။ ထိုအရဟတ္တဖိုလ်၏ "သဥပါဒိသေသ နိဗ္ဗာန်" မည်ကြောင်း ကို၊ နေတ္တိပါဠိတော် ၄၉ ပြည်ကြီးမျက်နှာ၌–

သာဝယေဝ သဥပါဒိသေသာ နိဗ္ဗာနဓာတု ဝိဇ္ဇာ။ ။

ဟူ၍ ဟောတော်မူလေသည်၊

သာဝယေ၀ သဥပါဒိသေသာ နိဗ္ဗာနဓာတု၊ ထိုဆိုအပ်ပြီးသည် သာလျှင် ဖြစ်သော သဥပါဒိသေသ နိဗ္ဗာန ဓာတ်သည်။ ဝိဇ္ဇာ၊ အရဟတ္တဖိုလ်ဉာဏ်သည်၌၊ ဟောအပ်၊ ဖြစ်၏။

(ဤကား၊ မြန်မာပြန်တည်း။)

ဤနေတ္တိ ပါဠိတော်ကိုထောက်၍ အရဟတ္တဖိုလ်၏ "သဥပါဒိသေသနိဗ္ဗာန်"မည်ကြောင်းကို သိအပ်၏။သိရမည်။ထိုနေတ္တိ အဋ္ဌကထာ၊ပြည်ကြီးမဏ္ဍိုင် ၂၅၅ ၌လည်း—

သဥပါဒိသေသာ နိဗ္ဗာနဓာတူတိ အရဟတ္တဖလံ အဓိပ္ပေတံ။ တဉှိ ပညာပဋ္ဌာနဿ အာဟ....သာယေဝ သဥပါဒိသေသာ နိဗ္ဗာနဓာတုပိဋ္ဌာတိ။ ။

ဟူ၍ မိန့်ပြီ။

သာယေဝ သဥပါဒိသေသာ နိဗ္ဗာနဓာတူတိဧတ္ထ၊ သာယေဝ၊ သဥပါဒိသေသာ နိဗ္ဗာနဓာတု·ဟူသော ဤပါဌ်၌။ အရဟတ္တဖလံ၊ အရဟတ္တဖိုလ်ကို၊ အဓိပ္ပေတံ၊အလိုရှိအပ်၏။ တဉှိ၊ထိုအရဟတ္တဖိုလ်သည်လည်း။ ပညာပဋ္ဌာနံ၊ နိဗ္ဗာန်ကို အာရုံပြု သိတတ်သော ပညာသာလျှင် ပြဋ္ဌာန်းခြင်းရှိသည်။ ဟောတိ၊ဖြစ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။သဥပါဒိသေသာနိဗ္ဗာနဓာတုပိဋ္ဌာတိ ဣဒံဝစနံ၊ သဥပါဒိသေသာ နိဗ္ဗာနဓာတုဂိဋ္ဌာ-ဟူသော ဤစကားကို။ အာစရိယော၊ အရှင်မဟာကစ္စည်းဆရာတော်သည်။ အာဟ၊ဟောတော်မူပြီ။

ဤနေတ္တိ အဋ္ဌကထာကိုလည်း ထောက်၍ "အရဟတ္တဖိုလ်ကိုလည်း သဉပါဒိသေသနိဗ္ဗာန်"ဟု ခေါ်ဆိုအပ်ကြောင်းကို ကောင်းစွာ သိအပ်၏။

---

ထို့မှတပါး။သာရတ္ထဒီပနီဋီကာ။ ပထမအုပ်(၃၀၈) ဗမ္မာ့မိတ်ဆွေ, ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ ပထမအုပ်(၂၂၈)ဗမ္မာ့မိတ်ဆွေ တို့၌လည်း—

ဖလဂ္ဂဟဏေန ဝါ၊ သဉပါဒိသေသံ နိဗ္ဗာနံ မာဟ။ ။

ဟူ၍ မိန့်အပ်ပြီ။

ဝါ၊တနည်းကား။ဖလဂ္ဂဟဏေန၊မိုလ်ကိုယူသဖြင့်၊ ဝါ၊မိုလ်ကို ဆိုသဖြင့်။ သဥပါဒိသေသံ၊ သဥပါဒိသေသ မည်သော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။အာဟ၊မသွယ်မဝိုက်၊တိုက်ရိုက်ဆိုပြီ။

(ဤကား ဋီကာ -ကျမ်း၏ ပြန်မာပြန်တည်း။)

အဓိပ္ပါယ်ကား။ ။"မိုလ်တရား နိဗ္ဗာန်တရားတို့ဖြင့်သာသနာ တော်၏ အဆုံး၌ ကောင်းခြင်းရှိသည်" ဟု ဆိုရာဝယ်၊မိုလ်တရား ကိုယူသဖြင့်။ ဝါ၊မိုလ်တရားကိုဆိုသဖြင့် "သဥပါဒိသေသနိဗ္ဗာန်" ကို အဋ္ဌကထာဆရာ တိုက်ရိုက် မိန့်တော်မူသည်။ ထိုကြောင့် "အရဟတ္တမိုလ်"ကို "သဥပါဒိသေသနိဗ္ဗာန်"ဟု မှတ်အပ်၏၊

ဤဋီကာ ၂-ကျမ်းတို့၌ "မိုလ်"ဟု သာမန် ဆိုသော်သည်။ အဆုံး၌ ကောင်းခြင်းရှိသည်ကို ပြသော အရာဖြစ်၍ အရာအား လျော်စွာ"အရဟတ္တမိုလ်"ကို ယူအပ်၏။

၅ ပရမတ် သင်္ခတ သဥပါဒိသေသ နိဗ္ဗာန်ပြီးပြီ။

## ၃–ပရမတ် အသင်္ခတ သဥပါဒိသေသ နိဗ္ဗာန်။

(၃) ထိုအရဟတ္တမိုလ်ဟု ခေါ်ဆိုအပ်သော"သဥပါဒိသေသ နိဗ္ဗာန်"သည်။ အကြောင်းခံဖြစ်သော ပရမတ် အသင်္ခတနိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာရကား "အကျိုးတရား"ဖြစ်၏၊ အသင်္ခတ ပရမတ်နိဗ္ဗာန်သည်၊ အကျိုးဖြစ်သော အရဟတ္တမိုလ်၏ ဖြစ်ပေါ် လာရန် အကြောင်းခံတရားဖြစ်သောကြောင့် "အကြောင်းတရား" ဖြစ်၏၊

ထိုသို့ဖြစ်သောကြောင့်။ အကျိုးဖြစ်သော အရဟတ္တမိုလ်၏ "သဥပါဒိသေသ" ဟူသော အမည်ကို။ အကြောင်း ဖြစ်သော အသင်္ခတ နိဗ္ဗာန်၌ တင်စား၍ အကြောင်းဖြစ်သော အသင်္ခတ

နိဗ္ဗာန်ကိုလည်း "သဉပါဒိသေသနိဗ္ဗာန်"ဟု ဖလူပစာရအားဖြင့် ခေါ်ဆိုအပ်လေသည်။

၃·ပရမတ် ဒိဋ္ဌဓမ္မ သဉပါဒိသေသ နိဗ္ဗာန်ပြီးပြီ။

"ဒုဝိဓ်ဟောဘတိ ကာရနာ ပရိယာယေန"ဟူသော သတ္တိုက်ပါဠိ၏ အဓိပ္ပါယ်ကို သဘောကျလိုလျှင်၊ ဤကျမ်း၌ ယခု ညွှန်ပြအပ် သော (၃-၄) အပိုဒ်နံပါတ်၌ ပြဆိုထားသည်ကို ကြံကြ, သိကြ ပါကုန်။

---

## ၃၇–နိဗ္ဗာနသဒ္ဒါ၏ အသုံးအဖြတ်။

နိဗ္ဗာန-ဟူသော သဒ္ဒါသည်-

၁။ ကိလေသာငြိမ်းမှု၏ အဆုံး၌ဖြစ်သော "အရဟတ္တဖိုလ်" ဟူသော အနက်၊ဝါ၊ကိလေသာငြိမ်းရာ"အရဟတ္တဖိုလ်" ဟူသောအနက်။

၂။ မီးငြိမ်းကြောင်း "ဒိဋ္ဌဓမ္မ ခေတ် နိဗ္ဗာန်" ဟူသော အနက်။

၃။ ပတ်ဝန်းကျင် အကြောင်းမရှိ ကိလေသာ, ခန္ဓာတို့၏ ငြိမ်း ခြင်းမှု-ငြိမ်းမှုမှုဟူသော ပရိနိဗ္ဗာနအနက်။ ။ဤအနက် ၃- ပါးတို့ကို ဟောသည်။ ထိုသုံးပါးတို့တွင်-

၁။ "နိဗ္ဗာန သန္တိကိရိယာစ" ဟူသော မင်္ဂလသုတ် တပုဒ် အရာ၌"ကိလေသာငြိမ်းရာ အရဟတ္တဖိုလ်ဟူသော အနက်"ကို ဟောသည်။

၂။ "နိရောဓံ နိဗ္ဗာနံ ပဏ္ဍိတိတိ ဂေါတြဘူ"ဟူသော ပဋိ သမ္ဘိဒါမဂ် ပါဠိတော် ၄၉-၈၉၊၊ မိတ်ဆွေ၌၎င်း။ "နိဗ္ဗာနသာ သန္တိ ကိရိယာယ"ဟူသော မဟာသတိပဋ္ဌာနသုတ် ပါဠိတော် စသည်

တို့၌ရှိ၏။ "ကိလေသာ,ခန္ဓာတို့၏ ငြိမ်းကြောင်း အသင်္ခတဓာတ် နိဗ္ဗာန်ဟူသောအနက်" ကို ဟောသည်။

(၃-က) တသ္မာ ယော ရာဂက္ခယော, ဒေါသက္ခယော,မောဟက္ခယော။ အယံဝုစ္စတိ ဘိက္ခဝေ သဥပါဒိသေသာ နိဗ္ဗာန ဓာတု" ဟူသော ဣတိဝုတ် ပါဠိတော် ၁၄၂-ဟံသာဝတီ၌ "ကိလေသာငြိမ်းမှုဟူသော ပရိနိဗ္ဗာန အနက်" ကို ဟောသည်။

(၃-ခ) အနုပါဒိသေသာယ နိဗ္ဗာန ဓာတုယာ ပရိနိဗ္ဗာယတိ" ဟူသော သုတ်မဟာဝါ ပါဠိတော် (၉၁,၁၁၂) ဆဋ္ဌသံဂါယနာမှ၌ရှိ၏။

(၃-ဂ) နိဗ္ဗာနံ အရဟတော ဂတိ"ဟူသော ပရိဝါ ပါဠိတော် (၂၆၃)ရှိမှ၌ရှိ၏။ "ပတ်ဝန်းကျင် အကြွင်းမရှိ ခန္ဓာတို့၏ ငြိမ်းမှုမှု-ဟူသော ပရိနိဗ္ဗာန အနက်" ကို ဟောသည်။

တနည်းလည်း "နိဗ္ဗာန" သဒ္ဒါသည်–

၁။ ဝါနဟူ၍ဆိုအပ်သော တဏှာမှ ထွက်မြောက် နေသော အသင်္ခတဓာတ် နိဗ္ဗာန်ဟူသောအနက်။

၂။ ဝါနဟူ၍ ဆိုအပ်သော တဏှာမရှိရာ အသင်္ခတ ဓာတ် နိဗ္ဗာန်ဟူသော အနက်။

၃။ ဝါနဟူ၍ဆိုအပ်သော တဏှာမရှိရာ အရဟတ္တဖိုလ်ဟူသော အနက်။

ဤအနက် "သုံးပါး" ကိုလည်း ဟောသေး၏။ ထို့ကြောင့် နိဗ္ဗာန သဒ္ဒါကိုမြင်လျှင်,ကြားလျှင်။ထို ၆-ပါးသောအနက်တို့တွင် သက်ဆိုင်ရာကိုမှတ်ယူ၍ မြန်မာပြန်ဆိုကြကုန်ရာသည်။

နိဗ္ဗာန သဒ္ဒါအဆုံးအဖြတ် ပြီးပြီ။

## ၃၈–ပရိနိဗ္ဗာန သဒ္ဒါ၏ အသုံးအဖြတ်။

"ပရိနိဗ္ဗာန"သဒ္ဒါသည် ပတ်ဝန်းကျင် အကြွင်းမရှိ ငြိမ်းမှုဟူသော "ပရိနိဗ္ဗုတအနက်ကို ဟောသည်။ အကျယ်ချဲ့မည်။ ထို "ပရိနိဗ္ဗာန"သဒ္ဒါသည်"သုံးပါးအပြား"ရှိ၏၊ သုံးပါးဟူသောကား-

၁။ "ကိလေသပရိနိဗ္ဗာန" ကိလေသာ တို့၏ ပတ်ဝန်းကျင် အကြွင်းမရှိ ငြိမ်းမှု"ကိလေသပရိနိဗ္ဗာန်"

၂။ "ခန္ဓပရိနိဗ္ဗာန"ခန္ဓာငါးပါးတို့၏ ပတ်ဝန်းကျင် အကြွင်း မရှိငြိမ်းမှု"ခန္ဓပရိနိဗ္ဗာန်"

၃။ "ဓာတုပရိနိဗ္ဗာန" ဓာတ်တော် တို့၏ တေဇောဓာတ် လောင်ကျွမ်း၍ ပတ်ဝန်းကျင် အကြွင်းမရှိ ငြိမ်းမှု"ဓာတု ပရိနိဗ္ဗာန်"

အားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့အနက်-

၁။ ကိလေသာ ပရိနိဗ္ဗာန်သည် ဗောဓိဂင်၏အနီး အပရာဇိတ ပလ္လင်တော်၌ဖြစ်၏။

၂။ ခန္ဓ ပရိနိဗ္ဗာန်သည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်၌ဖြစ်၏။

၃။ ဓာတုပရိနိဗ္ဗာန်သည် သာသနာတော် ကွယ်ပသောအခါ မဟာဗောဓိမဏ္ဍိုင်၌ ဖြစ်လိမ့်မည်။

ဤပြဆိုအပ်ပြီးသောကိလေသ,ခန္ဓ,ဓာတုပရိနိဗ္ဗာန်သုံးပါးသည်။ မြတ်စွာဘုရားနှင့်သာ သက်ဆိုင်သော ပရိနိဗ္ဗာန်သုံးပါး ဖြစ်သတည်း။ (ဧကနိပါတ်၊အင်္ဂုတ္တိုရ်အဋ္ဌကထာ ၇၁-ကဝိမျက်မှန်။)

၁။ ရှင်ပစ္စေကဗုဒ္ဓါ,ဟောန္တာအရှင်မြတ်တို့၏ကိလေသ ပရိနိဗ္ဗာန်သည်။မိမိ,မိမိတို့ အာရဟတ္တမဂ်ကိုရသောနေရာ၌ဖြစ်၏။

၂။ ခန္ဓပရိနိဗ္ဗာန်သည် မိမိ,မိမိတို့ ပရိနိဗ္ဗာန်ရာ အရပ်၌ ဖြစ်၏ဟု မှတ်အပ်၏။

၃။ ဓာတုပရိနိဗ္ဗာန်သည်ကား။ကျမ်းဂန်တို့၌ မထင်ရှားလေ။

ကိလေသ ပရိနိဗ္ဗာန်သည်လည်း နှစ်ပါးပြားပြန်၏။ နှစ်ပါးဟူသည်ကား–

(၁) "ကိလေသပရိနိဗ္ဗာန" "ကိလေသာတို့၏ပတ်ဝန်းကျင် အကြွင်းမဲ့ငြိမ်းမှု "ကိလေသ ပရိနိဗ္ဗာန်"

ဋ္ဌတိဝုတ် ပါဠိတော် (၁၄၇) ဟံသာဝတီ, ၎င်းအဋ္ဌကထာ (၁၇၂) ဇမ္ဗူ့မိတ်ဆွေ၊

(၂) အရဟတ္တဖလ ကိလေသပရိနိဗ္ဗာန" ကိလေသာတို့၏ ပတ်ဝန်းကျင် အကြွင်းမရှိ ငြိမ်းရာ" အရဟတ္တဖိုလ် ဟူသော ကိလေသ ပရိနိဗ္ဗာန်" အားဖြင့်နှစ်ပါး ဖြစ်၏။

(သုတ်ပါထေယျ အဋ္ဌကထာ (၁၀၆) သုမဌ္ဌဝတီ။)

*အထူးမှတ်ရန်။ ။ကိလေသာတို့သည် အရဟတ္တမဂ် ခဏ၌ ပတ်ဝန်းကျင် အကြွင်းမရှိ ငြိမ်းကုန်၏။ ထို့ကြောင့် အရဟတ္တ မဂ်ကို "ကိလေသာငြိမ်းရာ" ဟူ၍ ခေါ် ဆိုအပ်၏၊ ထိုသို့ခေါ်ဆို အပ်သောကြောင့်။ အကြောင်း ဖြစ်သော အရဟတ္တ မဂ်၏ "ကိလေသာငြိမ်းရာ" ဟူသော အမည်ကို။ ၎င်းမဂ်၏ အကျိုး ဖြစ်သော အရဟတ္တဖိုလ်၌ တင်စား၍ အကျိုးဖြစ်သော အရဟတ္တ ဖိုလ်ကိုလည်း "ကိလေသာငြိမ်းရာ" ဟူ၍ ကာရဏူပစာအားဖြင့် ခေါ် ဆိုအပ်လေသည်။

ကာရဏာသ နာမံ ဖလမှိ ဥပစာရော ဝေါဟာရော ကာရဏူပစာရော။ ။

ကာရဏဿ၊ အကြောင်း၏။နာမံ၊အမည်ကို၊ ဖလမှိ၊အကျိုး၌။ ဥပစာရော ဝေါဟာရော၊ တင်စား၍ ခေါ်ဝေါ်ခြင်းသည်။ ကာရဏူပစာရော၊ "ကာရဏူပစာရ" မည်၏။ ကာရဏူပစာရော၊ အကြောင်း၏အမည်ကို အကျိုး၌တင်စား၍ ခေါ်ဝေါ်ခြင်း။

## ၃၈-သီးသန့် "ပရိနိဗ္ဗာန" သဒ္ဒါမှ တပါး၊ ရောနှောသော "ပရိနိဗ္ဗာန" သဒ္ဒါကို ပြဆိုဦးအံ့။

အနုပါဒိ သဒ္ဒါ၊အပ္ပစ္စယ သဒ္ဒါတို့နှင့် ရောနှောစပ်ယှဉ်နေသော "ပရိနိဗ္ဗာန သဒ္ဒါသည်။ သို့မဟုတ်၊ အနုပါဒိ ပရိနိဗ္ဗာနသဒ္ဒါ" "အပ္ပစ္စယ ပရိနိဗ္ဗာနသဒ္ဒါ" တို့သည်။ရဟန္တာတို့၏ "ရုပ်ခန္ဓာ ပျက်သောအနက်" ကိုဟောသည်၊ ထိုသို့ ဟောကြောင်းကို ပရိဝါ ပါဠိတော် (၂၈၈) ဆဋ္ဌသံဂါယနာမူ၌-

(၁) ဝိရတ္တိညာဏ ဒဿနံ အနုပါဒါ ပရိနိဗ္ဗာနတ္ထာယ။ ။

ဟူ၍ လာရှိလေသည်။ ၎င်းအဋ္ဌကထာ (၁၈၄) သုမ္ဗဝတိ၌လည်း-

(၂) အနုပါဒါ ပရိနိဗ္ဗာနတ္ထာယာတိ အပ္ပစ္စယ ပရိနိဗ္ဗာနတ္ထာယ။ အပ္ပစ္စယ ပရိနိဗ္ဗာနဿ ဟိ တံ ပစ္စယော ဟောတိ။ တသ္မိံ အနုပတ္တေ အဝဿံ ပရိနိဗ္ဗာယိတဗ္ဗတောတိ။ ။

ဟူ၍ လာရှိလေသည်။

၎င်းအဖွင့် ပရိဝါ ဝိမတိဝိနောဒနီဋီကာ (၂၂၄)ဇမ္ဗူမိတ်ဆွေ၌လည်း-

(၃) အပ္ပစ္စယ ပရိနိဗ္ဗာနတ္ထာယာတိ အာယတိံ ပဋိသန္ဓိယာ အကာရဏဘူတ ပရိနိဗ္ဗာနတ္ထာယ။ ပရိနိဗ္ဗာနဉှိနာမ ခိဏာသဝါနံ သဗ္ဗပစ္ဆိမာ ရုပ်ဝိဗ္ဗ၊ ကမ္မဇရူပ သင်္ခါတာ ခန္ဓာ တေ စ သဗ္ဗာ ကာရဏာ သမုန္နိန္နာ နုသသတာသ ပုနဗ္ဘဝါယ အနန္တရာဒိပစ္စယာ န ဟောန္တိ၊ အညေဟိ စ တဒ္ဓာဒိ ပစ္စယေဟိ ဝိရဟိ တတ္တာ၊ တသ္မာ အပ္ပစ္စယ ပရိနိဗ္ဗာနန္တိ ဝုစ္စတိ။ ။

ဟူ၍ လာရှိလေသည်။

(၁) ဝိမုတ္တိ ဉာဏဒဿနံ၊ ပစ္စဝေက္ခဏာဉာဏ်ဟု ဆိုအပ်သော ဝိမုတ္တိဉာဏ ဒဿနသည်၊ အနုပါဒါ ပရိနိဗ္ဗာနတ္ထာယ၊ အနုပါဒါ ပရိနိဗ္ဗာန် ဟူသောအကျိုးငှါ။ ဟောတိ၊ ဖြစ်၏။

(ဤကား ပရိဝါပါဠိတော်၏ မြန်မာပြန်တည်း။)

အဓိပ္ပါယ်ကား။ ။သောတာပတ္တိမဂ်ဝီထိနောင်-

၁။ ။သောတာပတ္တိမဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် (၁) ဝီထိ။

၂။ ။သောတာပတ္တိဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် (၁) ဝီထိ။

၃။ ။နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် (၁) ဝီထိ။

၄။ ။ပယ်အပ် ပြီးသော ကိလေသာ တို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် (၁) ဝီထိ။

၅။ မပယ်အပ်သေးသော ကိလေသာ တို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်(၁)ဝီထိအားဖြင့် ပစ္စဝေက္ခဏာဉာဏ် ငါးဝီထိတို့ ဖြစ်ကုန်၏။

---

၂။ ထိုအတူ သကဒါဂါမိမဂ်ဝီထိနောင် ငါးဝီထိ။

၃။ အနာဂါမိမဂ်ဝီထိနောင် ငါးဝီထိ။

၄။ အရဟတ္တမဂ် ဝီထိနောင် လေးဝီထိတို့ ဖြစ်ကုန်၏၊ ဤ ပစ္စဝေက္ခဏာဉာဏ် ၁၉ တန်သည်"ဝိမုတ္တိဉာဏဒဿန" မည်၏။

အရဟတ္တမဂ် ဝီထိနောင်။ ကျန်သောကိလေသာမရှိ၍ ကျန်သော ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် ဝီထိကို မရသောကြောင့် ၁၉-ဝီထိသာ ဖြစ်သတည်း။ ထို ဝိမုတ္တိဉာဏဒဿနသည် အနုပါဒါ ပရိနိဗ္ဗာန်ပြုရန်အကျိုးငှါ ဖြစ်၏ဟူလို။

အနုပါဒါ ပရိနိဗ္ဗာန်အကျိုးငှါဟူသည် အဘယ်နည်းဟု မေးဘွယ်ရှိ၍ ''အနုပါဒါပရိနိဗ္ဗာနတ္ထာယာတိအပ္ပစ္စယပရိနိဗ္ဗာနတ္ထာယ' ကို မိန့်တော်မူသည်။

အနုပါဒါ ပရိနိဗ္ဗာနတ္ထာယာတိ၊ အနုပါဒါ ပရိနိဗ္ဗာနတ္ထာယ ဟူသည်ကား။ ဝိမုတ္တိညာဏဒဿနံ၊ပစ္စဝေက္ခဏာဉာဏ်ဟုဆိုအပ်သော ဝိမုတ္တိညာဏဒဿနသည်။ (လိုက်စေ) အပ္ပစ္စယ ပရိနိဗ္ဗာနတ္ထာယ၊တဖန် ဘဝသစ်အား ကျေးဇူးမပြုနိုင်ခြင်း၊ ဝါ၊ တဖန် ဘဝသစ်၏ အကြောင်းမဖြစ်နိုင်ခြင်းဟူသော အပ္ပစ္စယ ပရိနိဗ္ဗာန် အကျိုးငှါ။ ဟောတိ၊ဖြစ်၏။

အဓိပ္ပါယ်ကား။ ။''အနုပါဒါ ပရိနိဗ္ဗာန် အကျိုးငှါ ဟူသည် ''အပ္ပစ္စယ ပရိနိဗ္ဗာန်''အကျိုးငှါပေတည်း။ ထိုပစ္စဝေက္ခဏာဉာဏ် ဟုဆိုအပ်သော ဝိမုတ္တိညာဏဒဿနသည်၊ထိုအပ္ပစ္စယ ပရိနိဗ္ဗာန် အကျိုးငှါဖြစ်၏ဟူလို၊

ထိုပစ္စဝေက္ခဏာဉာဏ်ဟုဆိုအပ်သော ဝိမုတ္တိညာဏ ဒဿန သည်၊အပ္ပစ္စယပရိနိဗ္ဗာန်၏အကြောင်းဖြစ်သည်ကိုပြပြန်လိုရကား။

> အပ္ပစ္စယ ပရိနိဗ္ဗာနဿ ဟိ တံ ပစ္စယော ဟောတိ။တဒ္ဓိ
> အနုပစ္စော အဝသိ ပရိနိဗ္ဗာယိ တစ္ဆတောတိ။ ။

ဟူသော ပါဌ်တို့ကို မိန့်တော်မူပြီ။

ဟိ-သစ္စံ၊ထိုစကားမှန်၏။ တံ၊ထိုပစ္စဝေက္ခဏာဉာဏ်ဟုဆိုအပ်သော ဝိမုတ္တိညာဏ ဒဿန သည်။ အပ္ပစ္စယ ပရိနိဗ္ဗာနဿ၊ အကြောင်း မဖြစ်နိုင်သော အပ္ပစ္စယ ပရိနိဗ္ဗာန်၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ဖြစ်၏။ ကသ္မာ၊အဘယ်ကြောင့်။ တံ၊ ထိုပစ္စဝေက္ခဏာဉာဏ်ဟုဆိုအပ်သော ဝိမုတ္တိညာဏဒဿနသည်။ အပ္ပစ္စယ ပရိနိဗ္ဗာနဿ၊ အကြောင်း မဖြစ်နိုင်သော အပ္ပစ္စယ

ပရိနိဗ္ဗာန်၏။ ပစ္စယော၊အကြောင်းသည်။ ဟောတိ၊ ဖြစ်သနည်း။ ဣတိ-အယံ၊ဤသည်ကား၊ ပုစ္ဆာ၊အမေးတည်း။ တသ္မိံ၊ထိုဝိမုတ္တိဉာဏဒဿနသို့၊ အနုပုဗ္ဗေ၊ အစဉ်အားဖြင့်ရောက်လတ်သော်။ အဝသိ၊မချွတ်။ ဝါ၊မုချကြောင်း။ပရိနိဗ္ဗာယိတဗ္ဗတော၊ခန္ဓပရိနိဗ္ဗာန်ပြုအပ်လတ္တံ့သည်၏ အဖြစ်ကြောင့်။ တံ၊ထိုဝိမုတ္တိဉာဏ ဒဿနသည်။ အပစ္စယပရိနိဗ္ဗာနဿ၊အကြောင်းမဖြစ်နိုင်သော အပစ္စယပရိနိဗ္ဗာန်၏။ ပစ္စယော၊အကြောင်းသည်။ ဟောတိ ဖြစ်၏။ ဣတိ-အယံ၊ဤသည်ကား။ ဝိဿဇ္ဇနာ၊အဖြေတည်း။

အဓိပ္ပါယ်ကား။ ထိုပစ္စဝေက္ခဏာဉာဏ်ဟူ ဆိုအပ်သော ဝိမုတ္တိဉာဏဒဿနသည် အကြောင်း မဖြစ်နိုင်သော အပစ္စယ ပရိနိဗ္ဗာန်၏ အကြောင်းဖြစ်ပေသည်။ အဘယ်ကြောင့် ထိုဝိမုတ္တိ ဉာဏဒဿနသည် အပစ္စယ ပရိနိဗ္ဗာန်၏ အကြောင်းဖြစ်သနည်း ဟူမူ။ ထိုဝိမုတ္တိဉာဏဒဿနသို့ရောက်ခဲ့သော်။ မချွတ်ကြောင်းမုချ အမှန် ခန္ဓပရိနိဗ္ဗာန် စံဝင်တော်မူမည် ဖြစ်ပေသောကြောင့်တည်း ဟူလို။

(ဤကား ပရိဝါအဋ္ဌကထာပါဠိ၏ မြန်မာပြန်နှင့် အဓိပ္ပါယ်တည်း။)

---

## ၃၉-အပစ္စယပရိနိဗ္ဗာန်ကို အကျယ်ပြဆိုပုံ။

အပစ္စယ ပရိနိဗ္ဗာနတ္ထာယာတိ၊ အပစ္စယ ပရိနိဗ္ဗာနတ္ထာယ ဟူသည်ကား။ အာယတိံ၊ ရဟန္တာတို့ရပ်ဘင်ခဏမှ နောင်လာလတ္တံ့သောကာလ၌။ ပဋိသန္ဓိယာ၊ပဋိသန္ဓေအား။ ဝါ၊ပဋိသန္ဓေ၏။ အကာရဏဘူတပရိနိဗ္ဗာနတ္ထာယ၊ အကြောင်းမဟုတ်သည်ဖြစ်၍ ဖြစ်သော ပရိနိဗ္ဗာန်ဟူသော အကျိုးငှါ။ ဟောတိ၊ ဖြစ်၏။ ဟိ-ဝိတ္ထာရမေဝ၊ ချဲ့ဦးအံ့။ ပရိနိဗ္ဗာနံနာမ၊ ပရိနိဗ္ဗာန် မည်သည်ကား။ ခီဏာသဝါနံ၊ကုန်ပြီးသော အာသဝေါတရားရှိကုန်သော ဘုရား,

ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့၏။ ဝါ၊ ဘုရား,ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့အား။ သဗ္ဗပစ္ဆိမာ၊ ဖြစ်သမျှကုန်သော ခန္ဓာတို့၏ နောက်ဆုံးကာလ၌ ဖြစ်ကုန်သော၊ စုတိစိတ္တ,ကမ္မဇရူပသန္တတိ၊ စုတိစိတ်, ကမ္မဇရုပ်ဟု ခေါ်ဆိုအပ်ကုန်သော။ခန္ဓာ၊ခန္ဓာတို့တည်း။ (တနည်း) ခန္ဓာ၊ခန္ဓာတို့သည်။ ပရိနိဗ္ဗာနံနာမ၊ 'ပရိနိဗ္ဗာန်'မည်၏။

တေစ၊ထိုဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာတို့၏ ဝိပါကနာမက္ခန္ဓာ, ကမ္မဇရုပ်ဟု ခေါ်ဆိုအပ်ကုန်သော စုတိ ခန္ဓာတို့သည်လည်း။ သဗ္ဗာကာရတော၊ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ ဝါ၊ခပ်သိမ်းသော အဘို့အားဖြင့်၊ ဝါ၊ ခပ်သိမ်းသော အပိုင်းအခြားအားဖြင့်။ သမုစ္ဆိန္နာနုသယတာယ၊ ကောင်းစွာ အကြွင်းမရှိ ကုန်ပြတ်ပြီးသော အနုသယ ရှိသည်၏ အဖြစ်ကြောင့်။ ပုနဗ္ဘဝါယ၊ တဖန်ဘဝသစ်အား၊ အနန္တရာဒိ ပစ္စယာ၊ အနန္တရ အစရှိကုန်သော အကြောင်းပစ္စည်းတို့သည်။ ဝါ၊ အနန္တရ,သမနန္တရ, အနန္တရူပနိဿယ,နတ္ထိ,ဝိဂတ အကြောင်းပစ္စည်းတို့သည်။ နဟောန္တိ၊မဖြစ်ကုန်။ ဝါ၊ မတပ်ကုန်။ (တနည်း) အနန္တရာဒိပစ္စယာ၊ အနန္တရ အစရှိသည်တို့ဖြင့် ကျေးဇူးပြုကုန်သည်။ ဝါ၊အနန္တရ, သမနန္တရ, အနန္တရူပ နိဿယ,နတ္ထိ,ဝိဂတ ပစ္စည်းတို့ဖြင့် ကျေးဇူး ပြုကုန်သည်။ နဟောန္တိ၊မဖြစ်ကုန်။

ကသ္မာ၊အဘယ်ကြောင့် ကျေးဇူးမပြုကုန်သနည်း ဟူမူကား။ အညေဟိစ၊အနန္တရ,သမနန္တရ,အနန္တရူပနိဿယ,နတ္ထိ, ဝိဂတ-ဟု ခေါ်ဆိုအပ်ကုန်သော ပဋ္ဌာန်းပစ္စည်းတို့မှလည်း တပါး ကုန်သော။ တဏှာဒိ ပစ္စယေဟိ၊တဏှာ အစရှိကုန်သော အကြောင်းတရားတို့မှ။ ဝါ၊တဏှာ,ဥပါဒါန်,ကမ္မဘဝ,အဝိဇ္ဇာ,သင်္ခါရတည်း ဟူသော ပဋိစ္စ သမုပ္ပါဒ် ပစ္စုပ္ပန် အကြောင်းတရား ငါးပါးတို့မှ။ ဝိရဟိတတ္တာ၊ကင်းသည်၏ အဖြစ်ကြောင့်တည်း။ တသ္မာ၊ ထိုသို့ ပဋိသန္ဓေသစ်အား။ အနန္တရ,သမနန္တရ,အနန္တရူပနိဿယ,နတ္ထိ, ဝိဂတပစ္စည်းတို့ဖြင့် ကျေးဇူးမပြုနိုင်သည်၏ အဖြစ်ကြောင့်။ တေ၊

ထိုဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာတို့၏ ၀ိပါက်နာမက္ခန္ဓာ, ကမ္မဇရုပ်ဟု ခေါ်ဆိုအပ်ကုန်သော ရုတိခန္ဓာတို့ကို၊ အပ္ပစ္စယပရိနိဗ္ဗာနန္တိ၊ အပ္ပစ္စယပရိနိဗ္ဗာန်ဟူ၍။ ဝါ၊အကြောင်းခံမဟုတ်သည်ဖြစ်၍ ဖြစ်သော ပရိနိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ခေါ်ဆိုအပ်၏။

(ဤကားဝိမတိဝိနောဒနီဋီကာ ပရိဝါ၏ မြန်မာပြန်တည်း။)

အဓိပ္ပါယ်ကား။ ။အပ္ပစ္စသပရိနိဗ္ဗာန်အကျိုးငှါဖြစ်၏ဟူသော စကားတွင် "အပ္ပစ္စယ ပရိနိဗ္ဗာန်"ဆိုသည်ကား၊ ရဟန္တာ ဘို့၏ ရုတိဘင်ခဏမှ နောင်အခါ၌ ပဋိသန္ဓေသစ် ဖြစ်ပေါ် လာတို့ "အကြောင်းခံမဟုတ်သည့် ပရိနိဗ္ဗာန်" ကိုဆိုသည်။

ပစ္စဝေက္ခဏာဉာဏ်ဟုဆိုအပ်သော ဝိမုတ္တိဉာဏဒဿနသည်။ ထိုအကြောင်းခံမဟုတ်သည့် ပရိနိဗ္ဗာန်အကျိုးငှါဖြစ်၏ဟု ဆိုလိုသည်။

ဤပရိဝါပါဠိတော်၌"ပရိနိဗ္ဗာန်"ဆိုသည်ကား။ ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာတို့၏ "ရုတိစိတ်နှင့် ကမ္မဇရုပ်" တို့ကို ဆိုသည်။ (ရုတ်စိတ်,ကမ္မဇရုပ် ပခုမတ်တခုးတို့ကို မှတ်ယူ,ကောက်ယူဟု ဆိုလိုသည်။)

ထိုဘုရား,ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့၏ ရုတိစိတ်,ကမ္မဇရုပ်ခန္ဓာတို့သည်ချုပ်သိမ်းသောအခြင်းအရာအားဖြင့်၊သမုစ္ဆေဒပဟာန်ဖြင့် ပယ်အပ်ပြီးသော အနုသယရှိသောကြောင့်၊တဖန်ဘဝသစ်အား။ ဝါ၊ဘဝသစ်ဖြစ်တို့ အနန္တရ,သမနန္တရ အနန္တရူပနိဿယ,နတ္ထိ, ၀ိဂတ ပစ္စည်းတို့ မဖြစ်ကုန်။ ဝါ၊အနန္တရ,သမနန္တရ, အနန္တရူပနိဿယ,နတ္ထိ,၀ိဂတပစ္စည်းတို့ဖြင့် ကျေးဇူးမပြုကုန်။ အကြောင်း မခံကုန်ပြီ။

အဘယ်ကြောင့် အနန္တရ-အစရှိကုန်သော ငါးပစ္စည်းတို့ဖြင့်။ ကျေးဇူးမပြုကုန်သနည်းဟူမူ။ နောင်ဘဝသစ်၌ ဝိညာဉ်,နာမ်ရုပ်, သဠာယတန,ဖဿ, ဝေဒနာဟု ဆိုအပ်ကုန်သော အကျိုးတရား

ငါးပါးတို့ကိုဖြစ်စေတတ်ကုန်သော တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရဟု ဆိုအပ်ကုန်သော ပဋိစ္စသမုပ္ပါဒ် ပစ္စုပ္ပန် အကြောင်းတရား ငါးပါးတို့မှ ကင်းပြီး ဖြစ်သောကြောင့်တည်းဟူလို။

---

## ၄၀–အပ္ပစ္စယပုဒ် ဝိဂြိုဟ်လုပ်ပုံ။

န ပစ္စယာ အပ္ပစ္စယာ၊ ။

ဟု ဥဘောဘပ္ပုရိသ်သမာသ်ဒ်ဂြိုဟ်ပြု။

"အနန္တရာဒိ ပစ္စယာ န ဟောန္တိ" ဟူသော ဝိမဝ်ငိုကာကို ထောက်ပါ။

ပစ္စယာ၊ အကြောင်းတရားတို့သည်။ န၊ မဟုတ်ကုန်။ အပ္ပစ္စယာ၊ အကြောင်း တရားတို့မဟုတ်ကုန်။

ဘုရား, ပစ္စေကဗုဒ္ဓါ,ရဟန္တာတို့၏ ရုတိစိတ်, ကမ္မဇရုပ်တို့ကို ရ၏။

ဤပရိဒါ ပါဠိတော်, ရင်းအဋ္ဌကထာ, ဋီကာတို့၌ သိသာရန် အဓိပ္ပါယ်ကား။

ရှေ့အဘိဓ္ဓက ပင်လျှင်။ အသင်္ခတခေတ် နိဗ္ဗာန်ကို အာရုံပြု၍ မင်ဇော, ဖိုလ်ဇောတ်ဖြစ်၍ ချုပ်ကြကုန်သည်။ ထိုနောင် ဘဝင် စိတ်ဖြစ်၏။ ထိုနောင် ဝိမုတ္တိညာဏ ဒဿနခေါ်– ပစ္စဝေက္ခဏာ ဉာဏ်သည် အလွန် အားဖြင့်-၁၉-ဝီထိ ဖြစ်၍ ချုပ်လေသည်။ (၁၉-ဝီထိသချင်ကို။ ရှေးကဆိုခဲ့ပြီးပြီ။) ထိုဝိမုတ္တိညာဏ ဒဿန သို့ ရောက်ကုန်ပြီးသော, ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ တို့၏ ရုပ်စိတ်, ကမ္မဇရုပ် ခန္ဓာတို့သည်။ တဖန် ဘဝသစ်[illegible]ား ဝါ၊

ဘဝသစ်ဖြစ်ဘို့။ အနန္တရစသော ငါးပစ္စည်းတို့ မတပ်ကုန်ပြီ။ အဘယ်ကြောင့် ငါးပစ္စည်း မတပ်သနည်းဟူမူ ဘား။ ပဋိစ္စသမုပ္ပါဒ်ပစ္စုပ္ပန် အကြောင်းတရား ငါးပါးတို့မှ ကင်းသောကြောင့် မတပ်ဟူလို။

ထိုကြောင့် ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့၏ ရုပ်စိတ်, ကမ္မဇရုပ် ခန္ဓာတို့ကို "အပစ္စယ ပရိနိဗ္ဗာန်" ဟူ၍ခေါ် အင်၏။ ခေါ်ဆိုကြဟူလို။ (ဤ၌ "အနုပါဒိ ပရိနိဗ္ဗာန်" နှင့် "အပ္ပစ္စယ ပရိနိဗ္ဗာန်" နှစ်ပါးသည် အတူတူပင်တည်း။

---

## (၄၁) တနည်း--အနုပါဒိ ပရိနိဗ္ဗာန်ကို ပြရာ။

ဤသို့ ပရိဝါ၌လာသော "အနုပါဒိ ပရိနိဗ္ဗာန်" ကိုပြပြီး၍ ယခုအခါ မူလပဏ္ဏာသ၌လာသော "အနုပါဒိ ပရိနိဗ္ဗာန်" ကိုပြဦးအံ့။

၁။ ။အနုပါဒိ ပရိနိဗ္ဗာနတ္တံ ခေါ အာဝုသော ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတိ။ ။

(မူလပဏ္ဏာသပါဠိတော် (၂၀၁) ဆဋ္ဌသံဂါယနာမူ)

၂။ ။အနုပါဒိ ပရိနိဗ္ဗာနတ္တံ ခေါ အာဝုသောတိ ဧတ္ထ အနုပါဒိ ပရိနိဗ္ဗာနံနာမ အပ္ပစ္စယ ပရိနိဗ္ဗာနံ၊ ဒွေ ဟိ ဥပါဒါနာနိ ဂဟဏူပါဒါနဉ္စ, ပစ္စယူပါဒါနဉ္စ။ ဂဟဏူပါဒါနံနာမ ကာမုပါဒါနာဒိကံ စတုဗ္ဗိဓံ၊ ပစ္စယူပါဒါနံနာမ အဝိဇ္ဇာပစ္စယာ သင်္ခါရာတိ ဧဝံ ဝုတ္တပစ္စယာ၊ ။

တတ္ထ ဂဟဏူပါဒါနဝါဒိနော အာစရိယာ အနုပါဒိ, ပရိနိဗ္ဗာနန္တိ စတူသု ဥပါဒါနေသု အညတရေနာပိ ကိဉ္စိ ဓမ္မံ အဂ္ဂဟေတွာ ပဝတ္တံ အရဟတ္တဖလံ အနုပါဒါပရိနိဗ္ဗာနန္တိ ကထေန္တိ။ တံ ဟိ န စ ဥပါဒါနသမ္ပယုတ္တံ ဟုတွာ ကိဉ္စိ မွေ ဥပါဒိယတိ။ ကိလေသာနဉ္စ ပရိနိဗ္ဗုတန္တေ ဇာတတ္တာ ပရိနိဗ္ဗာနန္တိ ဝုစ္စတိ။ ။

ပစ္စယူပါဒါနဝါဒိနော ပန အနုပါဒါ ပရိနိဗ္ဗာနန္တိ အပ္ပစ္စယ ပရိနိဗ္ဗာနံ၊ ပစ္စယဝသေန အနုပ္ပန္နံ အသင်္ခတံ အမတဓာတု မေဝ အနုပါဒါ ပရိနိဗ္ဗာနန္တိ ကထေန္တိ။ ။

(ရှင်း အဋ္ဌကထာ၊ ဒုတိယအုပ် (၅၇) ဇမ္ဗူ့မိတ်ဆွေ)

၃။ ။အပ္ပစ္စယ ပရိနိဗ္ဗာနန္တိ အနုပါဒိသေသ နိဗ္ဗာန မာဟ၊ ဣဒါနိ ပကာရန္တရေနပိ အနုပါဒါ ပရိနိဗ္ဗာနံ ဒဿေတုံ ဒွေ ဓာတိအာဒိ ဝုတ္တံ။ တတ္ထ ဂဟဏော ပါဒါနန္တိ ဒဠှဂ္ဂဟဏဘာဝတော ဥပါဒါနံ။ တေနာဟ–ကာမုပါဒါနာဒိကန္တိ။ ပစ္စယူပါဒါနန္တိ ယံကိဉ္စိ ပစ္စယမာဟ။ သော ဟိ အတ္တနော ဖလံ ဥပါဒိယတိ ဥပါဒါနဝသေန ဂဏှာတီတိ ဥပါဒါနန္တိ ဝုစ္စတိ။ တေနာဟ....ပစ္စယူပါဒါနံ နာမ။ ပ။ ပစ္စယာဘာဝ။ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စတီတိ ဝစနတော အရဟတ္တဖလံ အနုပါဒါ ပရိနိဗ္ဗာနန္တိ ကထေန္တိ။ န စ ဥပါဒါန သမ္ပယုတ္တန္တိ ဥပါဒါနေဟိ ဧတံ န သဟိတံ။ နာပိ ဥပါဒါနေဟိ သဟ ပဝတ္တိ ဟုတွာ။ န စ ကိဉ္စိ ဓမ္မံ ဥပါဒိယတီတိ ကဿစိ ဓမ္မဿ အာရမ္မဏ ကရဏဝသေန နဉပါဒိယတိ။ ပရိနိဗ္ဗုတန္တေတိ အဂ္ဂမဂ္ဂေန ကာဘာဗ္ဗ ဂိလေသ ပရိနိဗ္ဗာန ပရိယောသာနတ္တေ ဖလတ္တာ၊ အမတဓာတု မေဝ အနုပါဒါ ပရိနိဗ္ဗာနန္တိ ကထေန္တိ။ ။

(ရှင်းဋီကာ၊ ဒုတိယ အုပ်(၁၂၁)ဟံသာဝတီရိုက်)

၁၊ ။အာဝုသော၊ ငါ့ရှင်သာရိပုတ္တရာ၊ ခေါ၊ စင်စစ်၊ အနုပါဒါ ပရိနိဗ္ဗာနတ္ထံ၊ အနုပါဒါ ပရိနိဗ္ဗာန် ဟူသောအကျိုးငှါ၊ ဘဂဝတိ၊ မြတ်စွာဘုရား အထံတော်၌ ဝါ၊ မြတ်စွာဘုရား သာသနာတော်၌၊ ဗြဟ္မစရိယံ၊ မဂ်ဟူသော မြတ်သော အကျင့်ကို။ ဝုသတိ၊ ဆောက်တည် ကျင့်သုံး၏၊

(ဤကား မူလပဏ္ဏာသ ပါဠိတော်၏ မြန်မာပြန်တည်း။)

အဓိပ္ပါယ်ကား။ ။အရှင်သာရိပုတ္တရာ ထေရ်မြတ်က။ငါ့ရှင်ပုဏ္ဏ၊ အဘယ် အကျိုးငှါ မြတ်စွာဘုရား အထံတော်၌။ ဝါ၊ မြတ်စွာဘုရား သာသနာတော်၌ မြတ်သော အကျင့်ကို ဆောက်တည် ကျင့်သုံး ပါသနည်းဟု မေးမြန်းတော် မူသည်။ ထိုအခါ အရှင်ပုဏ္ဏထေရ်က။ ငါ့ရှင် သာရိပုတ္တရာ။ စင်စစ်အားဖြင့် "အနုပါဒါ ပရိနိဗ္ဗာန်" အကျိုးငှါ။ မြတ်သော အကျင့်ကို ဆောက်တည် ကျင့်သုံး ပါသည်ဟု ဖြေတော်မူသည် ဟူလို။

၂။ ။အနုပါဒါ ပရိနိဗ္ဗာနတ္ထံ ခေါ် အာဝုသော တိ ဧတ္ထ၊ အနုပါဒါပရိနိဗ္ဗာနတ္ထံ ခေါ် အာဝုသော ဟူသော ဤပါဠိတော်၌၊ အနုပါဒါပရိနိဗ္ဗာနံနာမ၊ အနုပါဒါ ပရိနိဗ္ဗာန် မည်သည်ကား။အပ္ပစ္စယ ပရိနိဗ္ဗာနံ၊ အပ္ပစ္စယ ပရိနိဗ္ဗာန်တည်း။ ဥပါဒါနာနိ၊ ဥပါဒါန်တို့သည်။ ဂဟဏူပါဒါနဥ္စ၊ ဂဟဏူပါဒါန်ရင်း။ ပစ္စယူပါဒါနဥ္စ၊ ပစ္စယူပါဒါန်ရင်း။ ဣတိ၊ ဤသို့။ ဒွေဓာ၊ နှစ်ပါး အပြား ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ဂဟဏူပါဒါနံနာမ၊ ဂဟဏူပါဒါန် မည်သည်ကား။ ကာမုပါဒါနာဒိကံ။ ကာမုပါဒါန် အစရှိသော။ ဝါ၊ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန်,အတ္တဝါဒုပါဒါန်ဟုဆိုအပ်သော။ စတုဗ္ဗိဓံ၊ ၄ ပါး အပြားရှိသော ဥပါဒါန်တည်း။ ပစ္စယူပါဒါန် နာမ၊ ပစ္စယူပါဒါန် မည်သည်ကား။ အဝိဇ္ဇာပစ္စယာ သင်္ခါရာတိ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာဟူ၍။ဧဝံ၊ ဤသို့။ ဝုတ္တပစ္စယာ၊ ဟောတော်မူအပ်ကုန်သော အကြောင်းတရားတို့တည်း။

တတ္ထ၊ ထို "အနုပါဒါ ပရိနိဗ္ဗာနတ္ထံ" ဟူသော ပါဠိတော်၌။ ဂဟဏူပါဒါနဝါဒိနော။ ဂဟဏူပါဒါနဝါဒီ ဖြစ်ကုန်သော အာစရိယာ၊ ဆရာတို့သည်၊အနုပါဒါပရိနိဗ္ဗာနန္တိ ဧတ္ထ၊ အနုပါဒါပရိနိဗ္ဗာနံ ဟူသော ဤပါဠိ၌။ စတူသု၊ လေးပါး ကုန်သော၊ ဥပါဒါနေသု၊ ဥပါဒါန်တရားတို့တွင်။ အညတရေနာပိ၊ တပါးပါးဖြင့်လည်း ကိဉ္စိ၊ တစုံတခုသော။ဓမ္မံ၊ တေဘူမက သင်္ခါရတရားကို၊ အဂ္ဂဟေတွာ၊

မစွဲလန်းမှု၍၊ပဝတ္တံ၊ ဖြစ်သော။အရဟတ္တဖလံ၊အရဟတ္တဖိုလ်ကို။ အနုပါဒါ ပရိနိဗ္ဗာနန္တိ၊ အနုပါဒါ ပရိနိဗ္ဗာန် ဟူ၍။ ကထေန္တိ၊ ဆိုကြ ကုန်၏။ ဟိ-တဒေဝ ယုတ္တံ၊ ထိုစကားသည် သာလျှင် သင့်လျောက်ပတ်စွ။တံ၊ထိုအရဟတ္တဖိုလ်သည်။ဉပါဒါနသမ္ပယုတ္တံ၊ ဉပါဒါန် တရားတို့နှင့် အညီအညွတ် ကေပ္ပါဒ စသော အပြား တို့နှင့် ယှဉ်သည်။ ဟုတ္ထာ၊ ဖြစ်၍။ ကိဉ္စိ၊ တစုံတခုသော၊ ဓမ္မံ၊ တောဘူမက သင်္ခါရ တရားကို။ န စ ဉပါဒိယတိ၊ အခဲ့ပြုသည်၏ အစွမ်းဖြင့် စွဲလည်း မစွဲလန်း။

(တနည်း) ဟိ–တဒေဝ ယုတ္တံ၊ ထိုစကားသည် သာလျှင် သင့်လျောက်ပတ်စွ။ တံ၊ ထို အရဟတ္တဖိုလ်သည်။ န စ ဉပါဒါန သမ္ပယုတ္တံ၊ ဉပါဒါန် တရားတို့နှင့် အညီအညွတ် ကေပ္ပါဒ စသော အပြားတို့နှင့် မယှဉ်။ ဝါ၊ တကွမဖြစ်။ ဉပါဒါနေဟိ၊ ဉပါဒါန်တရား တို့နှင့်။ သဟ၊ တကွ။ ပဝတ္တံ၊ ဖြစ်သည်၊ ဟုတ္ထာ၊ ဖြစ်၍။ နာပိ ဉပါဒိယတိ၊ စွဲလည်း မစွဲလန်း။ ကိဉ္စိ၊ တစုံတခုသော၊ ဓမ္မံ၊ တောဘူမက သင်္ခါရတရားကို၊ န စ ဉပါဒိယတိ၊ အခဲ့ ပြုသည်၏ အစွမ်းဖြင့် စွဲလည်း မစွဲလန်း။

(ဤနောက်နည်းကား။ ငြိကာဆရာ၏ နည်းတည်း။)

တဿ၊ ထိုအရဟတ္တဖိုလ်၏။ ဝါ၊ ထိုအရဟတ္တ ဖိုလ်သည်။ ကိလေသာနံ၊ ကိလေသာ တို့၏။ ပရိနိဗ္ဗုတန္တေ၊ ပတ်ဝန်းကျင် အကြွင်းမရှိ ငြိမ်းမှု၏ အဆုံး၌၊ ဇာတတ္တာစ၊ ဖြစ်သည်၏ အဖြစ် ကြောင့်လည်း။ တံ၊ ထိုအရဟတ္တဖိုလ်ကို။ ပရိနိဗ္ဗာနန္တိ၊ ပရိနိဗ္ဗာန် ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ပဌွယှုပါဒါနဝဲဒိနော၊ ပဋ္ဌယှုပါဒါနဝါဒီ ဖြစ်ကုန်သော။ အာစရိ ယာ၁နံ၊ ဆရာတို့ သည်ကား။ အနုပါဒါ ပရိနိဗ္ဗာနန္တိ၊ အနုပါဒါ ပရိနိဗ္ဗာန် ဟူသည်ကား။ အပ္ပစ္စယ ပရိနိဗ္ဗာနံ၊ ဖြစ်ပေါ် ဘို့ရန် အကြောင်းမရှိသော ပရိနိဗ္ဗာန်ကို ပစ္စယဝသေန၊ ဖြစ်စေတတ်

သော ဇနက အကြောင်း, ထောက်ပံ့ တတ်သော ဥပတ္ထမ္ဘက အကြောင်းတရားတို့၏ အစွမ်းဖြင့်။ ဝါ၊ ဖြစ်စေတတ်သော ဇနက အကြောင်း, ထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းတရား တို့နှင့် စပ်သဖြင့်။ အနုပ္ပန္နံ၊ ဖြစ်မှုသဘော မရှိထသော။အသင်္ခတံ၊ အကြောင်းတရားတို့သည် အညီအညွတ် ပေါင်းဆုံ၍ မပြုအပ်ထ သော၊ အမတ၊ သေတုမေဝ၊ ပျက်စီးခြင်း သဘောမရှိသော နိဗ္ဗာန် ကိုသာလျှင်။ အနုပါဒါ ပရိနိဗ္ဗာနန္တိ။ အနုပါဒါ ပရိနိဗ္ဗာန်-ဟူ၍။ ကထေန္တိ၊ ဆိုကြကုန်၏။

(ဤကား မူလပဏ္ဏာသ အဋ္ဌကထာပါဌ်၏ မြန်မာပြန်တည်း)

အဓိပ္ပါယ်ကား။ ။"အနုပါဒါ ပရိနိဗ္ဗာနတ္ထံ ခေါ အာဝုသော" ဟူသော ဤပါဠိတော်မှာ၊ "အနုပါဒါ ပရိနိဗ္ဗာန်" မည်သည်ကား "အပ္ပစ္စယ ပရိနိဗ္ဗာန်"ပင်ဖြစ်သည်။

ဝါဒကွဲပြားပုံ တနည်းမှာ၊ ။ဥပါဒါန်သည်–

(၁) ပြင်းထန်စွာ စွဲလန်းတတ်သော "ဂဟဏူပါဒါန်"

(၂) အသုံးရုံသော အကြောင်းတရားဖြစ်သော "ပစ္စယူပါဒါန်"

ဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့အနက်။ "ဂဟဏူပါဒါန် သည်" ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒု ပါဒါန်" အားဖြင့် လေးပါးအပြားရှိ၏၊

ပစ္စယူ ပါဒါန်သည် အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသည်ဖြင့် ဟောတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ် အကြောင်းတရား ဖြစ်၏။

"အနုပါဒါပရိနိဗ္ဗာနတ္ထံ" ဟူသော ပါဠိတော်မှာ၊ဂဟဏူပါဒါန ဝါဒီ ဆရာတို့က၊ "အနုပါဒါပရိနိဗ္ဗာန်" ဆိုသည်ကား။ ဥပါဒါန် တရားလေးပါးတို့ အနက်၊ တပါးပါးဖြင့် သော်သည်း။ တရုံတခု သော တောဘုမက သင်္ခါရ တရားကို မစွဲလန်းမူ၍ ဖြစ်သော "အရဟတ္တဖိုလ်"ကို ဆိုကြကုန်သည်။(အရဟတ္တဖိုလ်ကိုအနုပါဒါ ပရိနိဗ္ဗာန်-ဟူ၍ ဆိုကြကုန်သည် ဟူလို။)

ထိုစကားသည် သင့်လျော်ပေစွ။ ထိုအရဟတ္တဖိုလ်သည် ဥပါဒါန်တရားတို့နှင့် ယှဉ်တွဲ၍ တရံတခါသော တောဘူမက သံကိလေသ တရားကို အာရုံပြုသည်၏ အစွမ်းအားဖြင့် စွဲလည်းမစွဲလန်းတတ်။ ကိလေသာ တို့၏ ပတ်ဝန်းကျင် အကြွင်းမရှိ ငြိမ်းမှု၏ အဆုံး၌ ဖြစ်တတ်သော ကြောင့်လည်း။ ထိုအရဟတ္တဖိုလ်ကို "ပရိနိဗ္ဗာန်" ဟူ၍ခေါ် ဆိုအပ်လေသည်။

---

## (၄၂) အနုပါဒါပုဒ်ကို ဝိဂြိုဟ်လုပ်ပုံ။

အနုပါဒါ-ပုဒ်ကို—

ဥပါဒါန သမ္ပယုတ္တံ ဟုတွာ ကိ‌ဉ္စိ မေ္ဗ နုပါဒိယတီတိ အနုပါဒါ။ ။

ဟု ကတ္တုသာဓနကိတ် ဝိဂြိုဟ်ပြု။

ယံ ဖလံ၊ အကြင် အရဟတ္တဖိုလ်သည်။ ဥပါဒါန သမ္ပယုတ္တံ၊ ဥပါဒါန် တရားတို့နှင့် အညီအညွတ် ကေဝပ္ပါဒ,ဧကနိရောဓ စသော အပြားတို့နှင့် ယှဉ်သည်။ ဟုတွာ၊ ဖြစ်၍။ ကိဉ္စိ မေ္ဗ၊ တရံတခါသော တောဘူမက သံကိလေသ တရားကို၊ နုပါဒိယတိ၊ မစွဲလန်းတတ်။ ဣတိ တသ္မာ၊ ထိုသို့ ဥပါဒါန် တရားတို့နှင့် အညီအညွတ် ကေဝပ္ပါဒ, ဧကနိရောဓ စသော အပြားတို့နှင့် ယှဉ်သည်ဖြစ်၍ တရံတခါသော တောဘူမက သံကိလေသ တရားကိုမစွဲလန်းတတ်သော သတ္တိကြောင့်။ တံဖလံ၊ထိုအရဟတ္တဖိုလ်သည်။ အနုပါဒါ၊ "အနုပါဒါ" မည်၏။

အနုပါဒါ၊ ဥပါဒါန် တရားတို့နှင့် အညီအညွတ် ကေဝပ္ပါဒ, ဧကနိရောဓ၊ စသော အပြားတို့နှင့် ယှဉ်သည် ဖြစ်၍ တရံတခါသော တောဘူမကသံကိလေသတရားကို မစွဲလန်းတတ်သော အရဟတ္တဖိုလ်။ (အရဟတ္တဖိုလ်ကိုရ၏။)

## (၄၃) ပရိနိဗ္ဗာန ပုဒ်ကို ဝိဂြိုဟ်ပြုပုံ။

ပရိနိဗ္ဗာနန္တေ ဇာတံ ပရိနိဗ္ဗာနံ။ ။

ဟု ဇာတာတဒ္ဓိတ် ဝိဂြိုဟ်ပြု။

ပရိနိဗ္ဗာနန္တေ၊ အရဟတ္တ မဂ်ဖြင့် ပြုအပ်ပြီးသော ကိလေသ ပရိနိဗ္ဗာန်၏ အဆုံး၌၊ ဇာတံ၊ဖြစ်သည်တည်း။ပရိနိဗ္ဗာနံ၊အရဟတ္တ မဂ်ဖြင့် ပြုအပ်ပြီးသော ကိလေသပရိနိဗ္ဗာန်၏ အဆုံး၌ ဖြစ်သည်။ (အရဟတ္တဖိုလ်ကိုရ၏။)

(ဤသည်ကား ဂဟာဖျာပါဒါနဝါဒီဆရာတို့၏ အလိုတည်း။)

ပဋ္ဌယျာပါဒါနဝါဒီ ဆရာတို့ကမူ၊ အနုပါဒါ ပရိနိဗ္ဗာန် ဆိုသည်ကား။ ဖြစ်တို့ ဖြစ်ရန်, တည်တို့ တည်ရန် အကြောင်းခံ တရား မရှိသော အပ္ပစ္စယ အသင်္ခတ အမတဓာတ် နိဗ္ဗာန်ကို ဆိုကြကုန်သည် (အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို "အနုပါဒါ ပရိနိဗ္ဗာန်"ဟူ၍ဆိုကြကုန်သည်ဟူလို။) ဤ၌ အနုပါဒါပရိနိဗ္ဗာန်နှင့် "အပ္ပစ္စယ ပရိနိဗ္ဗာန်" တို့ကား အတူတူပင်တည်း။

---

## (၄၄) အပ္ပစ္စယပုဒ်ကို ဝိဂြိုဟ်ပြုပုံ။

နတ္ထိ ဧတေသံ ဥပ္ပါဒေဝါ, ဌိတိယံ ဝါ ပစ္စယောတိ အပ္ပစ္စယာ။ ။

ဟု စတုတ္ထီဗဟုဗ္ဗိဟိ သမာသ် ဝိဂြိုဟ်ပြု။ ။အဋ္ဌသာလိနီ အဋ္ဌကထာ (ဂ၁) ဇမ္ဗူ့မိတ်ဆွေ။

ဧတေသံ၊ ထိုပရမတ် အသင်္ခတ ဖြစ်ကုန်သော နိဗ္ဗာန်တရားတို့အား။ ဥပ္ပါဒေဝါ၊ ဖြစ်ရန်၌ရင်း။ ဝါ၊ဖြစ်ရန်တို့ရင်း။ ဌိတိယံဝါ၊ တည်ရန်၌ရင်း။ ဝါ၊ တည်ရန်တို့ရင်း။ ပစ္စယော၊ ဖြစ်စေတတ်သော ကအကြောင်း, ထောက်ပံ့တတ်သော ဥပတ္ထမ္ဘကအကြောင်း

သည်။ နစ္စိ၊မရှိ။ ဧတိ=တသွား၊ ထိုကြောင့်။အပ္ပစ္စယာ၊“အပ္ပစ္စယ” မည်ကုန်၏။

• အပ္ပစ္စယာ၊ဖြစ်ရန်ဖြစ်တို့,တည်ရန်တည်ဘို့ အကြောင်းမရှိသော နိဗ္ဗာန်တို့။ (မြို့ပြင်ကြီးဆရာတော်နည်း။)

အပ္ပစ္စယာ၊ဖြစ်ခြင်း,တည်ခြင်း၌ အကြောင်းမရှိသောနိဗ္ဗာန်တို့။ (ပြည်ဆရာတော်နည်း။)

ပရမတ် အသင်္ခတဖြစ်သော နိဗ္ဗာန်တရားသည် တရံတဆစ်မျှ တရံတခုသောအကြောင်းကြောင့်မျှ ဖြစ်တတ်သော တရားမဟုတ်သောကြောင့်။ ထိုနိဗ္ဗာန်အား ဖြစ်ရန်ဘို့ ဇနက အကြောင်းလည်း မရှိ။ တရံတခုသောအကြောင်းသည် မထောက်မကူဘဲ။ နိစ္စ,ဓုဝ, သဿတ အားဖြင့်။အမြဲ့ဉ္စာဝရတည်နေသောတရားဖြစ်၍ တည်ရန်ဘို့ ဥပတ္ထမ္ဘကအကြောင်းလည်းမရှိသောကြောင့် “အပ္ပစ္စယ” မည်သည့်ဟူလို။

(ဤဖွေ့ဤမျှ အတိုင်းအရှည် အရေအတွက်ရှိ၏ဟု မသုံးဖြတ်အပ်သေးသော အနက်အပြားကို။ ပိုင်းခြား၍ မပြသေးသည်၏ အစွမ်းဖြင့် မာတိကာကိုးထားတော်မူသောကြောင့်“အပ္ပစ္စယော” ဟု ဧကဝုစ်ဖြင့် ဟောတော်မမူဘဲ “အပ္ပစ္စယာ”ဟု ဗဟုဝုစ်ဖြင့် ဟောတော်မူသည်ဟု မှတ်အပ်၏။)

အပ္ပစ္စယပရိနိဗ္ဗာနဓာတ်၊ အပ္ပစ္စယပရိနိဗ္ဗာန်-ဟူသည်ကား။ အနုပါဒိသေသနိဗ္ဗာန်၊ ပရမတ်အသင်္ခတ အနုပါဒိသေသ နိဗ္ဗာန်ကို။ အဘဟ၊ဆိုပြီ။

ဧတ္ထ၊ဤ၊ယခုအခါ၌။ ပကာရန္တရနေဘပိ၊အပြားအထူးဖြင့်လည်း။ ဝါ၊ အပြားတပါးအားဖြင့်လည်း။ အနုပါဒါပရိနိဗ္ဗာန်၊ အနုပါဒါ ပရိနိဗ္ဗာန်ကို။ ဒဿေတုံ၊ပြတော်မူခြင်းငှါ။ ဧဝမာဒိအာဒိ၊ဧဝမာ-

ဤသို့အစရှိသောစကားကို။ အာစရိယေန၊အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊မိန့်အပ်၏။ တတ္ထ၊ထို နေ့ခေ-အစရှိသောစကား၌၊ဂဟဏော ပါဒါနန္တိ၊ဂဟဏောပါဒါနံ-ဟူသည်ကား။ ဒဠှဂ္ဂဟဏဘာဝတော၊ မြဲထန်စွာ စွဲလန်းတတ်သည့် ဖြစ်၍ ဖြစ်သော၊ ဥပါဒါနံ၊ဥပါဒါန်ရင်း။ တေန၊ထိုကြောင့်။ ကာမုပါဒါနာဒိကန္တိ၊ ကာမုပါဒါနာဒိကံ-ဟူ၍။ အာစရိယော၊အဋ္ဌကထာဆရာသည်။ အာဟ၊ဆိုပြီ။ ပစ္စယူပါဒါနန္တိ၊ပစ္စယူပါဒါနံ ဟူသည်ကား၊ ယံကိဉ္စိ၊အလုံးစုံသော၊ ပစ္စယံ၊အကြောင်းတရားကို၊ အာဟ၊ဆိုပြီ၊ ဟိ-ယသ္မာ၊အကြင်ကြောင့်။ သောပစ္စယော၊ ထိုအကြောင်းတရားကို။ ဝါ၊ထိုအကြောင်းတရားသည်။ အတ္တနော၊မိမိဟူသောအကြောင်းတရား၏။ ဖလံ၊ အကျိုးတရားကို။ ဥပါဒိယတိ ဥပါဒါနဝသေန ဂဏှာတိ၊ စွဲလန်းသည်၏ အစွမ်းဖြင့် ယူတတ်၏၊ဣတိတသ္မာ၊ထိုသို့စွဲလန်းသည်၏အစွမ်းဖြင့် ယူတတ်သော သတ္တိကြောင့်။ ဥပါဒါနန္တိ၊ ဥပါဒါန်မည်၏ ဟူ၍။ ဝုစ္စတိ၊ ပြောဆိုအပ်၏။ တေန၊ထိုကြောင့်၊ ပစ္စယူပါဒါနံနာမ ပ။ ပစ္စယာတိ၊ "ပစ္စယူပါဒါနံနာမ။ပ၊ ပစ္စယာ"ဟူ၍။ အာဟ၊ အဋ္ဌကထာဆရာဆိုပြီ၊

အနုပါဒါယ၊တပါးပါးသော ဥပါဒါန်ဖြင့်သော်လည်း တစုံတခုသော တေဘူမက သင်္ခါရတရားကို မစွဲလန်းမူ၍၊ အာသဝေဟိ၊ အာသဝေါတရားတို့မှ၊ စိတ္တံ၊ အရဟတ္တဖိုလ်စိတ်သည်၊ ဝိမုတ္တိ၊ လွတ်ပြီ။ ဣတိ၊ ဤသို့၊ ဝစနတော၊ ဟောတော်မူသောကြောင့်။ အရဟတ္တဖလံ၊ အရဟတ္တဖိုလ်ကို၊ အနုပါဒါပရိနိဗ္ဗာနန္တိ၊ အနုပါဒါ ပရိနိဗ္ဗာန်ဟူ၍၊ အာစရိယာ၊ ဂဟာကျော်ပါဒါနံဝါဒီ ဆရာတို့သည်၊ ကထေန္တိ၊ ဆိုကြကုန်၏။ နဲ စ ဥပါဒါနသဒ္ဒယုတ္တန္တိ၊ နံ စ ဥပါဒါန သဒ္ဒယုတ္တံ-ဟူသည်ကား။ ဧတံ၊ ထိုအရဟတ္တဖိုလ်သည်။ ဥပါဒါနေဟိ၊ ဥပါဒါန် တရားတို့နှင့်။ နသမ္ပယုတ္တံ၊တကွမဖြစ်။ ဥပါဒါနေဟိ၊ ဥပါဒါန် တရားတို့နှင့်။ သဟ၊တကွ။ ပဝတ္တိ၊ ဖြစ်သည်။ ဟုတွာ၊ ဖြစ်၍။နဲ့ဥပါဒိယတိ၊ မစွဲလန်း။နစဂ်ဟိုဗ္ဗမွဲဥပါဒိယတိတိ၊ နစဂ်ဟိုမွေ

ဥပါဒိယတိ-ဟူသည်ကား။ ကာသစိ၊ တရံတခုသော၊ မွေ့သော၊ တေဘူမက သင်္ခါရတရားကို။ အာရမ္မဏကရဏဝသေန၊ အာရုံပြုသည်၏ အစွမ်းဖြင့်။ နဥပါဒိယတိ၊ မစွဲလန်း၊

ပရိနိဗ္ဗုတကေန္တတိ၊ ပရိနိဗ္ဗုတကေန္တ ဟူသည်ကား။ အဂ္ဂမဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်။ ကာတဗ္ဗကိလေသပရိနိဗ္ဗာနပရိယောသာနေန၊ ပြုအပ်သော ကိလေသပရိနိဗ္ဗာန်၏ အဆုံး၌။ ဇာတတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ ပရိနိဗ္ဗာနေန၊ ပရိနိဗ္ဗာန်-ဟူ၍၊ ဝုစ္စတိ၊ ပြောဆိုအပ်၏။

အမတဓာတုမေဝ၊ ပျက်စီးခြင်းသဘောမရှိသော၊ ဝါ၊ မပျက်စီးခြင်းသဘောရှိသော အမတဓာတ် နိဗ္ဗာန်ကိုသာလျှင်။ အနုပါဒါပရိနိဗ္ဗာနံ၊ အနုပါဒါပရိနိဗ္ဗာန်ဟူ၍။ အာစရိယာ၊ ပစ္စယုပ်ဒါနဝါဒီ ဆရာတို့သည်။ ကထေန္တိ၊ ဆိုကြကုန်၏။

(ဤကား၊ မူလပဏ္ဏာသဋီကာ၏ မြန်မာပြန်တည်း။)

ဤဋီကာ၏ အဓိပ္ပါယ်ကို အဋ္ဌကထာ အဓိပ္ပါယ်ကိုမှီ၍ သိနိုင်လောက်ပြီ။

---

ပရိဝါအဋ္ဌကထာ၊ ၎င်းဋီကာ ဝိမတိဝိနောဒနီတို့၌ ပစ္စဝေက္ခဏာဉာဏ်ဟုဆိုအပ်သော ဝိမုတ္တိဉာဏဒဿန၏ အကျိုးကိုပြသော အရာဖြစ်၍ အရာ အားလျော်စွာ ‘အနုပါဒါပရိနိဗ္ဗာန်’’ အရကို ‘‘အပ္ပစ္စယပရိနိဗ္ဗာန’’ ဟု ဖွင့်ပြ၍ ရဟန္တာတို့၏ ရတိခန္ဓာကို ကောက်ယူတော်မူသည်၊

မူလပဏ္ဏာသ အဋ္ဌကထာ၌ကား။ မြတ်စွာဘုရား သာသနာတော်ဝယ် မြတ်သောအကျင့်ကို ကျင့်သုံးခြင်း ဗြဟ္မစရိယဝါသ၏ အကျိုးကို ဟောပြသောအရာဖြစ်၍ အရာအားလျော်စွာ ‘‘အနုပါဒါပရိနိဗ္ဗာန်’’၌ ‘‘ဥပါဒါ’’ကို နှင်ပါးပြဆို၍ အနုပါဒါ ပရိနိဗ္ဗာန်၏ အရကို—

(၁) ဂဟာကျူပါဒါနဝါဒီ ဆရာတို့အလိုအားဖြင့် "အရဟတ္တဖိုလ်ကို ကောက်ယူတော်မူကြကုန်သည်။ဆိုကြကုန်သည်။

(၂) ပစ္စယူပါဒါနဝါဒီ ဆရာတို့အလိုအားဖြင့် သော်ကား။ အသင်္ခတဓာတ် အမတဓာတ် နိရောဓ သစ္စာ နိဗ္ဗာန်ကိုကောက်ယူတော်မူကြကုန်သည်။ ဆိုကြကုန်သည်ဟု သိအပ်၏။

---

## ၄၅–နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန်ကိုမခဝဘန်ခြင်းကြောင့် ဖြစ်ရပုံ။

ပွင့်တော်မူကုန်ပြီး,ပွင့်တော်မူလတ္တံ့ကုန်သော ထိုထို မြတ်စွာဘုရား,ထိုထိုရှင်ပစ္စေကဗုဒ္ဓါ,ထိုထိုရဟန္တာတို့၏ ကိလေသာတို့၏ ပတ်ဝန်းကျင် အကြွင်းမရှိ ငြိမ်းမှု,ခန္ဓာတို့၏ ပတ်ဝန်းကျင် အကြွင်းမရှိ ငြိမ်းမှုဘာချခုကိုင်, နှစ်ချစလုံးကိုင်း။ "အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်"ဟူ၍ ဟောတော်မူရိုး,ခေါ်ဝေါ်သုံးစွဲရိုးမရှိပေ။ "အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်"လည်း မဟုတ်ပေ။ မဟုတ်ကြောင်းကို ရှေး၌လည်း ပြဆိုခဲ့ပြီးပြီ၊ ယခုလည်း အနည်းငယ်ပြဆိုပါဦးမည်။

နိရောဓံ နိဗ္ဗာနံ ပကၡန္တိတိ ဂေါတြဘူ။ ။(အရဆောင်။)

ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိတော် ၄၉-၅၀ မြန်မာ့မိတ်ဆွေ၌၊ ဝဋ်ဆင်းရဲ၏ချုပ်ရာ,ချုပ်ကြောင်းဖြစ်သော (ဖြစ်မှုမရှိရာ,ဖြစ်မှုမရှိကြောင်းဖြစ်သော) နိဗ္ဗာန်သို့ ပြေးဝင်တတ်သောကြောင့် (အာရုံပြုသောအားဖြင့် ရောက်တတ်သောကြောင့် "ဂေါတြဘူ"မည်၏ဟု ဟောတော်မူခဲ့ရကား။ ထိုဂေါတြဘူဉာဏ်၏ ခဏ၌ တစုံတခုသော ကိလေသာမျှ,ခန္ဓာမျှ မငြိမ်းရသေး။ ကိလေသာ, ခန္ဓာတို့ မငြိမ်းသေးကပင် "နိဗ္ဗာန်"ရှိနေသောကြောင့်(ဂေါတြဘူဉာဏ်၏အာရုံဖြစ်သော နိဗ္ဗာန်ထင်ရှားရှိနေသည်ဟု ဆိုလိုသည်) တဖန်ဦးသော ပုဂ္ဂိုလ်၏ ထိုကိလေသာငြိမ်းမှု, ခန္ဓာငြိမ်းမှုသည် အသင်္ခတဓာတ်

နိရောဓသစ္စာ နိဗ္ဗာန်မဟုတ်ပေ၊ ထိုသို့ မဟုတ်လျှင်။ ထိုကိလေသာ ငြိမ်းမှု,ခန္ဓာငြိမ်းမှုကို "အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တည်း" ဟု အဘယ်သို့လျှင် မှတ်,ယူ,ဟောပြော,ရေးသား၍ ဝါဒဖြစ်နိုင် ပါအံ့နည်း။ မမှတ်'မယူ,မဟောမပြော,ရေးသား၍ ဝါဒမဖြစ်နိုင် သည်သာဘည်း။ မှန်းဆ၍ ရမ်းဆ၍ မယူဆဘဲ, မမှတ်ကြဘဲ, မဟောကြဘဲ, မရေးကြဘဲ၊ ကျမ်းပြု၍သာ ယူကြ,မှတ်ကြ,ဟော ကြ, ရေးကြရာ၏၊

နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန်ကို မဝေဘန်ခြင်းကြောင့်သာလျှင်။ ဤသို့ မှတ်,ယူ,ဟောပြော, ရေးသား ကြလေသည်၊ ဤနည်းအတိုင်းသာ လျှင်။ မှတ် ယူ,ဟောပြော, ရေးသားနေပါက၊ ပဋမတ္တအားဖြင့် အခါခပ်သိမ်း ထင်ရှားရှိနေသော မဂ်,ဖိုလ်တို့၏ အာရုံဖြစ်၍ ဖြစ် သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်တရားတော်မြတ်ကြီး အစစ်အမှန်သည်။ ပျောက်ကွယ် ဖုံး ွှယ် နေတော့သဖြင့်။ မဂ် ဉာဏ် အာရုံပြုစရာမရှိ၍။ မဂ်ဉာဏ်ကိုလည်းမရ။ ကိလေသာ လည်းမကုန်။ ဝဋ်ဆင်းရဲလည်း မငြိမ်းရကား။ သံသရာသနှဲ၌ မြုပ်ချည့်,ပေါ်ချည်ပျောချဦးမည်ဖြစ်၍ ဝမ်းနည်းဘွယ် ကောင်းလှ ပေတော့သည်။

ပရိနိဗ္ဗာန် အခန်းအဖြတ် ပြီးပြီ။

နိဗ္ဗာနကဏ္ဍ-နိဗ္ဗာန်အပိုင်းအခြား ပြီးပြီ။

---

## ၄၆–အဇ္ဈတ္တဗဟိဒ္ဓဘို့ကို ခွဲဝေပြရာ။

### အဇ္ဈတ္တကဏ္ဍ-အဇ္ဈတ္တအပိုင်းအခြား။

ဤသို့ နိဗ္ဗာန်,ပရိနိဗ္ဗာန်အမျိုးမျိုးတို့၏အဆုံးအဖြတ်ကိုအကျဉ်း အားဖြင့် ပြပြီး၍ ယခုအခါ ထို"အသင်္ခတဓာတ် နိရောဓ သစ္စာ

နိဗ္ဗာန်တရားတော်သည် အဇ္ဈတ္တတရား ဟုတ်,မဟုတ်။အဇ္ဈတ္တ၌ ရှိ,မရှိကိုရင်း။ ဗဟိဒ္ဓတရား ဟုတ်,မဟုတ်၊ ဗဟိဒ္ဓ၌ ရှိ,မရှိကိုရင်း။ အဆုံးအဖြတ်ရေးသား၍ ပေးသနားတော်မူပါ''ဟု တောင်းပန်ချက်အရ။ အဆုံးအဖြတ် ရေးသားပေအံ့၊

ထိုသို့ အဆုံးအဖြတ်ကိုရေးရာ၌ အဇ္ဈတ္တ,ဗဟိဒ္ဓတို့ကို ရှေးဦးစွာရှင်းလင်းပြဦးအံ့၊ဤတောင်းပန်အင်သောစကား၌''နိယကဇ္ဈတ္တကို အဇ္ဈတ္တ''ဟု ဆိုသည်၊နိယကဇ္ဈတ္တ ဆိုသည်ကား။မိမိသန္တာန်ကို စွဲ၍ဖြစ်သော တရား-မိမိသန္တာန်ကို မှီ၍ ဖြစ်သော တရားကို ဆိုသည်။

ဤ၌ သန္တာန်ဆိုသည်ကား၊ ခန္ဓာငါးပါး အစဉ်ကို ဆိုသည်။ ခန္ဓာငါးပါးအစဉ်ဆိုသည်ကား။ အစမထင် သံသရာကပင် ယခုတိုင် လျှပ်တပျက်, လက်ဖျစ်တတွက်, မျက်တောင်တခတ် အချိန်ကာလခန့်မျှ မရပ်မနား မအားမလပ် တလစပ် ခန္ဓာငါးပါးတို့ဖြစ်,ချုပ်-ဖြစ်,ချုပ်အားဖြင့် အစဉ်ဖြစ်နေသည်ကို ဆိုသည်။

(ဤကား **ခန္ဓာငါးပါးတို့ အစဉ်ဖြစ်ပုံ**ကို ဆို**သော**စကားတည်း။)

အကျဉ်းအားဖြင့် မိမိခန္ဓာငါးပါးတရားဘို့ကို''အဇ္ဈတ္တတရား'' ဟူ၍ မြဲမြဲမှတ်ထားရမည်။နောက်၌ အဇ္ဈတ္တလေးပါးကို အကျယ်ပြမည်။

အဇ္ဈတ္တကိုပြခဏ်းပြီးပြီ။

(၁) မိမိခန္ဓာငါးပါး တရားတို့မှ အလွှတ် သက်သက် ပြင်ပဖြစ်သော သူတပါးတို့၏ ခန္ဓာငါးပါးတရားတို့ကိုရင်း။

(၂) မိမိခန္ဓာငါးပါး, သူတပါး ခန္ဓာ ငါးပါး တရား တို့မှ အလွတ် သက်သက် ပြင်ပဖြစ်သော သက်မဲ့,ဝိညာဉ်မဲ့ တော, တောင်,ရေ,မြေ,သစ်ပင်စသော အပူ,အစေ ဥတုနှစ်ပါးတို့ကြောင့် ဖြစ်သော ''အနိန္ဒြိယဗဒ္ဓရုပ်နှင့် အသင်္ခတဓာတ် နိရောဓ သစ္စာ နိဗ္ဗာန်တရား''တို့ကိုရင်း။ ''ဗဟိဒ္ဓ ပြင်ပတရား''ဟူ၍ မှတ်အပ်၏။

အကျဉ်းအားဖြင့်—

(၁) သူတပါး ခန္ဓာငါးပါးတို့ကို "ဗဟိဒ္ဓတရား" ဟု မြဲမြဲမှတ်ထားရမည်။ သိထားရမည်။

(၂) ဣန္ဒြိယဗဒ္ဓဟူသော အသက်၊ ဝိညာဉ်ဟူသော စိတ် ပေါ မရှိသော တော၊တောင်၊ရေ၊မြေ စသော ရုပ်တရား သြကာသ လောကကိုရင်း။ နိဗ္ဗာန်ကိုရင်း။ ဗဟိဒ္ဓ ပြင်ပတရားဟု မြဲမြဲ မှတ်ထားရမည်။ သိထားရမည်၊

ဗဟိဒ္ဓတရားကို ပြဆိုခဏ်း ပြီးပြီ။

သို့မှသာလျှင် ဤစာအုပ်ကိုရင်း။ ဤစာအုပ်နှင့် အလားတူ စာအုပ်များကိုရင်း။ ပညာနည်း လူတပါ။ ဘဲ တိရှ နားလည်မည်။

အဇ္ဈတ္တ၊ဗဟိဒ္ဓကို ပြဆိုခဏ်း ပြီးပြီ။

---

## ၄၇—နိဗ္ဗာန်တရား၏ အဇ္ဈတ္တမဟုတ်။ ဗဟိဒ္ဓ ပြင်ပတရား ဖြစ်ကြောင်းကို အဘိဓမ္မာပိဋကတ်ဖြင့် ဆုံးဖြတ်ပြရာ။

အသင်္ခတဓာတ် နိဗ္ဗာန်တရားတော်သည် အဇ္ဈတ္တ တရားမဟုတ်ပေ၊ အဇ္ဈတ္တ သန္တာန်၌လည်း မရှိပေ။ ခန္ဓာငါးပါး တို့မှ အလွတ် ဗဟိဒ္ဓ ပြင်ပတရားသာလျှင် ဖြစ်ကြောင်းကို။ ယခု ပြဆိုလတ္တံ့ ကုန်သောပါဠိတော်၊အဋ္ဌကထာ၊ဋီကာတို့ကိုထောက်၍ မှတ်ယူအပ်၏။

(၁) အနိန္ဒြိယဗဒ္ဓရူပဉ္စ, နိဗ္ဗာနဉ္စ ထပေတွာ သဗ္ဗေ ဓမ္မာ သိယာ အဇ္ဈတ္တာ,သိယာ ဗဟိဒ္ဓါ,သိယာ အဇ္ဈတ္တဗဟိဒ္ဓါ။အနိန္ဒြိယ ဗဒ္ဓရူပဉ္စ,နိဗ္ဗာနဉ္စ ဗဟိဒ္ဓါ။ ။

(မူလယမိုက်ပါဠိတော်(၂၀၉)ဖ္လူ။ မိတ်ဆွေတိုက်ရိုက်။)

နိယကဇ္ဈတ္တ၏ အကြောင်း မရှိသောကြောင့် သတ္တဝါတို့ ခန္ဓာမှ ဗဟိဒ္ဓ ပြင်ပ တရားဟူ၍ ဟောတော်မူအပ်ပါသည်။ ထိုကြောင့် အဋ္ဌသာလိနီအဋ္ဌကထာ(၃၉၉)သုဝဏ္ဏဝတီ၌—

> အဇ္ဈတ္တတ္တိကေ အနိန္ဒြိယဗဒ္ဓရူပဉ္စ နိဗ္ဗာနဉ္စ ဗဟိဒ္ဓါတိ ဣဒံ ယထာ ဣန္ဒြိယဗဒ္ဓံ ပရပုဂ္ဂလသန္တာနေ ဗဟိဒ္ဓါတိ ဝုစ္စမာနမ္ပိ တသ္မာ အတ္တနော သန္တာန ပရိယာပန္နတ္တာ နိယကဇ္ဈတ္တံ ဟောတိ။ ဧဝံ န ယေနကေနစိ ပရိယာယေန အဇ္ဈတ္တံ ဟောတီတိ နိယကဇ္ဈတ္တပရိယာယဿ အဘာဝေန ဗဟိဒ္ဓါတိ ဝုတ္တံ။ ။

ဟူ၍ မိန့်အပ်ပြီ။

အဇ္ဈတ္တတ္တိကေ၊ အဇ္ဈတ္တတိက်၌။ အနိန္ဒြိယဗဒ္ဓရူပဉ္စ၊ နိဗ္ဗာနဉ္စ ဗဟိဒ္ဓါတိ။ အနိန္ဒြိယဗဒ္ဓရူပဉ္စ၊နိဗ္ဗာနဉ္စ ဗဟိဒ္ဓါ·ဟူ၍။ ဝုတ္တံ၊ဟောတော်မူအပ်သော။ ဣဒံဓမ္မဇာတံ၊ဤတရားအပေါင်းကို။ (ဝုတ္တံ မှာစပ်လေ)ဝါ၊ဤတရားအပေါင်းသည်။(အဇ္ဈတ္တံ ဟောတိမှာစပ်လေ) ဣန္ဒြိယဗဒ္ဓံ၊ဣဒ္ဒြိယ်နှင့်စပ်သော။ ဓမ္မဇာတံ၊တရားအပေါင်းသည်။ ပရပုဂ္ဂလသန္တာနေ၊ တပါးသော ပုဂ္ဂိုလ်၏ သန္တာန်၌ ဗဟိဒ္ဓပြင်ပတရားဟူ၍။ ဝုစ္စမာနမ္ပိ၊ ဟောတော်မူအင်သော်လည်း။ တသ္မာ၊ ထိုဣဒ္ဒြိယ်နှင့်စင်သော တရားအပေါင်း၏ အတ္တနော၊ မိမိ၏။ သန္တာနေ၊သန္တာန်၌ ပရိယာပန္နတ္တာ၊အကျုံးဝင်(ပါဝင်)သည်၏ အဖြစ်ကြောင့်။ နိယကဇ္ဈတ္တံ၊နိယကဇ္ဈတ္တသည်။ ဟောတိ၊ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ-တထာ၊ထိုအတူ ယေနကေနစိ၊တပုံတခုသော။ ပရိယာယေန၊ ပရိယာယ်ဖြင့်။ ဝါ၊အကြောင်းဖြင့်။ အဇ္ဈတ္တံ-နိယကဇ္ဈတ္တံ၊ နိယကဇ္ဈတ္တသည်၊ နဟောတိ၊ မဖြစ်၊ ဣတိတသ္မာ၊ ထိုကြောင့်။နိယကဇ္ဈတ္တပရိယာယဿ၊နိယကဇ္ဈတ္တအကြောင်း၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ ဗဟိဒ္ဓါတိ၊ ဗဟိဒ္ဓဟူ၍။ ဝါ၊ပြင်ပတရားဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ဤအဋ္ဌသာလိနီ အဋ္ဌကထာကို ထောက်၍ အနိန္ဒြိယဗဒ္ဓရုပ်နှင့် နိရောဓသစ္စာ နိဗ္ဗာန်တို့၏ ဗဟိဒ္ဓ ပြင်ပတရား ဖြစ်ကြောင်းကို သိအပ်၏။

---

(၂) မာတိကာ အရကောက် ကျမ်း၌လည်း။ အဇ္ဈတ္တတိက် ဝယ်"အဇ္ဈတ္တာဓမ္မာ" ဟူသော ပဌမပုဒ်၏ အရကား၊ အဇ္ဈတ္တ သန္တာန်၌ ဖြစ်သော စိတ်တရယုတ်-ကိုးဆယ်, စေတသိက် ဒွေ ပညာသ,ရုပ်အဋ္ဌဝီသရ၏ဟု ဤမျှကိုသာ ကောက်သည်၊နိဗ္ဗာန်ကို မကောက်လေ။

"ဗဟိဒ္ဓါ ဓမ္မာ" ဟူသော ဒုတိယ ပုဒ်၏အရကား။ ဗဟိဒ္ဓ သန္တာန်၌ ဖြစ်သော စိတ်တရယုတ်-ကိုးဆယ်, စေတသိက်ဒွေ ပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ရ၏ဟု နိဗ္ဗာန်ကိုလည်း ထည့်၍ ကောက်လေသည်။

"အဇ္ဈတ္တ ဗဟိဒ္ဓါ ဓမ္မာ"ဟူသော တတိယပုဒ်၏ အရကား။ မိမိသန္တာန်, သူတပါး သန္တာန်တို့၌ ဖြစ်သော စိတ်တရယုတ်-ကိုးဆယ်,စေတသိက်-ဒွေပညာသ,ရုပ်အဋ္ဌဝီသရ၏ဟု ဤမျှကိုသာ ကောက်သည်။ နိဗ္ဗာန်ကိုမကောက်လေ။

ထို ပဌမပုဒ်, တတိယပုဒ် အရကောက် တရားတို့ကို ခန္ဓာ ငါးပါး,အာယတန တဆဲ့နှစ်ပါး,ဓာတ်တဆဲ့ရှစ်ပါး,ဒုက္ခ,သမုဒယ, မဂ်-ဤသစ္စာ သုံးပါးတို့ဖြင့်သာ ခွဲစိတ်ဝေဘန် ရေတွက်လေသည်။ နိရောဓသစ္စာဖြင့်သော်ကား ရေတွက်ခြင်းကို မပြုလေ။ အဘယ် ကြောင့်နည်းဟူမူ။ နိဗ္ဗာန်သည် အဇ္ဈတ္တတရားမဟုတ်, အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးရုံးသည်တွဲ၍ ဟောတော် မူအပ်သော တရားလည်း မဟုတ်သောကြောင့်ပေတည်း။

ဗဟိဒ္ဓါ မေ္မာ''ဟူသော ဒုတိယပုဒ် အရကောက်တရားတို့ကို။ နိဗ္ဗာန်ကို ခန္ဓာဖြင့် ရေတွက်ခြင်းမှ လွတ်ထား ချန်ထား၍ ခန္ဓာ ငါးပါး, အာယတန တဆဲ့နှစ်ပါး, ဓာတ်တဆဲ့ရှစ်ပါး, သစ္စာ လေးပါးလုံးတို့ဖြင့် ရေတွက်ခြင်းကို ပြုလေသည်။အဘယ်ကြောင့် နည်းဟူမူကား။ နိဗ္ဗာန်သည် ခန္ဓာမှအပ ဗဟိဒ္ဓ ပြင်ပတရား ဖြစ်သောကြောင့်တည်း။

ဤသို့''ဗဟိဒ္ဓါ ဓမ္မာ''ဟူသော ဒုတိယပုဒ်၏အရ၌သာ''နိဗ္ဗာန်'' ပါဝင်၍ နိရောဓ သစ္စာဖြင့် ရေတွက် ခြင်းကို ပြုသောကြောင့် ''နိဗ္ဗာန်တရား'' တော်ခြတ်၏ ခန္ဓာမှ ''ဗဟိဒ္ဓ ပြင်ပတရား' ဖြစ် ကြောင်းကို။ မာတိကာ အရကောက် ကျမ်းကိုလည်း ထောက်၍ သိအပ်၏။

---

(၃) နိရောဓသစ္စံ ဗဟိဒ္ဓါ။ ။

(သစ္စဝိဘင်း ပါဠိတော် (၁၀၂) ဇမ္ဗူ့မိတ်ဆွေ။)

(၃) နိရောဓသစ္စံ၊နိဗ္ဗာန်ဟုဆိုအပ်သော နိရောဓ သစ္စာသည်။ ဗဟိဒ္ဓါ၊ ''ခန္ဓာမှ ပြင်ပ ဗဟိဒ္ဓတရား'' မည်သည်။ဟောတိ၊ဖြစ်၏။ (အဓိပ္ပါယ်မခက်ခဲ)

---

(၄) မဂ္ဂသစ္စံ ဗဟိဒ္ဓါရမ္မဏံ၊ ။

(၎င်းပါဠိတော် (၁၀၂)၎င်း။)

(၄) မဂ္ဂသစ္စံ၊ လောကုတ္တရာမဂ္ဂသစ္စာသည်။ ဗဟိဒ္ဓါရမ္မဏံ၊ ခန္ဓာမှ ဗဟိဒ္ဓပြင်ပဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန် တရားသာလျှင် အာရုံရှိသည်၊ ဝါ ခန္ဓာမှ ဗဟိဒ္ဓ ပြင်ပဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်တရားကို အာရုံပြုသည်၊ ဟောတိ၊ဖြစ်၏။

အဓိပ္ပါယ်ကား။ ။သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ, သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ-ဟုဆိုအပ်သောမဂ္ဂင်ရှစ်ပါးတရားဟူသော လောကုတ္တရာမဂ္ဂသစ္စာသည်။ ဝါ လောကုတ္တရာမဂ်သည်။ ခန္ဓာမှ ဗဟိဒ္ဓ ပြင်ပဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်တရားသာလျှင် အာရုံရှိသည်ဖြစ်၏။ ခန္ဓာမှ ဗဟိဒ္ဓပြင်ပ ဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်တရားကိုသာ အာရုံပြု၏ ဟူလို။

---

(၅) ဗဟိဒ္ဓါရမ္မဏာ။ ။

(သတိပဋ္ဌာန ပိဘင်းပါဠိတော် (၁၀၂)ဇမ္ဗူ့ မိတ်ဆွေ၊)

(၅) စတ္တာရော၊ လေးပါး ကုန်သော။ သတိပဋ္ဌာနာ၊ လောကုတ္တရာ သတိပဋ္ဌာန် တရားတို့သည်။ ဗဟိဒ္ဓါ ရမ္မဏာ၊ ခန္ဓာမှ ဗဟိဒ္ဓပြင်ပ ဖြစ်သော နိဗ္ဗာန်တရား သာလျှင် အာရုံ ရှိကုန်သည်၊ ဝါ၊ခန္ဓာမှ ဗဟိဒ္ဓပြင်ပ ဖြစ်သော နိဗ္ဗာန်တရားကို သာလျှင် အာရုံပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အဓိပ္ပါယ်ကား။ ။ကာယာနုပဿနာ သတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်,စိတ္တာနုပဿနာသတိပဋ္ဌာန်,ဓမ္မာနုပဿနာ သတိပဋ္ဌာန်။ဤလောကုတ္တရာ သတိပဋ္ဌာန် တရားလေးပါးတို့သည် "ခန္ဓာမှဗဟိဒ္ဓပြင်ပဖြစ်သော နိဗ္ဗာန်တရား" သာလျှင် အာရုံရှိကြကုန်၏။"ခန္ဓာမှ ဗဟိဒ္ဓ ပြင်ပဖြစ်သော နိဗ္ဗာန်တရား" ကိုသာလျှင် အာရုံပြုကြကုန်၏ဟူလို။

---

(၆) ဗဟိဒ္ဓါရမ္မဏာ။ ။

(သမ္မပ္ပဓာန ပိဘင်း ပါဠိတော် (၁၉၀) ရင်း။)

(၆) စတ္တာရော၊ လေးပါးကုန်သော။ သမ္မပ္ပဓာနာ၊လောကုတ္တရာ သမ္မပ္ပဓာန် တရားတို့သည်။ (ဗဟိဒ္ဓါ ရမ္မဏာ—ကို (၅)နံပါတ်ပါအတိုင်းဆိုလေ။)

အဓိပ္ပါယ်ကား။

၁။ ။ဖြစ်ပေါ်မှု မရှိကုန်သေးသော အကုသိုလ် တရားတို့ကို ဖြစ်ပေါ်မှုမရှိစေခြင်းငှါ လုံ့လပြုခြင်း။

၂။ ။ဖြစ်ပေါ်ပြီးကုန်သော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ လုံ့လပြုခြင်း။

၃။ ။ဖြစ်ပေါ်မှုမရှိကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေခြင်းငှါ လုံ့လပြုခြင်း၊

၄။ ။ဖြစ်ပေါ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တည်စေခြင်းငှါ ဘာဝနာဖြင့် ပြည့်စေခြင်းငှါလုံ့လပြုခြင်း။

ဤလောကုတ္တရာ သမ္မပ္ပဓာန် တရားလေးပါး တို့သည်။ "ခန္ဓာမှ ဗဟိဒ္ဓပြင်ပ ဖြစ်သော နိဗ္ဗာန်" တရားသာလျှင် အာရုံပြု၍ ဖြစ်ကုန်၏ဟူလို။

---

(၇) ဗဟိဒ္ဓါရမ္မဏာ။ ။

(ဣဒ္ဓိပါဒ ဝိဘင်းပါဠိတော် (၁၉၈) ၎င်း။)

(၇) စတ္တာရော၊ လေးပါးကုန်သော။ ဣဒ္ဓိပါဒါ၊ လောကုတ္တရာ ဣဒ္ဓိပါဒ် တရားတို့သည်။ ဗဟိဒ္ဓါ ရမ္မဏာ ကို-၅-နံပါတ်ပုဒ်အတိုင်း ဆိုလေ။

အဓိပ္ပါယ်ကား။ ။(၁) ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝိမံသိဒ္ဓိပါဒ်။ ဤလောကုတ္တရာ ဣဒ္ဓိပါဒ် လေးပါးတရား တို့သည်၊ "ခန္ဓာမှဗဟိဒ္ဓပြင်ပ ဖြစ်သော နိဗ္ဗာန်တရား" သာလျှင် အာရုံပြု၍ ဖြစ်ကုန်၏ ဟူလို။

(၈) ဗဟိဒ္ဓါရမ္မဏာ။ ။

(ဗောဇ္ဈင်္ဂဝိဘင်း ပါဠိတော် (၂၀၅) ၎င်း။)

(၈) သတ္တ၊ ခုနစ်ပါး ကုန်သော။ ဗောဇ္ဈင်္ဂါ၊ လောကုတ္တရာ ဗောဇ္ဈင် တရားတို့သည်။ ဗဟိဒ္ဓါ ရမ္မဏာ ကို-၅-နံပါတ် အတိုင်း ဆိုလေ။

အဓိပ္ပါယ်ကား။ ။သတိ, ဓမ္မဝိစယ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာ ဟု ဆိုအပ်ကုန်သော လောကုတ္တရာ ဗောဇ္ဈင် ၇ ပါးတရားတို့သည်၊ ''ခန္ဓာမှ ဗဟိဒ္ဓ ဖြင်ပဖြစ်သောနိဗ္ဗာန်တရား'' သာလျှင် အာရုံနှင့်ကြ ပြုကြကုန်၏ ဟူလို။

---

(၉) ဗဟိဒ္ဓါရမ္မဏာ။ ။

(မဂ္ဂဝိဘင်း ပါဠိတော် (၂၁၂) ၎င်း။)

(၉) အဋ္ဌ၊ ရှစ်ပါး ကုန်သော။ မဂ္ဂင်္ဂါ၊ လောကုတ္တရာ မဂ္ဂင် တရားတို့သည်၊ ဗဟိဒ္ဓါ ရမ္မဏာ-ကို ၅-နံပါတ်အတိုင်း ဆိုလေ။

အဓိပ္ပါယ်ကား။ ။၄-နံပါတ် အဓိပ္ပါယ်အတိုင်းပင်။

---

(၁၀) နိဗ္ဗာနသဿ ပန ဗဟိဒ္ဓါ မေတ္တာ ဗဟိဒ္ဓါရမ္မဏာနိ နာမ ဟောန္တိ။ ။

(သမ္မောဟဝိနောဒနီ အဋ္ဌကထာ (၂၅၁)၎င်း။)

၁၀။ စတ္တာရိ၊ လေးပါးကုန်သော၊ သတိပဋ္ဌာနာနိ၊ လောကုတ္တရာ သတိပဋ္ဌာန်တရားတို့သည်။ နိဗ္ဗာနဿပန၊ နိရောဓသစ္စာ နိဗ္ဗာန် တရားတော်၏ကား။ ဗဟိဒ္ဓါ မေတ္တာ၊ ခန္ဓာမှ ဗဟိဒ္ဓ ဖြင်ပတရား ဖြစ်သည်၏ အဖြစ်ကြောင့် (ခန္ဓာမှ ဗဟိဒ္ဓဖြင်ပတရား ဖြစ်သော

ကြောင့်) ဗဟိဒ္ဓါရမ္မဏာအာနိနာမ၊ခန္ဓာ၅မှ ဗဟိဒ္ဓပြင်ပတရားသောလျှင် အာခံနိုင်ကုန်သည် မည်သည်။ ဝါ၊ခန္ဓာ၅မှ ဗဟိဒ္ဓ ပြင်ပတရားကိုသာ လျှင် အာခံပြုကုန်သည်မည်သည်၊ ဟောန္တိ၊ဖြစ်ကုန်၏၊

အဓိပ္ပါယ်ကား။ ၊လောကုတ္တရာသတိပဋ္ဌာန်တရားတို့သည်။ ခန္ဓာ၅မှ ဗဟိဒ္ဓပြင်ပတရားကိုသာ အာခံပြုကြကုန်သည်၊ အဘယ် ကြောင့်နည်း ဟူမူကား နိဗ္ဗာန်တရား၏ ခန္ဓာ၅မှ ပြင်ပ ဗဟိဒ္ဓတရား ဖြစ်လေသောကြောင့်တည်း ဟူလို၊ "ခန္ဓာ၅မှ ဗဟိဒ္ဓ ပြင်ပ တရား ဆိုသည်ကား။ နိရောဓသစ္စာ နိဗ္ဗာန်တရားကို ဆိုသတည်း။

ထိုနည်းအတူ—

၁၁။ ။ဍင်းအဋ္ဌကထာ(၂၆၃)သမ္မပ္ပဓာနဝိဘင်းဖွင့်မိတ်ဆွေ။
၁၂။ ။ ။ (၂၆၈) ဈာန်ဝိဘင်း ။
၁၃။ ။ ။ (၂၇၅) ဗောဇ္ဈင်္ဂဝိဘင်း ။
၁၄။ ။ ။ (၂၇၆) မဂ္ဂဝိဘင်း၊ ဖွင့်မိတ်ဆွေ၌—

ဍင်းအဋ္ဌကထာပါဠိသည်ပင်လျှင် အကြိမ်ကြိမ် လာနိုင်သည် တို့ကိုလည်းထောက်၍ နိရောဓသစ္စာ နိဗ္ဗာန်တရား၏"ခန္ဓာ၅မှဗဟိဒ္ဓ ပြင်ပတရားဖြစ်ကြောင်းကို ကောင်းစွာမှတ်ယူအပ်၏။

---

၁၅။ ။ဗဟိဒ္ဓါမ္မွေ အသင်္ခတံ ခန္ဓတော ထပေတွာ ပဌမံ ခန္ဓေဟိ ဥဒ္ဒိသ ဟာသတနေဟိ အဋ္ဌာရသဟိ ဓာတူဟိ သင်္ဂဟိတာ။ ။

(ဓာတုကထာပါဠိတော်(၁၃)သုမ္မွေဝတိ။)

၁၅။ ဗဟိဒ္ဓါမ္မွေ၊ဗဟိဒ္ဓ ဖြစ်ကုန်သောတရားတို့ကို။အသင်္ခတံ၊ နိဗ္ဗာန်ကို။ ခန္ဓတော၊ခန္ဓာဟူသော ရေတွက်ခြင်းမှ။ ထပေတွာ၊ မပါကြွင်းကျန် ချန်ထား၍။ ပဉ္စဟိ၊ငါးပါးကုန်သော။ ခန္ဓေဟိ၊ခန္ဓာ တို့ဖြင့်။ သင်္ဂဟိတာ၊ရေတွက်အပ်ကုန်၏။ ဒွါဒသဟိ၊တဆဲ့နှစ်ပါး

ကုန်သော။ အာယတနေဟိ၊ အာယတနတို့ဖြင့်။ သင်္ဂဟိတာ၊ ရေတွက် အပ်ကုန်၏။ အဋ္ဌာရသ ဟိ၊ တဆဲ့ရှစ်ပါး ကုန်သော။ ဓာတုဟိ၊ဓာတ်တို့ဖြင့်။ သင်္ဂဟိတာ၊ရေတွက်အပ်ကုန်၏။

အဓိပ္ပါယ်ကား။ ။ဗဟိဒ္ဓတရားဖြစ်ကုန်သော အလုံးစုံသော စိတ် ၈၉, စေတသိက် ၅၂, ရုပ် ၂၈, နိဗ္ဗာန်တရားတို့ အနက်။ နိဗ္ဗာန်ကို ခန္ဓာဟူသော ရေတွက်ခြင်းမှ။ချန်လှပ်ထား၍ ကျန်တရား ရကိုသာ ခန္ဓာငါးပါးတို့ဖြင့် ရေတွက်အပ်သည်။အာယတန တဆဲ့ နှစ်ပါး,ဓာတ်တဆဲ့ရှစ်ပါးတို့ဖြင့် ရေတွက်ရာ၌ကား။နိဗ္ဗာန်ကိုလည်း ဓမ္မာယတန, ဓမ္မဓာတ်ဟူသော ရေတွက်ခြင်းဖြင့် ရေတွက်အပ် သေးသည် ဟူလို။

ဤဓာတုကထာ ပါဠိတော် (ဗဟိဒ္ဓါ ဓမ္မာ) ပုဒ်အရ၌လည်း။ နိရောဓသစ္စာနိဗ္ဗာန်ကိုထည့်သွင်း၍ ၅ှင်တော်ဘုရားဟောထားပါ သောကြောင့်၊နိဗ္ဗာန်တရားတော်မြတ်၏ခန္ဓာမှ ပြင်ပ ဗဟိဒ္ဓတရား ဖြစ်ကြောင်းကို ယုံမှားမရှိ မှတ်ယူအပ်၏။

---

၁၆။ ။ပရေသံ ခန္ဓာဒိပစ္စဝေက္ခနေ, ပဏ္ဏတ္တိ,နိဗ္ဗာနပစ္စဝေက္ခနေ စ ဗဟိဒ္ဓါရမ္မဏာ။ ။

(အဋ္ဌသာလိနီအဋ္ဌကထာ(၄၀၂)ဇမ္ဗူ၊ မိတ်ဆွေ။)

၁၆။ စတ္တာရော၊လေးပါးကုန်သော၊ဉာဏသမ္ပယုတ္တ စိတ္တုပ္ပါဒါ၊ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်တို့သည်။ ပရေသံ၊ သူတပါးတို့၏။ခန္ဓာဒိပစ္စဝေက္ခနေ၊ခန္ဓာအစရှိသည်တို့ကို ဆင်ခြင် ရာ၌ရှင်း။ ပဏ္ဏတ္တိ,နိဗ္ဗာန ပစ္စဝေက္ခနေ၊ ပညတ်တရား, နိဗ္ဗာန် တရားတို့ကိုဆင်ခြင်ရာ၌ရှင်း။ ဗဟိဒ္ဓါရမ္မဏာ၊ ဗဟိဒ္ဓပြင်ပတရား သာလျှင် အာရုံရှိကုန်သည်။ ဝါ၊အာရုံပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အခမိပ္ပါယ်ကား။ ။သူတော်ကောင်းတို့၏ ခန္ဓာစသည်တို့ကို ဆင်ခြင်ရာ၌ရှင်း။ ပညတ်တရား,နိဗ္ဗာန်တရားတို့ကို ဆင်ခြင်ရာ၌ရှင်း။မဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်လေးခု တို့သည်၊ ဗဟိဒ္ဓဖြင့်ပတရားသာအာရုံရှိကြ,အာရုံပြုကြကုန်သည် ဟူလို (မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်လေးခု တို့ကိုလည်း၊ မဟာကုသိုလ်ဉာဏ သမ္ပယုတ်နှင့် အတူတူပင်။ အာရုံရှိကြ,ပြုကြကုန်သည်ဟုသိအပ်၏၊

ဤအဋ္ဌသာလိနီ အဋ္ဌကထာကိုလည်းထောက်၍ နိရောဓသမာပတ္တိ •နိဗ္ဗာန်၏ ခန္ဓာမှ ဖြင့်ပ ဗဟိဒ္ဓတရား ဖြစ်ကြောင်းကို ကောင်းစွာမှတ်အပ်၏၊

---

၁၇။ ဗဟိဒ္ဓါ ဓမ္မော အဇ္ဈတ္တာသ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော၊ အရိယာ နိဗ္ဗာနံ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ဂေါတြဘုဿ,ဝေါဒါနဿ, မဂ္ဂဿ, ဖလဿ, အာဝဇ္ဇနာယ, အာရမ္မဏ ပစ္စယေန ပစ္စယော၊ ။

(ပဋ္ဌာန်းပါဠိတော်၊ဒုတိယအုပ်(၂၈၄)ဗမ္မ။မိတ်ဆွေ။)

၁၇။ ဗဟိဒ္ဓါဓမ္မော၊ဗဟိဒ္ဓဖြင့်သောတရားသည်။ အဇ္ဈတ္တာသ၊ အဇ္ဈတ္တဖြစ်သော၊ ဓမ္မဿ၊ တရားအား။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စည်းသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုသည်၊ ဝါ၊အကြောင်းခံသည်၊ ဟောတိ၊ ဖြစ်၏၊ အရိယာ၊အရိယာမိဂ်ဖိုလ်တို့သည်၊ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပစ္စဝေက္ခန္တိ၊ မဟာကုသိုလ် ပစ္စဝေက္ခဏာဉာဏ်, မဟာကြိယာ ပစ္စဝေက္ခဏာဉာဏ်,အဘိညာဉ်ဒွေးတို့ဖြင့် ဆင်ခြင်ကုန်၏၊

နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ ဂေါတြဘုဿ၊ ဂေါတြဘုဉာဏ်အားရှင်း။ ဝေါဒါနဿ၊ဝေါဒါန်ဉာဏ်အားရှင်း။ မဂ္ဂဿ၊ မဂ်ဉာဏ်အားရှင်း။ ဖလဿ၊ ဖိုလ်ဉာဏ်အားရှင်း။ အာဝဇ္ဇနာယ၊ မနောဒွါရာဝဇ္ဇန်း

အဘေးရင်း။ အဝချမ္မဿာ ပစ္စယေန၊ အဇ္ဈတ္တ ချမ္မဿာ ပစ္စည်း သတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုသည်။ ဝါ၊ အကြောင်းခံသည် ဟောဘိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား။ ၊ဗဟိဒ္ဓပြင်ပဖြစ်သောတရားသည် အဇ္ဈတ္တ ခန္ဓာဖြစ်သောတရားအား အဝချမ္မဿာပစ္စည်း သတ္တိ နှင့် ဖြစ်ပေါ်လာ အောင် ကျေးဇူးပြုသည်။ ဝါ၊ အကြောင်းခံသည်ဟူလို။

ထိုပါဠိတော်ပါဌ်တို့တွင် ''ဗဟိဒ္ဓါ ဓမ္မော'' ဟူသော ကတ္တားပါဌ် ဖြင့် ဗဟိဒ္ဓပြင်ပတရားဖြစ်သောနိဗ္ဗာန်ကို ဘုရားရှင် ပြတော်မူ၏။

''အဇ္ဈတ္တဿ ဓမ္မဿ'' ဟူသော သမ္ပဒါန်ပါဌ်ဖြင့်၊ အရိယာဖိုလ် ပုဂ္ဂိုလ်တို့၏ အဇ္ဈတ္တသန္တာန်၌ ဖြစ်ကုန်သော 'မဟာ ကုသိုလ် ပစ္စဝေက္ခဏာဉာဏ်၊ မဟာကြိယာ ပစ္စဝေက္ခဏာဉာဏ်၊ အဘိညာဉ် ငွေ့၊ ဂေါတြဘူဉာဏ်၊ ဝေါဒါန်ဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ မနော ဒွါရာဝဇ္ဇန်းတို့ကို ပြတော်မူ၏၊

''အဝချမ္မဿာပစ္စယေန'' ဟူသော ကရိဏ်းပါဌ်ဖြင့်။ အဝချမ္မဿာ၊ အဝချမ္မဏာဓိပတိ၊ အဝချမ္မဏူပနိဿယ ပစ္စည်းသုံးပါးတို့တွင် ''အဝချမ္မဿာပစ္စည်း၏ သတ္တိထူးကိုပြတော်မူ၏။

''ပစ္စယော'' ဟူသော ကတ္တားပါဌ်ဖြင့်။ ကျေးဇူး ပြုသည်။ (ဖြစ်ပေါ်လာအောင် အကြောင်းခံသည်)ကို ပြတော်မူ၏။

''အရိယာ'' ဟူသော ကတ္တာ ပါဌ်ဖြင့်။ သေက္ခ၊ အသေက္ခ ဖြစ်ကုန်သော အရိယာဖိုလ်ပုဂ္ဂိုလ်တို့ကို ပြတော်မူ၏၊

''နိဗ္ဗာနံ''ဟူသော ကံပါဌ်ဖြင့်။ ''ခန္ဓာပြင်ပ ဗဟိဒ္ဓ တရားဖြစ် သော နိဗ္ဗာန်''ကို ပြတော်မူ၏၊ ''ပစ္စဝေက္ခန္တိ'' ဟူသော ကြိယာ ပါဌ်ဖြင့်၊ ဖိုလ်သော ဂ္ဂပုဂ္ဂိုလ်တို့၏ အဇ္ဈတ္တသန္တာန်၌ ဖြစ်ကုန်သော မဟာကုသိုလ် ပစ္စဝေက္ခဏာဉာဏ်၊ ပုဗ္ဗေနိဝါသာနုဿတိကုသိုလ်

အဘိညာဉ်တို့ဖြင့် ဆင်ခြင်အပ်သည်ကိုရင်း။ အသေက္ခ ပုဂ္ဂိုလ်တို့၏ အစ္ဆုတ္တသန္တာနန္ဒဖြစ်ကုန်ကော မဟာကြိယာပစ္စဝေက္ခဏာဉာဏ်, ပုဗ္ဗေနိဝါသာနုဿတိ ကြိယာအဘိညာဉ်တို့ဖြင့် ဆင်ခြင်သည်ကို ရင်း။ ပြတော်မူ၏။

---

"နိဗ္ဗာန်"ဟူသော ကတ္တားပါဠ်ဖြင့်။ ခန္ဓာပြင်ပ ဗဟိဒ္ဓတရား ဖြစ်သော'နိဗ္ဗာန်"ကို ပြတော်မူ၏။ "ဂေါတြဘုဿ" ဟူသော သဒ္ဒါပါဌ်ဖြင့်။ အစ္ဆုတ္တ ခန္ဓာဖြစ်သော ဂေါတြဘုဉာဏ်ကိုပြ, "ဝေါဒါနဿ"ဟူသော သဒ္ဒါပါဌ်ဖြင့်။အစ္ဆုတ္တ ခန္ဓာ ဖြစ်သော ဝေါဒါန်ဉာဏ်ကိုပြ, "မဂ္ဂဿ"ဟူသော သဒ္ဒါပါဌ်ဖြင့်။ အစ္ဆုတ္တ ခန္ဓာဖြစ်သော မဂ်ဉာဏ်ကိုပြ, "ဖလဿ"ဟူသော သဒ္ဒါပါဌ် ဖြင့်။ အစ္ဆုတ္တ ခန္ဓာဖြစ်သော ဖိုလ်ဉာဏ်ကိုပြ, "အာဝဇ္ဇနာယ" ဟူသော သဒ္ဒါပါဌ်ဖြင့်။ အစ္ဆုတ္တ ခန္ဓာ ဖြစ်သော မနောဒွါရာ ဝဇ္ဇန်းကို ပြတော်မူ၏။ (အာရမ္မဏပစ္စယေန-ပါဌ်, ပစ္စယောပါဌ် တို့ကို ရှေး၌ဆိုခဲ့ပြီးပြီ။

ထိုသို့ပြရာ၌ အဓိပ္ပါယ်ကား—

၁။ ခန္ဓာပြင်ပ ဗဟိဒ္ဓဖြစ်သော နိဗ္ဗာန် တရားကား "အာရုံ တရား"။အရိယာဖိုလ်ပုဂ္ဂိုလ်တို့၏အစ္ဆုတ္တသန္တာန်၌ ဖြစ်ကုန်သော မဟာကုသိုလ် ပစ္စဝေက္ခဏာဉာဏ်, မဟာကြိယာ ပစ္စဝေက္ခဏာ ဉာဏ်,ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်,ကြိယာ အဘိညာဉ်စေ့တို့ ကား "အာရမ္မဏိကတရား ဖြစ်ကုန်၏။

၂။ (တနည်း) ခန္ဓာပြင်ပ ဗဟိဒ္ဓဖြစ်သော နိဗ္ဗာန်တရားကား "ပစ္စည်းတရား" အရိယာဖိုလ်ပုဂ္ဂိုလ်တို့၏ အစ္ဆုတ္တသန္တာန်၌ ဖြစ် ကုန်သော မဟာကုသိုလ် ပစ္စဝေက္ခဏာဉာဏ်, မဟာ ကြိယာ ပစ္စဝေက္ခဏာဉာဏ်, ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်, ကြိယာ အဘိညာဉ်စေ့တို့ကား "ပစ္စယုပ္ပန်"တရားဖြစ်ကုန်၏။

၃။ (တနည်း) ခန္ဓာပြင်ပ ဗဟိဒ္ဓ ဖြစ်သော နိဗ္ဗာန်တရားကား "အကြောင်းတရား"အရိယာဖိုလ်ပုဂ္ဂိုလ်တို့၏ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ကုန်သော မဟာကုသိုလ် ပစ္စဝေက္ခဏာဉာဏ်, မဟာကြိယာ ပစ္စဝေက္ခဏာဉာဏ်,ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်, အဘိညာဉ်တွေ တို့ကား"အကျိုးတရား"ဖြစ်ကုန်၏။

ဤနည်းကား ပုဂ္ဂလာဓိဋ္ဌာန်နှင့် ဓမ္မာဓိဋ္ဌာန်ကို တွဲဘက်၍ ဟောတော်မူအပ်သော နည်းတည်း။

---

၁။ ခန္ဓာပြင်ပ ဗဟိဒ္ဓဖြစ်သောနိဗ္ဗာန်တရားကား"အာရုံတရား" အဇ္ဈတ္တဖြစ်သော ဂေါတြဘုဉာဏ်ကား "အာရမ္မဏိက တရား" ဖြစ်ကုန်၏။

၂။ (တနည်း) ခန္ဓာပြင်ပ ဗဟိဒ္ဓဖြစ်သော နိဗ္ဗာန်တရားကား "ပစ္စည်းတရား"အဇ္ဈတ္တဖြစ်သော ဂေါတြဘုဉာဏ်ကား"ပစ္စယုပ္ပန် တရား"ဖြစ်ကုန်၏။

၃။ (တနည်း) ခန္ဓာပြင်ပ ဗဟိဒ္ဓဖြစ်သော နိဗ္ဗာန်တရားကား "အကြောင်းတရား" အဇ္ဈတ္တ ဖြစ်သော ဂေါတြဘုဉာဏ်ကား "အကျိုးတရား"ဖြစ်ကုန်၏။

ဤနည်းအတိုင်း—

ခန္ဓာပြင်ပ ဗဟိဒ္ဓဖြစ်သော နိဗ္ဗာန်တရားသည်အဇ္ဈတ္တဖြစ်သော ဝေါဒါန်ဉာဏ်အား ၃-နည်း။

| | | | |
|---|---|---|---|
| ၎င်းသည် | ၎င်း | မဂ်ဉာဏ်အား | ၃-နည်း။ |
| ၎င်းသည် | ၎င်း | ဖိုလ်ဉာဏ်အား | ၃-နည်း။ |
| ၎င်းသည် | ၎င်း | မနောဒွါရာဝဇ္ဇန်းအား | ၃-နည်းစီ |

အာသရုံ,အာသရမ္မဏကာအားဖြင့်ငင်း။ ပစ္စည်း,ပစ္စယုပ္ပန်အားဖြင့် ၎င်း။ အကြောင်း,အကျိုးအားဖြင့်၎င်း။ ကျေးဇူးပြုပုံ။ ဖြစ်ပေါ်သာ အောင် အကြောင်းခံပုံကို ဝေဘန်၍ သိအပ်၏။

ဤနည်းကား မွှောဒိဋ္ဌာန်ချင်းချင်း တွဲဘက်၍ ဟောတော်မူ အပ်သော နည်းတည်း။

---

(၁၈) ဗဟိဒ္ဓါ မွှော အဇ္ဈတ္တသော မွှေ သာ အဓိပတိပစ္စယေန ပစ္စယော။ အရိယာ နိဗ္ဗာနံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ဂေါတြဘုသော,ဝေါဒါနသော,မဂ္ဂသော,ဖလသော အဓိ ပတိပစ္စယေန ပစ္စယော။ ။

(ပဋ္ဌာန်းပါဠိတော် ဒုတိယအုပ်(၂၉၄)မျက်နှာ မိတ်ဆွေ။)

ငင်းပါဠိတော်ပါဌ်တို့တွင်။ ။ဂရုံကတွာ၊အလေးအမြတ်ပြု၍။ ပစ္စဝေက္ခန္တိ၊ ဆင်ခြင်ကုန်၏။ ။အဓိပတိပစ္စယေန၊ အဓိပတိ ပစ္စည်းသတ္တိဖြင့်။ ၊ဟူ၍ ဆိုသည်သာ ထူးသည်။ ကြွင်းသော ပါဌ်များ၏ မြန်မာပြန်ကား။ အာရမ္မဏပစ္စည်း၌။ ဝါ၊(၁၇)အပိုဒ် နံပါတ်၌ ပြန်ဆိုသည်နှင့်တူပြီ၊အဓိပတိသည်း။အာရမ္မဏပစ္စည်း၌ ဆိုခဲ့ပြီးသော နည်းနှင့်တူပြီ၊ အလေးအမြတ်ပြု၍ ဆင်ခြင်ပုံ, အဓိ ပတိ ပစ္စည်း ဖြင့် အကြောင်းခံပုံ, မနောဒွါရဝီထိန်း မပါပုံသာ ထူးသည်။

ဤပဋ္ဌာန်းပါဠိတော်တို့ကိုလည်းထောက်၍ "နိရောသစ္စာနိဗ္ဗာန် ၏ ခန္ဓာပြင်ပ ဗဟိဒ္ဓတရားဖြစ်ကြောင်း"ကိုကောင်းစွာမှတ်အပ်၏။

အပိုဒ်နံပါတ် ၁-မှ စ၍ ၁၈-နံပါတ်တိုင်အောင်သောအဘိဓမ္မာ ပါဠိတော်,အဋ္ဌကထာတို့၌—

ဗဟိဒ္ဓါ,ဗဟိဒ္ဓါ မွှော, ဗဟိဒ္ဓါ ရမ္မဏံ, ဗဟိဒ္ဓါ ရမ္မဏာ, ဗဟိဒ္ဓါ မွှေသု,ဗဟိဒ္ဓါ မွှော။ ။

ဟူ၍ လာရှိကုန်သော ပါဠိတို့ကို။ နိဗ္ဗာန်တရား၏ ခန္ဓာ ပြင်ပ ဗဟိဒ္ဓတရားဖြစ်ကြောင်းကိုဟောတတ်,ပြတတ်,သက်သေခံတတ် ကုန်သော ပါဠိတို့ဟူ၍ သေချာစွာ မှတ်အပ်၏။ မှတ်ရမည်။

---

## ၄၈–ရင်းကိုသုတ္တန်ပိဋကတ်ဖြင့်ဆုံးဖြတ်ပြရာ။

ဤသို့ အဘိဓမ္မာဒေသနာတော်နည်းဖြင့်။ နိရောသစ္စာနိဗ္ဗာန်၏ ခန္ဓာမှ ဗဟိဒ္ဓပြင်ပတရားဖြစ်ကြောင်းကိုပြပြီး၍ ယခုအခါ သုတ္တန် ဒေသနာတော်နည်းဖြင့်လည်း။ ရင်းနိဗ္ဗာန်၏ ခန္ဓာမှ ဗဟိဒ္ဓ ပြင်ပ တရားဖြစ်ကြောင်းကို ပြခြင်း၌ါ အားထုတ်ဦးအံ့၊

(၁၉) အပိစ ခွါဟံ အာဝုသော ဗျာမမတ္တေ ကဠေဝရေ သသညိမှိ,သမနကေ, လောကဉ္စ ပညပေမိ, လောကသမုဒယဉ္စ, လောကနိရောဓဉ္စ, လောကနိရောဓ ဂါမိနိဉ္စ ပဋိပဒန္တိ"၊ ။

(သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ၃၇-ဟံသာဝတီ။)

(အင်္ဂုတ္တိုရ်ပါဠိတော်၊ပထမအုပ် ၂၉၆-ရင်း။)

(၁၉) အာဝုသော၊ လောကအဆုံးကို သိလိုရေးဖြင့် မေးမြန်း လျှောက်ထား,လာသော ဒိုရောဟိတဿ နတ်သား။ (နတ်သား ဆိုသော်လည်း။ ကာမာဝစရနတ် မဟုတ်၊ရူပဗြဟ္မာတည်း။)

အပိစခေါ၊ စင်စစ်သော်ကား။ အဟံ၊ ငါဘုရားသည်။ ဗျာမ မတ္တေ၊တလံ အတိုင်းအရှည်ရှိထသော၊ သသညိမှိ၊သညာနှင့်တကွ ဖြစ်ထသော။သမနကေ၊ စိတ်နှင့်တကွ ဖြစ်ထသော၊ ဗျာမတ္တိ ကဠေဝရေ၊ ဤအတ္တဘော၌ သာလျှင်။ ဝါ၊ ဤကိုယ်၌ သာလျှင်။ လောကဉ္စ၊ ဒုက္ခသစ္စာဟု ဆိုအပ်သော လောကကိုရင်း။ လောက သမုဒယဉ္စ၊ ဒုက္ခသစ္စာဟု ဆိုအပ်သော လောက၏ ဖြစ်ကြောင်း

သမုဒယသစ္စာကိုရင်း၊ လောကနိရောဓဉ္စ၊ ဒုက္ခသစ္စာဟုဆိုအပ်သော လောက၏ နောင်တဖန် မဖြစ်ပြန်ကောင်းသော ချုပ်ခြင်းကိုရင်း၊ ဝါ၊ ဒုက္ခသစ္စာဟု ဆိုအပ်သော လောက၏ နောင်တဖန် မဖြစ်ပြန် ကောင်းသော ချုပ်ခြင်း၏အကြောင်း နိဗ္ဗာန်ဟူသော နိရောဓသစ္စာ ကိုရင်း။ (တနည်းကား) လောကနိရောဓဉ္စ၊ ဒုက္ခသစ္စာဟု ဆိုအပ် သော လောက၏ နောင်တဖန် ဖြစ်မှုမရှိခြင်းကိုရင်း။ ဝါ၊ ဒုက္ခသစ္စာ ဟု ဆိုအပ်သော လောက၏ နောင်တဖန် ဖြစ်မှုမရှိကြောင်း နိဗ္ဗာန် ဟူသော နိရောဓသစ္စာကိုရင်း။ လောကနိရောဓ ဂါမိနိဉ္စ ပဋိပဒံ၊ ဒုက္ခသစ္စာဟု ဆိုအပ်သော လောက၏ နောင်တဖန် ဖြစ်မှုမရှိ ကြောင်း နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းသောအကျင့် မဂ္ဂသစ္စာ ကိုရင်း။ ပညပေမိ၊ ပညတ်တော်မူ၏။ "ပညာပေမိ"ဟု ပါဌ်ရှိမူ။ သိစေတော်မူ၏ဟူ၍ ပြန်ဆိုပါကုန်။

(ဤကား မြန်မာပြန်တည်း။)

ဤပါဠိတော်ပါဌ်တို့တွင် "ဗျာမမတ္တေ ကဠေဝရေ" ပါဌ်ဖြင့်။ ရူပက္ခန္ဓာကို ဘုရားရှင် ပြတော်မူ၏။ "သသညိမှိ" ပါဌ်ဖြင့်။ သညာက္ခန္ဓာကို ခေါင်းဆောင် ပြုသဖြင့်၊ ဝါ၊ ခေါင်းဆောင် ပြု၍ သညာက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့ကို ပြတော်မူ၏။ "သမနကေ" ပါဌ်ဖြင့်။ ဝိညာဏက္ခန္ဓာကို ပြတော်မူ၏။

"လောကံ" ပါဌ်ဖြင့် ဒုက္ခသစ္စာကိုပြ, "လောကသမုဒယံ" ပါဌ်ဖြင့် သမုဒယသစ္စာကိုပြ, "လောကနိရောဓံ" ပါဌ်ဖြင့်" ဒုက္ခ သစ္စာ၏ နောင်တဖန် မဖြစ်ပြန် ကောင်းသော ချုပ်ခြင်း အဘာဝ ပညတ်ကိုပြ။ (တနည်း) နိဗ္ဗာန် ဟူသော နိရောဓ သစ္စာကိုပြ, "လောကနိရောဓ ဂါမိနိ ပဋိပဒံ" ပါဌ်ဖြင့် မဂ္ဂသစ္စာကို ပြတော် မူ၏။

ထိုသို့ ပြတော်မူသဖြင့် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် ဟု ဆိုအပ်သော ခန္ဓာငါးပါး အပေါင်းအစုဖြစ်သော ဤအတ္တဘော

ဤကိုယ်၌ သာလျှင်။ သစ္စာလေးတန် တရားမှန်ကို ကေန်စင်စစ် ငါဘုရား ပညတ်တော်မူသည်။ သိစေတော် မူသည်ဟု အဋ္ဌကထာ ရအေးမှာ ရသေ့ဖြစ်ခဲ့ဘူးသော ထိုနတ်ဖြဟ္မာကို။ အနီးမှာ သိစေ တော်မူသည်။ဝါ၊အနီး၌ သိစေတော်မူလိုသောကြောင့်ဤ 'အပိစ ခွါဟံ အာဝုသော'' စသော ပါဠိစကားကို ရှင်တော်ဘုရား ဟောကြားတော်မူသည်။

---

ရှင်တော်ဘုရားသည် ဤခန္ဓာကိုယ်၌သာလျှင် ဒုက္ခ,သမုဒယ,' မဂ္ဂ-သစ္စာ သုံးပါးတို့ကို ပညတ်တော်မူ, သိစေတော်မူ သည်မှာ သင့်လျော်လှပါပေ၏။ အဘယ်ကြောင့် ဆိုသော်၊ဤသစ္စာသုံးပါး တို့သည် နိယကဇ္ဈတ္တတရားတို့ ဖြစ်ကြသောကြောင့်တည်း။

နိရောဓသစ္စာ နိဗ္ဗာန်ကိုကား။ ဝါ၊ နိဗ္ဗာန်သည်ကား၊ နိယက ဇ္ဈတ္တတရား မဟုတ်ဘဲလျက်၊ အဘယ်ကြောင့် ဤခန္ဓာကိုယ်၌ ပညတ်တော်မူ, သိစေတော် မူပါသနည်း ဟူမူ၊ နိဗ္ဗာန်ကိုလည်း ခန္ဓာတို့ကိုစွဲ၍ ပညတ်ခြင်းကြောင့်, သိစေခြင်းကြောင့်။ ဤခန္ဓာ ကိုယ်၌သာလျှင် ပညတ်တော်မူပါသည်, သိစေတော်မူပါသည်။

ထိုစကားမှန်၏၊ နိဗ္ဗာန်သည် အရပ်ဒေသ မရှိ သော်လည်း။ ခန္ဓာစသော တရားတို့၏ နောင်တဖန် မဖြစ်ပြန် ကောင်းသော ချုပ်ခြင်း ဖြင့် ချုပ်ရာ, ချုပ်ကြောင်းဖြစ်၏၊ ထိုခန္ဓာစသည် တို့၏ အစွမ်းဖြင့်၊ အရပ်ဒေသ အားဖြင့်လည်း တင်စား၍ ဟောတော် မူသော ဥပစာနည်း၏ အစွမ်းအားဖြင့်။ ထိုနိဗ္ဗာန်ကို ညွှန်ပြအပ်၏။ အဘယ်ကဲ့သို့နည်း ဟူမူကား။

စက္ခုံ လောကေ ပိယရူပံ, သာတရူပံ။ ဧတ္ထေသာတဏှာ ပဟီယမာနာ ပဟီယတိ။ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ။

ဟူသော ပါဠိတော်ကဲ့သို့တည်း။

အဝတိုချုပ် အဓိပ္ပါယ်ကား။ ။ခန္ဓာစသည်တို့၏ နောင်တဖန် မဖြစ်ပြန်ကောင်းသော ချုပ်ခြင်းဖြင့် ချုပ်ရာသည့်, ချုပ်ကြောင်းသည် နိဗ္ဗာန် ဖြစ်၏။ (ခန္ဓာစသည်တို့၏ နောင်တဖန် ဖြစ်ပေါ်လာမှု မရှိရာသည့်, ဖြစ်ပေါ်လာမှု မရှိကြောင်းသည့် နိဗ္ဗာန် မည်၏ဟု ဆိုလိုသည်) ထိုခန္ဓာစသည်တို့၏ အစွမ်းဖြင့်။ နိဗ္ဗာန်သည် အရပ်ဒေသ မရှိသော်လည်း အရပ်ဒေသအားဖြင့်တင်စား၍ ခန္ဓာကိုယ်၌ နိဗ္ဗာန်ကို ပညတ်တော်မူ, သိစေတော်မူသည်ဟု သိအပ်၏။

---

## ၃၉-နိဗ္ဗာန်ကို ဝိနည်းပိဋကဖြင့် ခိုင်မြဲစေခြင်း။

ထိုကြောင့်သာရတ္ထဒီပနီဋီကာ၊ပထမအုပ်(၂၂၇)မျက်နှာ၌-

(၂၀) ဗျာမမတ္တေ ကဠေဝရေတိ ဗျာမပ္ပမာဏေ အတ္တဘာဝေ။ ရူပိနာ ရူပက္ခန္ဓံ ဒဿေတိ။ သသညိမှိတိ သညာယ သဟိတေ။ ရူပိနာ သညာသီသေန ဝေဒနာဒယော တယော ခန္ဓေ ဒဿေတိ။ သညာ သဟိဘတ္တာ ဝေ။ သမန ကေတိ သဝိညာဏကေတိ အတ္ထော၊ ရူပိနာ ဝိညာဏ ကွန္ဓံ ဒဿေတိ။ အဝိညာဏကေ ပန ဥတုသမုဋ္ဌာန ရူပ သန္တတိသ မတ္တေ ပညာပေတုံ နသက္ကာတိ အဓိပ္ပါယော။ လောကဉ္စ ခန္ဓာဒိလောကံ။ လောကနိရောဓဉ္စ တဿ လောကဿ နိရုဇ္ဈနံ, နိဗ္ဗာနမေဝ ဝါ။ နိဗ္ဗာနမ္ပိ ဟိ ခန္ဓေ ပဋိစ္စ ပညာ နတော သရီရဲ့ ယေဝ ပညပေတိ။ အဒေ သမှိ ဟိ တံ ယေသံ နိရောဓော။ တေသံ ဝသေန ဒေသ တောပိ ဥပစာရဝသေန နိဒ္ဒိသိယတိ။ ယထာ ...စက္ခုံ လောကေ ပိယရူပံ, သာတရူပံ၊ဧတ္ထေသာ တဏှာ ပဟီ ယမာနာ ပဟီယတိ။ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတီတိ။ ။

ဟူ၍ မိန့်အပ်ပြီ။

ထိုမှတပါး။ ဝိသုဒ္ဓိမဂ်မဟာဋီကာ၊ပထမအုပ် (၂၀၀) ဇမ္ဗူ။ မိတ်ဆွေ၌လည်း—

(၂၁) တတ္ထ သသညီမှိတိ သညာသဟိတေ။ တတောဇဝ သမနကေ သဝိညာဏကေ။ အဝိညာဏကေ ပန ဥတု သမုဋ္ဌာန ရူပသမုဒါယ မတ္တေ ပညာပေတုံ နသက္ကာ ဘိ အဓိပ္ပါယော။ လောကန္တိ ခန္ဓာဒိလောကံ။ လောကနိရော ဓန္တိ တဿ လောကဿ နိရုဇ္ဈနံ။ နိဗ္ဗာန မေဝ ဝါ၊အဒေ သန္တိ ဟိ တံ ယေသံ နိရောဓော။တေသံ ဝသေန ဥပစာရ တောပိ နိဒ္ဒိသိယတိ။ယထာ .. စက္ခုံ လောကေ ပိယရူပံ, သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ, ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတီတိ။ ။

ဟူ၍ မိန့်အပ်ပြီ။

(၂၀) ဗျာမမတ္တေ ကဠေဝရေတိ၊ ဗျာမမတ္တေ ကဠေဝရေ-ဟူသည်ကား။ ဗျာမပ္ပမာဏေ၊ တလံ အတိုင်းအရှည် ရှိသော၊ အတ္တဘာဝေ၊ အတ္တဘော၌။ (ပညပေမိ၊ ပညတ်တော်မူ၏။ လွမ်း၍စပ်၊) ဟုမိနာ၊ ဤ "ဗျာမမတ္တေ ကဠေဝရေ" ပါဠိဖြင့်။ ရူပက္ခန္ဓ၊ ရူပက္ခန္ဓာကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ ဒဿေတိ၊ ပြတော်မူ၏။ သသညိမှိတိ၊ သသညိမှိ-ဟူသည်ကား၊ သညာသ၊ မှတ်တတ်သောသဘော သညာနှင့်။သဟိတေ၊တကွဖြစ်ထသော၊ ဟုမိနာ၊ဤ"သသညိမှိ"ပါဠိဖြင့်။ သညာသီသေန၊ သညာကို အဦး ပြုသဖြင့်။ ဝါ၊သညာကို ခေါင်းဆောင် ပြုသဖြင့်၊ ဝေဒနာဒယော၊ ဝေဒနာအစ ရှိကုန်သော ဝါ၊ဝေဒနာ သညာ သင်္ခါရဟု ဆိုအပ် ကုန်သော တယော၊ သုံးပါးကုန်သော၊ခန္ဓေ ခန္ဓာတို့ကို၊ဒဿေတိ၊ ပြတော်မူ၏။ ဂ..ဘွာ၊ အ..ဘာယ်ကြောင့်၊ ဒဿေတိ၊ ပြတော်မူ သနည်း ဟူမူ..ာ.၊ သညာ သ..ဟိတတ္တာ၊ဇဝ၊ သညာနှင့် တကွ ဖြစ်သည်၏အ..ဖြစ်ကြောင့် သာလျှင်။(သညာစေတသိက်နှင့်တကွ ဖြစ်သောကြောင့်သာလျှင်) ဒဿေတိ၊ ပြတော်မူ၏ သမနကေတိ၊

သမနကေ ဟူသည်ကား။ သဝိညာဏကေ၊ ဝိညာဏ်နှင့် တကွ ဖြစ်သော။ ရူတိ-အယံ၊ ဤသည်ကား။ အာဇ္ဈော၊ သမနကေ-ဟူသောပုဒ်၏ အနက်တည်း။ ရူမိနာ၊ ဤ "သမနကေ" ပါဠ်ဖြင့်။ ဝိညာဏကၡန့်၊ ဝိညာဏကၡန္ဓာကို။ ဒသေသတိ၊ ပြတော်မူ၏။ ပနိ၊ လျော်သည်မှတပါး၊ မလျော်သည်ကို ဆိုဦးအံ့၊ အဝိညာဏကေ၊ အသိဝိညာဉ် မရှိသော။ ဝါ၊အသိဝိညာဉ် ကင်းသော။ဥတုသမုဋ္ဌာန ရူပသမုဒါယ မဇ္ဈေ၊ အချမ်း, အပူ ဥတုကြောင့် ဖြစ်သော ရုပ် အပေါင်းမျှ၌။ သစ္စာနိ၊ အမှန်တရား လေးပါးတို့ကို။ ပညာပေဘိ၊ ပညတ်ခြင်း၌။ ဝါ၊သိစေခြင်း၌။ နသက္ကာ၊ မတတ်ကောင်း။ ရူတိ အဓိပ္ပါယော၊ ဤသို့သော အဓိပ္ပါယ်ကို။ ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။

လောကဉ္စ၊ လောကံ ဟူသည်ကား။ ခန္ဓာဒိလောကံ၊ခန္ဓာအစ ရှိသော လောကကို၊ (ပညပေမိ၊ပညတ်တော်မူ၏။စပ်) လောက နိရောဓဉ္စ၊ လောကနိရောဓံ-ဟူသည်ကား။ တဿ လောကဿ၊ ထိုခန္ဓာအစရှိသော လောက၏၊နိရုဇ္ဈနံ၊ နိဗ္ဗာန်ကြောင့် နောင်တဖန် မဖြစ်ပြန်ကောင်းသော ချုပ်ခြင်းဖြင့် ချုပ်ခြင်းကို၊ ပညပေမိ၊ပညတ် တော်မူ၏။ ဝါ၊တနည်းကား။ လောကနိရောဓဉ္စ၊ လောကနိရောဓံ ဟူသည်ကား။ နိဗ္ဗာနမေဝ၊ နိရောဓသစ္စာ နိဗ္ဗာန်ကို သာလျှင်။ ပညပေမိ၊ပညတ်တော်မူ၏။

ဟိသစ္စံ၊ နိဗ္ဗာန်ကို ဤအတ္တဘော၌ ပညတ်၏ဟုဆိုသောစကား သည် ...နိ၏၊ နိဗ္ဗာန၌၊ နိဗ္ဗာန်ကိုလည်း။ ခန္ဓေ၊ ခန္ဓာတရားတို့ကို။ ပဋိက္ခ...၍။ ပညာပနတော၊ ပညတ်ခြင်းကြောင့်၊ သရီ...သိဋ္ဌံ ယေဝ၊ ကိုယ်၌သာလျှင်။ ပညပေတိ၊ ပညတ်တော်မူ၏။ ပညာပေတိ၊ သိစေတော် မူ၏၊ ဟိ-တဒ္ဒါကဋီကာရောမိ၊ ထိုစကားကို ထင်စွာ ပြုဦးအံ့။ တံနိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်၊ အဒေသဉ္စ၊ အရပ်ဒေသ မရှိ သော်လည်း။ ယေသံ ခန္ဓာဒိနံ၊ အကြင်ခန္ဓာအစ ရှိသည်တို့၏။ နိရောဓော၊ နောင်တဖန် မဖြစ်ပြန် ကောင်းသော ချုပ်ခြင်းဖြင့် ချုပ်ရာ,ချုပ်ကြောင်းသည်။ ဟောတိ၊ဖြစ်၏။တံနိဗ္ဗာနံ၊ထိုနိဗ္ဗာန်ကို။

တေသံ ခန္ဓာဒီနံ၊ ထိုခန္ဓာအစ ရှိသည်တို့၏။ ဝသေန၊ အစွမ်းဖြင့်။ ဒေသိတောပိ၊ အရပ်ဒေသအားဖြင့်လည်း။ ဥပစာရဝသေန၊ တင်စား၍ ဟောတော်မူသည့်၏အစွမ်းအားဖြင့်။ နိဒ္ဒိသိယတိ၊ ညွှန်ပြအပ်၏။ ယထာ-ကိံ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ "စက္ခုံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထနိရုဇ္ဈမာနာ နိရုဇ္ဈတီတိ ယထာ၊ စက္ခုံ လောကေ။ပ။နိရုဇ္ဈတိ" ဟူသကဲ့သို့တည်း။

*လောကေ၊ ဥပါဒါနက္ခန္ဓာ ဟူသော လောက၌။ စက္ခုံ၊ မျက်စိ အကြည်ဟု ဆိုအပ်သော စက္ခုပသာဒသည်၊ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာ အပ်သော သဘောရှိသော အာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ် သာယာအပ်သော သဘောရှိသော မျက်စိအကြည်ဟု ဆိုအပ်သော စက္ခုပသာဒအာရုံ၌။ ဧသာ တဏှာ၊ ဤတဏှာသည်၊ ပဟီယမာနာ၊ ပယ်အပ်သည် ဖြစ်၍၊ ပဟီယတိ၊ ပျောက်၏။ ဧတ္ထ၊ ဤချစ်အပ် သာယာအပ်သော သဘောရှိသော မျက်စိအကြည်ဟုဆိုအပ်သော စက္ခုပသာဒအာရုံ၌။ နိရုဇ္ဈမာနာ၊ နောင်တဖန် မဖြစ်ပြန် ကောင်းသော ချုပ်ခြင်းဖြင့် ချုပ်သည်ဖြစ်၍၊ နိရုဇ္ဈတိ၊ ချုပ်၏၊ တနည်း၊ နိရုဇ္ဈမာနာ၊ နောင် တဖန် ဖြစ်ပေါ်မှု မရှိသည်ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။ (ဤကား သာရတ္ထဒီပနီ ဋီကာပါဌ်၏ မြန်မာပြန်တည်း။ *)

(ဝိသုဒ္ဓိမဂ် မဟာဋီကာ၏ မြန်မာပြန်ကို သာရတ္ထဒီပနီဋီကာ၏ မြန်မာပြန်ကို နည်းမှီ၍ သိနိုင်လောက်ပြီ။)

ဤသို့ မိန့်အပ်သော သာရတ္ထဒီပနီ ဋီကာပါဌ်တို့တွင်=

အဓိဒေဝတ္တ ဟိ တံ ယောသံ နိရောဓော၊ တေသံ ဝသေန ဒေသိတောပိ ဥပစာရဝသေန နိဒ္ဒိသိယတိ။ ။

ဟူသော ပါဌ်တို့ကို ထောက်၍။ ဥပစာနည်း၏ အစွမ်းဖြင့်။ပါ၊ တင်စား၍ ဟောတော်မူသည်၏ အစွမ်းဖြင့်။ နိရောဓသစ္စာ နိဗ္ဗာန်ကို ခန္ဓာကိုယ်၌ ညွှန်ကြားတော်မူသည်ဟု သိအပ်၏၊ သိရမည်။

ယော တဿာယေဝ တဏှာယ အသေသ ဝိရာဂ
နိရောဓော''စသော အကျဉ်းဝါကျကိုရှင်း။

စက္ခုံ လောကေ ပိယရူပံ,သာတရူပံ၊ ဧတ္ထေသာ တဏှာ
ပဟီယမာနာ ပဟီယတိ။ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ။

စသော အကျယ်ဝါကျတို့ကိုရှင်း။

ယခု ပြဆိုခဲ့ပြီးသော။''နိဗ္ဗာနမ္ပိ ဟိ ခန္ဓေ ပဋိစ္စ ပညာပနတော'' စသော ဝါကျကို ကဲ့သို့။ နိဗ္ဗာန်သည် ဒေသ မရှိသော်သည်း ဒေသအားဖြင့်။ ဥပစာနည်း၏ အစွမ်းဖြင့် ညွှန်ပြအပ်သည်ဟု သိအပ်၏၊

စက္ခုဒွါရစသည် ၆၀-တို့၌။ ဝါ၊ဒွါရ ၆-ပါး, အာရုံ ၆ ပါး, ဝိညာဉ် ၆-ပါး,ဖဿ ၆-ပါး, ဝေဒနာ ၆-ပါး, သညာ ၆-ပါး, သဉ္စေတနာ ၆-ပါး, တဏှာ ၆-ပါး,ဝိတက် ၆ပါး, ဝိစာရ ၆-ပါး တို့၌ စင်စစ် မုချအားဖြင့်''တဏှာချုပ်ရာ နိဗ္ဗာန်''ဟုယူဆ၍ ခန္ဓာကိုယ်၌ နိဗ္ဗာန်ရှိ၏။ ဝမ်းထဲ၌ နိဗ္ဗာန်ရှိ၏ဟု မမှတ်အပ်,မမှတ်သင့်, မမှတ်စေလို,မမှတ်ထိုက်,မမှတ်ကောင်း,မမှတ်ရ,မမှတ်လေနှင့်။

အပ်,သင့်,လို,ထိုက်။ နက်ဆိုက်ရှင်း၊ ကောင်း, ရမည့်,လေ။
နက်သတ္တော။ထွန်းလေမြဲမုချ။ ။

ဟူသော ရှေ့ရေးဆောင် နိယံနှင့် အညီ ၇-ချက် ဆိုအပ်ပါသတည်း။

# အထူးသတိထားရန် အချက်။

"အပိစ ခွါဟံ အာဝုသော"စသော ဝါကျကို။ဘုရားရှင်သည် သစ္စာလေးပါး ဒေသနာတော်ကို....

လောကဉ္စ,လောကသမုဒယဉ္စ, လောကနိရောဓဉ္စ,လောက
နိရောဓဂါမိနိဉ္စပဋိပဒံ....ဟု

ကံပုဒ် ထားတော်မူ၍ (ကမ္မကာရကကို ထားတော်မူ၍) ပညပေမိ-ဟု သကမ္မကဓာတ် ကြိယာပုဒ်ဖြင့် ဟောထားတော်မူပါလျက်။ သစ္စာလေးပါး ဒေသနာတော်ကို....

လောကောစ,လောကသမုဒယောစ, လောကနိရောဓောစ,
လောကနိရောဓဂါမိနီစ ပဋိပဒါ....ဟု

ကတ္တားပုဒ် ယူ၍ (ကတ္တုကာရက ယူ၍) အတ္ထိ.. .ဟူသော အ-ကမ္မကဓာတ်ကြိယာပုဒ်နှင့် စပ်ဟပ်ပြီးလျှင်။ သစ္စာလေးပါး သည် ခန္ဓာကိုယ်၌ ရှိ၏။နိရောဓသစ္စာသည် ခန္ဓာထဲ၌ ရှိ၏။ဝမ်းထဲ၌ ရှိ၏၊ နိဗ္ဗာန်သည် ခန္ဓာကိုယ်၌ ရှိ၏။ခန္ဓာထဲ၌ ရှိ၏။ ဝမ်းထဲ၌ ရှိ၏။ ဗဟိဒ္ဓတရားမဟုတ်ဟူ၍ ရေးကြ ဟောကြ,ယူကြ,မှတ်ကြ သူတို့ကား များလှကုန်၏။ ဤအတိုင်းဆိုလျှင်—

အပိစ ခွါဟံ အာဝုသော ဣမသ္မိညေဝ ဗျာမမတ္တေ ကဠေ
ဝရေ သသညိမှိ သမနကေ လောကောစ အတ္ထိ,လောက
သမုဒယောစ,လောကနိရောဓောစ, လောကနိရောဓ ဂါမိနီ
စ ပဋိပဒါတိ။ ။

ဟူ၍ ဟောတော်မူရပေမည်။ ထိုသို့ကား ဟောတော်မမူဘဲ-

အပိစ ခွါဟံ အာဝုသော ဣမသ္မိညေဝ ဗျာမမတ္တေ ကဠေ
ဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ,လောက

သမုဒယဉ္စ, လောကနိရောဓဉ္စ, လောကနိရောဓ ဂါမိနိဉ္စ
ပဋိပဒန္တိ။ ။

ဟူ၍သာ ဟောတော်မူသည်။ ဝါကျမှန်မှ အနက် အဓိပ္ပါယ် မှန်မည်ကို သတိ ရှိစေရာ၏။

ဤသာရတ္ထ ဒီပနီဋီကာ, ဝိသုဒ္ဓိမဂ် မဟာဋီကာ တို့ကိုသာ သောက်၍ ဥပစာနည်း၏ အစွမ်းဖြင့် ဆိုအပ်သည်ကို သိအပ်သည် မဟုတ်သေး။ ဝိမတိဝိနောဒနီ ဋီကာကိုလည်း ထောက်၍ ဥပစာနည်း၏ အစွမ်းဖြင့် ဆိုအပ်သည်ကိုလည်း သိအပ်သေးသည်။ ထိုကြောင့် ဝိမတိဝိနောဒနီဋီကာ၊ ပဌမအုပ် ၂၀-ဇမ္ဗူ။ မိတ်ဆွဲ၍-

၂၂။ တတ္ထ ဗျာမမတ္တေ ကဠေဝရေတိ သရီရေ။ တေန ရူပက္ခန္ဓံ ဒဿေတိ။ သသညိမှိတိ သညာသီသေန ဝေဒနာဒယော တယော ခန္ဓေ။ သမနကေတိ ဝိညာဏက္ခန္ဓံ။ လောကန္တိ ခန္ဓာဒိလောကံ။ ဒုက္ခန္တိ အတ္ထော။ လောကနိရောဓန္တိ နိဗ္ဗာနေန ကောကာသ နိရုဇ္ဈနံ။ နိဗ္ဗာနမေဝ ဝါ။ အဒေသန္တိ ဟိ နိဗ္ဗာနံ ယောသံ နိရောဓော ယော ဟောတိ။ ဥပစာရတော တန္နိဿိတံ ဝိယ ဟောတီတိ ''ဗျာမမတ္တေ ကဠေဝရေ လောကနိရောဓဉ္စ ပညပေမီတိ''ဝုတ္တံ...စက္ခုံ လောကေ ပိယရူပံ, သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ။ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတီတိ အာဒိသု ဝိယ။

ဟူ၍ မိန့်အပ်ပြီ။

၂၂။ တတ္ထ၊ ထို ''အဓိစ္စါပဟံ အာဝုသော''စသော ပါဠိတော်၌။ ဗျာမမတ္တေ ကဠေဝရေတိ၊ ဗျာမမတ္တေ ကဠေဝရေ ဟူသည်ကား။ သရီရေ၊ ကိုယ်၌။ တေန၊ ထို ''ဗျာမမတ္တေ ကဠေဝရေ'' ပါဠိဖြင့်။ ရူပက္ခန္ဓံ၊ ရူပက္ခန္ဓာကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဒဿေတိ၊ ပြတော်မူ၏။ သသညိမှိတိ ဧတေန၊ သသညိမှိ''ပါဠိဖြင့်။ သညာသီသေန၊ သညာကို အဦးပြုသဖြင့်။ ဝါ၊ သညာက္ခန္ဓာကို ခေါင်း

ဆောင်ပြုသဖြင့်။ ဝေဒနာဒ‌ယော၊ဝေဒနာ အစရှိကုန်သော။ ဝါ၊ ဝေဒနာ,သညာ,သင်္ခါရဟု ဆိုအပ်ကုန်သော၊ တယော၊ သုံးပါးကုန်သော။ ခန္ဓေ၊ခန္ဓာတို့ကို။ ဒဿေတိ၊ပြတော်မူ၏၊ သမနကေတိ ဧတေန၊ "သမနကေ"ပါဠိဖြင့်။ ဝိညာဏက္ခန္ဓံ၊ ဝိညာဏက္ခန္ဓာကို။ ဒဿေတိ၊ပြတော်မူ၏။

လောကန္တိ၊လောကံဟူသည်ကား။ ခန္ဓာဒိလောကံ၊ ခန္ဓာ အစရှိသော လောကကို။ ဝါ၊ခန္ဓလောက,အာယတနလောက, ဓာတုလောကအစရှိသော လောကကို။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ဇာတိ-အာယံ၊ ဤသည်ကား။ အဓိပ္ပာယ်၊ လောကံ ဟူသောပုဒ်၏ အနက်တည်း။ လောကနိရောဓန္တိ၊ လောကနိရောဓံ ဟူသည်ကား။ နိဗ္ဗာနေန၊ နိဗ္ဗာန်ဖြင့်။ ဝါ၊ နိဗ္ဗာန်ကြောင့်။ လောကဿ၊ ခန္ဓာ အစရှိသော လောက၏၊ ဝါ၊ဒုက္ခသစ္စာ၏။နိရုဇ္ဈနံ၊ နောင်တဖန် မဖြစ်ပြန်ကောင်းသော ချုပ်ခြင်းဖြင့် ချုပ်ခြင်းကို။ပညပေမိ၊ပညတ်တော်မူ၏။ ဝါ၊ တနည်းကား။ နိဗ္ဗာနမေဝ၊ နိရောဓ သစ္စာ နိဗ္ဗာန်ကို သာလျှင်။ ပညပေမိ၊ ပညတ်တော်မူ၏။ (ပါဠိတော်မှာ ဤမျှ၍စပ်သည်။)

ဟိ-သစ္စံ၊ လောကနိရောဓ ဟူသည် "နိရောဓသစ္စာနိဗ္ဗာန်" ကိုပင်လျှင် ငါဖွင့်ဆိုခဲ့သောစကားသည်မှန်၏။ နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ အဒေသဘူတံ၊ အရပ်ဒေသ မရှိပါ သော်လည်း။ ယေသံ ခန္ဓာဒီနံ၊ အကြင် ခန္ဓာအစရှိသည်တို့၏။ နိရောဓာယ၊နောင်တဖန် မဖြစ်ပြန်ကောင်းသော ချုပ်ခြင်းဖြင့် ချုပ်ခြင်းငှါ၊ ဝါ၊နောင်တဖန် ဖြစ်ပေါ်မှု မရှိခြင်းငှါ။ ဟောဘိ၊ဖြစ်၏၊ ဥပစာရတော၊တင်စား၍ ဟောတော်မူသော ဥပစာရနည်းဖြင့်။ တမ္ဗိ သီဝတံ ဝိယ၊ ထိုခန္ဓာ စသည်တို့၌ မရှိသော်လည်း ရှိသကဲ့သို့။ဝါ၊ ထိုခန္ဓာစသည်တို့၌ မရှိသော်လည်း ရှိသကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ဇာတိ၊ဤသို့ နှလုံးသွင်းတော် မူ၍။ ဗျာမမတ္တေ ကဠေဝရေ လောကနိရောဓဉ္စ ပညပေမီတိ၊ဗျာမမတ္တေ၊ပ။ပညပေမိ" ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ပုဏ္ဏံ၊ ဟောတော်မူအပ်၏။

ကောသုံပိယ၊အဘာယ်ပါဌ်ေတို့၌ ကဲ့သို့နည်း ဟူမှုကား။

* စကျွံ လောကေ ပိယရူပံ, သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ။ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိဇတိ အာဒိသုပိယ၊ ....စကျွံ လောကေ။ပ။ နိရုဇ္ဈတိ....

ဤသို့အစရှိသော ပါဌ်တို့၌ ကဲ့သို့တည်း။* မြန်မာပြန်ကို ရှေး၌ ဆိုခဲ့ပြီးပြီ။

အတိုချုပ် အဓိပ္ပါယ်ကား။ ။နိဗ္ဗာန်သည် အရပ်ဒေသအားဖြင့် မရှိ။ မရှိသော်လည်း ဤခန္ဓာကိုယ်၌ နိဗ္ဗာန်ကို ပညတ်တော်မူခြင်း သည်။ ဝါ၊ သိစေတော် မူခြင်းသည်။ အဘာယ် ပါဌ်တော်တို့၌ ကဲ့သို့နည်းဟူမူ... စကျွံ လောကေ ပိယရူပံ... စသောပါဌ်တော် တို့ ကဲ့သို့တည်း ဟူလို။

စကျွံ လောကေ ပိယရူပံ....စသော ပါဌ်တော်၏ အဓိပ္ပါယ် ကား။ ။နိဗ္ဗာန်၌ တဏှာသည်ဖြစ်ပေါ် မှုမရှိဘဲချုပ်သော်လည်း၊ ဝါ၊ နိဗ္ဗာန်ကြောင့်တဏှာသည် ဖြစ်ပေါ်မှု မရှိဘဲချုပ်သော်လည်း။ ဤစကျွုဒွါရခေါ်ပသာဒ မျက်စိ၌ တဏှာသည် ဖြစ်ပေါ်မှု မရှိဘဲ ပျောက်၏, ချုပ်၏ဟု နိဗ္ဗာန်ကို စကျွုဒွါရခေါ် - ပသာဒ မျက်စိ၌ ရှိသကဲ့သို့ တင်စား၍ ဝိဘင်း, သုတ်မဟာဝါ, မူလပဏ္ဏာသ, ပဋိသမ္ဘိဒါမဂ် ပါဌ်တော်တို့၌ ဟောတော်မူ သကဲ့သို့။ ထိုအတူ။ နိဗ္ဗာန်၌ ခန္ဓာစသော လောကတို့ ဖြစ်ပေါ်မှု မရှိကြဘဲ ချုပ်ကုန် သော်လည်း။ဝါ၊ နိဗ္ဗာန်ကြောင့် ခန္ဓာစသော လောကတို့ဖြစ်ပေါ်မှု မရှိကြဘဲ ချုပ်ကုန် သော်လည်း။ ဤခန္ဓာ ကိုယ်၌ ခန္ဓာ စသော လောကတို့ဖြစ်ပေါ်မှု မရှိကြဘဲ ချုပ်ကုန်၏ဟု နိဗ္ဗာန်ကို ဤခန္ဓာ ကိုယ်၌ ရှိသကဲ့သို့ တင်စား၍ သံယုတ်,အင်္ဂုတ္တိုရ်၏ ပါဌ်တော်တို့၌ ဟောတော်မူသည်၊သိစေတော်မူသည်ဟုမှတ်အပ်၏။ မှတ်ရမည်။

# လေးလေးနက်နက် ပညာသတိ
# ရှိကြရန် အချက်ကြီးများ။

(၁) လောကနိရောဓဉ္စ တဿ လောကဿ နိရုဇ္ဈနံ နိဗ္ဗာန မေဝ ဝါ။ ။

(သာရတ္ထဒီပနီဋီကာ၊ ဝိသုဒ္ဓိမဂ် မဟာဋီကာ။)

(၂) လောကနိရောဓဉ္စ နိဗ္ဗာနေန တဿ လောကဿ နိရုဇ္ဈနံ၊ နိဗ္ဗာနမေဝ ဝါ။ ။

(ဝိမတိဝိနောဒနီဋီကာ။)

ထိုဋီကာကြီး-၃-စောင်တို့၏ မြန်မာပြန်ကို ဆိုခဲ့ပြီးပြီ။

ထိုဋီကာကြီး-၃-စောင်တို့၌ မိန့်အပ်ကုန်သော စကားနှစ်ချပ်တို့ အနက်—

၁။ တဿ လောကဿ နိရုဇ္ဈနံ—ဟူသော ရှေ့စကားဖြင့်။ ခန္ဓာစသော လောက၏ နောင်တဖန် ဖြစ်ပေါ်မှု မရှိဘဲ ချုပ်ခြင်းသည် နိရောဓသစ္စာ နိဗ္ဗာန်မဟုတ်။ နိရောဓသစ္စာနိဗ္ဗာန်ကြောင့်သာ ခန္ဓာစသော လောက၏ နောင်တဖန် ဖြစ်ပေါ်မှုမရှိဘဲ ချုပ်ခြင်း၊ ငြိမ်းခြင်း၊ ဘာမျှမဲ့ခြင်းဟူ၍ ပြဆိုလေသည်။

၂။ နိဗ္ဗာနမေဝ ဝါ-ဟူသော နောက်စကားဖြင့်ကား၊ ထိုခန္ဓာစသော လောက၏ နောင်အခါဖြစ်ပေါ်မှု မရှိဘဲ ချုပ်ဘို့၊ ငြိမ်းဘို့၊ ကုန်ဘို့ အကြောင်းခံသော အသင်္ခတဓာတ်ကို သာလျှင်။ နိရောဓသစ္စာ နိဗ္ဗာန်ဟုတ်၏ဟူ၍ ပြဆိုလေသည်။ ဤသို့ဝေဘန် ခွဲခြမ်း၍ အထူးအားဖြင့် မှတ်အပ်၏၊ မှတ်ချမည်၊ ဋီကာစကားဟူ၍မထေ

မဲ့ဖြင် မပြုသင့်ပေ။ ပါဠိတော်, အဋ္ဌကထာ တို့နှင့် အဓိပ္ပါယ်တူ၍ လူ,နတ်, ဗြဟ္မာ သတ္တဝါ အားလုံး တို့ကပင် ဝန်ခံရ ပေမည်။ အနုမောဒနာ ပြုရပေမည်။

---

## ၅၀–ဘင်္ဂနိရောဓကို ပြရေး။

လောကနိရောဓေ့... ဟူသော သံယုတ်, အင်္ဂုတ္တိုရ်ပါဠိတော် တို့နှင့် စကားစပ်၍ "နိရောဓ"ကို ရှင်းပြဦးမည်။ နိရောဓသည်–

၁။ ။ဘင်္ဂ နိရောဓ,

၂။ ။အနုပ္ပါဒ နိရောဓ,

၃။ ။အနုပ္ပါဒ နိရောဓပစ္စယ(အဝိုနည်း)နိရောဓပစ္စယ,

အားဖြင့် သုံးမျိုးရှိ၏။ ထို သုံးမျိုးတို့အနက်–

၁။ ။ဘင်္ဂနိရောဓ။ ။နာမ်တရား, ရုပ်တရားတို့၏ ဘင် အားဖြင့်ပျက်စီးခြင်းခေါ်-ချုပ်ခြင်း-ချုပ်မှု-ချုပ်ဆဲသည်"နိရောဓ" မည်၏။ ထိုနိရောဓကို "ဘင်္ဂနိရောဓ" ဟု ဆိုအပ်သည်။ ၎င်း "ဘင်္ဂနိရောဓ" ကို "ချုပ်ခြင်း ဟူ၍၎င်း, ချုပ်ငတ် ဟူ၍၎င်း။ အနာဂဋ္ဌာနသို့လိုက်၍ မြန်မာပြန်ဆိုရသည်။ ဝိဂြိုဟ် ပြုလိုသော်–

နိရုဇ္ဈနံ နိရောဓော။ ။

ဘာဝသာဓန ကိတ်ဝိဂြိုဟ် ပြုရာ၏။

နိရုဇ္ဈနံ၊ ချုပ်ခြင်း။နိရောဓော၊ချုပ်ခြင်း။ ။ချုပ်ခြင်းကြိယာကို ရ၏။

(တနည်း:) နိရုဇ္ဈတီတိ နိရောဓော။ ။

ကတ္တုသာဓန ကိတ်ဝိဂြိုဟ်ပြု။

နိရုဇ္ဈတိ၊ ချုပ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ ချုပ်တတ်သော သဘောကြောင့်။ နိရောဓော၊ နိရောဓ မည်၏။ နိရောဓော၊ ချုပ်တတ် သော တရား။ နာမ်,ရုပ်တရားတို့ကို ရ၏။

အသထောက်အထား အကိုးအကားတို့ကား—

၁။ ။ရူပံ အတီတာ, နာဂတ, ပစ္စုပ္ပန္နံ အနိစ္စံ သင်္ခတံ ပဋိစ္စ သမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ*နိရောဓဓမ္မံ။ ။စသည် တို့တည်း။

ပဋိသမ္ဘိဒါမဂ် ပါဠိတော် (၄၀) ဗမာ့ မိတ်ဆွေ။

၁။ ။အတီတာ, နာဂတ, ပစ္စုပ္ပန္နံ၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန် ကာလသုံးပါးတို့၌ ဖြစ်သော။ရူပံ၊ရုပ်တရားသည်။အနိစ္စံ၊ကုန်တတ် သော သဘောအနက်ကြောင့် အမြဲတမ်းမရှိ။ သင်္ခတံ၊အကြောင်း တရားတို့သည် အညီအညွတ် ပေါင်းဆုံ၍ ပြုပြင်အပ်၏၊ ပဋိစ္စ သမုပ္ပန္နံ၊ အကြောင်း တရားကိုစွဲ၍ ဖြစ်ပေါ်လာ၏။ ခယ ဓမ္မံ၊ ကုန်ခြင်း သဘောရှိ၏။ ဝါ၊ကုန်တတ်သော သဘောရှိ၏။ဝယဓမ္မံ၊ ပျက်ခြင်းသဘောရှိ၏။ ဝါ၊ ပျက်တတ်သော သဘောရှိ၏။ ဝိရာဂ ဓမ္မံ၊ ကင်းခြင်း သဘောရှိ၏။ ဝါ၊ ကင်းတတ်သော သဘောရှိ၏။ *နိရောဓဓမ္မံ၊ ချုပ်ခြင်း သဘောရှိ၏။ဝါ၊ ချုပ်တတ်သော သဘော ရှိ၏။

*နိရောဓဓမ္မံ-ဟူသော ဤပါဠိတော်၌ နိရောဓ သဒ္ဒါကို ''ဘင်္ဂ နိရောဓ''ဟု မှတ်အပ်၏။

၂။ ။ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ * နိရောဓ ဓမ္မန္တိ။ ။

(ဓမ္မစကြာသုတ် ပါဠိတော် စသည်။)

၂။ ။ယံကိဉ္စိ၊ အလုံးစုံသော သင်္ခတ တရားသည်။သမုဒယဓမ္မံ၊ ဖြစ်ခြင်းသဘောရှိ၏။ တံသဗ္ဗံ၊ ထို ဖြစ်ခြင်းသဘောရှိသော အလုံး စုံသော သင်္ခတ တရားသည်။ နိရောဓဓမ္မံ၊ ချုပ်ခြင်း သဘောရှိ၏။ ဣတိ၊ဤသို့။ ဓမ္မစက္ခုံ၊ သောတာပတ္တိ မဂ်ဉာဏ်ဟု ဆိုအပ်သော ဓမ္မစက္ခုသည်။ဝါ၊လောကုတ္တရာ မဂ်ဉာဏ်တည်းဟူသော မျက်စိ သည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(ဤကား မြန်မာပြန်တည်း။)

ပါဠိ၌ရှိတိုင်း အဓိပ္ပါယ်ကား။ ၊အလုံးစုံသော သင်္ခတတရားသည် ဖြစ်ခြင်းသဘော ရှိ၏။ ထိုဖြစ်ခြင်းသဘောရှိသော သင်္ခတတရား ဟူသမျှသည်- ချုပ်ပျက်ခြင်းသဘော ရှိ၏ဟု ထိုးထွင်း၍ သိတတ်သော သောတာပတ္တိမဂ်ဉာဏ် မြေစကျူသည်။ ဝါ၊ လောကုတ္တရာ မဂ်ဉာဏ်တည်းဟူသော မျက်စိသည် ထင်ရှား ဖြစ်၏ ဟူလို။

ထိုပါဠိတော်၏အနက် အဓိပ္ပါယ်ကို ဟုတ်တိုင်းမှန်စွာ မသိရှာကြကုန်သော သူတို့သည်၊သင်္ခတ တရားတို့၏ ဖြစ်ခြင်း,ပျက်ခြင်းကို ဝိပဿနာဉာဏ်ဖြင့် မြင်လျှင်ပင်။ သောတာပန် စသည်ဖြစ်ပြီဟု ထင်မှတ်ကြ လေသည်။ သူတပါးတို့ကိုလည်း သောတာပန် စသည် ဖြစ်ပြီဟု ဆုံးဖြတ်ပေးကြ လေသည်။ထိုသူနှစ်ဦးတို့သည် ရသင့် ရထိုက်သော လောကုတ္တရာ ချမ်းသာကို လမ်းလွဲနေသည့် အတွက် မရကြချေ။ဝမ်းနည်းဘွယ် ကောင်းလှပေစွ။ နိဗ္ဗာန်ကို လောကုတ္တရာ မဂ်ဉာဏ်ဖြင့် မျက်မှောက် မပြုရသေးသမျှ ကာလ ပတ်လုံး။ သောတာပန်စသည် မဖြစ်နိုင်သည်ကို မှချကေန် လှန် ထားထစ် တခစ်မသွေ မှတ်အပ်ပေ၏။

*ထို ယံကိဉ္စိ အစရှိသော ပါဠိတော်၏ ဆိုလိုရင်း အဓိပ္ပါယ်ကား။ ၊သောတာပတ္တိမဂ်ဉာဏ်ဟု ဆိုအပ်သော မြေစကျူသည် ဝါ၊လောကုတ္တရာ မဂ်ဉာဏ်မျက်စိသည်။ အသင်္ခတဓာတ် နိရောဓ သစ္စာ နိဗ္ဗာန်ကို အာရုံပြု၍(ပစ္စက္ခ သန္နိဋ္ဌာအားဖြင့် သိ၍) ဖြစ်ခြင်း သဘောရှိသော သင်္ခတ တရားဟူသမျှသည် ချုပ်ခြင်းသဘော ရှိ၏ဟုမတွေမဝေ ပိုင်းခြား၍သိခြင်းဟူသော''အသမ္မောဟ ကိစ္စ'' အားဖြင့် ပိုင်းခြား၍ ထိုးထွင်းသိဆဲသည် ထင်ရှားဖြစ်၏ဟူသော အဓိပ္ပါယ်ကိုသာ ဆိုလိုရင်း ဖြစ်သည်။

ထိုကြောင့် ဥဒါန်းအဋ္ဌကထာ ၂၇၇- ဇမ္ဗူ့မိတ်ဆွေ၌-

(က)တံ ဟိ နိရောဓံ အာရမ္မဏံ ကတွာ ကိစ္စဝသေနဧဝ သဗ္ဗ

သင်္ခတ မွေ့ ပဋိဝိဇ္ဈန္တံ ဥပ္ပဇ္ဇတိ။ ။

ဟူ၍ မိန့်အပ်ပြီ။

(က) ဟိ-သတ္တံ၊ ဆိုအပ်ပြီးသော ထိုစကားမှန်၏။ တံ၊ ထိုသောတာပဌ္ဌိမဂ်ဉာဏ် ဓမ္မစက္ခုသည်။ နိရောဓံ၊အာသဝ်တခေတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။အာရမ္မဏ် ကတွာ၊ အာရုံပြု၍။ကိစ္စဝသေန ဖြဝ၊မတွေမဝေ ပိုင်းခြား၍သိခြင်းဟူသော 'အသမ္မောဟ ကိစ္စ" ၏အစွမ်းဖြင့်သာလျှင်။ သဗ္ဗသဝ်တ ဓမ္မေ၊အားလုံးရုံသော သဝ်တတရားတို့ကို။ ပဋိဝိဇ္ဈန္တံ၊ထိုးထွင်း၍ သိလျက်။ ဥပ္ပဇ္ဇတိ၊ထင်ရှား ဖြစ်၏။ ။ဤကား ဥဒါန်းအဋ္ဌကထာ၏ မြန်မာပြန်တည်း။ ။ အမိပ္ပါယ်မှာ ခရေပွင့်*ပြထားခဲ့သော ပုဒ်အတိုင်းပင်တည်း။

ထိုမှတပါး။ ဝိမတိ ဝိနောဒနီဋီကာ။ဒုတိယအုပ် (၆၆) ဇမ္ဗူ့ မိတ်ဆွေ၌လည်း–

(ခ) ယံကိဉ္စိတိအာဒိ နိဗ္ဗာနာရမ္မဏာတ္တေပိ ကိစ္စဝသေန အသမ္မောဟတော ဒဿနတ္တံ*ဝုတ္တံ။ ။

ဟူ၍ မိန့်အပ်ပြီ။

(ခ) ယံကိဉ္စိတိအာဒိ၊ယံကိဉ္စိ ဤသို့အစရှိသော စကားကို။ ဝါ၊ ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓဓမ္မံ-ဟူသော စကားကို။ တဿ၊ထိုသောတာပဌ္ဌိမဂ်ဉာဏ် ဓမ္မစက္ခု၏။နိဗ္ဗာနာရမ္မဏတ္တေ၊ နိဗ္ဗာန်လျှင် အာရုံရှိသည်၏ အဖြစ်သည်။ ဝါ၊ နိဗ္ဗာန်ကို အာရုံပြုသည်၏ အဖြစ်သည်။ သတိပိ၊ရှိပါသော်လည်း။ ကိစ္စဝသေန၊ပိုင်းခြား၍ သိခြင်းဟူသော ကိစ္စ၏ အစွမ်းဖြင့်။ အသမ္မောဟတော၊ မတွေမဝေသော အားဖြင့်။ ပဋိဝိဇ္ဈနသဿ၊ထိုးထွင်း၍ သိခြင်းကို။ ဒဿနတ္တံ၊ပြခြင်းအကျိုးငှါ။ ဘဂဝတာ၊မြတ်စွာဘုရားသည်၊ဝုတ္တံ၊ အဖြောင့်စကား။ မဟောကြားဘဲ။ ကောက်ထားသွယ်ပိုက်။ နှလုံးပိုက်၍။ နှစ်ခြိုက်ရှင်ပျော်။ ဟောတော်မူအပ်၏။ ။(ဤကား မြန်မာပြန်တည်း။)

ကွေ့ကောက်စကား။ ဆိုရခြင်း။ ပုဒ်ထား*ဝုတ္တမှန်။(။နိယံထင်၏)

အဓိပ္ပါယ်ကား။ ။ကွေ့ကွေ့ ကောက်ကောက် သွယ်ဝိုက်၍ဆိုသော အရာတိုင်း၌“ဝုတ္တ”ဟူသော ပုဒ်ကို။ကျမ်းပြုအကျော်၊ ဆရာတော်တို့ အမှန်မုချအားဖြင့် ထားကြကုန်သည် ဟူလို။

ခပ်သိမ်းဝါကျ။ ဟူသချမှာ၊ ကိရိယာ၊ ပဓာနဖြစ်မြဲ သာတည်း။ ။(နိယံသစ်။)

အဓိပ္ပါယ်ကား။ ။ခပ်သိမ်းသော ဝါကျတို့၌ ကြိယာသာ ပဓာနဖြစ်ရမြဲ။ (ပြဓာန်းမြဲ) ကြိယာကိုကြည့်၍ အဖြောင့် ဝါကျ, အကောက် ဝါကျဟု သိရမည်။ ဆုံးဖြတ်ရမည်။ထိုမှတပါးလည်း။ တေခသကကျော်ဋ္ဌကား၊ဒုတိယအုပ် ၄၇-ဇမ္ဗူ၊ မိတ်ဆွေ၌–

(၈) နနုစ မဂ္ဂညာဏံ အသင်္ခတ မွောရမ္မဏံ၊ န သင်္ခတ မွောရမ္မဏန္တိ။ သစ္စမေတံ၊ ယသ္မာ တံ နိရောဓံ အာရမ္မဏံ ကတွာ ကိစ္စဝသေန သမ္ဘသင်္ခတံ အသမွောဟ ပဋိဝေဓဝသေန ပဋိဝိဇ္ဈန္တော ဥပ္ပဇ္ဇတိ။တသ္မာ တထာ ဝုတ္တံ။ ။ ဟူ၍ မိန့်အပ်ပြီ။

(၈) စ-စောဒေမိ၊ စောဒနာဦးအံ့၊ မဂ္ဂညာဏ်၊လောကုတ္တရာ မဂ်ညာဏ်သည်။ အသင်္ခတမွောရမ္မဏံ၊မဖြစ်,မပျက်သော အသင်္ခတတရား နိဗ္ဗာန်သည်သာလျှင် အာရုံရှိသည်။ ဝါ၊ မဖြစ်,မပျက်သော အသင်္ခတတရား နိဗ္ဗာန်ကိုသာလျှင် အာရုံပြုသည်။ ဟောတိနနု၊ ဖြစ်သည် မဟုတ်ပါလော။ သင်္ခတမွောရမ္မဏံ၊ ဖြစ်,ပျက်သော သင်္ခတ တရားလျှင် အာရုံရှိသည်။ ဝါ၊ ဖြစ်,ပျက်သော သင်္ခတ တရားကိုအာရုံပြုသည်။နဟောတိနနု၊မဖြစ်သည် မဟုတ်ပါလော။ အထ၊ထိုသို့ မဖြစ်,မပျက်သောအသင်္ခတ တရား နိဗ္ဗာန်ကိုသာလျှင် အာရုံပြုသည်, ဖြစ် ပျက်သော သင်္ခတ တရားကို အာရုံမပြုသည်သာ ဖြစ်ပါလျက်။ ကသ္မာ၊အဘယ်ကြောင့်။ “ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓ ဓမ္မန္တိ၊ယံကိဉ္စိ၊ပ။နိရောဓဓမ္မံ” ဟူ၍။ ဝါ၊ဖြစ်ခြင်းရှိသော သဘောတရား ဟူသမျှသည်၊ချုပ်ပျက်ခြင်းသဘောရှိ၏ဟု

သိသော မဂ်ဉာဏ်မျက်စိ ဖြစ်၏ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရား အည်။ဝုတ္တံ၊အဖြောင့်စကား၊ မဟောကြားဘဲ၊ကောက်ထား သွယ်ဝိုက်၊နှလုံးပိုက်၍၊နှစ်မြိုက် ရွှင်ပျော်၊ ဟောတော်မူအပ်ပါသနည်း၊ ဣတိ-အယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာခြင်းတည်း။ ။ (အပြစ်တင်ခြင်းတည်း။)

ဖော်၊ဤ အသင် စောဒကဆရာ ဆိုအပ်သော စကားသည်။ သစ္စံ၊တချိုတဝက် မှန်ပါ၏၊ ယသ္မာ၊ အကြင်ကြောင့်။ တံ၊ထို လောကုတ္တရာမဂ်ဉာဏ်သည်။ နိရောဓံ၊မဖြစ်,မပျက်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို။အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ကိစ္စဝသေန၊ ပိုင်းခြား၍သိခြင်းဟူသော ကိစ္စ၏ အစွမ်းဖြင့်။သင်္ခတံ၊အလုံး ရုံသော ဖြစ်,ပျက်ခြင်း သဘောရှိသော သင်္ခတ တရားကို။ အသမ္မောဟ ပဋိဝေဝေသေန၊ မတွေမဝေ ထိုးထွင်း၍သိသည်၏ အစွမ်းဖြင့်။ ပဋိဝိဇ္ဈန္တံ၊ထိုးထွင်း၍သိလျက်။ဉပဋ္ဌာတိ၊ထင်ရှားဖြစ်၏၊ တသ္မာ၊ထိုကြောင့်။ တထာ၊ထိုဆိုအပ်ပြီးသော အခြင်းအရာအား ဖြင့်။ ဝါ၊ထိုဆိုအပ်ပြီးသော နည်းအတိုင်း။ ဘဂဝတာ၊ ရှင်တော် ဘုရားသည်။ ဝုတ္တံ၊အဖြောင့်စကား၊မဟောကြားဘဲ၊ ကောက်ထား သွယ်ဝိုက်၊ နှလုံးပိုက်၍၊ နှစ်မြိုက် ရွှင်ပျော်။ ဟောတော်မူအပ်၏။ ဣတိ-အယံ၊ဤသည်ကား။ ပရိဟာရော၊အဖြေတည်း။

(ဤကား တေရသကဏ္ဍိကာ၏ ဖြန်မာပြန်တည်း။)

မြန်မာပြန်ဆိုခြင်းသည်-

(၁) နာမသဘ်ပြန်ဆိုခြင်း,

(၂) သဒ္ဒါသို့လိုက်၍ ပြန်ဆိုခြင်း,

(၃) အဓိပ္ပါယ်သို့လိုက်၍ ပြန်ဆိုခြင်း,

အားဖြင့် ၃ မျိုး ရှိသည်ဖြစ်၍ သဒ္ဒါနည်း မကျတိုင်း မှားသည် ဟု မယူဆသင့်ပါ။ အရာ၌ ဘာသာသို့ လိုက်၍ ပြန်ဆိုရပါသေးသည်၊

အဓိပ္ပါယ်ကား။ ။လောကုတ္တရာမဂ်ဉာဏ်သည်မဖြစ်,မပျက်သော အသင်္ခတတရား နိဗ္ဗာန်ကိုသာလျှင် အာရုံပြုပါသည်။ ဖြစ်ပျက်တတ်သော သင်္ခတတရားကို အာရုံမပြုပါ။ သို့ဖြစ်ပါလျက် "ဖြစ်ခြင်းသဘောရှိသော တရားဟူသမျှသည် ချုပ်ပျက်ခြင်းသဘောရှိ၏ဟု ထိုးထွင်း၍ သိတတ်သော လောကုတ္တရာမဂ်ဉာဏ်မျက်စက္ခုသည် ထင်ရှားဖြစ်၏ ဟူ၍ ရှင်တော်ဘုရားသည် အဘယ်ကြောင့် ကွေ့ကွေ့ ကောက်ကောက် သွယ်ဝိုက်၍ ဟောတော်မူအပ်ပါသနည်းဟု စောဒနာသည်။

(ဖြစ်,ပျက်ကို သိသောဉာဏ်သည်"ဝိပဿနာဉာဏ်သာ"ဖြစ်ပါသည်။ "လောကုတ္တရာမဂ်ဉာဏ် မျက်စက္ခု"မဖြစ်နိုင်ပါဟု ဆိုလိုသည်။)

ထိုစောဒနာအပြစ်တင်ကို သောဓနာသုမ်သင်လိုသော ဋီကာဆရာ အရှင်သာရိပုတ္တရာသည်၊ အသင် စောဒကဆရာဆိုအပ်သော စကားသည် တချို့တဝက် မှန်ပါသည်၊ လောကုတ္တရာမဂ်ဉာဏ် မျက်စက္ခုသည် မဖြစ်,မပျက်သော နိဗ္ဗာန်ကို အာရုံပြု၍ ပိုင်းခြား၍ သိခြင်းဟူသော ကိစ္စ၏အစွမ်းဖြင့် အလုံးစုံသော သင်္ခတတရားကို "ဖြစ်ခြင်းသဘောရှိသော တရားဟူသမျှသည် ချုပ်ပျက်ခြင်းသဘောရှိ၏"ဟု မတွေမဝေ ထိုးထွင်း၍ သိသည်၏ အစွမ်းဖြင့် ထိုးထွင်းသိလျက် ထင်ရှားဖြစ်၏။ ထိုသို့ဖြစ်သောကြောင့်။ ဆိုခဲ့ပြီးသော အခြင်းအရာအားဖြင့်။ ဝါ၊ဆိုခဲ့ပြီးသော နည်းအတိုင်း။(ကိစ္စအားဖြင့် သိသည်ကို ညွှန်းပြသည်) မြတ်စွာဘုရားသည် အဖြောင့်စကား၊မဟောကြားဘဲ၊ကောက်ထားသွယ်ဝိုက်၊ နှုလုံးပိုက်၍၊ နှစ်မြိုက်ရွှင်ပျော်၊ ဟောတော်မူအပ်ပါသည် ဟူသို။

---

ဝိနည်း, သုတ္တန် ကျမ်းဂန် အရပ်ရပ်၌ အထပ်ထပ် လာရှိသော ဤ"ယံကိဉ္စိ သမုဒယဓမ္မံ" စသော ပါဠိတော်၏ အဓိပ္ပါယ်ကို ထပ်မံရှင်းပြဦးမည်။

သောကုဿရာ မင်္ဂဉာဏ်သည် ဒုက္ခ, သမုဒယ, မဂ္ဂ-ဤသစ္စာ သုံးပါးတို့၌မတွေမဝေသော"အသမ္မောဟကိစ္စ"အားဖြင့်သာလျှင် ထိုးထွင်း၍ သိ၏။ အာရုံပြုသော အားဖြင့်သော်ကား မသိ။နိရောဓ သစ္စာ နိဗ္ဗာန်တပါး၌ သာလျှင် အာရုံပြုသောအားဖြင့် သိ၏၊ ထိုသို့ သိကြောင်းကို ရှေး၌ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာပါဠိဖြင့် ပြခဲ့ပြီးပြီ၊

အရိယာ ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို မဖြစ်, မပျက်တတ်သော သဘော တရားဟု မဂ်ဉာဏ်ဖြင့် အာရုံပြု သိဆဲမှာ သိတုံးမှာ။ ဖြစ်ခြင်းသဘောရှိသော သင်္ခတဘရားဟူသမျှသည် ချုပ်ပျက်ခြင်း သဘော ရှိ၏ဟု အလိုလို ပြောင်းပြန် ဆန့်ကျင်ဘက် မတွေမဝေ "အသမ္မောဟကိစ္စ" အားဖြင့် ထိုးထွင်းသိသဲ ဖြစ်သဘည်း။

ဤသို့သိခြင်းကိုသာလျှင် ရည်ရွယ်တော်မူ၍"ယံကိဉ္စိ သမုဒယ ဓမ္မံ၊ သဗ္ဗံတံ *နိရောဓ ဓမ္မံ"ဟူ၍ ဟောတော်မူသည်ကို သိအပ်၏။ သိရမည်၊

ဤ ပါဠိတော်၌လည်း "နိရောဓ" သဒ္ဒါကို "ဘင်္ဂနိရောဓ" ဟု မှတ်အပ်၏။

(၁) ဘင်္ဂနိရောဓကို ပြချက်း ပြီးပြီ။

# နိဗ္ဗာန်၏သဲလွန်စကိုသတိပြုဘို့။

[“ယံကိဉ္စိ သမုဒယ ဓမ္မံ၊ သဗ္ဗန္တံ နိရောဓ ဓမ္မံ” ဟူသော ဤပါဠိတော် ပါဌ်ဖြင့်၊ ဖြစ်, ပျက်တတ်သော သဘော တရားကို ဖြောင့်ဖြောင့် မတ်မတ်အားဖြင့် ပြတော်မူသဖြင့်။ မဖြစ်, မပျက် တတ်သော သဘောတရားကိုလည်း ပဋိပက္ခ ပြောင်းပြန်ဆန့်ကျင် ဘက်အားဖြင့် ပြသည်ဖြစ်သောကြောင့်။မဖြစ်, မပျက်တတ်သော သဘောရှိသော တရားသည် “နိရောဓသစ္စာ နိဗ္ဗာန်” မည်၏ဟု သိအပ်၏။ သိရမည်။

ထိုသို့သိကြလျှင်။ ကိလေသာ, ခန္ဓာ, ဒုက္ခတရားတို့၏ အကြွင်း မဲ့ရှိ ချုပ်တာ,ငြိမ်းတာ, ကင်းတာ, ပျောက်တာ,ကုန်တာ,ဆုံးတာ, ပြတ်တောက်တာဟာ “နိရောဓသစ္စာ နိဗ္ဗာန်” ဟုတ်၏ ဟူသော အယူမှား အယူလွဲကို ပွါ ဖွဲနိုင်မည့်ပြင်။ခဲကုန် မင်ကုန်, စက္ကူကုန် နှင့် ငွေကုန်, လူပန်း ဒုက္ခလမ်းကို လှမ်းကြတော့မည် မဟုတ်ပေ။

နိဗ္ဗာန်၏ သဲလွန်စကို မရကြကုန်သေးသော ပုဂ္ဂိုလ်တို့သည် “ယံကိဉ္စိ သမုဒယ ဓမ္မံ၊ သဗ္ဗန္တံ နိရောဓ ဓမ္မံ” ဟူသော ဝိနည်း, သုတ္တန်ကျမ်းဂန်အရင်ရပ်၌ အထပ်ထပ်လာရှိသော ဤပါဠိတော်၌ ယူကြပါကုန်လော့။ ဝါ၊ ဤပါဠိတော်ဖြင့် သိကြပါကုန်လော့။

အသင်္ခတ တရား နိဗ္ဗာန်နှင့် သင်္ခတ တရားသည်- ပဋိပက္ခ ဆန့်ကျင်ဘက် ဖြစ်သည်ဟု အထူးသဖြင့် သတိ, ပညာကိုလည်း ပြုကြပါကုန်, ဖြစ်စေကြပါကုန်လော့။

## အနုပ္ပါဒနိရောဓကို ပြရာ။

(၂) အနုပ္ပါဒ နိရောဓ၊ ။နောင်အခါ ဘဝစသည်တို့၌ဖြစ်ပေါ်မှု မရှိခြင်းသည်လည်း' နိရောဓ''ပင်မည်၏။ငင်း နိရောဓကို''အနုပ္ပါဒ နိရောဓ''ဟု ဆိုအပ်သည်။ ၎င်း အနုပ္ပါဒ နိရောဓ''ကို ''နောင်အခါ ဖြစ်ပေါ်မှု မရှိခြင်း'' ဟူ၍ ပြန်မာပြန်ဆို ရာသည်။ ဘင်ချုပ်ကို ရည်ရွယ်၍ ''ချုပ်ခြင်း'' ဟူ၍ မပြန်ဆိုရာ။

(တနည်း) ယမိုက် အရကောက်ကျမ်းပြု ဆရာတော် အလို အားဖြင့်။ ''နောင်တဖန် မဖြစ်ပြန် ကောင်းသော ချုပ်ခြင်းဖြင့် ချုပ်ခြင်း'' ဟူ၍လည်း ပြန်ဆိုနိုင်ပါ သေးသည်။ သို့သော်လည်း။ နောင်အခါ ဖြစ်ပေါ်မှု မရှိခြင်းဟူသော အနက်ကိုသာ ရည်ရွယ်၍ ပြန်ဆိုရမည်။ ဘင်ချုပ်ကို မရည်ရွယ်ရချေ။

ထိုကြောင့် ဝိဘင်းမူလဋီကာ (၄၈) ဇမ္ဗူ့ မိတ်ဆွေ။ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ ဒုတိယအုပ် (၁၉၂) ဇမ္ဗူ့ မိတ်ဆွေတို့၌....

> အနုပ္ပါဒေါဝေ နိရောဓော အနုပ္ပါဒ နိရောဓော အာယတိံ ဘဝါဒိသု အပ္ပဝတ္တိ။ န ပန ဘင်္ဂေါတိ ဘင်္ဂဝါစကံ နိရောဓသဒ္ဒံ နိဝတ္တေတွာ အနုပ္ပါဒ ဝါစကံ ဂဏှာတိ။ ။

ဟူ၍ မိန့်အပ်ပြီ။

အနုပ္ပါဒေါဝ၊ နောင်အခါ ဘဝစသည်တို့၌ ဖြစ်ပေါ်မှု မရှိခြင်းသည် ပင်လျှင်။နိရောဓော၊နိရောဓတည်း။အနုပ္ပါဒ နိရောဓော၊ နောင်အခါ ဘဝစသည်တို့၌ ဖြစ်ပေါ်မှု မရှိခြင်းသည် ပင်လျှင် နိရောဓ။

အာယတိံ၊နောင်အခါ၌။ ဘဝါဒိသု၊ ဘဝအစရှိသည်တို့၌။ဝါ၊ ဘဝသုံးပါး, ယောနိလေးပါး, ဂတိငါးပါး, ဝိညာဏဋ္ဌိတိ ခုနစ်ပါး, သတ္တာဝါသ ကိုးပါးတို့၌။ အပ္ပဝတ္တိ၊ဖြစ်ပေါ်မှုမရှိခြင်းကို။လဗ္ဘတိ၊ ရအပ်၏။ ဘင်္ဂေါ ပန၊ ပျက်စီးခြင်းခေါ် ချုပ်ခြင်း- ဘင်ကိုကား။

နလဘ္ဘတိ၊ မရအပ်။ မရဘူး။ ဣတိ၊ တသ္မာ၊ ထိုကြောင့်။ဘင်္ဂ၊စင်း၊ ပျက်စီးခြင်းခေါ် ချုပ်ခြင်း အနက်ကို ဟောတတ်သော။ နိရောဓ သဒ္ဒံ၊ နိရောဓသဒ္ဒါကို။ နိဝတ္တေတွာ နစ်စေ၍။ အနုပ္ပါဒ ဝါစကံ၊ ဖြစ်ပေါ်မှု မင့်ခြင်း အနက်ကို ဟောတတ်သော၊ နိရောဓသဒ္ဒံ၊ နိရောဓသဒ္ဒါကို၊ ဂဟေတွာတိ ယူ၍ ဝါ၊ ဆို၏။

(ဤကား ဋီကာ ၂-ကျမ်းတို့၏ မြန်မာပြန်တည်း။)

အဓိပ္ပါယ်ကား။ ။ဒုက္ခဿ ဝါ အနုပ္ပါဒ နိရောဓ ပစ္စယတ္တာ ဒုက္ခနိရောဓန္တိ။ ။

ဟူသော ဝိသုဒ္ဓိမဂ်, သမ္မောဟဝိနောဒနီအဋ္ဌကထာ ၂-ကျမ်းတို့၌ လာသော''ဒုက္ခနိရောဓံ''ငယ်။ ''နိရောဓံ''ဟူသော ပုဒ်တစ်ပုဒ်သည် ချုပ်ခြင်းအနက်ကို ဟောတတ်သော''ဘင်္ဂနိရောဓ''မဟုတ်၊ ဖြစ်ပေါ်မှု မရှိခြင်းအနက်ကို ဟောတတ်သော အနုပ္ပါဒ နိရောဓသာ ဟုတ်၏ဟု သိစေလိုသောကြောင့်-

အနုပ္ပါဒေါ ဧဝ နိရောဓော အနုပ္ပါဒ နိရောဓော။ ။

ဟူသော အဝဓာရဏကမ္မဓာရယ်သမာသ် ဝိဂြိုဟ်ကို ဋီကာဆရာတို့ ပြဆိုကြလေသည်၊ ဤဝိဂြိုဟ်အရ နောင်လာလတ္တံ့သော အနာဂတ် အခါမှာ၊ ဘဝ သုံးပါး,ပဋိသန္ဓေ လေးပါး,ဂတိ ငါးပါး, ဝိညာဉ်တည်ရာ ခုနစ်ပါး,သတ္တဝါတို့နေရာ ကိုးပါးတို့၌ ဖြစ်ပေါ်မှု မင့်ခြင်းကိုရ၏၊ ဖြစ်ပေါ်မှုမရှိခြင်း အဘာဝကို အရကောက်လေ။ ချုပ်ခြင်းဘင်ကို မရကောင်း၊ချုပ်ခြင်းဘင်ကို အရမကောက်လေနှင့် ဟူလို။ထိုကြောင့်ပင်လျှင်-

အာယတိံ ဘဝါဒိသု အပ္ပဝတ္တိ န ပန ဘင်္ဂေါ။ ။

ဟု ဋီကာ ၂-ကျမ်းတို့၌ မိန့်ဆိုအပ်လေသည်။''နိရောဓ''သဒ္ဒါကို''အပ္ပဝတ္တိ''ဟူ၍ ဖွင့်ပြသည်ကို ပညာ,သတိအထူးရှိစေရာ၏၊

ထိုကြောင့်''အနုပ္ပါဒ နိရောဓ ပစ္စယတ္တာ''ဟူသော အဋ္ဌကထာပါဌ်၌ ချုပ်ခြင်းအနက်ကို ဟောတတ်သော''ဘင်္ဂနိရောဓ''သဒ္ဒါကို

နစ်စေ-ဖယ်စေ၍ ဖြစ်ပေါ်မှု မဲ့ခြင်း အနက်ကို ဟောတတ်သော "အနုပ္ပါဒ"သဒ္ဒါကို ယူရသည့် ဟူလို။

ယင်းသို့သော အကြောင်းကြောင့် ဤအဋ္ဌကထာ ၂-ကျမ်းတို့၌ "နိရောဓ"ဟူသော ပုဒ်တစိတ်ကို "အနုပ္ပါဒ နိရောဓ"ဟု သေချာ စွာမှတ်အပ်၏။ ဤ"နိရောဓ"သဒ္ဒါကား အနာဂတ်နှင့် သက်ဆိုင် သည်။"အာယတိံ ဘဝါဒိသု အပ္ပဝတ္တိ"ကိုထောက်။

ဤနိရောဓကို—

(က) နိရုဇ္ဈန္တိ အပ္ပဝတ္တန္တိ နိရောဓော။ ။

ဟု ဘာဝသာဓန ကိတ်ပိုင်ပြုပြီ။

နိရုဇ္ဈနံ အပ္ပဝတ္တနံ၊ ဖြစ်ပေါ်မှု မဲ့ခြင်း။ နိရောဓော၊ ဖြစ်ပေါ်မှု မရှိခြင်း။ (နောင်အခါ ဘဝသည် တို့၌ ဖြစ်ပေါ်မှု မဲ့ခြင်း အဘာဝပညတ်ကို ရ၏။)

တနည်းလည်း။ ။နိရုဇ္ဈတိ နပ္ပဝတ္တတိတိ နိရောဓော။ ။

ဟု ကတ္တုသာဓန ကိတ်ပိုင်ပြုပြီ။

နိရုဇ္ဈတိ-နပ္ပဝတ္တတိ၊ဖြစ်ပေါ်မှုမရှိတတ်။ ဣတိတသ္မာ၊ ထိုသို့ ဖြစ်ပေါ်မှုမရှိတတ်သော သဘောကြောင့်။ နိရောဓော၊နိရောဓမည်၏။ (အဘာဝကိုသာ ရ၏ နိဗ္ဗာန်ကို မရလေ၊)

အနုပ္ပါဒနိရောဓ၏အထောက်ထားအကိုးအကားတို့ကား—

၁။ သင်္ခါရနိရောဓောတိ သင်္ခါရာနံ အနုပ္ပါဒနိရောဓော ဟောတိ။
(ဥဒါန်းအဋ္ဌကထာ ၄၇-၈မျိုး)

၂။ သင်္ခါရ နိရောဓောတိ သဗ္ဗေသံ သင်္ခါရာနံ အနုဝသေသံ အနုပ္ပါဒ နိရောဓော။ ။
(ဍင်းအဋ္ဌကထာ ၄၉-ဍင်း။)

၃။ သင်္ခါရ နိရောဓောတိ သင်္ခါရာနံ အနုပ္ပတ္တိ နိရောဓော ဟောတိ၊သောဘာပဒေသုပိ ဧသေဝ နယော။ ။
(တိကနိပါတ်အင်္ဂုတ္တိုရ်အဋ္ဌကထာ။ဒု ၁၆၂ ကပိမျက်မှန်စသည်)

၁။ သင်္ခါရ နိရောဓောဘိ၊ သင်္ခါရ နိရောဓော-ဟူသည်ကား။ သင်္ခါရာနံ၊ ပုညာ ဘိသင်္ခါရ၊ အပုညာ ဘိသင်္ခါရ၊ အာနေဉ္ဇာ ဘိသင်္ခါရတို့၏။ အနုပ္ပါဒ နိရောဓော၊ ဖြစ်ပေါ်မှု မရှိခြင်းသာ ဖြစ်သော နိရောဓသည် ဝါ၊ ဖြစ်ပေါ်မှု မရှိရာသာ ဖြစ်သော နိရောဓသည်။ ဝါ၊ ဖြစ်ပေါ်မှု မရှိကြောင်းသာ ဖြစ်သော နိရောဓသည်။ ဟောဘိ၊ ဖြစ်၏၊

၂။ သင်္ခါရ နိရောဓောတိ၊ သင်္ခါရ နိရောဓော ဟူသည်ကား။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ သင်္ခါရာနံ၊ ပုညာ ဘိသင်္ခါရ၊ အပုညာ ဘိသင်္ခါရ၊ အာနေဉ္ဇာ ဘိသင်္ခါရတို့၏၊ အနဝသေသံ၊ အကြွင်း အကျန် မရှိ။ အနုပ္ပါဒ နိရောဓော(၁-နံပါတ် အတိုင်း ဆို) ဥဒါန်း အဋ္ဌကထာ မြန်မာပြန်၊

၃။ နံပါတ် မြန်မာပြန်သည် (၁-နံပါတ်နှင့် တူပြီ။) အနုပ္ပါဒ နိရောဓနှင့် အနုပ္ပတ္တိနိရောဓ တို့သည်။ သဒ္ဒါမျှသာ ကွဲလွဲ၍ အနက် သဘော,အဓိပ္ပါယ်တူကြကုန်၏။

သေသ ပဒေသုပိ၊ ကြွင်းသော ဝိညာဏ နိရောဓော, နာမရူပ နိရောဓော, သဠာယတန နိရောဓော,ဖဿ နိရောဓော, ဝေဒနာ နိရောဓော,တဏှာ နိရောဓော,ဥပါဒါန နိရောဓော,ဘဝ နိရောဓော, ဇာတိ နိရောဓော,ဇရာ,မရဏ နိရောဓော-ဟူသော ပုဒ်တို့၌လည်း။ ဧသေဝ နယော၊ ဤသင်္ခါရ နိရောဓော-ဟူသော ပုဒ်၌ ဆိုအပ်ပြီးသောနည်းသာလျှင် နည်းရှိ၏။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ မြန်မာပြန်။)

၁။ ဖြစ်ပေါ်မှု မရှိခြင်းသာ ဖြစ်သော နိရောဓသည် "အနုပ္ပါဒ နိရောဓ"မည်၏။ "ဘာမျှမရှိသော အဘာဝတည်း"။

၂။ ဖြစ်ပေါ်မှု မရှိရာသာ ဖြစ်သော နိရောဓသည် " အနုပ္ပါဒ နိရောဓ"မည်၏။ ၎င်းကား 'အရဟတ္တဖိုလ်တည်း"။

၃။ ဖြစ်ပေါ်မှု မရှိကြောင်းသာဖြစ်သော နိရောဓသည်"အနုပ္ပါဒ နိရောဓ"မည်၏။၎င်းကား"အသင်္ခတဓာတ် နိဗ္ဗာန်တည်း"။

ဤ၌ အနုပ္ပါဒ နိရောဓ ပစ္စယေ-ဟု နေလိုလျက်။ ပစ္စယပုဒ် တစိတ်ကျေသတည်း။ ဤသို့ အနုပ္ပါဒ နိရောဓ-သုံးပါး အပြားကို သိအပ်၏။ ထိုသို့ သိအပ်ကြောင်းကို—

တတ္ထ ယသ္မာ အဝိဇ္ဇာဒိနံ နိရောဓေနာမ ခိဏာသဝဿ ဖေပိ ဝုတ္တတိ,အရဟတ္တမ္ပိ, နိဗ္ဗာနမ္ပိ။ တသ္မာ တဿ ခိဏာသဝဿ ဒသာနဝဓေန ဥပ္ပါဒနာ ဌာနေသု အရဟတ္တံ, နုပ္ပါဒသာ ယေဝ နိဗ္ဗာနံ ကထိတန္တိ ဝေဒိတဗ္ဗံ။

ဟူသော အင်္ဂုတ္တိုရ်၏ အဋ္ဌကထာ၊ ဒု (၁၆၂) ကဝိမျက်မှန်၌ မိန့်အပ်ပြီ။

(အကျယ်ကိုလို မူရင်းအဋ္ဌကထာ၌ ယူပါ။)

ဤ သင်္ဂြိုဟ် နိရောဓေ-စသော ပုဒ်တို့၌ နိရောဓ သဒ္ဒါကို "အနုပ္ပါဒ နိရောဓ" ဟူ၍၎င်း, "အနုပ္ပါဒ နိရောဓပစ္စယ" ဟူ၍၎င်း, ၂-မျိုးမှတ်ယူအပ်၏။

(၂) အနုပ္ပါဒ နိရောဓ ပြီးပြီ။

---

## (၅၂) ၃–အနုပ္ပါဒ နိရောဓ ပစ္စယကို ပြရာ။

၃။ နောင်အခါ ဘဝစသည်တို့၌ဝဋ်ဆင်းရဲ၏ဖြစ်ပေါ်မှု မရှိခြင်း အကြောင်းခံတရားသည်လည်း "နိရောဓ" ပင်မည်၏၊ ထိုနိရောဓ ကို "အနုပ္ပါဒ နိရောဓပစ္စယ"အတိုနည်းအားဖြင့်(နိရောဓပစ္စယ) ဟုခေါ်အပ်သည်။ ထိုနိရောဓကို"နောင်အခါ ဝဋ်ဆင်းရဲ၏ ဖြစ်ပေါ်မှု မရှိခြင်းအကြောင်း"ဟူ၍ပြန်ဆိုရာသည်။"ချုပ်ခြင်း၏အကြောင်း" ဟူ၍ ဘက်နိရောဓကို ရည်ရွယ်၍ မပြန်ဆိုရာ။

(တနည်း) ယမိုက် အရကောက် ကျမ်းပြုဆရာတော် အလို အားဖြင့်။ "နောင်တဖန် မဖြစ်ပြန် ကောင်းသော ချုပ်ခြင်း၏ အကြောင်း" ဟူ၍လည်း ပြန်ဆိုနိုင်ပါသေးသည်။

ထိုသို့ နေခင်အခါ ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်းကို ပြလို သောကြောင့်–

ဝိဘင်းအဋ္ဌကထာ (၇၃) သုခဝမ္မဝတိ, ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (၄၂၆) ဟံသာဝတီတို့၌–

ဒုက္ခသသ ဝါ အနုပ္ပါဒနိရောဓပစ္စယတ္တာ ဒုက္ခနိရောဓန္တိ။ ။

ဟူ၍ မိန့်အင်၏၊

ဝါ၊ တနည်းကား။ ဒုက္ခသသ၊ ဝဋ်ဆင်းရဲ၏။ အနုပ္ပါဒ နိရောဓ ပစ္စယတ္တာ၊ နောင်အခါ ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်း၏အဖြစ် ကြောင့် (နောင်အခါ ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်း ဖြစ်သော ကြောင့်။) တံ၊ထို တတိယသစ္စာကို။ဝါ၊ထို နိရောဓသစ္စာကို၊ ဒုက္ခ နိရောဓန္တိ၊ ဒုက္ခနိရောဓ ဟူ၍၊ ဝုစ္စတိ၊ခေါ်ဆိုအပ်၏။

အဓိပ္ပါယ်ကား။ ။နောင်အခါ ဘဝစသည့်တို့၌ ဝဋ်ဆင်းရဲ၏ ဖြစ်ပေါ်မှု မရှိခြင်းအကြောင်း ဖြစ်သောကြောင့်။တတိယသစ္စာကို။ ဝါ၊နိရောဓသစ္စာကို''ဒုက္ခနိရောဓ''ဟူ၍ ဆိုအပ်လေသည် ဟူလို။

၎င်း ''ဒုက္ခနိရောဓ'' ပုဒ်သည် ''ဒုက္ခ နိရောဓ ပစ္စယ'' ပုဒ်မှ လာသည်။ စကား ပြေပြစ်စေခြင်းငှါ''ပစ္စယ'' ကို ဖျောက်ထား၍ ''ဒုက္ခနိရောဓ''ဟု ဆိုအပ်လေသည်၊ ဆိုအပ်ကြောင်းကို''အနုပ္ပါဒ နိရောဓ ပစ္စယတ္တာ'' ဟူသော အဋ္ဌကထာပါဌ်တွင် ''ပစ္စယတ္တာ'' ဟူသောပါဌ်ကို ထောက်၍ သိအပ်၏။

ရှင်းပြဦးမည်။

''ဒုက္ခနိရောဓ'' ပုဒ်၌ ပါဝင်သော ''နိရောဓ'' သဒ္ဒါသည် ''ချုပ်ခြင်း ဘင်အနက်'' ကို မဟောပြ၊ မဖြစ်ခြင်း, ဖြစ်ပေါ်မှု မရှိခြင်း ဟူသော အနက်ကိုသာ ဟောပြသည်ဟု သိစေခြင်းငှါ။ အနုပ္ပါဒ သဒ္ဒါကို ရှေ့ကသွင်းကာ ''အနုပ္ပါဒ နိရောဓ''ဟူ၍ ပြဆို သေသည်၊ ဤ၌ အနုပ္ပါဒ နှင့် နိရောဓတို့ အနက် အဓိပ္ပါယ်တို့ အတူတူ ဖြစ်ကုန်၏ဟု ဆိုလိုသည်။ ''အနုပ္ပါဒေါဇေ နိရောဓော အနုပ္ပါဒနိရောဓော''ဟူသော ဋီကာပါဌ်တို့ကိုထောက်။

(၁) အနုပ္ပါဒေါ၊ ဖြစ်မှုမရှိခြင်း၊ နိရောဓော၊ ဖြစ်မှုမရှိခြင်း။
(၂) အနုပ္ပါဒေါ၊ မဖြစ်ခြင်း။ နိရောဓော၊ မဖြစ်ခြင်း။(ကြိုက်ရာ ယူကြကုန်၊)

အချို့သူတို့သည် "အနုပ္ပါဒ နိရောဓ" ကိုပင်။ "နိရောဓသစ္စာ နိဗ္ဗာန်" ဟု မှတ်ထင်နေကြသည်၊အနုပ္ပါဒ နိရောဓသည် နိရောဓ သစ္စာ နိဗ္ဗာန် မဟုတ်ချေ။ အနုပ္ပါဒနိရောဓပစ္စယသည်သာလျှင်။ နိရောဓသစ္စာ နိဗ္ဗာန် ဟုတ်သည်ဟု သိစေခြင်းငှါ။ ဝိဘင်း အဋ္ဌကထာ (၁၃၁) သမ္မောဝတိ, ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (၄၂၆) ဟံသာဝတီ, နေတ္တိ အဋ္ဌကထာ (၁၉၂) ပြည်ကြီးမဏ္ဍိုင်,* ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ ပထမအုပ် (၅၄) ဟံသာဝတီတို့၌–

ဒုက္ခဿ ဝါ အနုပ္ပါဒ နိရောဓ ပစ္စယတ္တာ ဒုက္ခနိရောဓန္တိ။

ဟူ၍ ပြဆို အပ်သော ပါဠိတို့တွင် "အနုပ္ပါဒ နိရောဓ *ပစ္စယတ္တာ" ဟူသော ပါဠိကို ထောက်၍ သိအပ်၏၊ ။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ကား"အနုပ္ပတ္တိ နိရောဓ ပစ္စယတ္တာ" ဟု ပါဠိရှိ၏။ ဤ၌ အနုပ္ပတ္တိနှင့် အနုပ္ပါဒ လည်း အနက်အဓိပ္ပါယ် တူ၏၊

(၁) အနုပ္ပါဒ နိရောဓ အရကား "အဘာဝ ပညတ် တရား ဘာဝမျှမရှိ။
(၂) အနုပ္ပါဒ နိရောဓ ပစ္စယ အရကား "သဘာဝ ပရမတ် နိဗ္ဗာန်တရား (ထင်ရှားရှိ၏) ဟု သေသေချာချာ ခွဲခြား၍ မှတ်အပ်၏၊ မှတ်ရမည်၊

မရှိ ပညတ် ရှိ ပရမတ်၊ မှတ်အပ် နှစ်ပါးသာ၊ ။(ဆောင်ပုဒ်)

နိဗ္ဗာန်ဟော"နိရောဓ"ကို·

နိဂ္ဂုဏ္ဌာန် အပ္ပဝတ္တန် နိရောဓော၊ ။

ဟု ဘာဝသာဓန ကိတ်ပိုက်ဟ် ပြုပြီးမှ·

နိရောဓသော ပစ္စယော နိရောဓော၊ ။

ဟု ဆင္ခြဲ တမ္ပုရိသ် သမာသ် ဝိဂြိုဟ် ပြုရာ၏။

နိရုဏ္ဍာနံ အပ္ပဝတ္တနံ၊ ဖြစ်ပေါ်မှုမရှိခြင်း။နိရောဓော၊ ဖြစ်ပေါ်မှု မရှိခြင်း။ ။ဖြစ်ပေါ်မှုမဲ့ခြင်း အဘာဝပညတ်ကိုရ၏။

နိရောဓသသ ဖြစ်ပေါ်မှုမရှိခြင်း၏ပစ္စယော၊အကြောင်းတည်း။ နိရောဓော၊ ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်း။ ။အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကိုရ၏။

ရူပံ ဘဝေါ ရူပံ။ ။ပုနဗ္ဘဝေါ ကရဏံ ပုနဗ္ဘဝေါ၊ ။ဟူသော ပုဒ်တို့၌ "ဘဝေါ" ဟူသော နောက်ပုဒ်, "ကရဏံ" ဟူသော နောက်ပုဒ်တို့ ကြေသကဲ့သို့။ ဤ၌လည်း "ပစ္စယော" ဟူသော နောက်ပုဒ် ကြေ၍ "နိရောဓော" ရှိသည်။

---

တနည်းလည်း—

ဒုက္ခံ နိရုဏ္ဍတိ နပ္ပဝတ္တတိ ဧတေနာတိ နိရောဓော။ ။

ဟူ၍ ကရဏသာဓန ကိတ်ဝိဂြိုဟ် ပြုရာ၏။

ဧတေန၊ ထိုအသင်္ခတ တရား နိဗ္ဗာန်ဖြင့်။ ဝါ၊ ထိုအသင်္ခတ တရား နိဗ္ဗာန်ကြောင့်။ ဒုက္ခံ၊ သံသရာ ဝဋ်ဆင်းရဲသည်။ နိရုဏ္ဍတိ-နပ္ပဝတ္တတိ၊ နောင်အခါ ဖြစ်ပေါ်မှု မရှိတတ်။ ဣတိတသ္မာ၊ ထိုသို့ သံသရာဝဋ်ဆင်းရဲ၏ နောင်အခါ ဖြစ်ပေါ်မှု မရှိကြောင်းဖြစ်သော သဘောကြောင့်။ သောအသင်္ခတ ဓမ္မော၊ ထိုအသင်္ခတတရားနိဗ္ဗာန်သည်။ နိရောဓော၊ နိရောဓမည်၏။ ။နိရောဓော၊ သံသရာဝဋ်ဆင်းရဲ၏ နောင်အခါ ဖြစ်ပေါ်မှု မရှိကြောင်းတရား နိဗ္ဗာန်။ ။ အသင်္ခတတရား နိဗ္ဗာန်ကိုရ၏။

အနုပ္ပါဒနိရောဓပစ္စယနှင့် သက်ဆိုင်ကုန်သော အကိုးအကားတို့ကား။ ။ဤ ဆိုလတ္တံ့ ကုန်သော ပရိယာယ်တမျိုးဖြင့် ဖွင့်ပြအပ်ကုန်သော အဋ္ဌကထာတို့တည်း။

(၁) တဒုဘာယမ္ပိ ယံ ဌာနံ ပတ္တာ *နိရုဇ္ဈတိ၊တံ ဝေသံ အပ္ပဝတ္တိ ၊နိဗ္ဗာနံ။ အယံ ဒုက္ခနိရောဓောတိ။ ။

(ပါရာဇိကာဘ်အဋ္ဌကထာ ပဌမအုပ်(၁၃၄)ဟံသာဝတီ။)
(မူလပဏ္ဏာသအဋ္ဌကထာ။ ပဌမအုပ်(၁၁၉)ဇမ္ဗူ မိတ်ဆွေ။)

(၂) ယသ္မာ ပန ဒုက္ခဋ္ဌ,ဒုက္ခသမုဒယော စ ဣဒံ ဌာနံ ပတ္တာ *နိရုဇ္ဈန္တိ နပ္ပဝတ္တန္တိ။ တသ္မာ ယဒိဒံ နိဗ္ဗာနံနာမ။ အယံ ဒုက္ခနိရောဓောတိ။ ။

(မူလပဏ္ဏာသအဋ္ဌကထာ ပဌမအုပ် (၉၈) ဇမ္ဗူ မိတ်ဆွေ။)•

(၁) တဒုဘာယမ္ပိ၊ ထိုဒုက္ခ,သမုဒယသစ္စာနှစ်ပါ သည်လည်း။ ဌာနံ၊ မဂ်၏ အာရမ္မဏ ပစ္စည်းသတ္တိ သဘော ဖြစ်သောကြောင့် အကြောင်းဖြစ်၍ ဖြစ်သော၊ ယံနိဗ္ဗာနံ၊ အကြင် နိဗ္ဗာန်သို့။ ပတ္တာ၊ မဂ်ဉာဏ်ဖြင့် အာရုံပြုသောအားဖြင့် ရောက်၍။ နိရုဇ္ဈတိ–နပ္ပဝတ္တတိ၊ ယခု,နောင်အခါဖြစ်ပေါ်မှုမရှိတတ်။ဝေသံ၊ထိုဒုက္ခ, သမုဒယသစ္စာ နှစ်ပါးတို့၏။ အပ္ပဝတ္တိ၊ ဖြစ်ပေါ်မှု မရှိကြောင်း ဖြစ်သော။ တံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ကို။ အယံ ဒုက္ခနိရောဓောတိ၊ အယံ ဒုက္ခနိရောဓော ဟူ၍ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ အဟံ၊ငါဘုရားသည်၊ အဗ္ဘညာသိ၊ ထိုးထွင်း၍ သိပြီ၊ ။အယံ၊ ဤဒုက္ခ, သမုဒယသစ္စာ နှစ်ပါးတို့၏ ဖြစ်ပေါ်မှု မရှိကြောင်း ဖြစ်သော သဘော တရားသည်။ ဒုက္ခနိရောဓော၊ "ဒုက္ခနိရောဓ" မည်၏၊ ဝါ၊ဒုက္ခ၏ ဖြစ်ပေါ်မှု မရှိကြောင်းတရား မည်၏၊

ဤကား ပါရာဇိကဏ်, မူလပဏ် အဋ္ဌကထာ ၂-ကျမ်းတို့၏ မြန်မာပြန်တည်း။ ။အဓိပ္ပါယ်ကို ရှေး(၁၇)နံပါတ်၌ ဆိုခဲ့ပြီးပြီ၊

ဒုက္ခံ နိရုဇ္ဈတိ နပ္ပဝတ္တတိ ဧတေနာတိ ဒုက္ခနိရောဓော၊ ။

ဟု ကရဏသာဓန ငံတ်ပိုက်ပြု မြန်မာပြန်နှင့် အရကောက်ကို ရှေး(၁၉၄)နံပါတ်၌ ဆိုခဲ့ပြီ။

ပန၊ သမုဒယ သစ္စာကို ဆိုပြီးသည်မှ တပါး၊နိရောဓ သစ္စာကို ဆိုဦးအံ့၊ ယဿ၊ အကြင်ကြောင့်။ ဒုက္ခဉ္စ၊ ဒုက္ခ သစ္စာသည်၎င်း။ ဒုက္ခသမုဒယောစ၊ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာသည်၎င်း ဝါ၊ ဒုက္ခကို ဖြစ်စေတတ်သော သမုဒယသစ္စာသည်၎င်း။ ဥာနံ၊မင်း၏ အဓိရဇ္ဇကာပစ္စည်းသဘော ဖြစ်သောကြောင့် အကြောင်းဖြစ်၍ဖြစ်သော။ ဥာဒံ နိဗ္ဗာနံ၊ဤနိဗ္ဗာန်သို့ ပတွာ၊မဂ်ဉာဏ်ဖြင့် အာရုံပြုသော အားဖြင့် ရောက်၍၊နိရုဇ္ဈန္တိ-နုပ္ပဇ္ဇန္တိ၊ယခု,နောင်အခါဖြစ်ပေါ်မှု မရှိကုန်။ ဣတိတသ္မာ၊ ထိုကြောင့်။ ယဒိဒံ ယံဣဒံ နိဗ္ဗာနံ နာမ၊ အကြင် ဒုက္ခ, သမုဒယသစ္စာ နှစ်ပါးတို့၏ ဖြစ်ပေါ်မှု မရှိကြောင်း ဖြစ်သော နိဗ္ဗာန်မည်သည်။ အတ္ထိ၊ ပရမတ်အားဖြင့် ထင်ရှားရှိ၏။ အယံ၊ ဤနိဗ္ဗာန်မည်သော တရားသည်။ ဒုက္ခနိရောဓော၊ ''ဒုက္ခနိရောဓ'' မည်၏။ ဝါ၊ ဒုက္ခသစ္စာ၏ ဖြစ်ပေါ်မှု မရှိကြောင်း ဖြစ်သော တရားမည်၏။ ဣတိ၊ ဤသို့၊ ယထာဘူတံ၊ ဟုတ်တိုင်း မှန်စွာ။ အဗ္ဘညံ၊ ငါဘုရားသည်။အဘိညာဉ်သိ၊ထိုးထွင်း၍သိပြီ။

(ဤကား မူလပဏ္ဏာသ အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။)

ဤသည်တို့ကား ''အနုပ္ပါဒ နိရောဓပစ္စယ''ကို။ ဝါ၊ နိရောဓ ပစ္စယကို ပရိယာယ် တမျိုးဖြင့် ဖွင့်ပြထားကုန်သော အဋ္ဌကထာ ပါဠိတို့တည်း။

ဤပြဆိုအပ်သော အဋ္ဌကထာပါဠိတို့တွင်–

(က) ''နိရုဇ္ဈတိ'' ပုဒ်ကို ''အပ္ပဝတ္တံ'' ဟူ၍၎င်း။

(ခ) ''နိရုဇ္ဈန္တိ'' ပုဒ်ကို ''နုပ္ပဝတ္တန္တိ'' ဟူ၍၎င်း။

ဤမှတပါး၊ဣတိဝုတ်အဋ္ဌကထာ(၁၃၃)ဖွဲ့မိတ်ဆွေ၌–

(ဂ) ''နိရုဇ္ဈန္တိ''ပုဒ်ကို ''နုပ္ပဝတ္တန္တိ''ဟူ၍၎င်း။

သုတ်သီလက္ခန်အဋ္ဌကထာ(၂ဂ၃)ဖွဲ့မိတ်ဆွေ၌–

(ဃ) ''နိရုဇ္ဈတိ'' ပုဒ်ကို ''အပ္ပဝတ္တိံ ပေါ့ဘတိ'' ဟူ၍၎င်း။

၂-ကြိမ်တိုင်တိုင်။ ဤသို့စသော ကျမ်းတို့၌ ဖွင့်ပြထားသည်ကို

ထောက်၍''နိရုဇ္ဈတိ-သဒ္ဒါ,နိရောဓသဒ္ဒါတို့ကို ဖြစ်ပေါ်မှုမရှိ-ဟူ၍ ၎င်း။ ဖြစ်ပေါ်မှုမရှိရာ-ဟူ၍၎င်း။ ဖြစ်ပေါ်မှုမရှိကြောင်း ဟူ၍၎င်း။ ဖြစ်ပေါ်မှုမရှိခြင်းဟူ၍၎င်း။ အရာဌာနသို့လိုက်၍ မြန်မာပြန်ဆိုကုန်ရာသည်၊ သင်္ဘော အဓိပ္ပါယ်ကိုလည်းသိကြကုန်ရာသည်။

အပရောနယော၊နည်းတပါးကား—

* (၁) ''နိရောဓ''ဟူသောပုဒ်တွင်''နိသဒ္ဒါ''သည် ''မရှိခြင်း အဘာဝ''ဟူသောအနက်ကို ပြ၏။''ရောဓသဒ္ဒါ''သည်''သံသရာ နှောင်ချိုင့်-နှောင်အိမ်''ဟူသော အနက်ကို ပြ၏။ သံသရာ နှောင်ချိုင့်ဆိုသည်မှာလည်း။ သံသရာဝဋ် အကြောင်း, အကျိုးစပ်၍ မပြတ်ဖြစ်တတ်သော ဝဋ်ဆင်းရဲအစုပေတည်း။

ထိုသံသရာဝဋ် အကြောင်း, အကျိုးစပ်၍ မပြတ် ,ဖြစ်တတ်သော ဝဋ်ဆင်းရဲအစု၏ မရှိရာသဘောဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည်လည်း''နိရောဓ''ပင် မည်၏၊

ထိုနိရောဓကို-

အဘာဝေါ ဧတ္ထ ရောဓဿာတိ နိရောဓော။ ။

ဟု သဒ္ဒနီတိ ဓာတွတ္ထ ပါဠိယ်ကျမ်း၌ ပြုပြင်ခဲ့သည်။

ဧတ္ထ၊ဤအသင်္ခတတရား၌။ ရောဓဿ၊ သံသရာနှောင်ချိုင့်၏။ ပါ၊သံသရာ၌ အကြောင်း, အကျိုးစပ်၍ မပြတ်ဖြစ်တတ်သော ဝဋ်ဆင်းရဲအစု၏။အဘာဝေါ၊မရှိခြင်းသည်၊ ဟောတိ၊ဖြစ်၏။ ဣတိ တသ္မာ၊ထိုသို့ သံသရာနှောင်ချိုင့်၏။ ဝါ၊သံသရာ၌ အကြောင်း, အကျိုးစပ်၍ မပြတ်ဖြစ်တတ်သော ဝဋ်ဆင်းရဲအစု၏ မရှိရာ ဖြစ်သောသဘောကြောင့်။ သော အသင်္ခတဓမ္မော၊ ထိုအသင်္ခတ တရားသည်။နိရောဓော''နိရောဓ''မည်၏။ ။နိရောဓော၊ဝဋ်ဆင်းရဲအစု မရှိရာဖြစ်သော နိဗ္ဗာန်၊ ။အသင်္ခတဓာတ် နိဗ္ဗာန်ကိုရ၏။

+ (၂) တနည်း။ ထိုအသင်္ခတဓာတ် နိဗ္ဗာန်ကို အရဟတ္တမဂ် ဉာဏ်ဖြင့် ထိုးထွင်း၍ သိသည်ရှိသော်၊ ဝါ၊ထိုးထွင်း၍ သိသော

ကြောင့်။ထိုသိသောအရိယာပုဂ္ဂိုလ်အား။ နောင်အခါ ဘဝစသည်တို့၌ သံသရာဝယ် အကြောင်း,အကျိုးစပ်၍ မပြတ်ဖြစ်တတ်သော ဝဋ်ဆင်းရဲအစုသည် မငြိ,တော့ပြီ။ထိုသို့ နိဗ္ဗာန်ကိုသိ,သော အရိယာပုဂ္ဂိုလ်အား။ ဝဋ်ဆင်းရဲအစု၏ မငြိကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည်လည်း''နိရောဓ''ပင်မည်၏။

၎င်းနိရောဓကို-

အဘာဝေါ ဧတသ္မိံ ရောဓဿာတိ နိရောဓော။ ။

ဟု သတ္တမီ ဗဟုဗ္ဗိဟိ သမာသ် ဝိဂြိုဟ်ပြု။

ဧတသ္မိံ၊ထိုနိဗ္ဗာန်ကြောင့်။ တသ္မာ၊ထိုနိဗ္ဗာန်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိပြီးသောပုဂ္ဂိုလ်အား၊ရောဓဿ၊ဝဋ်ဆင်းရဲအစု၏။ အဘာဝေါ၊မရှိခြင်းသည်။ ဟောတိ၊ဖြစ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သော၊ ထိုအသင်္ခတ နိဗ္ဗာန်တရားသည်။ နိရောဓော၊ 'နိရောဓ''မည်၏။ ။နိရောဓော၊ နိဗ္ဗာန်ကို ထိုးထွင်း၍ သိပြီးသော ပုဂ္ဂိုလ်အား ဝဋ်ဆင်းရဲအစုမငြိကြောင်း ဖြစ်သော နိဗ္ဗာန်။ အသင်္ခတနိဗ္ဗာန်ကို ရ၏။

* ပထမနည်းဖြင့် နိဗ္ဗာန်၌ ဝဋ်ဆင်းရဲအစုမငြိ,သည်ကို ပြသည်။

\+ ဒုတိယနည်းဖြင့် နိဗ္ဗာန်ကြောင့် နိဗ္ဗာန်ကို သိပြီးသောပုဂ္ဂိုလ်အား ဝဋ်ဆင်းရဲအစု မငြိ,သည်ကို ပြသည်၊ (သမော,ဝိသုဒ္ဓိမဂ်အဋ္ဌကထာစသည်တို့။)

၃။ (တနည်း) အသင်္ခတဓာတ် နိဗ္ဗာန်ကို ပညာမျက်စိဖြင့် မမြင်ရအောင် ပိတ်ပင်တတ်သော ကိလေသာ တရားသည် ''ရောဓ''မည်၏။ထိုရောဓမည်သော ကိလေသာ သဘောတရား၏ မရှိရာဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည်လည်း ''နိရောဓ''ပင် မည်၏။

၎င်းနိရောဓကို-

ရုန္ဓတိ နိဗ္ဗာနန္တိ ရောဓော။ ကိလေသော။ သော ဧတ္ထ နတ္ထီတိ နိရောဓော ။

ဟု ကတ္တုသာဓန ကိတ်ပစ္စည်း ပြုပြီးမှ သဒ္ဒမိ ဗဟုဗ္ဗိဟိ သမာသ်ပစ္စည်းပြု။

ယော ဓမ္မော၊ အကြင်ရာဂအစရှိသော သဘောတရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ရုန္ဓတိ၊ ပညာမျက်စိဖြင့် မမြင်ရအောင် ပိတ်ပင်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ နိဗ္ဗာန်ကို ပညာမျက်စိဖြင့် မမြင်ရအောင် ပိတ်ပင်တတ်သော သတ္တိကြောင့်။ သော ဓမ္မော၊ ထိုရာဂအစရှိသော သဘောတရားသည်။ ရောဓော၊ "ရောဓ" မည်၏။ ကိလေသော၊ ရာဂအစရှိသော ကိလေသာကို လက္ခဏာ ရအပ်၏။

ဧတ္ထ၊ ဤအသင်္ခတ နိဗ္ဗာန်တရား၌။ ရောဓော၊ ပိတ်ပင်တတ်သော ကိလေသာတရားသည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထိုသို့ ပိတ်ပင်တတ်သော ကိလေသာ တရား မရှိရာဖြစ်သော သတ္တိကြောင့်။ သော အသင်္ခတဓမ္မော၊ ထိုအသင်္ခတ နိဗ္ဗာန်တရားသည်။ နိရောဓော၊ "နိရောဓ" မည်၏။ ။နိရောဓော၊ နိဗ္ဗာန်ကို ပညာမျက်စိဖြင့် မမြင်ရအောင် ပိတ်ပင် တတ်သော ကိလေသာ တရား မရှိရာ နိဗ္ဗာန်။ အသင်္ခတနိဗ္ဗာန်ကိုပင် ရ၏။

(အဘိဓာန်ဋီကာ, အဘိဓာနပ္ပဒီပိကာသူစိတို့။)

ဤသို့ ဝေဘန်၍ ပြဆိုအပ်ကုန်သော နိရောဓအပြား တို့ကို ဆင်ခြင်ပြီးမှသာ။သက်ဆိုင်ရာ အနက်ကိုသိ၍ မြန်မာပြန်ဆိုကုန် ရာသည်။မှန်းဆ၍ ရမ်းဆ၍ လုပ်သည်ထက်၊ကျမ်းပြ၍ လုပ်သည် က သင့်လျော်ပေသည် သပ္ပုရိသဇနပေါင်းတို့။

## ၅၃-အဇ္ဈတ္တသေးပါးနှင့်သရုပ်ခွဲကိုပြရာ။

ယခုအခါ အဇ္ဈတ္တအသုံးအဖြတ်ကို အကျဉ်းအားဖြင့် ပြဆိုဦးအံ့၊

၁။ ဂေါစရဇ္ဈတ္တ=ဂေါစရ အဇ္ဈတ္တ။

၂။ နိယကဇ္ဈတ္တ=နိယက အဇ္ဈတ္တ။

၃။ အဇ္ဈတ္တဇ္ဈတ္တ=အဇ္ဈတ္တ အဇ္ဈတ္တ။

၄။ ဝိသယဇ္ဈတ္တ=ဝိသယ အဇ္ဈတ္တ

ဟူ၍ အဇ္ဈတ္တလေးမျိုးရှိရာတွင်—

၁။ အဇ္ဈတ္တဟု ဆိုအပ်သော ဈာန်စိတ္တုပ္ပါဒ်၏ အာရုံသည်။ ဓါ၊ ကသိုဏ်းနိမိတ်စသော အာရုံတရားသည် "ဂေါစရဇ္ဈတ္တ" မည်၏။

အဇ္ဈတ္တဟုဆိုအပ်သော မဟာကုသိုလ်,မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်, မဂ်, ဖိုလ် စိတ္တုပ္ပါဒ်တို့၏ အာရုံ ဖြစ်သော "နိဗ္ဗာန်တရား" သည်လည်း "ဂေါစရဇ္ဈတ္တ" ပင်မည်၏၊

၂။ မိမိသန္တာန်ကိုစွဲ၍ ဖြစ်သောတရားသည်၊ ဝါ၊မိမိသန္တာန်၌ အကျုံးဝင် (ပါဝင်) သော စိတ်, စေတသိက်, ရုပ်တရားသည် "နိယကဇ္ဈတ္တ" မည်၏၊

၃။ အတွင်း အာယတနဖြစ်သော အဇ္ဈတ္တသည်။ ဝါ၊စက္ခာယတန, သောတာယတန,ဃာနာယတန, ဇိဝှါယတန, ကာယာယတန,မနာယတနဟု ဆိုအပ်သော အတွင်းအာယတန ၆-ပါး သည် 'အဇ္ဈတ္တဇ္ဈတ္တ" မည်၏။

၄။ ဘုရားရှင်တို့၏ အစိုးရသော အရဟတ္တမဂ်ဖြစ်၍ ဖြစ်သော အနုတ္တရနုပဿနာ အာနုဘော်ကြောင့်ဖြစ်သော သုညတာ သမာပတ် အရဟတ္တဖိုလ်သည် 'ဝိသယဇ္ဈတ္တ" မည်၏။

(ဤသည်ကား အဇ္ဈတ္တလေးပါး၏ သရုပ်ခွဲပေတည်း။)

## ၅၄–ဂေါစရဇ္ဈတ္တ အသုံးအဖြတ်ကို ပြရာ။

ထိုအဇ္ဈတ္တလေးမျိုးတို့တွင် နိဗ္ဗာန်နှင့် သက်ဆိုင်သော ဂေါစ ရဇ္ဈတ္တကို ပြဆိုပေအံ့။ အဘယ်ကြောင့် "ဂေါစရဇ္ဈတ္တ"ကိုသာ ပြဆိုသနည်းဟူမူ၊အချို့သော ပုဂ္ဂိုလ်တို့သည်–

အဇ္ဈတ္တရတောတိ ဂေါစရဇ္ဈတ္တသင်္ခါတေ နိဗ္ဗာနေ ရတော။ ။

ဟူသော အဋ္ဌသာလိနီ မူလဋီကာ၌ မိန့်ဆိုအပ်သော စကားကို ကိုးကား၍ နိဗ္ဗာန်သည် အဇ္ဈတ္တတရား ဖြစ်သည်။ အဇ္ဈတ္တ၌ ရှိသည်။ ဗဟိဒ္ဓတရားမဟုတ်ဟူ၍ ဟောပြော ရေးသားကြသည် တကြောင်း။

နိဗ္ဗာန်သည် အဇ္ဈတ္တတရား ဟုတ်,မဟုတ်။အဇ္ဈတ္တ၌ ရှိ,မရှိကို ရှင်း။ဗဟိဒ္ဓတရား ဟုတ်,မဟုတ်။ ဗဟိဒ္ဓ၌ ရှိ,မရှိကိုရှင်း။' အသုံး အဖြတ်ရေးသား၍ ပေးသနားတော်မူပါဟု ပွဲစားကြီးဦးဘသိမ်းနှင့် ကုန်သည်ကြီးဦးကောင်းစံတို့လျှောက်ထားသည့်သည်းတကြောင်း ဤအကြောင်းနှစ်ပါးကြောင့် ဂေါစရဇ္ဈတ္တကိုသာ ပြဆိုပါသည်။

ဓမ္မပဒပါဠိတော်၊ဘိက္ခုဝဂ်၊ဒုတိယဝတ္ထု၌ လာသော–

အဇ္ဈတ္တရတော သမာဟိတော၊ ဧကော သန္တုသိတော တ မာဟု ဘိက္ခုံ။ ။

ဟူသော ဂါထာပါဌ်တို့တွင်"အဇ္ဈတ္တရတော"ဟူသောပါဌ်ကို။ ဓမ္မပဒ အဋ္ဌကထာရှင်သည်–

*အဇ္ဈတ္တရတောတိ ဂေါစရဇ္ဈတ္တ သင်္ခါတာယ ကမ္မဋ္ဌာန ဘာဝနာယ ရတော။ ။

ဟူ၍ ဖွင့်ပြတော်မူသည်။

(ဓမ္မပဒ အဋ္ဌကထာ၊ ဒုတိယအုပ် (၄၇၈) ဇမ္ဗူ့ မိတ်ဆွေ။)

အဇ္ဈတ္တရတောတိ၊အဇ္ဈတ္တရတော-ဟူသည်ကား၊ဂေါစရဇ္ဈတ္တ သင်္ခါတာယ၊ ဂေါစရဇ္ဈတ္တ ဟုဆိုအပ်သော၊ကမ္မဋ္ဌာနဘာဝနာယ၊ ကမ္မဋ္ဌာန်း ဘာဝနာ၌၊ရတော၊မွေ့လျော်၏။

ဤမေ္မပဒအဋ္ဌကထာကို ထောက်၍ "ကမ္မဋ္ဌာန်းဘာဝနာ" ကို "ဂေါစရဇ္ဈတ္တ" ဟူ၍ သိအပ်၏။

(တနည်း) ဝုင်းပါဠိတော်ကိုပင် မူလဋီကာဆရာ အရှင်သည်

*အဇ္ဈတ္တရတောတိ ဂေါစရဇ္ဈတ္တ သင်္ခါတေ နိဗ္ဗာနေ ရတော။ သမာဓိဂေါစရေ ကမ္မဋ္ဌာနေဝါ ရတော။ ။

ဟူ၍ ဖွင့်ပြတော်မူသည်။

(အဋ္ဌသာလိနီ မူလဋီကာ (၄၉) ဇမ္ဗူ့ မိတ်ဆွေ။)

အဇ္ဈတ္တ ရတောတိ၊ အဇ္ဈတ္တ ရတော· ဟူသည်ကား။ ဂေါစရဇ္ဈတ္တ သင်္ခါတေ၊ ဂေါစရဇ္ဈတ္တဟု ဆိုအပ်သော။နိဗ္ဗာနေ၊နိဗ္ဗာန်၌။ ရတော၊ 'မွေ့လျော်၏။ ဝါ၊ တနည်းကား။ သမာဓိ ဂေါစရေ၊ ဈာန်ဟု ခေါ်ဆိုအပ်သော သမာဓိတရား၏ အာရုံဖြစ်သော၊ ကမ္မဋ္ဌာနေ၊ ကမ္မဋ္ဌာန်း၌။ ရတော၊မွေ့လျော်၏၊

ထိုမူလဋီကာကိုထောက်၍*နိဗ္ဗာန်ကိုလည်း,ဈာန်ဟုဆိုအပ်သော သမာဓိ၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်းကိုလည်း။ "ဂေါစရဇ္ဈတ္တ"ဟူ၍ မှတ်အပ်၏။

ထိုဓမ္မပဒ အဋ္ဌကထာဆရာ, မူလဋီကာဆရာ အရှင်တို့သည်။ ကမ္မဋ္ဌာန်း ဘာဝနာ၏ "ဂေါစရဇ္ဈတ္တ" မည်သည်၏ အဖြစ်ကို ဖွင့်ပြကြရာ အတူတူပင် ဖြစ်လေသည်။ နိဗ္ဗာန် တရားတော်၏ "ဂေါစရဇ္ဈတ္တ" မည်သည်၏ အဖြစ်ကိုမူကား။ ဓမ္မပဒအဋ္ဌကထာ ရှင်သည် မဖွင့်ပြလေ။

မူလဋီကာဆရာ အရှင်အာနန္ဒာထေရ်ကား-

(၁)* အဇ္ဈတ္တ ရတောတိ ဂေါစရဇ္ဈတ္တ သင်္ခါတေ နိဗ္ဗာနေ ရတော ဟူ၍ ဖွင့်ပြလသည်၊ထိုမူလဋီကာပါဠိကိုပင်လျှင်။ မဓုဋီကာ(မဓုသာရတ္ထဒီပနီဋီကာ) ရှင်သည်-

(၂) ဂေါစရဇ္ဈတ္တ သင်္ခါတေ နိဗ္ဗာနေတိ ဧတေန သကာသန္တတိ ပရိယာပန္နေ အဇ္ဈတ္တကမ္မေ နိဝတ္တေတိ။ တေန အဇ္ဈတ္တ

သဒ္ဒါတသာ ဉာဏသမ္ပယုတ္တံ စိတ္တုပ္ပါဒဿ အာရမ္မဏံ
အရှုတ္တန္တိ အတ္ထံ ဒဿေတိ။ ဥပစာရတ္ထံ ဝါ။ ။
ဟူ၍မိန့်အပ်ပြီ။

(မခုဋီကာ။ ပထမအုပ်(၁၀၃)ပြည်ကြီးမဏ္ဍိုင်။)

*(၁) အရှုတ္တရတောဘိ၊ အရှုတ္တရဘော ဟူသည်ကား။ ဂေါစရှုတ္တ သဒ္ဒါတော၊ ဂေါစရှုတ္တဟု ဆိုအပ်သော၊နိဗ္ဗာနေ၊နိဗ္ဗာန်၌။ ရတော၊ မွေ့လျော်၏။ (ဤကား မူလဋီကာ၏ မြန်မာပြန်တည်း။)

(၂) ဂေါစရှုတ္တ သဒ္ဒါတေ နိဗ္ဗာနေတိ တေန၊ ဂေါစရှုတ္တ သဒ္ဒါတေ နိဗ္ဗာနေ-ဟူသောဤပါဌ်ဖြင့်။သကာသန္တတိ ပရိယာပန္နေ၊ မိမိခန္ဓာအစဉ်၌ အကျုံးဝင် (ပါဝင်) ကုန်သော၊ အရှုတ္တကခန္ဓေ၊ နိယကရှုတ္တ ခန္ဓာတို့ကို။ ဝါ၊ စိတ်, စေတသိက်, ရုပ်တရားတို့ကို။ နိဝတ္တေတိ၊ နစ်စေ၏။ ဝါ၊ ပယ်ရှား၏။ တေန၊ ထိုသို့ နစ်စေခြင်းကြောင့်၊ ဝါ၊ ထိုသို့ ပယ်ရှားခြင်းကြောင့်။ အရှုတ္တ သဒ္ဒါတသာ၊ နိယကရှုတ္တဟု ဆိုအပ်သော၊ ဉာဏသမ္ပယုတ္တစိတ္တုပ္ပါဒဿ၊ ဉာဏသမ္ပယုတ္တ စိတ္တုပ္ပါဒ်၏။ အာရမ္မဏံ၊ ခန္ဓာပြင်ပ ဗဟိဒ္ဓ ဖြစ်သော နိဗ္ဗာန်အာရုံသည်။ အရှုတ္တံ၊ 'အရှုတ္တ'မည်၏ ဣတိ ဣမံ အတ္ထံ၊ဤသို့သော အနက်ကို။ဒဿေတိ၊ပြတော်မူ၏။ ဝါ၊ တနည်းကား။ဥပစာရတ္ထံ၊တင်စား၍ခေါ်ဝေါ်ခြင်းအနက်ကို။ဝါ၊တင်စား၍ ခေါ်ဝေါ်ခြင်း၌။ အာစရိယော၊ မူလဋီကာဆရာ အရှင်အာနန္ဒာ ထေရ်မြတ်သည်။ဒဿေတိ၊ပြတော်မူ၏။

(ဤကားမခုဋီကာ (မခုသာရတ္ထဒီပနီဋီကာ)ပါဌ်၏မြန်မာပြန်)

---

(၁) မူလဋီကာ၏ အဓိပ္ပါယ်ကား။ ။အရှုတ္တ တရား၌ မွေ့လျော်၏ဟု ဆိုသည်မှာ။ ဂေါစရှုတ္တ ဟု ဆိုအပ်သော နိဗ္ဗာန်၌ မွေ့လျော်သည်ကို ဆိုသည်။

နိဗ္ဗာန်ကို ''ဂေါစရှုတ္တ''ဟု အဘယ်ကြောင့်ဆိုသနည်းဟူမူ။ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်, မဟာကြိယာဉာဏ

သင်္ခတ စိတ္တုပ္ပါဒ်, မဂ်စိတ္တုပ္ပါဒ်, ဖိုလ်စိတ္တုပ္ပါဒ်တို့၏ ကျက်စားရာ အာရုံဖြစ်သောကြောင့် နိဗ္ဗာန်ကို "ဂေါစရဇ္ဈတ္တ" ဟု ဆိုသည်။

ဂေါစရ = အာရုံ,
အဇ္ဈတ္တ = မိမိကိုစွဲ၍ ဖြစ်သော စိတ္တုပ္ပါဒ်။
ဂေါစရဇ္ဈတ္တ = မိမိကိုစွဲ၍ဖြစ်သော စိတ္တုပ္ပါဒ်၏ အာရုံ။
စိတ္တ = စိတ်,
ဥပ္ပါဒ = စိတ်နှင့်တကွဖြစ်သော စေတသိက်။
စိတ္တုပ္ပါဒ= စိတ်,စိတ်နှင့်တကွဖြစ်သော စေတသိက်။

ဤအရာ၌ စိတ်+စေတသိက် နှစ်ပါး အပေါင်းကို "စိတ္တုပ္ပါဒ်" ဟုခေါ်သည်။ ဉာဏ်နှင့်ယှဉ်သော စိတ္တုပ္ပါဒ်ကို၊ဤအရာ၌ လိုအပ်ပေသည်။

အဇ္ဈတ္တသာ ဂေါစရော ဂေါစရဇ္ဈတ္တံ။ ။

ဟု ဒုရာဇာနမဂ္ဂ ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝိဂြိုဟ်ပြု။

အဇ္ဈတ္တသာ၊ အဇ္ဈတ္တ ဟု ဆိုအပ်သော ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်၏၊ ဂေါစရော၊ အာရုံတည်း။ ဂေါစရဇ္ဈတ္တံ၊ အဇ္ဈတ္တဟု ဆိုအပ်သော ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်၏ အာရုံ။ နိရောဓ သစ္စာ နိဗ္ဗာန်ကိုရ၏၊

မရဏာရဇ္ဈ ဒိပနိခေါ် - မရဏိဗ္ဗာ၏ အဓိပ္ပါယ်ကား။
ဂေါစရဇ္ဈတ္တ သင်္ခါတေ နိဗ္ဗာနေ ဟူသောသံ၌ဖြင့်၊ မိမိခန္ဓာအစဉ်၌ အကျုံးဝင် (ပါဝင်) ကုန်သော "နိယကဇ္ဈတ္တ" ခန္ဓာတရားတို့ကို နစ်စေ၏။ ပယ်ရှားစေ၏၊

နိယကဇ္ဈတ္တခန္ဓာ ဆိုသည်မှာလည်း၊ မိမိခန္ဓာအစဉ်၌ အကျုံးဝင်ကုန်သော စိတ်, စေတသိက်, ရုပ်တရားတို့ကိုပင် ဆိုသည်။

*ထိုသို့ နစ်စေ ပယ်ရှားစေ သောကြောင့်။ နိယကဇ္ဈတ္တဟု ဆိုအပ်သော ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်၏ ခန္ဓာပြင်ပဗဟိဒ္ဓ အာရုံဖြစ်သော နိဗ္ဗာန်သည် *အဇ္ဈတ္တ မည်၏။ ဤသို့သောအနက်ကိုရင်း

*(တနည်း) နိယကဇ္ဈတ္တဟု ဆိုအပ်သော ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်၏ အာရုံသည်။ ခန္ဓာပြင်ပ ဗဟိဒ္ဓ ဖြစ်သော နိဗ္ဗာန်ပင် ဖြစ်ရကား။ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်၏ "အဇ္ဈတ္တ" ဟူသော အမည်ကို။ ခန္ဓာပြင်ပ ဗဟိဒ္ဓ အာရုံဖြစ်သော နိဗ္ဗာန်၌ တင်စား၍ ခန္ဓာပြင်ပ ဗဟိဒ္ဓ အာရုံဖြစ်သော နိဗ္ဗာန် သည်လည်း *အဇ္ဈတ္တ မည်၏။ ဤသို့သော အနက် သဘောကိုရင်း။ ပြတော်မူ၏ဟု သိအပ်၏။ (*အဇ္ဈတ္တ– မည်၏ဟု ဆိုရာ၌- အဇ္ဈတ္တ- အရ "ဂေါစရဇ္ဈတ္တ" ကိုသာ မှတ်ယူအပ်၏။ နိယကဇ္ဈတ္တကို မမှတ်ယူအပ်။)

---

အဇ္ဈတ္တရတော သမာဟိတော၊ ဧကော သန္တုသိတော
တ မာဟု ဘိက္ခုံ။ ။

(ဓမ္မပဒ ပါဠိတော်၊ဘိက္ခုဝဂ်၊ဒုတိယဝတ္ထုလာ ဂါထာ။)

အဘယ်ကြောင့် ဂါထာရှေ့ပိုင်း "အဇ္ဈတ္တရတော"ပုဒ်၌ ပါဝင်သော "အဇ္ဈတ္တသဒ္ဒါ"၏ နိဗ္ဗာန်ကို ဟောပြသည်၏ အဖြစ်ကိုရင်း၊ ကမ္မဋ္ဌာန်းကို ဟောပြသည်၏ အဖြစ်ကိုရင်း၊ ပြီးစေ ပါသနည်း ဟူမူကား–

ဧကော သန္တုသိတော တ မာဟု ဘိက္ခုံ။ ။

ဟူသော နောက်ပိုင်း ဂါထာကြွင်းကို ဆောင်တော်မူသော ကြောင့်၊ ဟောတော်မူသောကြောင့် ရှေ့ "အဇ္ဈတ္တ" သဒ္ဒါ၏ နိဗ္ဗာန်ကို ဟောသည်၏ အဖြစ်ကိုရင်း။ ကမ္မဋ္ဌာန်းကို ဟောသည့်၏ အဖြစ်ကိုရင်း။ ပြီးစေပါသည်။

ထိုသို့ပြီးကြောင်းကို ပြတော်မူလိုသော မရင်္ဂီကာဆရာသည်-

ဂါထာသေသ အာဟရတောန အဇ္ဈတ္တသဒ္ဒဿ နိဗ္ဗာနဝါစ
ကတ္တံ, ကမ္မဋ္ဌာနဝါစကတ္တဉ္စ သမတ္ထေတိ။ ။

ဟူ၍ မိန့်အပ်ပြီ။

(မရင်္ဂီကာ၊ပဌမအုပ်(၁၀၃)ပြည့်ကြီးမဏ္ဍိုင်။)

**ဂါထာသဘော** အာဟာရဇောနံ၊ ဇနကော **သန္တုသိဘော** တမာဟု ဘိက္ခုံ....ဟူသော နောက်ပိုင်း ဂါထာကြွင်းကို ဆောင်တော်မူခြင်းကြောင့် ဟောတော်မူခြင်းကြောင့်။ အဇ္ဈတ္တ **သဒ္ဒါသ**၊ ဂါထာရှေ့ပိုင်း၌ ဟောတော် မူအပ်သော အဇ္ဈတ္တ သဒ္ဒါ၏၊ နိဗ္ဗာန ဝါစကတ္တဉ္စ၊ နိဗ္ဗာန်ကို ဟောဆို**သည်**၏ အဖြစ်ကိုရင်း။ ကမ္မဋ္ဌာန ဝါစကတ္တဉ္စ၊ ကမ္မဋ္ဌာန်းကို ဟောဆို **သည်**၏ အဖြစ်ကိုရင်း။ **သမတ္တေတိ**၊ မှချမသွေ၊ ပြီးစီးစေ၏။ ။ဤသို့ မိန့်ဆိုအပ်သော မရဋီကာရှင်၏ **စကားကိုထောက်၍** ဂါထာရှေ့ပိုင်း၌ ပါဝင်သော "အဇ္ဈတ္တ" **သဒ္ဒါ**၏ နိဗ္ဗာန် ကမ္မဋ္ဌာန်း နှစ်ပါးသော အနက်တို့ကို **ဟောဆိုတတ်သည်**၏ အဖြစ်ကို။ ဝါ၊ **ဟောဆို** နိုင်ကြောင်းကို။ **ဂါထာကြွင်း** နောက်ပိုင်းကို **ဆောင်ပြ** ဟောပြတော် မူ**သော** ကြောင့်‘ပြီးစေသည်ကို သိအပ်-မှတ်အပ်၏။

[အထူးမှာထားချက်]။ ။အဇ္ဈတ္တ သဒ္ဒါ၏ နိဗ္ဗာန်,ကမ္မဋ္ဌာန်း နှစ်ပါးကုန်သော အနက်တို့ကို။ ဟောတတ် သည်၏ အဖြစ်ကို။ ရှေး၌ *(ချယ်သားပွင့်) ခရေပွင့် ပြထားအပ်သော အပိုဒ်တို့ကိုပြန်၍ ကြည့်ရှု မှတ်သားကြပါကုန်။ နိဗ္ဗာန်ကို "ဂေါစရဇ္ဈတ္တ" ဆိုသည် ကိုလည်း။ အမြဲ မှတ်ထားကြပါကုန်။ "နိယကဇ္ဈတ္တ" ဟူ၍ကား မမှတ်အပ်။ နိယကဇ္ဈတ္တ၌ ရှိ၏ဟူ၍လည်း မမှတ်အပ်။

ထိုအ**သင်္ခတ**ဓာတ် နိရောဓ**သစ္စာ** နိဗ္ဗာန်တရားသည်။ စင်စစ် အားဖြင့် အဇ္ဈတ္တ တရားလည်း မဟုတ်။ အဇ္ဈတ္တ၌လည်း မရှိ။ ခန္ဓာပြင်ပ ဗဟိဒ္ဓတရား သာလျှင် ဖြစ်ပေသည်။ ထိုကြောင့် ခပ်သိမ်းကုန်သော **သင်္ခါရ** တရားတို့၏ ဆန့်ကျင်ဘက် သဘော ဖြစ်သော နိဗ္ဗာန်သည်၊ တစုံတခုသော **သင်္ခတ**တရား၌လည်း မရှိ။ ထို့အတူ နိဗ္ဗာန်၌လည်း အားလုံးစုံကုန်သော**သင်္ခတ**တရားတို့ မရှိ ကြကုန်။ ။နိဗ္ဗာန်သည် တစုံတခုသော သင်္ခတတရား၌ မရှိ။ **နိဗ္ဗာန်**၌လည်း အားလုံးစုံ ကုန်သော သင်္ခတတရားတို့ မရှိကြကုန်

ဟု ငါးဆိုအပ်သော စကားသည် မှန်၏။ သခ်ီတ တရား, အသင်္ခတ တရား နှစ်ပါးတို့၏ ပေါင်းဆုံ ရောယှက် ခြင်းသည် မဖြစ်သင့်။ ထို့ကြောင့် သမ္မာသမ္ဗုဒ္ဓဂုဏ်ထူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်—

အတ္ထိ ဘိက္ခဝေ တဒါယတနံ။ ယတ္ထ နေဝ ပထဝီ,န အာပေါ,န တေဇော, န ဝါယော။ ။

ဤသို့ အစရှိသော စကားကို သွယ်ဝိုက်မထား၊ အဖြောင့်အား ဖြင့် ဟောကြားတော်မူပြီ။

ဘိက္ခဝေ၊ ရဟန်းတို့။တဒါယတနံ-တံကာရဏံ၊ ထိုမဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ ဖြစ်ပေါ်လာမှု၏ အကြောင်းခံဖြစ်သောအာရုံတရား နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှား ရှိပေ၏။ ယတ္ထ၊ အကြင်မဂ်,ဖိုလ်တို့၏ ဖြစ်ကြောင်းဖြစ်သော အာရုံတရား နိဗ္ဗာန်၌။ ပထဝီ၊ကြမ်းထမ်း ခက်မာမှုသဘောပထဝီဓာတ်သည်။နေဝအတ္ထိ၊ မရှိသည်သာဘည်း။ အာပေါ၊ ယိုစီး, ဖွဲ့စည်းမှုသဘော အာပေါ ဓာတ်သည်လည်း။နအတ္ထိ၊မရှိသည်သာတည်း။တေဇော၊ ပူမှု, အေးမှု သဘော တေဇောဓာတ်သည်လည်း။ နအတ္ထိ၊မရှိသည်သာတည်း။ ဝါယော၊ တွန်းကန်မှုသဘော ဝါယောဓာတ်သည်လည်း။ နအတ္ထိ၊ မရှိသည်သာတည်း။

(ဤကား ဥဒါန်းပါဠိတော်၏ မြန်မာပြန်တည်း။)

အဓိပ္ပါယ်ကား။ ။ချစ်သားရဟန်းတို့။မဂ်ဉာဏ်,ဖိုလ်ဉာဏ်, တို့ ဖြစ်ပေါ်ဖို့ရန် အကြောင်းခံ အာရုံတရားဖြစ်သော နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိနေပေသည်။ ထိုအကြောင်းခံ အာရုံ တရားဖြစ်သော နိဗ္ဗာန်၌ကြမ်းထမ်းခက်မာမှုသဘော ပထဝီဓာတ် သည် မရှိသည်သာ၊ ယိုစီးမှု ဖွဲ့စည်းမှုသဘော အာပေါဓာတ် သည်လည်း မရှိသည်သာ။ ပူမှု,အေးမှုသဘော တေဇောဓာတ်သည်

လည်း မရှိသည်သာ။ တွန်းကန်မှုသဘော ဝါယောဓာတ်သည် လည်း မရှိသည်သာတည်းဟု ဤသို့အစရှိသော စကားကိုဟော တော်မူသည်ဟူလို၊

ထိုသို့ ဟောတော်မူအပ်သော ဥဒါန်းပါဠိတော်ကို ထောက်၍ ရင်း။ ။ရင်းဥဒါန်းအဋ္ဌကထာ(၃၈၀)ဇမ္ဗူ၊ မိတ်ဆွေ၌-

တတ္ထ ယသ္မာ နိဗ္ဗာနံ သဗ္ဗသင်္ခါရ ဝိရဟိတာဘာဝံ ယထာ သင်္ခတဓမ္မေသု ကတ္ထစိ နတ္ထိ။ တထာ တတ္ထပိ သဗ္ဗေ သင်္ခတဓမ္မာ။ န ဟိ သင်္ခတာ, သင်္ခတဓမ္မာနံ သမောဓာနံ သမ္ဘဝတိ။ ။

ဟူ၍ မိန့်အပ်ပြီ။

တတ္ထ၊ထို''ယတ္ထ နေဝ ပထဝီ,နအာပေါ'' စသော စကား၌၊ ယသ္မာ၊အကြင်ကြောင့်။သဗ္ဗသင်္ခါရ ဝိရဟိတာဘာဝံ၊ ခပ်သိမ်းကုန် သော သင်္ခါရတရားတို့၏ ဆန့်ကျင်ဘက်သဘောရှိသော၊ နိဗ္ဗာနံ၊ အသင်္ခတဓာတ် နိဗ္ဗာန်သည်။သင်္ခတဓမ္မေသု၊ရုပ်,နာမ်ဖြစ်ကုန်သော သင်္ခတတရားတို့တွင်။ ကတ္ထစိ၊တစုံတခုသော ရုပ်,နာမ်ဖြစ်သော သင်္ခတတရား၌။ နတ္ထိယထာ၊ မရှိသကဲ့သို့။ တထာ၊ ထိုအတူ။ တတ္ထပိ၊ ထိုအသင်္ခတဓာတ် နိဗ္ဗာန်၌လည်း။ သဗ္ဗေ၊ အကြွင်းမဲ့၊ ခပ်သိမ်းကုန်သော၊ သင်္ခတဓမ္မာ၊ရုပ်,နာမ်ဖြစ်ကြကုန်သော သင်္ခတ တရားတို့သည်။ နတ္ထိ နသန္တိ၊မရှိကုန်။ ဟိ-သစ္စံ၊ သင်္ခတတရား၌ နိဗ္ဗာန်မရှိ၊ထိုနည်းတူ နိဗ္ဗာန်၌ သင်္ခတတရားတို့ မရှိကြကုန်ဟု ငါ ဆိုအပ်သော စကားသည် မှန်၏။ သင်္ခတာ,သင်္ခတဓမ္မာနံ၊ရုပ်,နာမ် ဖြစ်သော သင်္ခတတရား, နိဗ္ဗာန်ဟူသော အသင်္ခတတရားတို့၏။ သမောဓာနံ၊ပေါင်းဆုံ ရောယှက်ခြင်းသည်၊နသမ္ဘဝတိ၊မဖြစ်သင့်။ တသ္မာ၊ထိုသို့ ပေါင်းဆုံ ရောယှက်ခြင်းသည် မဖြစ်သင့်သော ကြောင့်။ ''ယတ္ထ နေဝ ပထဝီ,န အာပေါတိအာဒိ'', ယတ္ထ နေဝ ပထဝီ,န အာပေါ''ဤသို့အစရှိသောစကားကို။ ဘဂဝါ၊ မြတ်စွာ

ဘုရားသည်။ *အာဟာ၊သွယ်ဝိုက်မထား၊အဖြောင့်အားဖြင့် ဟော ကြားတော်မူပြီ။

*အဖြောင့်စကား။ ခိုဝှဲကြား၊ပုန်ထား*အာဟာမှန်။ ။

(နိယံထစ်။)

အဓိပ္ပါယ်ကား။ ။အားလုံးစုံကုန်သော သင်္ခါရ တရားတို့၏ ဆန့်ကျင်ဘက်သဘောဖြစ်သောနိဗ္ဗာန်တရားသည်။ သင်္ခတတရား တို့အနက်။တစုံတခုသော သင်္ခတတရားထဲမှာ မရှိ။သင်္ခတတရား ထဲမှာ နိဗ္ဗာန်မရှိသလို။နိဗ္ဗာန်မှာလည်း အားလုံးကုန်အောင်စုံသော သင်္ခတတရားတို့ မရှိကြကုန်။ ။သင်္ခတတရားမှာ နိဗ္ဗာန်မရှိ။ နိဗ္ဗာန်မှာလည်း သင်္ခတတရားတို့မရှိဟု ငါဆိုသော် စကားသည် မှန်လှသည်။ ရုပ်,နာမ်ဖြစ်သော သင်္ခတတရား, နိဗ္ဗာန်ဟူသော အသင်္ခတတရား နှစ်ပါးတို့၏ ပေါင်းဆုံ ရောယှက်မှုသည် မဖြစ် သင့်၊မဖြစ်နိုင်။ ထို့ကြောင့် ဘုရားရှင်က—

အကြင် နိဗ္ဗာန်မှာ ပထဝီဓာတ်လည်း မရှိသည်သာ တည်း။ အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်လည်း မရှိသည် သာတည်းဟု မသွယ်မဝိုက် တိုက်ရိုက်ဟောတော်မူသည်။

ဓာတ်ကြီးလေးပါး မရှိသည်ကို ဟောတော်မူသဖြင့်။ဓာတ်ကြီး လေးပါးကိုမှီ၍ဖြစ်ကြကုန်သော ဥပါဒါရုပ် ၂၄-ပါးတို့သည်လည်း မရှိကြကုန်ဟူသော အဓိပ္ပါယ်ကိုလည်း မဆိုဘဲနှင့် အလိုလိုပြီးစီး သော''အဝုတ္တသိဒ္ဓိနည်း''ဖြင့် သိရလေတော့သည်၊

ယင်းသို့ ၂၈-ပါးကုန်သော ရုပ်တရားတို့ မရှိကြလျှင်။ ထိုရုပ် တရားတို့ကို အစွဲပြု၍ အကြောင်းပြု၍ ဖြစ်ရကုန်သော နာမ် တရားတို့သည်လည်း မရှိကြတော့သည် သာတည်း။ ရုပ်တရား မရှိသော အရူပ ၄-ဘုံ၌ ရုပ်တရားကို အစွဲပြု၍ အကြောင်းပြု၍ မဖြစ်ကြရကုန်သော အာရုံနှင့်တကွသော အာကာသာနဉ္စာယတန ဈာန် ကုသိုလ်,ဝိပါက်,ကြိယာ စိတ္တုပ္ပါဒ်တို့သည်ဝင်း။ အာရုံနှင့်

တကွသော ဝိညာဏာနဉ္စာယတနချာန် ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်တို့သည်၎င်း။ အာရုံနှင့်တကွသော အာကိဉ္စညာယတန ချာန် ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်တို့သည်၎င်း။ အာရုံနှင့် တကွသော နေဝသညာ နာသညာ ယတနချာန် ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်တို့သည်၎င်း။ နိဗ္ဗာန်မှာ မရှိကုန်ဟု မသွယ်မဝိုက် တိုက်ရိုက်အားဖြင့်—

> န အာကာသာနဉ္စာယတနံ, န ဝိညာဏာနဉ္စာယတနံ, န အာကိဉ္စညာယတနံ, န နေဝသညာ နာသညာယတနံ။ ။

ဟူ၍ ဟောတော်မူသည်။

[ ၁ ] ဤကောက်အတွင်းရှိ စကားများကို အဋ္ဌကထာလာ အာဒိသဒ္ဒါဖြင့် ယူအပ်သော ပါဠိတော်စကား တချို့တဝက်ဟု သိအပ်၏။

ဤသို့ ပြဆိုအပ်သော ဥဒါန်းအဋ္ဌကထာကို ထောက်၍၎င်း သင်္ခတတရား၌ နိဗ္ဗာန်မရှိ။ နိဗ္ဗာန်၌လည်း သင်္ခတတရားမရှိ။ သင်္ခတ တရား, အသင်္ခတတရား နှစ်ပါးတို့ပေါင်းဆုံ ရောယှက် စွက်ဘက် ခြင်း မဖြစ်သင့်ကြောင်းကို ကောင်းစွာ သိအပ် မှတ်အပ်၏။

ဤသို့လျှင် အသင်္ခတဓာတ် နိရောသဘော နိဗ္ဗာန်သည် အဇ္ဈတ္တ တရားလည်း မဟုတ်။ အဇ္ဈတ္တ၌လည်း မရှိ။ ခန္ဓာပြင်ပ ဗဟိဒ္ဓ တရားသာလျှင် ဖြစ်ကြောင်းကို၎င်း။ ရုပ်, နာမ်ဟူသော သင်္ခတ တရား, နိဗ္ဗာန်ဟူသော အသင်္ခတတရားတို့၏မစရောမယှက် အလွတ် သက်သက် ရှိကြောင်းကို၎င်း။ အဘိဓမ္မာ, သုတ္တန်, ဝိနည်းကျမ်းဂန် ကြီးတို့၌ တညီတညွတ်တည်း တခုတည်းသော ဝါဒ, တူညီသော ဝါဒတို့၏ အဖြစ်ဖြင့် လာရှိသည်တို့ကို ထောက်ထား၍ မမှောက် မှားရအောင် ယုံမှားမရှိ မှတ်ယူအပ်၏။

# ၅၅–နိဂုံးကိုပြရေး။

၁။ ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော၊
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဉတွာ ဓမ္မံ သုခါဝဟံ။ ။

၂။ ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောက မနုပါယာသံ၊ နိဗ္ဗာနသုခ မုတ္တမံ။ ။

၃။ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။ ။

၄။ ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ။ ။

(အဋ္ဌသာလိနီ၊ ပဋ္ဌာန်းအဋ္ဌကထာတို့။ )

၁။ မယာ၊ အကျွန်ုပ်သည်။ ယံကုသလံ၊ အကြင် တိပိဋကဥက္ကဋ္ဌ မြတ်သောကုသိုလ်သို့။ ပတ္တံ၊ ရောက်အပ်ပြီ။ တဿ ကုသလဿ၊ ထို တိပိဋကဥက္ကဋ္ဌ၊ မြတ်သောကုသိုလ်၏၊ အာနုဘာဝေန၊ အာနုဘော်အားဖြင့်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ သဒ္ဓမ္မရာဇဿ၊ သူတော်ကောင်းတို့၏ တရားဖြင့် လူသုံးပါးတို့၏ မင်းဖြစ်တော်မူသော မြတ်စွာဘုရား၏။ ဝါ၊ သူတော်ကောင်းတို့၏ တရားကြောင့် လူသုံးပါးတို့၏ မင်းဖြစ်တော်မူသော မြတ်စွာဘုရား၏။ သုခါဝဟံ၊ ချမ်းသာသုံးပါးကို ဆောင်တတ်သော။ ဓမ္မံ၊ တရားတော်ကို။ ဉတွာ၊ သိကြကုန်၍။

၂။ ဝိသုဒ္ဓါယ၊ အထူးသဖြင့် စင်ကြယ်ထသော။ သုခါယ၊ မငြို မငြင် ချမ်းသာစွာထသော။ ပဋိပတ္တိယာ၊ အကျင့်ဖြင့်။ အသောကံ၊ စိုးရိမ်ခြင်း မရှိရာဖြစ်ထသော။ ဝါ၊ စိုးရိမ်ခြင်း၏ မရှိကြောင်းလည်း ဖြစ်ထသော။ အနုပါယာသံ၊ ဥပါယာသလည်း မရှိရာဖြစ်ထသော။ ဝါ၊ ဥပါယာသမရှိကြောင်းလည်းဖြစ်ထသော။ ဥတ္တမံ၊ မြတ်စွာထသော။ နိဗ္ဗာနသုခံ၊ ချမ်းသာတကာတို့ထက် လွန်ကဲသော ချမ်းသာဖြာစွာသော နိဗ္ဗာန်သို့။ ပါပုဏန္တု၊ ရောက်ပါစေကုန်သတည်း။

၃။ သဒ္ဓမ္မော၊ သူတော်ကောင်းတို့၏ တရားသည်။ စိရံ-စိရ ကာလံ၊ငါးထောင်ရှည်ကြာ ကာလပတ်လုံး။တိဋ္ဌတု၊တည်ပါစေသ တည်း။ သမ္ဗေပိ၊အသုံးရုံလည်းဖြစ်ကုန်သော၊ သတ္တာ၊ သတ္တဝါတို့ သည်။မ္မော၊သူတော်ကောင်းတို့၏ တရား၌။ သဂါရဝါ၊ ရိုသေခြင်း နှိုကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ ကာလေန၊ လျောက်ပတ်သော ကာလ၌၊သမ္ဗာ၊သည်းထန်စွာ။ဝါ၊အနှံ့ အပြား။ ဝါ၊ညီညီညွတ်ညွတ်၊ဒေဝေါ၊မိုးသည်းမင်းသည်၊ ပဝဿတု၊ရွာပါစေ သတည်း။

၄။ ပေါရာဏာ၊ ရှေး၌ဖြစ်ကုန်သော။ သုရာဇာနော၊ ရေ မြေ ထိန်းကျောင်း၊မင်းကောင်းမင်းမြတ်တို့သည်။ ပဇံ၊သတ္တဝါအပေါင်း ကို။ ရက္ခိံသုယထာ၊ စောင့်ရှောက်ကုန်သကဲ့သို့။ တထေဝ၊ ထို အတူသာသ္သင်။ ရာဇာ၊ သိကြား,အသုရာ,သာသနာစောင့် တတ် သိရိနတ်ဟု၊လေးမြတ်ကိုးစား၊တို့မင်းဖျားသည်၊ အတ္တနော၊ကိုယ် တော်၏။ ပဇံ၊ရင်သွေးတော်စစ်၊ သားတော်ချစ်ကို၊ ရက္ခတိဣဝ၊ စောင့်ရှောက်သကဲ့သို့။ဣမံပဇံ၊ဤသည့်သတ္တဝါအပေါင်းကိုလည်း။ ဓမ္မေန၊တရားသဖြင့်။ ရက္ခတု၊စောင့်ရှောက်တော်မူပါစေသတည်း။ ဝါ၊စောင့်ရှောက်တော်မူစေသောဝ်။ဣတိ၊ဤ၌တွင် အပြီးတည်း။

သက္ကရာဇေ သဟာသဍ္ဍတိသတံ သောဠသာဓိကံ။
ဖုဿမာသေ ကာဠပက္ခေ ဆဋ္ဌံ သုက္ကံ သုနိဋ္ဌိတံ။ ။

သက္ကရာဇေ၊ လူတို့ ဝေါဟာ၊ ကောဇာ သက္ကရာဇ်သည်။ သဟာသဍ္ဍ၊ အနှစ်တထောင်တို့ရင်း။ သောဠသာဓိကံ၊တဆဲ့ခြောက် နှစ်ဖြင့် လွန်သော။ တိသတဍ္ဍ၊ အနှစ်သုံးရာသို့ရင်း။ ဖုဿမာသ ကာဠပက္ခေ၊ ပြာသိုလဆုတ် ပက္ခ၌။ ဆဋ္ဌ၊ ခြောက်ရက်သို့ရင်း။ သုက္ကဍ္ဍ၊သောကြာနေ့သို့ရင်း။ သမ္ပတ္တေ၊ ရောက်လတ်သော်။ ဣဒံ ပကာရဏံ၊ သင်္ဂါမဝိဇယ,နိဗ္ဗာနစက္ခု,ဝဇိရာဗုဓ-သုံးမည်ရ ဤ- ကျမ်းသည်။ သုနိဋ္ဌိတံ၊ကောင်းစွာ ပြီးပြီ။ ဝါ-သုနိဋ္ဌံ၊ ကောင်းစွာ ပြီးဆုံးခြင်းသို့၊ ဣတံ ဂတံ ပတ္တံ၊ရောက်ပြီ။

(တနည်း) ဣဒံပကရဏာ၊ "ကာမာ တေ ပထမာ သေနာ" အစ ဖြာ၍၊ လာသည့် သဲမဲ၊ စစ်ဆယ်ပွဲကို၊ မြို့ခွဲအောင်ကြောင်း၊ ဂုဏ်ဟိတ်ကောင်းအင်၊ "သင်္ဂါမ ဝိဇယ။ ဝါ၊ ဒေဝပုတ္တ၊ စသည်သဲမဲ၊ ခါရစ်စစ်ပွဲကို၊ မြို့ခွဲအောင်ကြောင်း၊ ဂုဏ်ဟိတ်ကောင်းအင်"သင်္ဂါမ ဝိဇယ"။ ။ကြောင်း,ကျိုး နိဗ္ဗာန်။ထိုနှစ်တန်ကို။ဟုတ်မှန်တိုင်းပ။ ထင်စွာ့ထင်စွာ၊ ပြရာ,ပြကြောင်း။ ဂုဏ်ဟိတ်ကောင်းကြောင့် "နိဗ္ဗာနစက္ခု"။ ဝါ၊ နိဗ္ဗာန်ဝါဒ၊ မတူမျှ၍။ ငြင်းကြသည်ကို။ဖြေဆို ရှင်းခါ။ ထင်စွာပြကြောင်း။ ဂုဏ်ဟိတ်ကောင်းကြောင့် "နိဗ္ဗာန စက္ခု"။ ဝါ၊ နိဗ္ဗာန်ယူဆ။ လွဲချော်ကြ၍။ မရမင်,ဖိုလ်။ များလူဗိုလ် အား။တရားမင်,ဖိုလ်။ရစေလို၍၊ ဖြေဆိုထင်စွာ ပြရာ,ပြကြောင်း။ ဂုဏ်ဟိတ်ကောင်းကြောင့်"နိဗ္ဗာနစက္ခု"ရှစ်သောင်း, လေးထောင် နှစ်ပြန်ဆောင်သည်။ ဘောင်ကျော်မြင်းမိုရ်၊ ဗဟို ထက်,အောက် ထုတ်ချင်းပေါက်၍၊ သွားရောက် နိုင်ငြားသိကြား ပိုင်ထ၊ ဝဇိရ ထက်နက်၊ ခိုင်ကြံ့စက်နှင့် တူသောကြောင့်"ဝဇိရာဝုဓ"သုံးမည် ရ ဤကျမ်းသည်။ သုနိဋ္ဌိတံ၊ ကောင်းစွာ ပြီးပြီ။ ဝါ၊ သုနိဋ္ဌံ၊ ကောင်းစွာ ပြီးခြင်းသို့။ ဣတံ ဂတံ ပတ္တံ၊ ရောက်ပြီ။

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။

သင်္ဂါမဝိဇယ,နိဗ္ဗာနစက္ခု,ဝဇိရာဝုဓ

၃-မည်ရ ကျမ်း ပြီးပြီ။

# အမှား အမှန် ပြင်ချက်။

| အမှား | အမှန် | မျက်နှာနံပါတ် | ကြောင်းရေ |
|---|---|---|---|
| နဟောဘတ်တဲ | နဟောဘတ်တဲ | ၁ | ၈ |
| ဖဟိဋ္ဌါ | ဖဟိဋ္ဌါ | ၃ | ၁၃ |
| အသောတ | အသောန်တ | ၁၀ | ၁၃ |
| ယုဂ်ဗာ | ယူထား | ၁၀ | ၁၃–၁၇ |
| ကိလေသာကာမ, | ကိလေသာ။ | | |
| | ကာမ | ၁၅ | ၂၄ |
| သဒ်ါ။ရ | သဒ်ါရ | ၁၆ | ၂ |
| အပ္ပဝတ္တိ | အပ္ပဝတ္တိ | ၁၇ | ၃ |
| ၃ ၀ | ၃၂၀ | ၂၃ | ၃ |
| ပထမအုပ် ၈ | ပထမအုပ် ၈၂ | ၂၄ | ၂၃ |
| ယောနာ | ယောဇနာ | ၂၅ | ၂၂ |
| ကိုတိုင် | ကိုယ်တိုင် | ၂၅ | ၂၄ |
| တာကျွေ၊ | တကျော၊ | ၂၆ | ၁၃ |
| ရှိသည် | မရှိသည် | ၃၂ | ၂၄ |
| ပတ္တပ္ပလ | ပဒုဋ္ဌပ္ပလ | ၃၈ | ၅ |
| ဂန္တတိတိ | ဂန္တတိတ်၊ | ၄၀ | ၁၃ |
| မမှတ်နိုင်သော | မမှတ်နိုင်သည် | | |
| ဘည်း။ | သောဘည်း | ၄၀ | ၁၄ |
| ၁၄ | ၁၂၄ | ၄၅ | ၁၄ |
| ပချဝါ | ပချဝ်ဒိ | ၄၆ | အဆုံး |
| သဿိကဍ္ဍ | သဿိကဍ္ဍ | ၄၉ | ၆–၉ |
| ဂုတ်မှန်သဘော | ဂုတ်မှန်သော | | |
| | သဘော | ၄၉ | ၂၀ |
| ချဟိတော | ချဟိတော။ | ၅၀ | ၁၆ |
| ကင်းသော | ကင်းရာဖြစ်သော | | |
| တရားသည်၊ | တရားသည်။ | ၅၀ | ၂၁ |

# အမှား အမှန် ပြင်ချက်။

| အမှား | အမှန် | မျက်နှာနံပါတ် | ကြောင်းရေ |
|---|---|---|---|
| အနက်သည်။ | အနက်တည်း။ | ၅၀ | ၂၄ |
| ဖြစ်သောကြောင့်။ | ဖြစ်သောသတ္တိကြောင့်။ | ၅၁ | ၁၀ |
| အနက် ၂-ပါး | အသက် ၂-ပါး | ၅၄ | ၂၀ |
| ထပ်တူဟု | ထပ်တူရှုဟု | ၅၈ | ၁၇ |
| မီးလျှံ့အခွဆင်းဥပမာ | မီးလျှံ့အဆင်းဥပမာ | ၅၉ | ၁၀ |
| တရား။နိဗ္ဗာန်၏ | တရားနိဗ္ဗာန်၏ | ၇၀ | ၁၀ |
| အပဘာဝံ | အပဘာဝ | ၇၇ | ၁၃ |
| ဘာဝသာနဝ | ဘာဝသာဝနေ | ၈၇ | ၂၁ |
| ဝိအရဟတ္တ | အရဟတ္တ | ၉၃ | ၁၃ |
| ဂိယတိ | ဝိယတိ | ၉၃ | ၁၄ |
| ၈၉ မျက်နှာနံပါတ် | ၉၈-မျက်နှာနံပါတ် | | |
| ဝတ်ဆင်းရဲ | ဝဋ်ဆင်းရဲ | ၉၉ | ၁၇ |
| ဝိဇ္ဇာနန မတ္တိ | ဝိဇ္ဇာနန မတ္တ | ၁၀၂ | ၁၀=၁၁ |
| ကုန်ခြင်းရင်း။ | ကုန်ခြင်းသည်ရင်း။ | ၁၁၅ | ၂၀ |
| သဥပါဒိသေသ | သဥပါဒိသေသာ | ၁၁၉ | ၁ |
| မျက်နှာနံပါတ်( ) | (၁၁၅-၁၁၆) | | |
| တို့၌ | မျက်နှာနံပါတ်တို့၌ | ၁ ၀ | ၃ |
| ဗောဓိဂင် | ဗောဓိပင် | ၁၂၇ | ၁၂ |
| ခန္ဓာ | ခန္ဓာ၊ | ၁၂၉ | ၂၁ |
| ကနအကြောင်း | ဇနကအကြောင်း | ၁၄၂ | အောက်ဆုံး |
| သန္တာန်၌၊ | သန္တာန်၌ ဗဟိဒ္ဓါတိ၊ | ၁၅၂ | ၁၆ |
| ၁၉၅မျက်နှာနံပါတ် | ၁၅၉မျက်နှာနံပါတ် | | |
| အရိယာမှိုလ် | အရိယာ | ၁၆၁ | ၉ |
| ပညာနတော | ပညာပနတော | ၁၆၈ | ၁၉ |
| ကောကဿ | လောကဿ | ၁၇၄ | ၁၄ |